
http://www.dhammadpwnload.com

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊
အောင်ချမ်းသာရပ်ကွက်၊သီရိမင်္ဂလာလမ်း၊
ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီး
တွင်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်
ဗန်းမော်ဆရာတော်

## ဒေါက်တာအရှင်ကုမာရာဘိဝံသ

ဟောကြားတော်မူသည့်



# ပဋ္ဌာန်းတရားတော်

ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့နှင့်
အလှူရှင်များက ဓမ္မဒါနပြုသည်။

သာသနာ-၂၅၅၄ ကောဇာ-၁၃၇၂ ခရစ်-၂၀၁၀

http://www.dhammadpwnload.com

# ဖန်းမော်ဆရာတော်၏
# ဩဝါဒကထာ

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ
တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။
ဟေတု-အရ ဟိတ် (၆)ပါး နာမ်တရားတို့သည် ဟိတ်နှင့်ယှဉ်သည့် စိတ်,
စေတသိက် နာမ်တရားများနှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား
ဟေတု = အမြစ်သဖွယ် သတ္တိဖြင့် ကျေးဇူးပြုတတ်၏။
ဤသို့စသည်ဖြင့် ပစ္စည်းတိုင်း အကြောင်းရုပ်နာမ်တရားတို့က
အကျိုးတရား ရုပ်နာမ်တရားတို့အား ကျေးဇူးပြုပုံကိုဟောကြားတော်မူသည်။
ရုပ်တရား၊ နာမ်တရား၊ သဘာဝတရားတို့သာ ရှိသည်၊ ပုဂ္ဂိုလ် သတ္တဝါ ငါ
သူတစ်ပါးမဟုတ်ဟုသိစေသည်။ နာမရူပပရိစ္ဆေဒဉာဏ်ကိုရစေသည်။
အတ္တကောင်၊ အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဏ်ကောင်မရှိဟု
အတ္တဒိဋ္ဌိကိုခွါတော်မူသည်။ ဒိဋ္ဌိစင်ကြယ်စေသည်။
ဟိတ် (၆)ပါး အကြောင်းတရားရုပ်နာမ်တရားတို့ကြောင့်
အကျိုးရုပ်နာမ်များ မပြတ်တရစပ် ဖြစ်ပျက်နေသည်။ အကြောင်းကြောင့်
အကျိုးဖြစ်နေသည်ဟု ပြတော်မူသည်။ ယင်းသို့ အကြောင်းအကျိုး
တရစပ်ဖြစ်ပျက်နေသည်ဟုပြသဖြင့် ဖြဟ္မာ ဗိဿနိုး တန်ခိုးရှင်က
ဖန်ဆင်းလို့ ဖြစ်သည်မဟုတ်ဟု သိစေတော်မူသည်။ ယင်းသို့သိစေသဖြင့်
ဝိစိကိစ္ဆာကင်္ခာပြီး ပစ္စယပရိဂ္ဂဟဉာဏ်ရသည်။
ယင်းကဲ့သို့ ဒိဋ္ဌိကင်္ခာ၊ ဝိစိကိစ္ဆာကင်္ခာသဖြင့် သောတာပန် အရိယာများကဲ့သို့
အပါယ်တံခါးပိတ်ပြီး သုဂတိဘဝမြဲသည်၊ စူဠသောတာပန်ဖြစ်သည်ဟု
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပစ္စယပရိဂ္ဂဟဉာဏ် နိဂုံး၌ ဖွင့်ဆိုသည်။
ထို့ကြောင့် အပါယ်တံခါးပိတ်ပြီး
နိဗ္ဗာန်မင်္ဂဖိုလ်ကိုအလိုရှိသူ သူတော်စင်များသည်
ပဋ္ဌာန်းတရားကို ကြိုးစားပြီး ရွတ်ဖတ်နိုင်ကြပါစေ။ ပွားများနိုင်ကြပါစေ။

http://www.dhammadpwnload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်
ဗန်းမော်ဆရာတော်

## ဒေါက်တာအရှင်ကုမာရာဘိဝံသ

ဟောကြားတော်မူသည့်

# ပဋ္ဌာန်းတရားတော်

ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့နှင့်
အလှူရှင်များက မွေ့ဒါနပြုသည်။

http://www.dhammadpwnload.com


# ပုံနှိပ်မှတ်တမ်း

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊
ညွှန်ကြားရေးမှူး - ဦးဝင်းနိုင်
၏
၁၁၉ / ၀၁ - ပုံနှိပ်၊ သသန - ၁၀ ခွင့်ပြုချက်ဖြင့်
မိုးဝင်းပုံနှိပ်တိုက်၊ အမှတ် ၂၂၊ သိမ်ကြီးလမ်း၊
ကြည့်မြင်တိုင်တွင် ရိုက်နှိပ်သည်။


ပထမအကြိမ် ● အုပ်ရေ ၁၀၀၀
၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ

ထုတ်ဝေသူ ● ဒေါက်တာအေးကျော်
ကံမြင့်ဝေယျာဝစ္စအဖွဲ့

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ● ဒေါ်အေးအေးကြူ (၀၅၆၄၄)
မိုးဝင်းပုံနှိပ်တိုက်
၂၂၊ သိမ်ကြီးလမ်း၊ ကြည့်မြင်တိုင်

စာအုပ်ချုပ် ● မိုးဝင်းပုံနှိပ်တိုက်

http://www.dhammadpwnload.com




ဗန်းမော်ဆရာတော်

# ဒေါက်တာအရှင်ကုမာရာဘိဝံသ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

http://www.dhammadpwnload.com



ဗန်းမော်ဆရာတော်

# ဒေါက်တာအရှင်ကုမာရာဘိဝံသ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

http://www.dhammadpwnload.com

အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ်

ဒုတိယပါမောက္ခချုပ်

အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ

ဘွဲ့တံဆိပ်တော်ရ ဗန်းမော်ဆရာတော်

**ဒေါက်တာ အရှင်ကုမာရာဘိဝံသ**

၏

# အတ္ထုပ္ပတ္တိအကျဉ်း

## ဇာတိချက်ကြွေ မွေးရပ်မြေ

* မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ရဘဲကျေးရွာ- ဦးဘိုးသစ်၊ ဒေါ်အေးသိုက်တို့မှ ဖွားမြင် . . .
* မွေးချင်း (၈) ယောက်ရှိရာတွင် စတုတ္ထမြောက်သားရတနာ . . .
* ငယ်မည် မောင်ကျော်စိန် . . .။

## မြင့်မြတ်အထက်တန်း ရှင်ရဟန်း

* ဂျပန်ခေတ် ရွာသစ်ရွာအထက်တန်းကျောင်းမှ အဋ္ဌမတန်းအောင်မြင်ပြီးနောက် ၁၃၀၅-ခုနှစ်၊ ဝါဆိုလတွင် ဆင်မင်းရွာကျောင်း ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေဘောင် ဝင်ရောက်ခဲ့သည်။ ၁၃၁၀-ခုနှစ်၊ တပို့တွဲလဆန်း (၁၀) ရက်နေ့၌ ရဘဲရွာ၊ ကံမြဲဆရာတော် ဘဒ္ဒန္တသောဘိတကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းဘောင်သို့ တက်ရောက်ခဲ့ . . .။

http://www.dhammadpwnload.com

## စာပေသင်ကြား ထူးခြားအောင်မြင် ဗန်းမော်ရှင်

* လောကုတ္တရာစာပေဆိုင်ရာ သဒ္ဒါ သင်္ဂြိုဟ်တို့ကို (၁၁) လတည်း အပြီး အပြတ် သုတ်ပြီး ရုပ်ပြီးပါမကျန် အာဂုမ်ဆောင်နိုင်ခဲ့။ ၁၃၀၈-ခုနှစ် ပထမငယ်တန်း၊ ၁၃၀၉-ခုနှစ် ပထမလတ်တန်း၊ ၁၃၁၃-ခုနှစ် ပထမကြီးတန်း၊ ၁၃၁၄-ခုနှစ် သကျသီဟသီးခြားစာသင်တန်း၌ နံပါတ်(၁)အမှတ်အများဆုံး၊ ၁၃၁၅-ခုနှစ်၊ ဓမ္မာစရိယ ကျမ်းကြီးသုံးကျမ်းကို နှစ်မခြားဘဲ နံပါတ် (၁) အမှတ်အများဆုံးအောင်မြင်၍ ရွှေတံဆိပ်ဦးဆောက်ပန်းပိုင်ရှင် **"သကျသီဟ ဓမ္မာစရိယဝင့်သကာဘွဲ့"**

* ယင်း ၁၃၁၅-ခုနှစ်မှာပင် ဓမ္မာစရိယ (၉) ကျမ်းကို ပါဠိဘာသာဖြင့် တစ်နှစ်တည်း အောင်မြင်၍ အစိုးရစာချတန်း **"သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိသိရောမဏိ"** ဘွဲ့ ရရှိခဲ့။

* ယနေ့အချိန်ထိ မြန်မာတစ်နိုင်ငံလုံး၌ **ပါဠိဘာသာဖြင့် ဓမ္မာစရိယ (၉)ကျမ်းကို တစ်နှစ်တည်းအောင်မြင်သူမှာ** ဗန်းမော်ဆရာတော်ကြီးတစ်ပါးသာရှိခဲ့။

* ထို့နောက် လောကီစာပေဆိုင်ရာ အတန်းစာများ လေ့လာသင်ယူပြီး မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့။

* မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ပုသိမ်ကျောင်းဆရာတော်ထံ **သိဒ္ဓန္တကောမုဒီ** မည်သော သက္ကတဘာသာကို (၃)နှစ်ခန့် သင်ယူခဲ့။

* **ပြာကရိုက်ဘာသာနှင့် အဒ္ဓမာဂဓီဘာသာတို့ကို** အဘယာရာမဆရာတော် ဦးသီလာနန္ဒ အကူအညီဖြင့် သင်ယူခဲ့။

## သာသနာရေး ဆောင်ရွက်ပေး

၁။ ၁၃၁၈-ခုနှစ်မှစ၍ ၁၃၂၃ ခုနှစ်ထိ (၅)နှစ်တိုင်တိုင် ဆဋ္ဌသင်္ဂါယနာတင်စဉ် စာမူများ ကောင်းမွန်စေရေးအတွက် **ဩသာနပတ္တပါဠက၊ ဩသာန-သောဓေယျက** အဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့။

၂။ နိုင်ငံတော်အစိုးရ၏ လျှောက်ထားချက်အရ **တိပိဋကပါဠိပဒ ကျမ်းညွှန်းကြီးနှင့် ပါဠိမြန်မာအဘိဓာန် (အ)ဝဂ် လေးကျမ်းတွဲကြီးကို** ပါဝင်ပြုစု ဆောင်ရွက်ခဲ့။

http://www.dhammadpwnload.com

၃။ သာသနာရေး ဝန်ကြီးဌာနမှ ဖွင့်လှစ်ပေးသည့် မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း နာယကအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးခဲ့။

၄။ တိပိဋက=နိကာယ သာသနာပြုအဖွဲ့ဥက္ကဋ္ဌ မင်းကွန်းဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို လက်ပွန်းတတီး ပါဝင်ကူညီဆောင်ရွက် ပေးရင်း မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက်၌ (၅)နှစ် တိုင်တိုင် စာချနာယကချုပ်အဖြစ်ဖြင့် တိ=နိ သံဃာတော်များအား စာချ ပေးခဲ့။ တိပိဋကဓရ (၁) ပါး၊ တိပိဋကကောဝိဒ (၅)ပါး ပေါ်ထွန်းခဲ့။

၅။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့ အဖွဲ့အစည်းကြီး စတင်ဖွဲ့စည်းရာ၌ ဥသျှောင်ဆရာတော်များအဖွဲ့မှ လည်းကောင်း၊ (၆၆) ပါးသော ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့မှ လည်းကောင်း၊ အဖွဲ့ဝင်တစ်ပါးအနေဖြင့် လိုက်လံစည်းရုံး ဆောင် ရွက်ခဲ့။

၆။ ဝိနည်းဓမ္မသတ်မှုခင်းဆိုင်ရာ ဥပဒေရေးဆွဲရာ၌ အတွင်းရေးမှူး ဆရာတော်အဖြစ် ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်ပေးခဲ့။

၇။ ဓမ္မနီတိ မိစ္ဆာဝါဒနှင့် စမ်းကလေးဝါဒကိုလည်း သီးခြားဝိနည်းမိုရ် ဆရာတော်အဖြစ် နိုင်ငံတော်အစိုးရ၏ လျှောက်ထားတောင်းပန်ချက် အရ ပြီးပြတ်ပြေငြိမ်းအောင် ဆုံးဖြတ်ပေးခဲ့။

၈။ နိုင်ငံတော်အရပ်ရပ်မှ မပြီးပြတ်သေးသော ဝိနိစ္ဆယတို့ကိုလည်း နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်အဖြစ် ဆုံးဖြတ်ပေးခဲ့။

၉။ ၁၉၉၄-ခုနှစ်၊ စက်ာပူနိုင်ငံဆရာတော် ဦးပညာဝံသ၏ ပင့်လျှောက်ချက် အရ ဥပရိပါသာဒသိမ်သမုတ်ပွဲတွင် ပဓာနနာယကအဖြစ် ဆောင်ရွက် ပေးခဲ့။

၁၀။ ၁၉၉၆-ခုနှစ်၊ မစ္စတာ ဂိုအင်ကာ၏ ပင့်လျှောက်ချက်အရ အိန္ဒိယနိုင်ငံ ဘုံဘေမြို့အနီး ရွှေတိဂုံစေတီတော်နှင့်ဉာဏ်တော်တူ စေတီတော်ကြီး တည်ဆောက်ရာ၌ ပါဝင်ခဲ့။

၁၁။ အင်္ဂပူမြို့ ဝိပဿနာတရားစခန်း ပြန့်ပွားရေးတွင် ပါဝင် ကူညီ ဆောင်ရွက်ခဲ့။

http://www.dhammadpwnload.com

၁၂။ ၂၀၀၀ ပြည့်နှစ်၊ မတ်လတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်တာဝန် ထမ်းဆောင်ခဲ့။

၁၃။ ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လမှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်လျက်ရှိပါသည်။

**ရေးသားထုတ်ဝေ ကျမ်းစာပေ**

* သိမ်တောင်သာသနာဝင်ကျမ်း (မြန်မာဘာသာ) (ရိုက်ပြီး)၊
* နိုင်ငံတော်အစိုးရ၏ လျှောက်ထားချက်အရ ပြုစုသော တိပိဋက ပါဠိပဒ ကျမ်းညွှန်း (ရိုက်ပြီး)၊
* တိပိဋက ပါဠိ + မြန်မာ အဘိဓာန် (အ) ဝဂ် (၄) အုပ်၊
* မောဂ္ဂလာန် သဒ္ဒါကျမ်းကြီးအဖွင့် ပယောဂသိဒ္ဓိနိဿယ ပ + ဒု (၂) အုပ် (ရိုက်ပြီး)၊
* မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်းကို ပါဠိဘာသာသို့ ပြန်ဆိုရေးသား ပ + ဒု (၂) အုပ် (ရိုက်ပြီး)၊
* မန္တလေး ရတနာမဉ္ဇူဘုရားသမိုင်း (ရိုက်ပြီး)၊
* ထေရီ အပဒါနဒီပနီ (ပါဠိဘာသာ) (ရိုက်ပြီး)၊
* တိပိဋက ပါရာဇိကဏ် ပုစ္ဆာ ဝိသဇ္ဇနာကျမ်း (၂၈) နှစ်စာ (ရိုက်ပြီး)၊
* တိပိဋက ပါစိတ် ပုစ္ဆာ ဝိသဇ္ဇနာကျမ်း (၂၈) နှစ်စာ (ရိုက်ပြီး)၊
* တိပိဋက မဟာဝါ စူဠဝါ ပရိဝါ ဝိသဇ္ဇနာကျမ်း။
* အောက်ယမိုက်ပါဠိတော် (၅) ကျမ်း အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရေးသားခြင်း (ရိုက်ပြီး)၊ **(ဘဒ္ဒန္တ နာရဒ နှင့် ဘဒ္ဒန္တ ကုမာရာဘိဝံသ)**
* အထက်ယမိုက်ပါဠိတော် (၅) ကျမ်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသား ခြင်း (ရိုက်ဆဲ)။

**ကျင့်ကြံပွားများ ဝိပဿနာတရား**

ဆရာတော်ကြီးသည် စာပေထူးချွန်ရုံသာမကဘဲ ပဋိပတ္တိ ကျင့်ကြံရာတွင်လည်း တရားပြဆရာတို့၏ ကျေနပ်မှုကို ခံယူရရှိခဲ့သည်။ အထူးသဖြင့် ကန္နီမြေဖင်းတောရနည်းဖြင့် ဝိပဿနာတရားရှုမှတ်ခဲ့ပြီး၊ ၎င်းကမ္မဋ္ဌာန်းနည်း

http://www.dhammadpwnload.com

ထိရောက်ပုံကို စာပေဖြင့်လည်းကောင်း၊ ဟောပြောမှုဖြင့်လည်းကောင်း ဖြန့်ဝေတော်မူခဲ့သည်။

## ဘွဲ့တံဆိပ်မှတ် ဆက်ကပ်ပူဇော်

၁။ ၁၉၉၂-ခုနှစ်၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့၊

၂။ ၁၉၉၉-ခုနှစ်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့၊

၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ်မှ ဒီလစ် ဘွဲ့၊

၄။ ၂၀၀၅-ခုနှစ်၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့၊

၅။ ၂၀၀၉-ခုနှစ်၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့၊

ဗန်းမော်ဆရာတော်ကြီးသည် သက်တော်ကလည်းရှည်၊ ကျန်းမာရေးကလည်း အလွန်ကောင်း၊ နေ့စဉ် အားမထုတ်သောရက် (၁)ရက်မှ မရှိမူ၍ ယနေ့အချိန်ထိ ဘာသာရေး၊ သာသနာရေးများကို စွမ်းစွမ်းတမံ ထမ်းဆောင်နေဆဲပါ။

ကောဇာ ၁၃၂၄-ခုနှစ်၊ ဝါဆိုလမှစ၍ ဤဗန်းမော်တိုက်၌ သီတင်းသုံးသော နဝမ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသမထေရ်မြတ် ရောက်စ၌ ရှေးကျောင်းဆောင်ကြီးတစ်ဆောင်သာ ရှိခဲ့၏။

ဆရာတော်ရောက်စက အသက်အရွယ် (၃၃)နှစ်သာ ရှိသေး၏။ ကြမ်းဆွေးကျောင်းအို၊ လက်ရန်းပြို၊ အမောင်ဘယ်လို လျှောက်မှာနည်း။ ရဟန်းပျိုပျို၊ ကျောင်းအိုအို၊ အမောင်မည်သို့နေမည်နည်းဟု ပြောရမလို ကျောင်းအို၊ ကျောင်းဆွေးကြီးမှာ နှစ်ပေါင်းများစွာ သာသနာပြုခဲ့ရ၏။

ယနေ့အချိန်ထိ ဆရာတော်သီတင်းသုံးလာသည်မှာ (၄၇) နှစ်သက်တမ်းသို့ ရောက်ခဲ့ပါပြီ။ ယင်း (၄၇) နှစ်ကာလတစ်လျှောက် တိုးတက်ဖြစ်ထွန်းလာသည့် ကျောင်းဆောင်များမှာ လက်ချောင်း၊ ခြေချောင်းမက များပြားလှတော့၏။

ယခုအခါ ဆရာတော်သည် မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်ရင်း ပြည်တွင်း၊ ပြည်ပ သာသနာပြုတာဝန်များကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူလျက်ရှိပါသည်။

http://www.dhammadpwnload.com

# နိဒါန်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံတွင် ဓမ္မမိတ်ဆွေအပေါင်းတို့က ဓမ္မကထိက ဆရာတော်များအား ပင့်ဖိတ်၍ တရားနာယူလေ့ရှိကြပါသည်။ သို့ဖြစ်၍ ဓမ္မမိတ်ဆွေများ၏ ဆန္ဒအရ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်၊ ဗန်းမော်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသ အရှင်မြတ်ကြီးအား ပဋ္ဌာန်းတရားတော် ဟောကြားပေးတော်မူပါရန် ပင့်ဖိတ်လျှောက်ထားခဲ့ပါသည်။

ဆရာတော်သည် ကောဇာသက္ကရာဇ် (၁၃၇၁) ခုနှစ်၊ နယုန်လဆန်း (၁၃) ရက်၊ (၅-၆-၂၀၀၉) နေ့မှ နယုန်လပြည့်ကျော် (၇) ရက်၊ (၁၄-၆-၂၀၀၉) အထိ (၁၀)ညတိုင်တိုင် ပဋ္ဌာန်းတရားတော်များကို ဟောကြားပေးတော်မူပါသည်။ ယင်းဟောကြားချက်များကို စာအုပ်အဖြစ် ရိုက်နှိပ်ဓမ္မဒါနပြုရန် ဆန္ဒပြုကြပြန်သဖြင့် ဟောကြားစဉ်က ဖမ်းယူထားသော တရားတိတ်ခွေများမှ ပြန်လည်ကူးယူပြီး စာအုပ်ဖြစ်အောင် ဆောင်ရွက်ရပါသည်။

ဆရာတော်သည် တရားဟောရာတွင် တရားနာပရိသတ် မှတ်မိစေရန် အကြောင်းအရာတစ်ခုကို ထပ်မံဟောကြားခြင်းများ ရှိပါသည်။ ထိုထပ်မံဟောကြားချက်များကို ဖြတ်တောက်ခြင်းမပြုဘဲ ဆရာတော်၏ ဆန္ဒအရ ဟောကြားထားသည့်အတိုင်း ဖော်ပြထားပါသည်။ သို့အတွက်

http://www.dhammadpwnload.com

ဤစာအုပ် ဖတ်ရှုခြင်းမှာ ဆရာတော်ထံတွင် တရားနာယူနေရသကဲ့သို့ ဖြစ်ပါသည်။

တရားချစ်ခင် သူတော်စင်တို့သည် ဤပဋ္ဌာန်းတရားတော်တွင် ဆရာတော် ဟောကြားထားသည့်အတိုင်း အရာရာကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုမြင်နိုင်ကာ မဂ်ဖိုလ်နိဗ္ဗာန်တရားမြတ်များ ရရှိနိုင်ကြပါစေဟု ဆုတောင်း မေတ္တာ ပို့သပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် တရားတိတ်ခွေများမှ စာမူချော ဖြစ်သည်အထိ ကူညီဆောင်ရွက်ပေးသော သာသနာရေး ဦးစီးဌာန–မှ ဦးသင်းမောင် (သင်းအောင်–မဟာဝိဇ္ဇာ) အား လည်းကောင်း၊ စာအုပ် ထုတ်ဝေနိုင်ရေးအတွက် အလှူငွေလှူဒါန်းပေးကြသော အလှူရှင်အပေါင်း တို့အား လည်းကောင်း၊ အခြားကျေးဇူးတင်သင့်သည့် ပုဂ္ဂိုလ်များအား လည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

စီစဉ်သူ

ဒေါက်တာ ဦးအေးကျော်

(၈–၇–၂၀၁၀)

http://www.dhammadpwnload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ၁၃၇၁-ခုနှစ်၊ နယုန်လဆန်း (၁၃) ရက် ၂၀၀၉-ခု၊ ဇွန်လ (၅) ရက်နေ့တွင် ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော် | ... | ၁ |
| ၂။ | ၁၃၇၁-ခုနှစ်၊ နယုန်လဆန်း (၁၄) ရက် ၂၀၀၉-ခု၊ ဇွန်လ (၆) ရက်နေ့တွင် ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော် | ... | ၂၉ |
| ၃။ | ၁၃၇၁-ခုနှစ်၊ နယုန်လဆန်း (၁၅) ရက် ၂၀၀၉-ခု၊ ဇွန်လ (၇) ရက်နေ့တွင် ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော် | ... | ၅၃ |
| ၄။ | ၁၃၇၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၁) ရက် ၂၀၀၉-ခု၊ ဇွန်လ (၈) ရက်နေ့တွင် ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော် | ... | ၇၇ |
| ၅။ | ၁၃၇၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၂) ရက် ၂၀၀၉-ခု၊ ဇွန်လ (၉) ရက်နေ့တွင် ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော် | ... | ၁၀၂ |
| ၆။ | ၁၃၇၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၃) ရက် ၂၀၀၉-ခု၊ ဇွန်လ (၁၀) ရက်နေ့တွင် ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော် | ... | ၁၃၃ |
| ၇။ | ၁၃၇၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၄) ရက် ၂၀၀၉-ခု၊ ဇွန်လ (၁၁) ရက်နေ့တွင် ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော် | ... | ၁၅၉ |

http://www.dhammadpwnload.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၈။ | ၁၃၇၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၅) ရက် ၂၀၀၉-ခု၊ ဇွန်လ (၁၂) ရက်နေ့တွင် ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော် | ... | ၁၈၃ |
| ၉။ | ၁၃၇၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၆) ရက် ၂၀၀၉-ခု၊ ဇွန်လ (၁၃) ရက်နေ့တွင် ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော် | ... | ၂၀၅ |
| ၁၀။ | ၁၃၇၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၇) ရက် ၂၀၀၉-ခု၊ ဇွန်လ (၁၄) ရက်နေ့တွင် ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော် | ... | ၂၂၃ |

http://www.dhammadpwnload.com

သာသနာတော်နှစ်(၂၅၅၃)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၇၁)ခုနှစ်၊ နယုန်လဆန်း (၁၃)ရက် ခရစ်နှစ်(၂၀၀၉)ခု၊ ဇွန်လ(၅)ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း၊ ကံမြင့် ကျောင်းတိုက် မွှောရုံ၊ ယနေ့ည တရားပွဲအလှူရှင် ဖခင်ကြီး ဦးဘ၊ သား-မောင်ပြည့်ဖြိုးသွင် သမီး မအိအိဖြိုးသွင် မိသားတစ်စု ၇၁၊ ငါးထပ်ကြီး ဘုရားလမ်း သဇင်လမ်းသွယ်၊ ဗဟန်းမြို့နယ်၊

ဘုန်းဘုန်းတို့ ပဋ္ဌာန်းဒေသနာတော် ဆယ်ည ဘုန်းဘုန်းဟောပါမယ်။ (၁၀)ည၊ တစ်ည တစ်ညကို (၁)နာရီသာသာ၊ အများဆုံး ၁-နာရီ ခွဲပေါ့လေ။ အဲဒီလောက် ဘုန်းဘုန်း ဟောပါ့မယ်။ နောက်နောင်ညတွေကြတော့ ၇-နာရီထိုး စပါ့မယ်။ ဒီနေ့တော့ အစနေ့မို့လို့ ဒကာကြီးက ၇-နာရီခွဲမှ စကြပါ ဆိုတဲ့အတိုင်း ဘုန်းဘုန်းက ကျောင်းကနေပြီးတော့ (၆း၄၅)ထွက်ခဲ့တယ်။ ဒီကို (၇း၃၀)နာရီ ရောက်ပါတယ်။ ၄၅-မိနစ်ကြာတယ်။ လမ်းမှာ ရေတွေက ပေါလိုက်တာနော်။ ရေတွေကပေါ၊ မိုးတွေကရွာ၊ ဘုန်းဘုန်းက ဒီလိုလေး ပြောခဲ့ပါတယ်။ အသင် မိုးနတ်သား၊ လေနတ်သား၊ နေနတ်သားတို့…။

http://www.dhammadpwnload.com



ကျူပ် ပဋ္ဌာန်းတရား သွားဟောမလို့၊ နည်းနည်းတော့ တိတ်ပေးပါဦးလို့ အဲလိုလေးပြောခဲ့တယ်။ တစ်ခါတော့ ဘုန်းဘုန်းနဲ့ မင်းကွန်းတိပိဋက ဆရာတော်ကြီး ဦးဝိစိတ္တ ဟောဒီနား လှည်းဆိပ်ဆိုလား သွားကြတယ်။ မိုးတွေရွာလိုက်တာ၊ မှောင်မည်းပြီးတော့ တဖြောင်းဖြောင်းနဲ့ရွာ၊ ကားမောင်းလို့ မရတော့ဘူး၊ သစ်ပင်လေးအောက်ဝင်၊ ဆရာတော်ကြီးက ဒီလိုလေးလုပ်တယ်၊ အဲလိုလုပ်ပြီးတော့ ခဏလောက်ကြာတော့ မိုးတိတ်သွားတယ်၊ "ဆရာတော် ဘယ်လိုများ လုပ်လိုက်တာလဲ?" ဘုန်းဘုန်းက မေးကြည့်တယ်၊ သူက မိုးနတ်သားတွေကို ပြောလိုက်တာတဲ့၊ အို-မိုးနတ်သား...။ ကျူပ် သာသနာပြု သွားတာ၊ ခဏတော့ ရပ်လိုက်ပါဦးလို့ ပြောလိုက်တာ၊ တိတ်သွားတာပေါ့နော်၊ အဲဒီလိုပဲ ဘုန်းဘုန်းကလဲ ပြောလိုက်တာ။

ပဋ္ဌာန်း ၂၄-ပစ္စည်း၊ ဘုန်းဘုန်းက ပဋ္ဌာန်းဝါသနာပါပါတယ်။ ပဋ္ဌာန်း ဝါသနာပါလို့ ဆရာသမားတွေဆီ ပဋ္ဌာန်း ၇-ခေါက်တက်ပါတယ်၊ တစ်ခေါက် တစ်ခေါက်ကို ၃-လ၊ ၄-လ ကြာပါတယ်။ တစ်ခေါက်တစ်ခေါက်ကို ၄-လ၊ စာချတန်းပြီးမှလဲ တက်သေးတယ်။ တချို့က စာချတန်းပြီးရင် စာတတ်ပြီလို့ ရပ်လိုက်တာ ဘုန်းဘုန်းက မရပ်ဘူး၊ ဆက်ပြီးတော့ ဆရာသမားတွေဆီ တက်ပါတယ်။ နောက်ဆုံး အခေါက်ကျတော့ ပဋ္ဌာန်းသိပ္ပံဆိုတဲ့ စစ်ကိုင်း တောင်ရိုးက ဆရာတော်ကြီးဆီတက်၊ သဘောပေါက်သွားတယ်။ သဘော ပေါက်သွားတော့ ဆရာတော်ကြီးကိုပြောပြ၊ ပဋ္ဌာန်းတွေ မချသေးတဲ့ အပိုင်းတွေ ကိုပါ သဘောပေါက်တယ်။ အဲဒီတော့ ဆရာတော်ကြီးဘုရား၊ ဟောဒါဆိုရင် စာရိုက်တဲ့လူ ကျသွားပြီဘုရား၊ ဘယ်နှစ်ကြောင်းကျတယ်ဘုရား။ ဆရာတော်

http://www.dhammadpwnload.com



က ဆရာတော်ကြီးကိုပြောပြ၊ အေးကွ၊ ဟုတ်တယ်ကွ၊ ဟုတ်တယ်ကွနဲ့ နောက် ဒီဆဋ္ဌသင်္ဂါယနာတင်တဲ့အခါ ပဋ္ဌာန်းတွေကို ဘုန်းဘုန်းတို့ပဲ ပြင်ပါတယ်နော်။ မစိုးရိမ်ဆရာတော်ကြီး သွားပြောပြလည်း ဆရာတော်ကြီးကလည်းပဲ ဘုန်းဘုန်း ပြောတဲ့အတိုင်း သဘောကျပါတယ်။ အဲဒီလိုပြောတာက ဘုန်းဘုန်းပြောတာက ပဋ္ဌာန်း (၇)ခေါက်တက်တယ်၊ ချတာကလည်း အခေါက်ရေတော်တော်များ နေပါပြီနော်။ အခေါက်ရေတွေကိုများ အဲလိုပြောတာက ကြွားချင်လို့ပြောတာ မဟုတ်ပါဘူးနော်…။ အေး အခေါက်ခေါက် အခါခါတက်တော့ အာသေဝန ပစ္စယောလို့ခေါ်တယ်။ အာဆိုတာ အာ-ပုနပ္ပုနံ-အဖန်ဖန်အထပ်ထပ်၊ သေဝန- မှီဝဲတယ် ဆည်းကပ်တယ်၊ အဖန်ဖန်အထပ်ထပ် မှီဝဲဆည်းကပ် အလုပ်အကိုင် မျိုးလုပ်တော့ အဲဒါ တဖြည်းဖြည်း တဖြည်းဖြည်း ကျွမ်းကျင်လာတယ်လို့ ဆိုတယ်နော်။ အဲဒါ မိန်းကလေးတွေ သနပ်ခါးလိမ်းတယ်ဆိုတာ တစ်ခါထဲ လိမ်းလို့ သိပ်မမွှေးဘူး၊ နှစ်ထပ်၊ သုံးထပ်၊ လေးထပ်၊ ဒီလိုထပ်လိမ်းရတယ်၊ အဲဒါဆိုရင် အာသေဝနပစ္စည်းတတ်တယ်တဲ့၊ ဟုတ်ကဲ့လား၊ အေး ဒီလည်းပဲ အခုတစ်ခေါက် ဘုန်းဘုန်းချလိုက်လို့ သိပ်သဘောမပေါက်သေးလည်းဘဲ စိတ်မပျက်ပါနဲ့နော်။ နောက်တစ်ခေါက် ဘုန်းဘုန်းချအုံးမှာပါ။ နောက် တစ်ခေါက် ချမှာပေါ့။ အဲဒီလို အခေါက်ခေါက် အပြန်ပြန် အဖန်ဖန်အထပ်ထပ် အာသေဝနပစ္စည်းတပ်လာတော့ အကျိုးပေးပါတယ်။

မြတ်စွာဘုရားသခင် တရားနာစေချင်တဲ့ အဆင့်ပဲ ၄-ဆင့်ရှိပါတယ်။ ဘယ်နှစ်ဆင့်တုံး (လေးဆင့်ပါဘုရား)။ လေးဆင့် (၁)နံပါတ်အဆင့်က တရား နာတာနော်၊ (၁)နံပါတ်ကဘာတုန်း (တရားနာတာပါဘုရား)။ သူများ ရွတ်တာ

http://www.dhammadpwnload.com



ဖတ်တာတွေ၊ သူများဟောတာတွေ လိုက်နားထောင်တာပေါ့၊ အဲဒါ(၁)နံပါတ် အဆင့်ပဲနော်၊ (၂)နံပါတ်အဆင့်ကျတော့ မိမိပါးစပ်နဲ့ ရွတ်ဖတ်ရတယ်(ဝစသာ ပရိစိတာ)လို့ခေါ်တယ်။ ခုနတုန်းကတော့(သောတေနသုဏာတိ)ပေါ့။ နားနဲ့ ထောင်တယ်။ ပထမဆုံးအဆင့်က နား၊ ဒုတိယအဆင့်ကျတော့ ပါးစပ်နော် (ဝစသာ ပရိစိတာ)ကိုယ့်ပါးစပ်နဲ့ ကိုယ်ရွတ်ရတယ်။ ကိုယ့်ပါးစပ်နဲ့ ကိုယ်ရွတ်၊ ဥပမာအားဖြင့် ဘုန်းဘုန်းက ပဋ္ဌာန်းလေး ပစ္စယုဒ္ဒေသ ရွတ်ပြပါမယ်။

(ဟေတုပစ္စယော၊..............အဝိဂတပစ္စယောတိ)။

ကြားတယ်မဟုတ်လား(မှန်လှပါဘုရား)၊ အဲဒါ ပထမအဆင့်ပဲ၊ ပထမအဆင့်ဆိုတာ သူများရွတ်တာဖတ်တာကို နားထောင်တာပေါ့နော်။ အေး ပြီးတော့ ဒုတိယအဆင့်က မိမိ ကိုယ်တိုင်ကိုယ့်ပါးစပ်နဲ့ ကိုယ်ရွတ်ရတယ်။ ကဲ ဒုတိယအဆင့် ရွတ်ကြစမ်းပါဦး၊ စာအုပ်ကြည့်ရွတ်တာပေါ့။ မရတဲ့ ပုဂ္ဂိုလ်က။ ရတဲ့ပုဂ္ဂိုလ်ကတော့ မကြည့်ဘဲနဲ့ ရွတ်လိုက်ပေါ့နော်၊ ကဲ ဖြည်းဖြည်း ရွတ်ကြစမ်းပါဦး...(ဟေတုပစ္စယော...အဝိဂတပစ္စယောတိ)။ (သံပြိုင်)။ အေး- ဒါဆိုရင် ၂-ဆင့်အောင်ပြီပေါ့။ ပထမအဆင့်က သူများရွတ်တာ ဖတ်တာကို နားထောင် နားကိစ္စပေါ့နော်။ ဒုတိယအဆင့်က ပါးစပ်၊ ကိုယ့် ပါးစပ်နဲ့ကိုယ် ရွတ်ဖတ်ရတယ်။ ဒုတိယ အဆင့်အောင်ရော။ တတိယအဆင့် ကျတော့ စိတ်နဲ့ကြံစည်ရတယ်တဲ့...(မနသာနုပေက္ခိတာ) မနသာ-စိတ်ဖြင့်၊ အနုပေက္ခိတာ-အဖန်ဖန်စဉ်းစားဆင်ခြင်ရတယ်တဲ့၊ ဒါက ပစ္စည်းတရား၊ ဒါက ပစ္စုပ္ပန်တရား၊ ဒါက ပစ္စယသတ္တိ စသည်ဖြင့် အဲဒီလိုစိတ်နဲ့ ကြံတဲ့အဆင့်က တတိယအဆင့်၊ ဟုတ်ကဲ့လား၊ (မှန်လှပါဘုရား)။ ပထမအဆင့်က နားနဲ့

http://www.dhammadpwnload.com



နားထောင်တဲ့ အဆင့်၊ ဒုတိယအဆင့်က မိမိပါးစပ်ဖြင့် ရွတ်ဖတ်တဲ့အဆင့်၊ တတိယအဆင့်က စိတ်နဲ့ကြံစည်တဲ့အဆင့်၊ စတုတ္ထအဆင့်ကျတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုတဲ့အဆင့်တဲ့။ စတုတ္ထအဆင့်က ဘာတုန်း… (အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုတဲ့အဆင့်ပါဘုရား)။ အေး အဲဒီအဆင့်လေးဆင့် ရပြီဆိုလို့ရှိရင်တော့ ဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်လမ်းဘက်သွားပြီတဲ့။ နိဗ္ဗာန်လမ်းပေါ်ရောက်ပြီ။ သူက တဖြည်းဖြည်းနဲ့ လျှောက်ဖို့ပဲလိုတယ်။ ဆရာတော်ကတော့ နိဗ္ဗာန်လမ်းပေါ် တင်ပေးပြီးပြီ။ အဲဒါဆိုရင်နော် (မှန်လှပါ)။

ဉာဏ်စဉ်အနေအားဖြင့်လည်း လေးဆင့်ရသွားပါ့မယ်။ နေ့တိုင်း ဘုန်းဘုန်းက ဉာဏ်စဉ်လေးဆင့် လေးဆင့် ဟောသွားပါမယ်နော်…(မှန်လှပါဘုရား)။ (၁)နံပါတ်အဆင့်အနေနဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်စဉ်၊ နာမ်တရား၊ ရုပ်တရား ခွဲခြားတဲ့ ဉာဏ်စဉ် ဟုတ်ပြီလား၊ (၁)နံပါတ်က ဘာတဲ့တုန်း… (နာမရူပ ပရိစ္ဆေဒဉာဏ်စဉ်ပါဘုရား)။ အေး၊ နာမရူပ ပရိစ္ဆေဒဉာဏ်စဉ်တဲ့၊ ဒီဟာ နာမ်တရား၊ ဒီဟာ ရုပ်တရားလို့ နာမ်ရုပ်တရား ခွဲခြားတဲ့အဆင့်။ ၁-နံပါတ်နော်။

၂-နံပါတ်ကျတော့ ပစ္စယပရိဂ္ဂဟဉာဏ်တဲ့၊ ဘာဉာဏ်တဲ့… (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)။ ပစ္စယဆိုတာ အကြောင်းတရား၊ ပရိဂ္ဂဟဆိုတာ သိမ်းဆည်းတာ၊ အကြောင်းတရား ဆိုသဖြင့် အကျိုးတရားပါ ပါတယ်ပေါ့နော်။ ဒါက အကြောင်းတရား၊ ဒါက အကျိုးတရား၊ အကြောင်းတရားကြောင့် အကျိုးတရားတွေ ဖြစ်ပျက်နေပါလားလို့ အကြောင်းအကျိုး ဆင်ခြင်တဲ့ ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်၊ ဟုတ်လား…(မှန်လှပါဘုရား)။

http://www.dhammadpwnload.com



ဉာဏ်စဉ် ၂-ခုရှိသွားပြီနော်၊ ၁-နံပါတ်ကဘာတဲ့...(နာမရူပပရိစ္ဆေဒ ဉာဏ်ပါဘုရား)။ နာမရူပပရိစ္ဆေဒဉာဏ်၊ ၂-နံပါတ်က ပစ္စယပရိဂ္ဂဟဉာဏ်၊ ၃-နံပါတ်က သမ္မသနဉာဏ်၊ သုံးသပ်ဆင်ခြင်တာပေါ့၊ သံ-ဆိုတာ ကောင်းမွန်စွာ၊ မသန-ဆင်ခြင်တယ်၊ ဥပမာအားဖြင့် ဘုန်းဘုန်းက ယပ်တောင်လေးကို ဒီလိုကြည့်တော့ သုံးသပ်တာပေါ့။ လှပ်ကြည့်တာပေါ့။ ရှိသမျှသတ္တ လောက, သင်္ခါရလောက, ဩကာသလောက-လောကထဲရှိတဲ့တရားတွေ ဒါတွေပါလားလို့ နာမ်တရား၊ ရုပ်တရားတွေကို သုံးသပ်ဆင်ခြင်တဲ့ဉာဏ်ကို သမ္မသနဉာဏ်၊ ဟုတ်ကဲ့လား...(မှန်ပါ့ဘုရား)။

အေး-သမ္မသနဉာဏ်၊ သမ္မသနဉာဏ်ရပြီးနောက် အဖြစ်အပျက်တွေကို မြင်တဲ့ ဥဒယဗ္ဗယဉာဏ်၊ သမ္မသနဉာဏ်ရပြီးနောက် ဘာဉာဏ်ရမှာတုန်း... (ဥဒယဗ္ဗယဉာဏ်ပါ ဘုရား)။ ဥဒယ-ဆိုတာ အဖြစ်၊ ဝယ-ဆိုတာ အပျက်၊ ဝ-ကို ဗ-ရေးပြီးတော့ ဥဒယဗ္ဗယ ဆိုတာ ဖြစ်တာ။ အမှန်က ဥဒယ-ဝယ ပေါ့နော်၊ အဖြစ်အပျက်ကိုမြင်တဲ့ဉာဏ်ကို ဥဒယဗ္ဗယ ဉာဏ်လို့ ခေါ်တယ်။

နေ့တိုင်းနေ့တိုင်း ဘုန်းဘုန်း ၁၀-ညဟောတဲ့အခါ ဒီလေးဉာဏ်၊ လေးဉာဏ်ပါအောင် ဟောပါ့မယ်နော်...(မှန်လှပါဘုရား)။ နာမရူပပရိစ္ဆေဒ ဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်။ ဒီဉာဏ် ၂-ပါးရရင် အပါယ်တံခါးပိတ်တဲ့ စူဠသောတာပန်ဖြစ်တယ်။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် ရရင်တော့ ဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ဘက်သွားပြီ၊ အနေးနဲ့အမြန် နိဗ္ဗာန်ရတော့မှာ၊ အေး အနေးနဲ့ အမြန် နိဗ္ဗာန်ကို ဧကန္တရောက်မယ်၊ ဧကန္တရောက်အောင် ဘုန်းဘုန်းက လမ်းကြောင်းပေါ် တင်ပေးလိုက်မှာပါ...နော်...(မှန်လှပါဘုရား)။

http://www.dhammadpwnload.com



ဒီနေ့ ဒီစာအုပ်လေးတွေ ရပြီးကြပြီနော်...(မှန်ပါဘုရား)။ ဒီတော့ စာမျက်နှာ ၁-မယ် ခုနကရွတ်တဲ့ ပရိတ်လေးတွေ့တယ်မဟုတ်လား... (မှန်လှပါဘုရား)။ အေး-ပဋ္ဌာန်း ပါဠိတော်ဆိုပြီး ပစ္စယုဒ္ဒေသပါဠိ၊ ပစ္စယုဒ္ဒေသ-ပစ္စယ-ဥဒ္ဒေသပေါ့၊ ပစ္စယ-က ပစ္စည်း၊ ဥဒ္ဒေသ-က အကျဉ်း၊ ပစ္စည်းအကျဉ်း၊ ပစ္စည်းဟာ အကျဉ်းအားဖြင့် ၂၄-ပါးပေါ့နော်၊ ပစ္စည်း အကျဉ်း၊ ပါဠိကတော့ ပါဠိတော်ပေါ့။ ဒီတော့ ဟိုဘက်စာမျက်နှာ ၂-နံပါတ်ကျတော့ ဘာတွေ့တုန်း၊ ပစ္စယနိဒ္ဒေသပါဠိ၊ နိဒ္ဒေသဆိုတာ အကျယ်ပေါ့၊ ခုန-ဥဒ္ဒေသဆိုတာ အကျဉ်း၊ အကျဉ်းအားဖြင့် ၂၄-ပါး၊ အကျယ်ကျတော့ အဲဒါကို တစ်ခုခု မြတ်စွာဘုရားက ချဲ့ဟောတာပေါ့၊ ဟေတုပစ္စယောကို အကျယ်ချဲ့လိုက်မယ်နော်။

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

ဟေတုပစ္စယောတိ ဆိုတာ ဟေတုပစ္စည်းကို အကျယ်ချဲ့မယ်လို့ တည်လိုက်တဲ့ပုဒ်ပေါ့။ ဟေတူဆိုတာ ကတ္တား၊ သဒ္ဒါလို့ပြောတော့ ကတ္တား၊ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊ ဒါကျတော့ သမ္ပဒါန်လို့ ခေါ်တယ်။

ဟေတူ-ဟိတ် ၆-ပါး ပစ္စည်းတရားတို့သည်၊ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနံစ-စိတ်စေတသိက်တရားတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ-ထို စိတ်စေတသိက်တရားတို့ကြောင့် ဖြစ်ပေါ်လာကုန်သော၊ ရူပါနဉ္စ-စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇ ရုပ်တို့အားလည်းကောင်း၊ ဟေတုပစ္စယေန-ဟေတုသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။

http://www.dhammadpwnload.com



အဲဒီမှာ ကတ္တား၊ သမ္ပဒါန်၊ ကရိုဏ်းလို့ သဒ္ဒါလိုပြောရင် သုံးခုပေါ့၊ ဟေတူဆိုတာ ဟိတ်တရားတို့သည်၊ ဟိတ် ၆-ပါးတရားတို့သည်၊ (ကတ္တား) ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-ဒါက သမ္ပဒါန်၊ ဟိတ်နှင့်ယှဉ်ကုန်သော စိတ်စေတသိက်၊ သဟိတ်စိတ်၊ ကေ သတ္တတိ၊ မောဟမူဒွေး၍ မောဟကြဉ်သော စေတသိက် ဒွေပညာသ တို့အား လည်းကောင်း၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-ထိုစိတ်စေတသိက်တို့ကြောင့် ဖြစ်ပေါ်လာကုန်သော၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တရားတို့အား လည်းကောင်း၊ ဟေတုပစ္စယေန-ဟေတုသတ္တိဖြင့် (ဝါ)အမြစ်ဟူသော အကြောင်းသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။

ဘုန်းဘုန်း တစ်ခေါက်ရွတ်ဖတ်ပါဦးမယ်... ဟေတုပစ္စယောတိ... ပစ္စယော၊ ကဲ အားလုံး တစ်ခေါက်လောက် ဖတ်ပါအုံး...(အများပြိုင်တူဆို)... ဟေတုပစ္စယောတိ...ပစ္စယော၊ တစ်ခေါက် ဖတ်ပါဦး(အများဆို)။ ဟေတုပစ္စယောတိ...ပစ္စယော။ အေး...ဟေတူ ဟိတ် ၆-ပါးတရားတို့သည်၊ ဟိတ်ဆိုတာ လောဘ၊ ဒေါသ-မောဟ အကုသိုလ်ဟိတ် ၃-ပါး၊ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ကုသိုလ်ဟိတ်၊ အဗျာကတဟိတ် ၃-ပါး။

ဟိတ် ဘယ်နှစ်ပါး ရှိတုန်း...(၆-ပါးပါဘုရား)။ ရေလိုက်စမ်းပါအုံး၊ လောဘ ဒေါသ မောဟ အကုသိုလ်စိတ် ၃-ပါး၊ အလောဘ၊ အဒေါသ၊ အမောဟ၊ ကုသိုလ်ဟိတ် ၃-ပါး၊ အေး ပေါင်းလိုက်တော့ ၆-ပါးပေါ့နော်... (မှန်လှပါဘုရား)။ လောဘဟိတ်က လောဘမူစိတ်၊ စေတသိက်၊ စိတ္တဇ ရုပ်တွေကို ကျေးဇူးပြုတယ်၊ ဒေါသဟိတ်က ဒေါသမူစိတ်၊ စေတသိက်၊ စိတ္တဇရုပ်တွေကို ကျေးဇူးပြုတယ်။ မောဟဟိတ်ကတော့ မောဟမူစိတ်,

http://www.dhammadpwnload.com



လောဘမူစိတ်, ဒေါသမူစိတ်၊ စေတသိက်၊ စိတ္တဇရုပ်တွေကို ကျေးဇူးပြုတယ်တဲ့၊ အကုသိုလ်ဟိတ် ၃-ပါး၊ ဟိတ်ဆိုတာက ဘာလဲ မူလဋ္ဌီကာဆရာက မူလ အမြစ်လို့ ဆိုပါတယ်။ ဟေတုဟိတ်ဆိုတာ ဘာတဲ့တုန်း၊ အမြစ်၊ သစ်ပင်များ အမြစ်ရှိတယ်မဟုတ်လား…(မှန်လှပါဘုရား)။ အေး သစ်ပင်မှာ အမြစ်ရှိတဲ့သစ်ပင်၊ အမြစ် ၁-ချောင်းရှိတဲ့သစ်ပင်၊ အမြစ် ၂-ချောင်းရှိတဲ့ သစ်ပင်၊ အမြစ် ၃-ချောင်းရှိတဲ့သစ်ပင်၊ ဒီလိုရှိတယ်ပေါ့နော်… (မှန်လှပါဘုရား)။

လူတွေရဲ့ သွားတွေလည်း ဒီလိုပဲ သွားက အမြစ် ၁-ချောင်းရှိတဲ့ သွား၊ အမြစ် ၂-ချောင်းရှိတဲ့ သွား၊ အမြစ် ၃-ချောင်း ရှိတဲ့ သွား၊ သွား ၃-မျိုးရှိတယ်။ သူကနော်…(မှန်လှပါဘုရား)။ အေး ဒီလည်းပဲ လောဘမူစိတ်၊ လောဘစိတ်ဖြစ်တယ်ဆိုလို့ရှိရင်…လောဘဆိုတဲ့ အမြစ် ၁-ချောင်း၊ မောဟဆိုတဲ့ အမြစ် ၁-ချောင်း၊ အမြစ် ဘယ်နှစ်ချောင်းပါတုန်း…(၂-ချောင်းပါပါ တယ်ဘုရား)။ ၂-ချောင်းပါတယ်။ အေး အဲလို အမြစ် ၂-ချောင်းပါလို့ သူ့ကို (ဒွိဟေတုက စိတ်)တဲ့ ဟုတ်ကဲ့လား…ဒွိဆိုတာ ၂-ပေါ့၊ ဟေတုဆိုတာ အမြစ်၊ (ဒွိဟေတုက)အမြစ် ၂-ချောင်း၊ 'က'လေးက ပါရှိသော၊ အမြစ်၂-ချောင်း ပါရှိသောစိတ်၊ (ဒွိဟေတုက)စိတ်ဆိုတာ ဘယ်လိုဟာခေါ်တာတုန်း…(အမြစ်၂-ချောင်းပါရှိတဲ့စိတ်)။ ဥပမာအားဖြင့် သူများပစ္စည်း တချို့ခိုးတယ်မဟုတ်လား၊ သူများပစ္စည်းခိုးတယ်… ပစ္စည်းလေးတွေ လိုချင်တယ်ဆို လောဘ စိတ်ဖြစ်၊ အဲလို လောဘစိတ်ဖြစ်လိုက်လို့ရှိရင် လောဘမူစိတ်ဖြစ်လိုက်လို့ရှိရင် လောဘ၊ မောဟ၊ မောဟကလည်းပါလို့ သူကနော်…(မှန်လှပါဘုရား)။ လောဘနဲ့ မောဟ

http://www.dhammadpwnload.com



အမြစ် ၂-ချောင်းက အမြစ်တွယ်ခဲ့ပြီးတော့ လောဘမူစိတ်၊ စေတသိက်၊ စိတ္တဇရုပ်တွေပေါ်လာတယ်တဲ့ မပေါ်ဘူးလား…(ပေါ်ပါတယ်ဘုရား)။ အေး အဲဒီလောဘမူစိတ် အဲ လောဘနဲ့ မောဟ၊ ဟေတုပစ္စည်းအကြောင်းပြု လိုက်တော့ ဟေတုပစ္စည်းတပ်လိုက်တော့ လောဘစိတ်၊ စေတသိက်တွေ စိတ္တဇရုပ်တွေ၊ ခိုးတဲ့စိတ်တွေ၊ စေတသိက်တွေ၊ သူများပစ္စည်းတွေ ထမ်းသယ် သွား၊ ဟုတ်တယ်မို့လား…(မှန်လှပါဘုရား)။ အေး အဲလို ခိုးကြတယ်၊ ဓားပြတိုက်ကြတယ်ပေါ့၊ အဲဒါတွေက ဟေတုပစ္စည်းရဲ့ ပစ္စယုပ္ပန်တဲ့နော်၊

အေး ဟေတုပစ္စည်းရဲ့ ပစ္စယုပ္ပန်။ ဒေါသစိတ် ဖြစ်တဲ့အခါလည်း ဒီလိုရှိတယ်မို့လား၊ တချို့လည်း တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ကြ၊ ရိုက်ကြ၊ ဆဲကြ၊ ဆိုကြ၊ တစ်ယောက်နဲ့တစ်ယောက် ဓားနဲ့ခုတ်ကြ။ ထစ်ကြ။ သေနတ်နဲ့ပစ်ကြ၊ တိုင်းပြည်တစ်ပြည်နဲ့တစ်ပြည် တစ်ခါတလေလည်း စစ်တိုက်ရင် ဟိုဘက်က စစ်သားတွေနဲ့ ဒီဘက်က စစ်သားတွေနဲ့ တိုက်ကြ၊ ဖုံးကြဲကြ အဲဒါတွေက ဒေါသမူစိတ်တွေ၊ ဒေါသတွေ ဟုတ်ပြီလား… (မှန်လှပါဘုရား)။ ဒေါသနဲ့ မောဟက ဟေတုပစ္စည်း၊ တစ်ယောက်နဲ့ တစ်ယောက် ရိုက်ကြ၊ နှက်ကြ၊ ဆဲကြ၊ ဆိုကြတာတွေက စိတ္တဇရုပ်တွေ၊ အဲဒါက ဟေတုပစ္စည်းရဲ့ ပစ္စယုပ္ပန် သဘောပေါက်တယ်မို့လား… (မှန်လှပါဘုရား)။

အေး-အဲဒီတော့ လောဘမူစိတ်၌ လောဘ၊ မောဟဟိတ် ၂-ခုရှိသလို၊ ဒေါသမူစိတ် ကြတော့လည်း၊ ဒေါသဟိတ်၊ မောဟဟိတ် ဘယ်နှစ်ခု ရှိသတုန်း…(၂-ခုရှိပါတယ်ဘုရား)။ ၂-ခုရှိတယ်၊ အဲဒါကြောင့် သူလည်း

http://www.dhammadpwnload.com



ဒွိဟေတုကစိတ်၊ ဒွိက ၂၊ ဟေတုက အမြစ်၊ အမြစ် ၂-ချောင်း 'က'လေးက ပါရှိသော၊ အမြစ် ၂-ချောင်းပါရှိသောစိတ်၊ အဲဒါမယ် ဒေါသနဲ့ မောဟက ဟေတုပစ္စည်း၊ ကျန်တဲ့ဒေါသ၊ မောဟအကြောင်းပြုပြီးတော့ ဆဲကြ ဆိုကြ အသံတွေ ရိုက်ကြ နှက်ကြတဲ့ ကာယကံတွေ၊ ဆဲကြ၊ ဆိုကြတဲ့ ဝစီကံတွေ၊ ဒါတွေက စိတ္တဇရုပ်တွေက ဟေတုပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ သဘောပေါက်တယ် မဟုတ်လား…(မှန်လှပါဘုရား)။ အေး အဲဒီလို ဟေတုပစ္စည်း၊ ဟေတုပစ္စယုပ္ပန်၊ အဲဒီ လောဘ၊ ဒေါသ၊ မောဟတွေမှာ အမြစ်ဆိုတဲ့ သဘောမျိုးသူက အမြစ်ရှိတဲ့သစ်ပင်နဲ့ အမြစ်မရှိတဲ့ သစ်ပင်ဆို ဘယ်သစ်ပင်က စွဲတုန်း…(အမြစ်ရှိတဲ့ သစ်ပင်က စွဲပါတယ်ဘုရား)။

အေး အဲလိုပဲ ဒီစိတ်တွေ ထဲမှာ အဟိတ်စိတ်၊ အ-ဟိတ်စိတ် လို့ရှိသေးတယ်။ အဟိတ်စိတ် ၁၈-ပါးနော်၊ အ-ဆိုတာ မရှိ၊ ဟေတု-ဆိုတာအမြစ်၊ အမြစ် မရှိသောစိတ်၊ အမြစ်မရှိတဲ့စိတ် ဘယ်နှစ်ခုရှိတုန်း…(၁၈-ပါးရှိပါတယ်ဘုရား)။ ၁၈-ပါး အဲ-တရားတွေနဲ့ အဲဒီ အဟိတ်စိတ်တွေကြတော့ ဟေတုပစ္စည်းမရဘူး သူက၊ သူ့အမြစ်မှ မပါဘဲကိုး၊ သူကနော်…(မှန်လှပါဘုရား)။ လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်ဆိုတဲ့ အကုသိုလ်ဟိတ်လည်း မပါဘူး။ သူက အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ကုသိုလ်ဟိတ် အဗျာကတဟိတ်လည်း မပါဘူး၊ အဲလို အမြစ်မပါတဲ့အတွက် စက္ခုဝိညာဉ်အစရှိတဲ့ စိတ်တွေကို အ-ဟိတ်စိတ်၊ အ-ဟေတုကစိတ်၊ အမြစ်မပါတဲ့စိတ်၊ ဟေဟုပစ္စည်း ကျေးဇူးအပြုမခံရတဲ့စိတ်တဲ့၊ ဟုတ်လား…(မှန်လှပါဘုရား)။

အေး ဒါလောဘ၊ ဒေါသ၊ မောဟ က အကုသိုလ်ဖြစ်သလို၊

http://www.dhammadpwnload.com



အလောဘ၊ အဒေါသ၊ အ-မောဟကြတော့ ဘာဖြစ်မတုန်း··· (ကုသိုလ်ဟိတ်ပါဘုရား)။ ကုသိုလ်ဟိတ်၊ ဥပမာ အားဖြင့် ဘုန်းဘုန်းက မနက်တိုင်း စာကလေးတွေ၊ ခိုလေးတွေ၊ ဇရက်တွေ ဂျိုးလေးတွေ ဘုန်းဘုန်း ဆန်လေး ပက်လိုက်တယ်ဆို အကုန်လာကြတယ်။ သူတို့ကနော်···(မှန်လှပါဘုရား)။ အကုန်လာကြတယ်။ အဲဒါတွေကျွေးလိုက်တယ်ဆိုရင် ဒါ အလောဘပေါ့ ဟုတ်ကဲ့လား။ လောဘဆိုတာက မပေးနိုင်ဘူး၊ နှမြောနေတာ···(မှန်လှပါဘုရား)။ အလောဘဆိုတော့ ပေးနိုင်တယ်မဟုတ်လား။ ပေးနိုင်တယ်၊ လှူနိုင်တယ်။

ဒို့ ဒါယကာ၊ ဒါယိကာမတွေ မြန်မာနိုင်ငံရှိတဲ့ ဒကာ၊ ဒကာမတွေ တော်လွန်းလို့ ဆွမ်းတွေဘာတွေ လောင်းဖော်ရနော်···(မှန်လှပါဘုရား)။ ဆွမ်းတွေလောင်းဖော်ရလို့ ဘုန်းကြီးတွေရှိတာ။ နိုင်ငံခြားဆိုရင် ဆွမ်းမလောင်းဘူး၊ ဆွမ်းခံတဲ့ ကိုယ်တော်ဖမ်း၊ ဘယ့်နှယ်ကြောင့်တုန်းဆိုတော့၊ သူမှာ လက်တွေ ခြေတွေ ပါရဲ့သားနဲ့ လုပ်ကိုင်စားတာ မဟုတ်ဘူး၊ သူများဆီ တောင်းစားတယ် ဆိုပြီးတော့ ဖမ်းပစ်တာ၊ ထောင်ချပစ်လိုက်တာနော်။ မြန်မာနိုင်ငံရှိတဲ့ ဒါယကာ ဒါယိကာမ တွေကတော့ သြော်···ကိုယ်တော်လေးတွေ စာအံနေကြ၊ တရားအားထုတ်နေကြ၊ ချက်ဖို့၊ ပြုတ်ဖို့ အချိန်မရှိဘူး၊ ဆွမ်းလောင်းတယ်ဟေ့ဆို လောင်းလိုက်တော့ အ-လောဘ စေတသိက် ဖြစ်တယ်မို့လား···(မှန်လှပါဘုရား)။ အဲဒီ အ-လောဘစေတသိက်က ဟေတုပစ္စည်း၊ ဆွမ်းလောင်းတယ်ဆိုတော့ ဆွမ်းတွေ ဟင်းတွေ ဟုတ်တယ်မို့လား··· (မှန်လှပါဘုရား)။ ဒီပြင်လည်း စားစရာလေးတွေ လောင်းလှူလိုက်တော့ ဒါတွေဟာ ဟေတုပစ္စည်းရဲ့ ပစ္စယုပ္ပန် နော်၊ အေး၊ အ-လောဘလှူတယ်၊ ဒါနပြုတယ်၊ အလောဘကုသိုလ် ဟေတုပစ္စည်း၊

http://www.dhammadpwnload.com



အ-ဒေါသကြတော့ ဒေါသဆိုတာ တစ်ယောက်နဲ့တစ်ယောက် ရိုက်ကြ နှက်ကြတာကိုး၊ အ-ဒေါသကြတော့ မေတ္တာ၊ အဒေါသကြတော့ ဘာတုန်း… (မေတ္တာပါဘုရား)။ အေး တစ်ယောက်နဲ့တစ်ယောက်အပေါ် မေတ္တာထား လိုက်တာ၊ ချစ်ခင်တဲ့သဘောတွေ ထားလိုက်တာ၊ အဲဒီလို ချစ်ခင်တဲ့ သဘော ထားလိုက်တော့ အ-ဒေါသစေတသိက်က ကုသိုလ်ဟေတုပစ္စည်း၊ ကျန်းမာ ကြပါစေ၊ ချမ်းသာကြပါစေ စသည်ဖြင့် အသံတွေ ထွက်လာတာနော်… (မှန်လှပါဘုရား)။ အဲဒီလို အသံတွေက ဟေတုပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ သဘော ပေါက်တယ်မို့လား…(မှန်လှပါဘုရား)။

အေး အ-လောဘ၊ အ-ဒေါသ၊ အ-မောဟ၊ အ-မောဟကြတော့ ပညာဦးစီးလာပြီ။ အခုလို တရားသဘောတွေ ဆင်ခြင်တယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ ရှုတယ်၊ ရှိသမျှရုပ်တရား၊ နာမ်တရားအားလုံး ဖြစ်ပြီးပျက်တယ်။ အနိစ္စ ဖြစ်လို့ ပျက်လို့ကို မဆုံးနိုင်လို့ဒုက္ခ၊ ကိုယ့်အလိုလိုက်ရဲ့လား… (မလိုက်ပါဘူးဘုရား)။ မလိုက်ဘူး၊ အကြောင်းအားလျော်စွာဖြစ်ပျက်သွားတာ အနတ္တ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုလိုက်တော့ အ-မောဟဖြစ်၊ အမောဟက ဟေတုပစ္စည်း…ဟုတ်တယ်မလား…(မှန်လှပါဘုရား)။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လို့ ဉာဏ်တွေ ထင်လာတဲ့ အဲလိုဝိပဿနာဉာဏ်တွေက ဟေတုပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ သဘောပေါက်တယ်နော်…(မှန်လှပါဘုရား)။ အေး-အဲတော့ ဟေတုပစ္စည်းဆိုတာ မကောင်းတဲ့အကုသိုလ်ဘက်က လောဘ၊ ဒေါသ၊ မောဟအမြစ် ၃-ချောင်း ဟုတ်ကဲ့လား…(မှန်လှပါဘုရား)။ ကောင်းတဲ့ ကုသိုလ်ဘက်က ဘယ်သူတုန်း…(အလောဘ၊ အဒေါသ၊ အမောဟ) အမြစ်သုံးချောင်း၊ ဟုတ်ရဲ့လား…(မှန်လှပါဘုရား)။ အေး အဲဒါ ဟေတုပစ္စည်း၊

http://www.dhammadpwnload.com



ဟေတုပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ ဟေတု ဆိုတာ အမြစ်ခေါ်တယ်၊ အမြစ် ၆-ချောင်း၊ အကုသိုလ်ဘက်က အမြစ် ၃-ချောင်း၊ ကုသိုလ် ဘက်က အမြစ် ၃-ချောင်း၊ သဘောပေါက်တယ်နော်…(မှန်လှပါ)။ အေး-တစ်ခေါက်ဆိုစမ်းပါဦး။ ဟေတုပစ္စယောတိ……….ပစ္စယော…။

ဟေတုဆိုတာ အမြစ် ခေါ်တယ်၊ အမြစ် ၆-ချောင်း၊ အကုသိုလ်ဘက်က အမြစ် ၃-ချောင်း၊ ကုသိုလ်ဘက်က အမြစ် ၃-ချောင်း၊ အကုသိုလ်ဘက်က အမြစ် ၃-ချောင်းဆိုတာ ပြောလိုက်စမ်းပါ။ (လောဘ၊ ဒေါသ၊ မောဟ) အေး အဲဒါတွေဟာ အကုသိုလ်ဘက်က အမြစ် ၃-ချောင်းနော်၊ ပြီးတော့ ကုသိုလ်ဘက်က အမြစ် ၃-ချောင်းဆိုတာက (အလောဘ၊ အဒေါသ၊ အမောဟ)။ အေး အဲဒါ ကုသိုလ်ဘက်က အမြစ်သုံးချောင်း၊ အဲဒီတော့ လောဘ ဒေါသ မောဟ အလောဘ၊ အဒေါသ၊ အမောဟတို့က စေတသိက် နာမ်တရား၊ ဘာတရားတဲ့တုန်း (စေတသိက် နာမ်တရားပါဘုရား)။ အေး၊ နာမ်တရား၊ နာမရူပပရိစ္ဆေဒဉာဏ်ဆိုတော့ သူတို့က နာမ်တရား၊ လောဘ၊ ဒေါသ၊ မောဟ အကြောင်းပြုပြီးတော့ သူများရိုက်တယ်၊ နှက်တယ်၊ ခိုးတယ်၊ သူများသားမယား ပြစ်မှားတယ်၊ အဲဒါတွေက ရုပ်တရားတွေ၊ သူက ရုပ်နော်၊ ရုပ်တရား ဆိုတော့ နာမရူပပရိစ္ဆေဒဉာဏ်၊ နာမ်ရုပ်ကွဲမသွားဘူးလား… (ကွဲသွားပါတယ်ဘုရား)။ အေး သူများပစ္စည်း ခိုးတယ်ဆိုတော့ လောဘကနေ ကျေးဇူးပြုလိုက်လို့၊ လောဘ ဟေတုပစ္စည်းနဲ့ ကျေးဇူးပြုလို့ ခိုးတာကိုး၊ ဟုတ်တယ်မဟုတ်လား… (မှန်လှပါဘုရား)။

http://www.dhammadpwnload.com



သူများအသက်တွေ သတ်တယ်ဆိုရင်လဲ ဒေါသကနေပြီးတော့ ဟေတုပစ္စည်းနဲ့ ကျေးဇူးပြုလိုက်လို့ သတ်တာကိုး၊ လောဘ ဒေါသ မောဟတို့က အကြောင်းတရား၊ သူ့ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်စေတသိက် စိတ္တဇရုပ်တွေ၊ သူတို့က ဘာတုန်း၊ အကျိုးတရား၊ အကြောင်းတရား၊ အကျိုးတရား ပိုင်းခြားလိုက်လို့ရှိရင် ပစ္စယပရိဂ္ဂဟဉာဏ်တဲ့၊ ဟုတ်ကဲ့လား၊ ဉာဏ်စဉ် ၂-ပါး မရပေဘူးလား…(ရပါတယ်ဘုရား)။

အေး-နာမရူပ ပရိစ္ဆေဒဉာဏ်၊ လောဘ ဒေါသ မောဟ၊ အလောဘ အဒေါသ အမောဟ ဒါက နာမ်တရား၊ သူနဲ့ယှဉ်ဘက်ဖြစ်တဲ့ စေတသိက်နဲ့ သူ့ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ္တဇရုပ်တွေက ရုပ်တရား၊ နာမရူပပရိစ္ဆေဒဉာဏ်နော်၊ လောဘ ဒေါသ မောဟ, အလောဘ အဒေါသ အမောဟ စေတသိက်အမြစ် ၆-ခုကြောင့် ခုန တရားတွေဖြစ်တာ၊ အမြစ် ၆-ခုက အကြောင်းတရား၊ ကျန်တဲ့တရားတွေက အကျိုးတရား၊ အကြောင်းကြောင့် အကျိုးဖြစ်တာလို့ သိလိုက်တော့ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဉာဏ်စဉ် ၂-ခု ရပြီနော်…(မှန်လှပါ ဘုရား)။

အေး-အဲဒီတော့ နာမရူပပရိစ္ဆေဒဉာဏ်၊ အကြောင်းတရား၊ ဒါက နာမ်တရား၊ ဒါက ရုပ်တရား၊ ဒါက အကြောင်းတရား၊ ဒါဟာက အကျိုးတရားလို့ သုံးသပ်ဆင်ခြင်လိုက်လို့ရှိရင် သမ္မသနဉာဏ်လို့ခေါ်တယ်။ ဘာဉာဏ်လို့ခေါ်တုန်း…(သမ္မသနဉာဏ်ပါဘုရား)။ သမ္မသနဉာဏ်ဆိုတာ သုံးသပ်ဆင်ခြင်တယ်၊ ဘုန်းဘုန်းက ဒီလိုကိုင်ကြည့်လိုက်တယ် မဟုတ်လား။ အေး ဒီတရားက ဟေတုပစ္စည်း၊ လောဘ ဒေါသ မောဟ၊ အလောဘ အဒေါသ

http://www.dhammadpwnload.com



အမောဟ၊ ဒီအကြောင်းတရား၊ အမြစ် ၆-ခုက အကြောင်းတရား ခေါ်တယ်၊ နာမ်တရားတွေ ခေါ်တယ်၊ သူနဲ့ယှဉ်တဲ့ စိတ်စေတသိက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်တရားတွေက အကျိုးတရား၊ ဒီလို သုံးသပ်ဆင်ခြင်လိုက်တော့ သမ္မသနဉာဏ်လို့ခေါ်တယ်၊ ဘာဉာဏ်လို့ခေါ်တုန်း။ (သမ္မသနဉာဏ်ပါဘုရား)။

အေး သမ္မသနဉာဏ်လို့ခေါ်တယ်၊ အဲဒီအကြောင်းတရားကော အကျိုးတရားကော ခဏလေးနဲ့ ဖြစ်ပျက်သွားလို့ ဘာတဲ့တုန်း အနိစ္စ၊ ခဏလေးဖြစ်ပျက်သွားတာ၊ အကြာကြီး တည်ရဲ့လား…(မတည်ပါဘူးဘုရား)။ အကြာကြီးမတည်ဘူး၊ ခဏလေး၊ အခုရုပ်မြင်သံကြားတွေ၊ တယ်လီဗေးရှင်းတွေ ကြည့်ကြတယ် မဟုတ်လား၊ ပေါ်ပေါက်လာတဲ့ ရုပ်ပုံလေးတွေက အကြာကြီး တည်ရဲ့လား…(မတည်ပါဘူးဘုရား)။ ခဏလေး ပျောက်ပျောက်သွားတယ် မဟုတ်လား…(မှန်လှပါဘုရား)။ အဲဒီလိုပဲ ဒီခန္ဓာကိုယ်ထဲမှာရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေက ခဏလေး၊ ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ အဲဒီလိုဖြစ်တဲ့အတွက် အနိစ္စ၊ သဘောပေါက်တယ်နော်…(မှန်ပါဘုရား)။ အေး အဲဒီလို အနိစ္စလို့မြင်လိုက်ရင် ဒါ ဥဒယဗ္ဗယဉာဏ်တဲ့။

ဖြစ်ပြီးပျက်ပျက်သွားလို့ ဝယဉာဏ်၊ ဖြစ်လိုက်၊ ပျက်လိုက်နဲ့မို့လို့ ဘာခေါ်တုန်း၊ ဥဒယဗ္ဗယဉာဏ်၊ ဒီတရားသဘောတွေက ဖြစ်လိုက်ပျက်လိုက်ဖြစ်နေလို့ ဥဒယဗ္ဗယ၊ ဒါကို လိုက်ပြီးသိတဲ့ဉာဏ်က ဝိပဿနာဉာဏ်၊ အေး အဲဒီလို ဝိပဿနာဉာဏ်၊ အနိစ္စ ဒုက္ခ အနတ္တလို့ အဖြစ်အပျက်ကို သိလိုက်တဲ့ ဉာဏ် ပေါ်လိုက်ရင် အဖိုးတန်ပြီနော်၊ အဲဒီဉာဏ်က နိဗ္ဗာန်ဘက် ပို့လိုက်တာ၊

http://www.dhammadpwnload.com



ဘယ်မှမပို့ဘူး၊ ဘယ်ရောက်အောင်ပို့တုန်း···(နိဗ္ဗာန်ရောက်အောင်ပို့ပါတယ် ဘုရား)။ အေး နိဗ္ဗာန်ရောက်အောင် ပို့တာတဲ့၊ ဒီဉာဏ်လေးပေါ်ဖို့ ခု ဘုန်းဘုန်း ပြောလိုက်တာလေး ဉာဏ်ပေါ်ပြီမဟုတ်လား···(မှန်လှပါဘုရား)။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ အဒေါသ အမောဟတွေက နာမ်တရားပဲ ဟုတ်ကဲ့လား၊ ပြီးတော့ သူနဲ့ယှဉ်တဲ့ စိတ်စေတသိက် တွေကလဲ နာမ်တရား၊ အကျိုးနာမ်တရား၊ ပြီးတော့ သူတို့ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ္တဇရုပ်တွေက ရုပ်တရား၊ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပြီ မဟုတ်လား၊ အဲဒါကို မကြာမကြာ ဖြစ်အောင် ကြိုးစားရတယ်။

မကြာမကြာဖြစ်အောင်ဆိုတာ ဒီလိုလေ့ကျင့်ပါများလာတော့ သိလာတာ၊ ဘယ်သူမဆို အစတော့ သိပ်မသိဘူးပေါ့။ နောက်ကျတော့ ဉာဏ်က ဦးစီးလာပြီဆိုတော့ ဟိုက တစ်ခုလေးဖြစ်၊ နောက်က ဉာဏ်က ကပ်ပါလာနေပြီ၊ အေး၊ အဲဒါဆို အဖိုးတန်ပြီ၊ သူက နိဗ္ဗာန်ဘက်ပို့တာ၊ အဲဒီဉာဏ်က ဥဒယဗ္ဗယဉာဏ်ဆိုတာ ဝိပဿနာဉာဏ် ၁၀-ပါးရှိတဲ့အနက် လိုရင်းက ဥဒယဗ္ဗယဉာဏ်၊ ဘာလိုရင်းတုန်း···(ဥဒယဗ္ဗယဉာဏ်ပါဘုရား)။ ဥဒယဗ္ဗယ ဉာဏ်၊ အဖြစ်အပျက်သိတဲ့ဉာဏ်၊ ဒါလိုရင်းပဲ၊ နိဗ္ဗာန်လိုချင်တဲ့သူဟာ ကြိုးစားရှုရပါတယ်။ အေး နိဗ္ဗာန်မြင်ချင်တဲ့ ပုဂ္ဂိုလ်၊ နိဗ္ဗာန်ရချင်တဲ့ ပုဂ္ဂိုလ်၊ အဲဒီလို ရှုရပါတယ်။

အဲဒီလိုရှုရင် နိဗ္ဗာန်ကို တစ်နေ့ထက်တစ်နေ့ တစ်ရက်ထက်တစ်ရက်၊ တစ်နာရီထက် တစ်နာရီ၊ တစ်မိနစ်ထက် တစ်မိနစ်၊ နိဗ္ဗာန်နဲ့ နီးပြီ ဟုတ်ပြီ မဟုတ်လား၊ ဒီကနေ ရွှေတိဂုံ သွားတဲ့သူဟာ တစ်လှမ်းနဲ့တစ်လှမ်း ရွှေတိဂုံ

http://www.dhammadpwnload.com



ဘက် နီးတာပဲ၊ မနီးပေဘူးလား…(နီးပါတယ် ဘုရား)။ အေး-မသွားဘဲ ထိုင်နေရင် ရပ်နေရင် ဘယ်ရောက်မလဲ၊ အဲဒါကြောင့် ဝိပဿနာဉာဏ်ဆိုတာ နေ့စဉ်ညစဉ် ရှုလိုက်မှ နိဗ္ဗာန်ဘက် နီးနီးသွားတာ၊ အေး အဲဒါကြောင့် ဘုန်းဘုန်း ဆီလာပြီး ညစဉ်နာလိုက်လို့ရှိရင် တစ်ပစ္စည်းနဲ့ လေးဉာဏ်လေးဉာဏ် တက်လာ မှာကိုး… (မှန်လှပါဘုရား)။ အဖိုးတန်ရဲ့ မဟုတ်လား၊ ဘုန်းဘုန်းတို့ ငယ်ငယ် တုန်းက ဆရာတော်ကြီး က ပြောတယ်၊ တစ်ခုခုပြောပြီးရင် မင်း…ဒါ သေသေချာချာမှတ်ထား၊ လူတိုင်းမသိဘူးဗျာ၊ တစ်ထောင်တန်တယ်နော်၊ အဲလိုပြောတယ်၊ တကယ်ကျတော့ ဒီစာတွေက တစ်ထောင် ဘယ်ကမလဲ… ဟုတ်လား…(မှန်လှပါဘုရား)။ အဖိုးအနဂ္ဃတန်တယ်နော်…(မှန်လှပါဘုရား)။ အဲဒီတော့ ဟေတုပစ္စည်း ပြီးသွားပြီ၊ ထားကြစို့၊ နောက်လဲ ပြောဦးမှာပေါ့… တစ်ခေါက် ဆိုလိုက်ပါဦး…(ဟေတုပစ္စယောတိ….(ပ) ပစ္စယော)။

အဲဒါဆို အဖိုးတန်တယ်နော်။ အော် မြတ်စွာဘုရား သောတာနုဂတ သုတ်ဟောတဲ့အတိုင်း ၁-နံပါတ်က နားထောင်တယ်၊ ထောင်ပြီးပြီ၊ ၂-နံပါတ်က မိမိပါးစပ်နဲ့ ရွတ်ဖတ်တယ်၊ ၃-နံပါတ်က စဉ်းစားဆင်ခြင်တယ်၊ ဒါက ပစ္စည်းတရား၊ ဒါက ပစ္စယုပ္ပန်၊ ၄-နံပါတ်က အနိစ္စ၊ ဒုက္ခ၊ အနတ္တရှု၊ ဒီရုပ်တရား နာမ်တရားတွေ၊ လောဘ ဒေါသ မောဟ၊ အဒေါသ အလောဘ အမောဟ သည် အမြစ် ၆-ခုလဲ ဖြစ်ပျက်တယ်၊ သူ့ကြောင့် ဖြစ်ပေါ်တဲ့ စေတသိက် စိတ္တဇရုပ်တွေလဲ ဖြစ်ပျက်တယ်၊ အားလုံးဖြစ်ပျက်တဲ့ အနိစ္စလို့ ရှုလိုက်တော့ ဝိပဿနာဉာဏ် မပေါ်ပေဘူးလား…(ပေါ်ပါတယ် ဘုရား)။

အေး ၁-နံပါတ်က နားနဲ့ထောင်တယ်၊ ၂-နံပါတ်က ပါးစပ်နဲ့

http://www.dhammadpwnload.com



ရွတ်ဖတ်တယ်၊ ၃- နံပါတ်က စိတ်နဲ့ဆင်ခြင်တယ်၊ ၄-နံပါတ်က အနိစ္စ ဒုက္ခ အနတ္တလို့ ဝိပဿနာရှုတယ်၊ ဒီ ၄-ခု ပိုင်ပြီဆိုရင် ဒီပုဂ္ဂိုလ်က စိတ်ချရပြီတဲ့၊ ဟုတ်လား၊ အေး သူက စူဠသောတာပန်အဆင့် ကျော်သွားပြီးတော့ နိဗ္ဗာန်လမ်းပေါ်ရောက်နေပြီ၊ နိဗ္ဗာန်ဘက် လှမ်းနေပြီ၊ တစ်ဆင့်ထက် တစ်ဆင့် တစ်နာရီထက် တစ်နာရီ နိဗ္ဗာန်နဲ့ နီးပြီ။

အေး အဲဒီတော့ အားရှိစရာပါနော်၊ ကဲ ဒုတိယပစ္စည်း သွားလိုက်ကြ အုံးစို့၊ ဒုတိယ ပစ္စည်းက ဘာတုန်း၊ အာရမ္မဏပစ္စည်းပါဘုရား။ ဘုန်းဘုန်း တစ်ခေါက်ရွတ်ပြမယ်၊ နားနဲ့ ထောင်တဲ့ကိစ္စ ပြီးအောင်နော်၊ အာရမ္မဏ ပစ္စယောတိ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော…(တစ်ဝါကျ)

သဒ္ဒါယတနံ …. ပစ္စယော (နှစ်ဝါကျ)

ဂန္ဓာယတနံ ….. ပစ္စယော (သုံးဝါကျ)

ရသာယတနံ …. ပစ္စယော (လေးဝါကျ)

ဖောဋ္ဌဗ္ဗာယတနံ… ပစ္စယော (ငါးဝါကျ)

ရူပါယတနံ, သဒ္ဒါယတနံ (ပ) ဖောဋ္ဌဗ္ဗာယတနံ၊ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော…(ခြောက်ဝါကျ)

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ… ပစ္စယော…(ခုနစ်ဝါကျ)

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

http://www.dhammadpwnload.com



ကဲ ၂-ပစ္စည်းပြီးပြီပေါ့၊ ကဲ ဖြေးဖြေးပေါ့၊ ဖတ်လိုက်ကြပါဦး၊ (သံပြိုင်)

အာရမ္မဏပစ္စယောတိ·····ပစ္စယေန ပစ္စယော။

အေး ဒါက အာရမ္မဏပစ္စည်း၊ အာရမ္မဏဆိုတာ အာရုံပေါ့၊ အာရုံလို့ ပြန်ကြတယ်၊ အာရမ်လို့ ပြန်လဲ ဖြစ်ပါတယ်။ နောက်က န'ငယ်လေးနဲ့ က'ကြီးလေးနဲ့ သတ်လိုက်တော့ အာရန်၊ မ'သတ်တော့ အာရမ်၊ ဏ'ကြီး သတ်တော့ အာရမ်မဏ၊ ဒီလိုဖြစ်တာပေါ့၊ ဟို ပြာကရိုက်ကျမ်းတွေကျတော့ အာလမ္ဗဏ၊ လ၊ မ နဲ့ ဗ ဆင့်တယ်၊ ဟေတုပစ္စယော၊ အာလမ္ဗဏ ပစ္စယော၊ သူတို့ကျမ်းတွေကျတော့။ ဒီကတော့ အာရမ္မဏပစ္စယော၊ အာရမ္မဏဆိုတာ ဆွဲကိုင်စရာ သဘောမျိုးတဲ့၊ ဆွဲကိုင်စရာဆိုတာ တချို့ အသက်ကြီးလာပြီဆိုရင် အကြောတွေက တင်းသွားတော့ ခြေထောက်တွေက သိပ်မသွားနိုင်ဘူး။ ဒီနေရာလှမ်းလိုက်မယ် ဆိုပေမယ့် ခြေထောက်က ကိုယ်လှမ်းမဲ့ဘက် မရောက်ဘူး၊ ဟိုဘက်ရောက်ချင်ရောက်သွားတာနော်၊ တောင်ဝှေးလေး ဆောင်ရတယ်။ တောင်ဝှေးနဲ့ဆိုတော့ သက်သာတယ်မဟုတ်လား။ (မှန်ပါဘုရား)။ တစ်ချို့ကျတော့ အိမ်ထဲမှာ အမေတွေ အဖေတွေ အသက်ကြီး လာပြီဆိုရင် သိပ်မသွားနိုင်တော့ ကြိုးတန်းလေးလုပ်ထားပေးရတယ်··· (မှန်လှပါဘုရား)။

ကြိုးမရှိတဲ့လူကတော့ တန်းလေးတွေ လုပ်ပေးတယ်၊ ဝါးလုံးတန်း လေးတွေ၊ အဲဒီလို ဝါးလုံးတန်းလေးတွေ၊ ကြိုးတန်းလေးတွေ၊ တောင်ဝှေး လေးတွေက ဆွဲကိုင်စရာဖြစ်သလို စိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေက

http://www.dhammadpwnload.com



အာရုံကို ဆွဲကိုင်တယ်၊ ဘယ်သူ့ကို ဆွဲကိုင်တုန်း (အာရုံကို ဆွဲကိုင်ပါတယ် ဘုရား)။ အေး အာရုံက ၆-ပါး၊ ရူပါရုံက အဆင်း၊ သဒ္ဒါရုံဆိုတာ အသံ၊ ဂန္ဓာရုံဆိုတာ အနံ့၊ ရသာရုံဆိုတာ အရသာ၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိ၊ ပြီးတော့ ဓမ္မာရုံ စိတ်ကူးပေါ့နော်၊ အာရုံ ဘယ်နှစ်ပါးတုန်း၊ ရေလိုက်စမ်းပါ။

(သံပြိုင်) ရူပါရုံ....ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၊ အေး-အာရုံ ၆-ပါး၊

ရူပါရုံက မြင်အောင် စက္ခုဝိညာဏ်၊ မြင်စိတ်အား ကျေးဇူးပြုတယ်၊ ဘယ်သူ့ကို ကျေးဇူးပြုတုန်း...(မြင်စိတ်ကို ကျေးဇူးပြုပါတယ်ဘုရား)။ မြင်တဲ့စိတ်ဆိုတာ စက္ခုဝိညာဏ် စိတ်၊ မျက်စိကို ပိတ်ထားရင် မြင်ပါ့မလား...(မမြင်ရပါဘုရား)။ သူက ဘာရှိမှ မြင်မှာလဲ ဆိုရင် ရူပါရုံလေးရှိမှ မြင်တယ်၊ ဒီလို ရူပါရုံ အလင်းရောင်လေးရှိမှ မြင်စိတ်က မြင်တာကိုး၊ ရူပါရုံသည် မြင်စိတ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုတယ်တဲ့၊ လွယ်တယ် မဟုတ်လား။

သဒ္ဒါရုံက ဘယ်သူ့ကျေးဇူးပြုတုန်းဆိုရင်၊ သောတဝိညာဏ်၊ သောတဝိညာဏ် ဆိုတာ ကြားတဲ့စိတ်၊ ဘာတဲ့တုန်း...(ကြားတဲ့စိတ်ပါဘုရား)။ သောတဆိုတာ နား၊ စိတ္တကတော့ စိတ်ပေါ့၊ သူက နားပေါ်မှာ ဖြစ်သွားတာ။ စက္ခုဝိညာဏ်စိတ်ဆိုတာ စက္ခုက မျက်စိ၊ မျက်စိပေါ်မှာ ဖြစ်သွားတဲ့စိတ်၊ ဂန္ဓာရုံ ဆိုတာ အနံ့တွေ၊ အနံ့တွေ မျိုးစုံရှိတယ် မဟုတ်လား၊ အေး-အဲဒီအနံ့တွေ၊ ဘုန်းဘုန်းတို့ကတော့ တစ်ခါတစ်လေ ကိုယ့်ဗမာပြည် ရိုးနေတာပေါ့...။ ဟိုး ဆဋ္ဌသင်္ဂါယနာတင်တော့ ဂျပန်ကနေ ဂျပန်လေးတွေ လာတယ်၊ (၃၀) ကိုရင်ဝတ် ရဟန်းခံကြတယ်၊ ညနေမျှား ဆွမ်းစားကျောင်း

http://www.dhammadpwnload.com



နားလေး၊ ချက်ပြုတ်နေတဲ့နား သွားရင် ကြက်သားချက်စော်၊ ဝက်သား ချက်စော် နံလိုက်တယ်ဆိုရင် သူတို့က ကောင်းတာ၊ ကောင်းတာ၊ သူတို့က အဲဒီအနံ့တွေ သဘောကျလို့တဲ့၊ ဘုန်းဘုန်းတို့ကတော့ ဟာ အညှော် နံတယ် မြန်မြန်သွား၊ မြန်မြန်သွား၊ သူတို့က နင်းရှုပစ်တယ်၊ ပြောလိုရင်းက အနံ့တွေ ဃာနဝိညာဏ်တွေကို ကျေးဇူးပြုတယ်၊ ပြီးတော့ အချို အချဉ် ဖန်ခါး ငန် စပ် ဆိုတဲ့ အရသာ ၆-ပါးတွေက ဇိဝှါဝိညာဏ်၊ လျှာပေါ်မှာ ဖြစ်တဲ့ စိတ်အား ကျေးဇူးပြုတယ်။

ကာယဝိညာဏ်ဆိုတာ ကာယပသာဒရုပ်ဆိုတာ တစ်ကိုယ်လုံးပဲ၊ ကုဋ္ဌေကုဋ္ဌာ ရှိနေတာနော်၊ အဲဒီ ကုဋ္ဌေကုဋ္ဌာပေါ်မှာရှိတဲ့ ကာယပသာဒရုပ်နဲ့ ခုနတုန်းက ဖောဋ္ဌဗ္ဗရုပ်လို့ဆိုတဲ့ တွေ့ထိတဲ့အာရုံ၊ အဲဒီ တွေ့ထိတဲ့အာရုံနဲ့ ကာယပသာဒထိ လိုက်တဲ့အခါ ထိသိစိတ်ပေါ်တယ်၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်စိတ်၊ ထိသိစိတ်၊ ဆိုစမ်းပါဦး...(သံပြိုင်)။ မြင်စိတ် ကြားစိတ် နံစိတ် လျက်စိတ် ထိသိစိတ် စိတ်ကူးစိတ် သူ့ကျတော့ မွှာရုံလို့ ဆိုတယ်နော်။

ရူပါရုံအဆင်းတွေက အဆင်းအမျိုးမျိုးပေါ့၊ ဘယ်သူ့ကျေးဇူးပြုလဲ ဆိုတော့ မြင်စိတ်အား ကျေးဇူးပြုတယ်၊ မြင်စိတ်ကလေးဖြစ်အောင် ရူပါရုံက ကျေးဇူးပြုတယ်၊ ရူပါရုံက ပစ္စည်းတရား၊ မြင်စိတ်က ပစ္စယုပ္ပန်တရား၊ ရူပါရုံက ရုပ်တရား၊ မြင်စိတ်က နာမ်တရား၊ ဒီတော့ နာမရူပပရိစ္ဆေဒညာဏ် ရသွားတာပေါ့၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာ သိတော့ ပစ္စယ ပရိဂ္ဂဟညာဏ်ရတယ်ပေါ့။

ဆိုစမ်းပါ (သံပြိုင်) ရူပါရုံက ပစ္စည်းတရား၊ မြင်စိတ်က ပစ္စယုပ္ပန်

http://www.dhammadpwnload.com



တရား၊ ရူပါရုံက အကြောင်းတရား၊ မြင်စိတ်က အကျိုးတရား။ အဲလို အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်တာ၊ ဖြစ်ပွား ဗိဿနိုး စတဲ့ တန်ခိုးရှင်ကြောင့်ဖြစ်တာ မဟုတ်ဘူးလို့ သိလိုက်ရင် ပစ္စယ ပရိဂ္ဂဟဉာဏ် ရတယ်၊ ဟုတ်ရဲ့လား...(မှန်လှပါဘုရား)။

ရူပါရုံတွေ အမျိုးမျိုးပေါ့၊ အဖြူအနီ အကြောင်အကျား၊ အဲဒီရူပါရုံတွေ အားလုံးသည် ဖြစ်ပျက်သွားတယ်၊ ဖြစ်ပြီးတော့ ပျက်သွားတာ မဟုတ်ဘူးလား၊ မြင်စိတ်တွေကော ဖြစ်ပြီး ပျက်သွားတာပဲ၊ မဖြစ်မပျက်ဘဲ တည်နေတဲ့ တရားကော ရှိရဲ့လား...(မရှိပါဘုရား)။ တစ်လောကလုံး လျှောက်ကြည့်၊ ရူပါရုံနဲ့ မျက်စိတွေ့ထိ၊ မြင်စိတ်ပေါ်၊ ဖြစ်ပြီးပျက်၊ အနိစ္စ၊ ဖြစ်ပျက်လို့ မဆုံးနိုင်လို့ ဒုက္ခ၊ မဖြစ်ပါနဲ့၊ မပျက်ပါနဲ့လို့ တားလို့ ဆီးလို့ ရရဲ့လား၊ မရဘူး၊ အနတ္တ၊ အစိုးမရဘူး၊ အဲဒီကျတော့ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် မရပေဘူးလား... (ရပါတယ်ဘုရား)။

အေး-အာရမ္မဏပစ္စည်းနဲ့ ပတ်သက်ပြီးတော့လဲ သမ္မသနဉာဏ်ရ၊ ဥဒယဗ္ဗယဉာဏ်ရ၊ အဲလို အဖြစ်အပျက်တွေ သိသိသွားရင် ရူပါရုံတွေကြည့်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရပါပြီ၊ တီဗွီတွေ ကြည့်ပြီးလဲ မဂ်ဖိုလ်နိဗ္ဗာန်ရပါတယ်။ တီဗွီတွေကြည့်ရင် အရုပ်ကလေးတွေ ဖြစ်ပြီးပျက်တယ် မဟုတ်လား၊ မဖြစ်မပျက် တည်နေတဲ့ တရားတွေ့ဘူးလား၊ မရှိဘူး၊ ဘုန်းဘုန်းတို့ ဆဋ္ဌသံဂါယနာတင်တော့ ရှရှားပြည်က လေယာဉ်ပျံတစ်စင်းရောက်တယ်၊ အစိုးရဆီ ပို့လိုက်တာ၊ ခင်ဗျားတို့ဆီက ဘုန်းကြီးဘက်က ၅-ပါး၊ လူဘက်က ၅-ယောက်၊ ကျုပ်တို့ ရှရှားပြည်မှာ သိပ္ပံပညာ ဘယ်လောက်ထွန်းကားတယ်

http://www.dhammadpwnload.com



ဆိုတာ လာလေ့လာပါဆိုပြီး ၁၀-ယောက် ဖိတ်လိုက်တယ်၊ ဗမာအစိုးရက ဒကာဘက်က တရားဝန်ကြီး ဦးချန်ထွန်းတဲ့ ကြားဖူးတယ် မဟုတ်လား။

ဦးချန်ထွန်း ခေါင်းဆောင်ပြီးသွားတယ်၊ ဘုန်းတော်ကြီးဘက်က နေရင်း ဦးကောဝိဒ ဦးဆောင်ပြီးတော့ ၅-ပါး၊ ၁၀-ယောက်၊ သီးခြား လေယာဉ်ပျံနဲ့ သွားကြတယ်၊ မော်စကိုရောက်၊ အဆင်းကစပြီး တီဗွီ ဗွီဒီယိုတွေ ရိုက်ထားတယ်၊ ရိုက်ထားပြီး ဟောပြောပွဲတွေ၊ ထမင်းစားပွဲတွေ၊ မိတ်ဆုံစားပွဲတွေလဲ ရိုက်ထား၊ ပြီးတော့ သူတို့ကို ပြန်ပြန်ပြတယ်၊ ဦးချန်ထွန်း က ပြောတယ်တဲ့၊ ပြမနေပါနဲ့ဗျာ၊ ဒါတွေ ကျုပ်တို့လုပ်တတ်တယ်၊ ခင်ဗျားတို့ထက်တောင် ကောင်းသေးတယ်လို့ ပြောတယ်တဲ့၊ ကျုပ်တို့ဗမာတွေက ရုပ်ရှင်မင်းသားတွေ မင်းသမီးတွေ ချော၊ လှပါ့၊ ခင်ဗျားတို့ထက်တောင်လှတယ်လို့ ပြောတယ်တဲ့၊ နဲနဲလောက် ရှေ့ဆက်ပါဦးဗျာ၊ သီးခံပါဦး၊ သိပ္ပံပညာရှင်ကြီးတွေက ပြောသတဲ့။ ဟောလို လက်ညှိုးလေး ၁-ချောင်းထောင်ပြတယ်၊ ကြည့်နော်၊ လက်ညှိုးလေးကို ဒီလိုရိုက်၊ ရိုက်ပြီးတော့ ပုံအဆ ၂-ထောင် ၃-ထောင် လောက် ပုံကြီးချဲ့တဲ့အခါ လက်ညှိုးလေးက အတုတ်ကြီး အကြီးကြီး ဖြစ်လာတယ်၊ နောက် တဖြေးဖြေး ၂-သောင်း၊ ၃-သောင်းလောက်ရှိတဲ့ အခါကျတော့ လက်ညှိုးလေး မရှိတော့ဘူး၊ အပြောက်ကလေးတွေပဲ ရှိတော့တယ်၊ တီဗွီတွေမှာ စက်ပျက်သွားတဲ့အခါ သာကူစေ့လေးတွေလို ဖြစ်နေတာတွေ့ဘူးတယ် မဟုတ်လား၊ အဲဒါလေးတွေ ငြိမ်နေရဲ့လား… (မငြိမ်ပါဘူး ဘုရား)။

မငြိမ်ဘူး၊ ဖျောက်ဖျောက် ဖျောက်ဖျောက်နဲ့ ဖြစ်ပြီးပျက်နေကြတာ၊

http://www.dhammadpwnload.com



အဲဒီလိုပဲ လက်ညှိုးရယ်လို့ မရှိတော့ဘူး၊ အကုန်လုံး အစက်အပြောက်လေးတွေ၊ ကလာပ်စည်းလေးတွေ၊ ဆဲလ်လေးတွေရှိပြီးတော့ တစ်စက္ကန့် အကြိမ်ပေါင်း မြောက်များစွာ ဖြစ်ပျက်သွားတာ၊ လက်ခလယ်၊ လက်သန်း၊ လက်မရိုက်ပြ၊ ခေါင်းရိုက်ပြ၊ ကိုယ်လုံးကြီးတွေရိုက်ပြ၊ အကုန်လုံး ပုံကြီးချဲ့လိုက်ပြီဆိုရင် အပြောက်လေးတွေပဲကျန်တယ်၊ ဘာတွေရှိတုန်း၊ အပြောက်ကလေးတွေ၊ အစက်ကလေးတွေ၊ ကလာပ်စည်းလေးတွေ၊ ဆဲလ်လေးတွေပဲရှိတယ်နော်။

အဲဒီ ဆဲလ်လေးတွေသည် ငြိမ်နေသလား၊ မငြိမ်ဘူး၊ အကုန်လုံးဖြစ်ပျက်နေတာ၊ လူတွေသာလားဆိုတော့ ခွေးတွေ ကြက်တွေ ငှက်တွေလဲ အကုန်လုံး ရိုက်ပြ၊ ခွေးတွေ ကြက်တွေ ငှက်တွေရယ်လို့ မရှိဘူး၊ အကုန်လုံး အစက်ကလေးတွေ ဖြစ်ပျက်ကလေးတွေပဲရှိတယ်၊ အဲဒီတော့ သူတို့က ပြောတယ်၊ ကျုပ်တို့သတ္တဝါတွေ အကုန်ရိုက်ပြီးပြီ၊ ဖြစ်ပျက်တွေပဲရှိတယ်၊ ဟောဒီ သက်မဲ့ဖြစ်တဲ့ စားပွဲတွေ၊ ကုလားထိုင်တွေ၊ မိုက်ခရိုဖုန်းတွေလဲ ရိုက်ပြတယ်၊ ပုံကြီးချဲ့လိုက်ရင် အကုန်လုံး အပြောက်ကလေးတွေပဲ ရှိတယ်။

တစ်ကမ္ဘာလုံး ကျုပ်တို့ ရိုက်ပြီးပြီ၊ တစ်ကမ္ဘာလုံးရှိတဲ့ ရုပ်တရား၊ သိပ္ပံပညာနည်းနဲ့ ဆိုရင် ဒြပ်စင် ၁၀၄-မျိုးရှိတယ်၊ ၁၀၄-မျိုးလုံး အကုန်လုံး အပြောက်ကလေးတွေပဲရှိတယ်၊ ဖြစ်ပျက်ပဲ ရှိတယ်၊ ဂေါတမဗုဒ္ဓဟောကြားတဲ့ သဗ္ဗေသင်္ခါရာ အနိစ္စာ ဆိုတဲ့ စကားဟာ မှန်ပါ့ဗျာလို့ ပြောသတဲ့၊ အားလုံးသော တရားတွေဖြစ်ပြီး ပျက်နေကြတာ၊ ငြိမ်နေတဲ့တရားလို့ တစ်စက်မှ မရှိဘူး၊ အဲဒီ အနိစ္စကို လေ့ကျင့်ပေးလိုက်ရင် လူကြည့်လဲ လူမမြင်တော့ဘူး၊ အစက်ကလေးတွေပဲမြင်တယ်၊ ခွေးတွေ ကြက်တွေလဲ ဘာမြင်တုံး၊ အစက်အပြောက်

http://www.dhammadpwnload.com



လေးတွေပဲမြင်တယ်၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ၊ ဟုတ်တယ်မဟုတ်လား၊ ဆိုစမ်းပါ၊ သဗ္ဗေ…အနတ္တာ။ အဲတော့ အာရမ္မဏပစ္စည်း တစ်ခေါက်ဆိုစမ်းပါဦး…(သံပြိုင်) အာရမ္မဏ ပစ္စယောတိ…၊ ပစ္စယော။

အေး အဆင်းရူပါရုံက မြင်စိတ်အား ကျေးဇူးပြုတယ်၊ (ပ) ထိသိစိတ်အား ကျေးဇူးပြုတယ်၊ ကျန်တဲ့အာရုံတွေ အားလုံးက စိတ်ကူးစိတ်အား ကျေးဇူးပြုတယ်။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ အဲဒီ အာရုံ ငါးပါးက မနောဓာတ်အား ကျေးဇူးပြုတယ်၊ ကျန်တဲ့အာရုံတွေက စိတ်ကူး စိတ်အား ကျေးဇူးပြုတယ်။

တစ်ခါပြောဘူးတယ် မဟုတ်လား၊ ကိုရင်လေး စိတ်ကူးပုံလေ၊ ကိုရင် လေးက သူ့ဘကြီးဘုန်းကြီးကို ယပ်ခပ်ပေးနေတာပေါ့၊ ယပ်ခပ်ပေးရင်း သူက စိတ်ကူးတယ်၊ ဒို့ ဘကြီး ဘုန်းကြီးကတော့ တစ်သက်လုံး ဘုန်းကြီးဝတ်တာ၊ ငါတော့ တစ်သက်လုံး မဝတ်နိုင်ဘူး၊ ကြီးရင် လူထွက်မှာပဲ၊ စိတ်ကူးကြည့် တာပါနော်။

လူထွက်တော့ အရပ်ထဲရှိတဲ့ ကလေးမလေး ၁-ယောက်ကို သူက ချစ်သတဲ့၊ အဲဒီ ကလေးမလေးနဲ့ ယူမယ်ပေါ့၊ စိတ်ကူးပြီးတော့နေလိုက်တာ၊ ယူလိုက်ပြီး ကလေးမလေးနဲ့ ရတော့ အမေတွေ အဖေတွေဆီက လယ် တစ်ကွက် တောင်းသတဲ့၊ လယ်တွေကလဲ ကောင်းလိုက်တာ၊ ရာကျော်စပါး တွေလို စပါးတွေရ၊ သူက စိတ်ကူးရပြီး ဒို့ဆရာတော်ကြီး သွားကန်တော့မယ် ဆိုပြီး ချက်ပြုတ်၊ ငါးလေးသားလေးနဲ့ စီစဉ်တယ်ပေါ့၊ တစ်နှစ်ကျော်ကျော်

http://www.dhammadpwnload.com



လောက်ဆိုတော့ သားလေးရသတဲ့၊ သားလေး လှည်းပေါ်တင်၊ ဆွမ်းအုပ်ကြီးလဲ စားစရာတွေထည့်၊ မောင်းသွားကြတာပေါ့၊ တောဆိုလှည်းယာဉ်လေးပဲရှိတာ၊ ကားမရှိဘူး၊ ချုလုံးကြီး ဂလုံ ဂလုံနဲ့ မောင်းချသွားတာ။

ကျောင်းလဲရောက်ရော ဆရာတော်ကြီးက မင်းတို့လာကြသကိုး၊ လာလာ မင်းတို့ ဘာလို့လာကြ၊ တပည့်တော်တို့ ဆွမ်းပို့လာတာဘုရား၊ ယပ်ခပ်ရင်း စဉ်းစားနေတာနော်၊ ဆရာတော်ကြီးကို ကန်တော့၊ ဆရာတော်ကြီးက ကျန်းမာပါစေ၊ ချမ်းသာကြစေ၊ ဆုပေး၊ ဘုန်းကြီးကြစေ၊ အိုအောင်မင်းအောင် ပေါင်းကြစေဟော့၊ ဝမ်းသာပြီးတော့ လှည်းပေါ်တင်၊ ဒုန်းစိုင်းပစ်လိုက်တာ စိတ်ကူးထဲမှာ ဒုန်းစိုင်းတော့ ကလေးက ချော်ပြီး လှည်းဘီးထဲညပ်သွားရော၊ အော် ကလေး နိုင်အောင် မထိန်းနိုင်ဘူးလားဟဲ့ဆိုပြီး သူ့မိန်းမကို နွားကန်နဲ့ ဆင့်ရိုက်ပစ်တာ၊ ဘုန်းကြီးခေါင်းကို ယပ်တောင်နဲ့ ဆင့်ကာဆင့်ကာ ရိုက်မိသတဲ့။

အေး-သဗ္ဗေ ဓမ္မာ မနောဝိညာဏ ဓာတုယာ ဆိုတော့ အလုံးစုံသော တရားတွေက စိတ်ကူးစိတ်ကို ကျေးဇူးပြုတာပေါ့၊ ကြားလား၊ ပြန်ပြောဦးမယ်၊ ရူပါရုံတွေက မြင်စိတ်အား ကျေးဇူးပြုတယ်၊ (ပ) စိတ်ကူးစိတ်ကို ကျေးဇူးပြုတယ်၊ ကိုရင်လေးသင်္ကန်းမှာပေါ်တဲ့ အာရုံက ဓမ္မာရုံ၊ အဲဒီအာရုံတွေက ပစ္စည်းတရား၊ သူစိတ်ကူးတဲ့ စိတ်စေတသိက်တွေက ပစ္စယုပ္ပန်တရား၊ စိတ်ကူး စေတသိက်တရားတွေက နာမ်တရား၊ ပေါ်လာတဲ့ တရားတွေက ရုပ်တရား၊ အဲဒါတွေက ရုပ်နဲ့နာမ် ကွဲသွားတဲ့အတွက် နာမရူပ ပရိစ္ဆေဒဉာဏ်ရတယ်၊ ရူပါရုံက အကြောင်းတရား၊ မြင်စိတ်က အကျိုးတရား၊ အကြောင်းအကျိုး

http://www.dhammadpwnload.com



ကွဲသွားတဲ့အတွက် ပစ္စယပရိဂ္ဂဟဉာဏ်ရတယ်တဲ့။

ရူပါရုံက ရုပ်တရား၊ မြင်စိတ်က နာမ်တရား၊ ဒီလို ပိုင်းခြားသိလိုက်တော့ သမ္မသန ဉာဏ်ရတယ်၊ အဲဒီ ရူပါရုံကော မြင်စိတ်ကော ခဏလေး အတွင်း ဖြစ်ပြီးပျက်သွားလို့ အနိစ္စ၊ ဒီတော့ ဥဒယဗ္ဗယဉာဏ်ရတယ်၊ ဉာဏ်စဉ် ၄-ပါးရပြီမဟုတ်လား၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသန ဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊

ပစ္စည်းတိုင်း ပစ္စည်းတိုင်း အဲဒီဉာဏ်စဉ် ၄-ခုနဲ့ တက်သွားလိုက်၊ နိဗ္ဗာန်ဘက် ရောက်ပြီး နိဗ္ဗာန်ဘက်ပို့ပြီ၊ အဖိုးတန်ရဲ့ မဟုတ်လား၊ ဘုန်းဘုန်းတို့ ငယ်ငယ်က ဆရာတော်ကြီးက မင်း-ဒါ လူတိုင်း မသိဘူးနော်၊ တစ်ထောင်တန် တယ်ဗျ၊ ဘုန်းဘုန်းပြောမှာပေါ့၊ တစ်ထောင်မက တန်ပါတယ်၊ အေး ကြိုးစား ပြီးတော့ ပဋ္ဌာန်းတွေ ရွတ်ဖတ်နိုင်ကြပါစေဗျာ၊ နိဗ္ဗာန်ဘက်လဲ နီးကြပါစေဗျား၊ ကဲ-တော်ကြဦးစို့နော်…။ ။

သာဓု သာဓု သာဓု

http://www.dhammadpwnload.com

သာသနာတော်နှစ်(၂၅၅၃)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၇၁)ခုနှစ်၊ နယုန်လဆန်း(၁၄)ရက် ခရစ်နှစ်(၂၀၀၉)ခု၊ ဇွန်လ(၆)ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၊ ယနေ့ည တရားပွဲအလှူရှင် ဦးအေးကြည်၊ ဒေါ်ခင်ကြည်၊ သမီး-မကြည်ကြည်သန်း၊ မကြည်ကြည်ဝင်း မိသားတစ်စု တို့အလှူ၊ အမှတ် ၄၁၊ ၁၁-လမ်း၊ လမ်းမတော်မြို့နယ်၊ ဒီနေ့ တရားပွဲအလှူ မ,တည် ပြီးတော့ ကုသိုလ်ကောင်းမှု ဓမ္မပူဇာပြုပါတယ်။

မနေ့တုန်းက ဘုန်းဘုန်းတို့ ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း နဲနဲလေး ပြန်ပြောမယ်၊ ဟေတူ-ဟိတ်၊ အမြစ်၊ အမြစ် ၆-ခု၊ အကုသိုလ်အမြစ်က လောဘအမြစ်၊ ဒေါသအမြစ်၊ မောဟအမြစ်၊ အမြစ်ဘယ်နှစ်ချောင်းတုန်း··· (၃-ချောင်းပါဘုရား)။ အမြစ် ၃-ချောင်းက ပေါင်းပြီးတော့ မဖြစ်ဘူး၊ လောဘအမြစ်နဲ့ မောဟအမြစ်၊ ဒီလိုတော့ ပေါင်းတယ်နော်၊ ပြီးတော့ ဒေါသအမြစ်နဲ့ မောဟအမြစ်၊ ဒီလိုပေါင်းတယ်၊ အဲဒါကြောင့် အမြစ် ဒီလိုပေါင်းလို့ လောဘမူစိတ်၊ ဒေါသမူစိတ်တို့ကို ဒွိဟေတုကစိတ်၊ အမြစ် ၂-ချောင်းရှိတဲ့စိတ်၊

http://www.dhammadpwnload.com



ဟုတ်ကဲ့လား၊ (မှန်လှပါဘုရား)။ မောဟမူစိတ်ကျတော့ အမြစ်တစ်ချောင်းထဲ ရှိလို့မို့ ဧကဟေတုက အမြစ် တစ်ချောင်းထဲရှိတဲ့စိတ်။

အဲဒီတော့ လောဘမူစိတ်ဆိုရင် လောဘမောဟအမြစ်၂-ချောင်းက ဟေတုပစ္စည်း၊ ကျန်တဲ့စိတ် စေတသိက် စိတ္တဇရုပ်တွေက ဟေတုပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ လောဘနဲ့ မောဟ အမြစ် ၂-ချောင်းက အကြောင်းတရား၊ ကျန်တဲ့ လောဘမူစိတ်စေတသိက် စိတ္တဇရုပ်တွေက အကျိုးတရား၊ အကြောင်းအကျိုး၊ အကြောင်းဆိုတာနဲ့ ပစ္စည်းနဲ့အတူတူပဲ၊ အကျိုးဆိုတာနဲ့ ပစ္စယုပ္ပန်အတူတူပဲနော်၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်၊ ပစ္စည်းကြောင့် ပစ္စယုပ္ပန်ဖြစ်တယ်၊ အဲသလို အကြောင်းအကျိုး တွဲသွားလို့ရှိရင် ပစ္စယပရိဂ္ဂဟဉာဏ်ရတယ်၊ သဘောပေါက်တယ်နော်···(မှန်လှပါဘုရား)။

ကုသိုလ်ဘက်ကျတော့ ပြောင်းပြန်ပေါ့၊ အ-ဆိုတာ ဆန့်ကျင်ဘက်၊ အလောဘ-လောဘက လိုချင်တာ၊ အလောဘကျတော့ မလိုချင်ဘူး၊ ပေးကမ်း စွန့်ကြဲတယ်၊ ပေးတယ်၊ စွန့်တယ်၊ လှူတယ်၊ အဲဒါဆိုရင် အလောဘ၊ အမြစ်၊ ဒီပုဂ္ဂိုလ်လေးတွေအပေါ် မေတ္တာထားတယ်၊ အဒေါသအမြစ်၊ အော်···သူတို့ သတ္တဝါလေးတွေ သနားဖွယ်ကောင်လေးတွေ ဆိုပြီးတော့ ဉာဏ်နဲ့ ဦးစီးပြီး လှူလိုက်တော့ အမောဟအမြစ်၊ အလောဘ၊ အဒေါသ၊ အမောဟ၊ ဒီတရား ၃-ပါးက ကုသိုလ်ဟိတ် ၃-ပါး၊ ကုသိုလ်အမြစ် ၃-ချောင်း···ဟုတ်ကဲ့ လား···· (မှန်လှပါဘုရား)။ အေး ဘုန်းဘုန်းက နေ့တိုင်းဒါနဖြစ်အောင် စာကလေးတွေ ကျွေးတယ်၊ ခိုလေးတွေ၊ ဘုန်းဘုန်းထွက်လိုက်တယ်ဆိုရင် သူတို့က စောင့်နေတယ်၊ ခိုတွေ၊ စာကလေးတွေ၊ ချိုးတွေ၊ ဇရက်တွေ၊ ကျီးကန်းတွေ လာကြတယ်။

http://www.dhammadpwnload.com



တချို့ ခိုတွေ ဆိုရင် ဘုန်းဘုန်းက ထွက်ပြီး ဒီလိုလေး စားစရာလေးတွေ တင်လိုက်တယ်ဆိုရင် လက်ပေါ်နား၊ ပခုံးပေါ်နား၊ ခေါင်းပေါ်နား၊ တိရစ္ဆာန်လေးတွေဆိုတော့ ငရဲကြီးမယ် ဘယ်သိမလဲ၊ စားချင်လို့ လာနားကြတာ၊ အဲသလိုပေးတဲ့ ကမ်းတဲ့အခါကျတော့ အလောဘဟိတ်၊ သူ့ပေါ် မေတ္တာထားတော့ အဒေါသစိတ်၊ အေး ဒို့လဲ ဒီလို ဘ၀သံသရာ တိရစ္ဆာန်လေးတွေ ဖြစ်တဲ့ဘ၀ရှိတယ်။ ဒီလို ဘ၀တွေက လွတ်အောင်ဆိုပြီးတော့ အမောဟဟိတ်၊ သဘောပေါက်တယ်နော်၊ အလောဘ အဒေါသ အမောဟ အမြစ် ၃-ချောင်းက ဟေတုပစ္စည်း၊ နော်၊ သူတို့နဲ့ယှဉ်တဲ့ စိတ်စေတသိက်စိတ္တဇရုပ်တွေက ဟေတုပစ္စည်းရဲ့ ပစ္စယုပ္ပန်။

အလောဘ အဒေါသ အမောဟ စေတသိက် ၃-ပါးက အကြောင်းတရား ၃-ပါး၊ သူနဲ့ယှဉ်ဘက် စိတ်စေတသိက် စိတ္တဇရုပ်တွေက အကျိုးတရား၊ အကြောင်းကြောင့် အကျိုးဖြစ်တာ၊ သဘောပေါက်တယ်နော်၊ အဲဒီလို အကြောင်းအကျိုးတွေ ဆင်ခြင်သုံးသပ်တော့ သမ္မသနဉာဏ်၊ ဒီတရားတွေက၊ အကြောင်းတရားကော၊ အကျိုးတရားကော ခဏလေး မိနစ်ပိုင်း၊ စက္ကန့်ပိုင်းလေးအတွင်း ဖြစ်ပြီး ပျက်သွားတယ်လို့ မြင်လိုက်တော့ ဘာဖြစ်တုန်း အနိစ္စ၊ ဟုတ်ကဲ့လား၊ ဖြစ်လိုက်၊ ပျက်လိုက်၊ မဆုံးနိုင်အောင်ရှိလို့ ဒုက္ခ၊ ကိုယ့်အလိုလိုက်သလား၊ မလိုက်ဘူး၊ အဲဒီကျတော့ အနတ္တ၊ အနိစ္စ ဒုက္ခ အနတ္တ၊ သဘောပေါက်တယ် မဟုတ်လား…(ပေါက်ပါတယ်ဘုရား)။ အေး သောတာနုဂတသုတ္တန်အရ ၄-ချက်လဲရှိသွားတာပေါ့။ သောတာနုဂတသုတ္တန်အရ တရားသဘောတွေသိဖို့ (၁)အနည်းဆုံး နားနဲ့ထောင်ရတယ်၊ တရားနာရတယ်၊ တရားနာရတာ ပဌမအဆင့်၊ တရားနာတဲ့အဆင့်ပြီးရင် (၂)ဒုတိယ ဘာလုပ်

http://www.dhammadpwnload.com



ရတုန်း၊ မိမိပါးစပ်နဲ့ ရွတ်ဖတ်ရတယ်။ ပါးစပ်နဲ့ ရွတ်ဖတ်လိုက်တော့ ဒုတိယ အဆင့်၊ (၃) နောက် အကြောင်းတရား အကျိုးတရား၊ ပစ္စည်းတရား၊ ပစ္စယုပ္ပန် တရားကို စိတ်နဲ့ဆင်ခြင်တော့ မနသာနုပေက္ခိတ၊ စိတ်နဲ့ဆိုင်တာ၊ တတိယ အဆင့်၊ စိတ်နဲ့သိတယ်၊ (၄)နောက် အဖြစ်အပျက်လဲ မြင်သွားရော၊ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ-ပညာဖြင့် ထိုးထွင်းသိပြီ၊ အဲဒါ အဖြစ်အပျက်သိတဲ့ဉာဏ် လောကီ စိတ်တွေထဲမှာ ပထမတန်း၊

အေး အဲဒီ အဖြစ်အပျက်မြင်ရင် အဖိုးတန်ပြီနော်၊ အခု တရားနာ လိုက်တဲ့အတွက် အဆင့် ၄-ဆင့်ရပြီ မဟုတ်လား၊ ကဲ ဆိုကြည့်ကြပါအုံး၊ ဟေတုပစ္စယောတိ...ပစ္စယော (သံပြိုင်)။

သုံးသပ်ဆင်ခြင်တော့ သမ္မသနဉာဏ်၊ ဒီတရားလေးတွေက ခဏလေး ပျက်သွားတဲ့အတွက် အနိစ္စ၊ အဲဒီနားလေးက မီးလေးတွေ မြင်တယ် မဟုတ်လား၊ အစိမ်းလေးတွေ၊ မှိတ်တုတ် မှိတ်တုတ်နဲ့၊ ဖြစ်ပျက်နေတာ မဟုတ်လား၊ အေး အဲသလို ဖြစ်ပျက် ဖြစ်ပျက်လို့ မြင်ရင် အနိစ္စ၊ မြင်ပုံချင်းလဲ တဖြည်းဖြည်းမှ ပိုပိုမြင်တာ၊ အစပိုင်းမြင်တာနဲ့ နောက် တဖြည်းဖြည်း လေ့ကျင့် လာတော့ မြင်တာ မတူတတ်ဘူး၊ နောက်ဆိုရင် မဂ်ဖိုလ်နိဗ္ဗာန် ကျေးဇူးပြု လောက်အောင် ကျေးဇူးပြုတဲ့ ဉာဏ်တွေပေါ်လာတယ်နော်...ပထမပိုင်း မမြင်သေးတဲ့ ပုဂ္ဂိုလ်ကလည်း စိတ်မပျက်နဲ့ပေါ့။ ကြိုးစားပြီးတော့ ဖြစ်ပျက် မြင်အောင်ရှု၊ မြင်ပြီးသားပုဂ္ဂိုလ်တွေကလည်း မဂ်ဖိုလ်နိဗ္ဗာန် မရသေးဘူးဆိုရင် ဒါနည်းနည်းလိုသေးလို့ပဲဆိုပြီးတော့ ဆက်ပြီးတော့ရှု၊ ဟုတ်ကဲ့လား... (မှန်လှပါဘုရား)။

http://www.dhammadpwnload.com



ထို့အတူ သဒ္ဒါယတနံ…ပစ္စယော။ အသံတွေက ပစ္စည်း၊ ကြားစိတ်က ပစ္စယုပ္ပန်၊ ပစ္စည်း ပစ္စယုပ္ပန် ခွဲလိုက်တော့ဘာတုန်း၊ အသံက ပစ္စည်း၊ ကြားစိတ်က ပစ္စယုပ္ပန်၊ ခွဲလိုက်စမ်းပါ။ အသံကပစ္စည်းဆိုတာနဲ့ အကြောင်းတရား အတူတူပဲ၊ အသံတွေက အကြောင်းတရား၊ ကြားစိတ်က အကျိုးတရား၊ အကြောင်းကြောင့် အကျိုးဖြစ်တာ၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ အသံတွေက ရုပ်တရား၊ ကြားစိတ်က နာမ်တရား၊ ဖြစ်ပျက်သွားတယ်၊ အသံတွေ တစ်လုံးပြီး တစ်လုံး ဖြစ်ပျက်တယ်မဟုတ်လား၊ တချို့က သိပ္ပံပညာက မြင်ရမှ ယုံတာ၊ မမြင်ရရင် မယုံဘူး၊ ဘုရားက မြင်ရုံတင်ဘယ်ကမလဲ၊ ကြားလဲကြားမှ၊ နံလဲနံမှ၊ လျက်လဲလျက်မှ၊ ထိလဲထိမှ၊ စိတ်ကူးရော ၆-ခု၊ ဟေတုပစ္စည်းလဲ ၆-ခုဆိုသလို အာရမ္မဏပစ္စည်းလဲ အာရုံ ၆-ခု၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၊ ဆိုလိုက်စမ်းပါ…(သံပြိုင်)။ ရူပါရုံ… ဓမ္မာရုံ။

အေး-ရူပါရမ္မဏဆိုတာ ရူပါရမ်လို့ ဆိုဖို့ပေါ့။ ဒါပေမယ့် ရှေးဆရာတွေက ရူပါရုံ ဆိုတော့ ရှေ့ဆရာတွေအတိုင်းပေါ့နော်၊ မှားတယ်လို့ မဆိုရဘူးပေါ့။ ရူပါရမ်၊ သဒ္ဒါရမ်၊ ဂန္ဓာရမ်၊ ရသာရမ်၊ ဖောဋ္ဌဗ္ဗာရမ်၊ ဓမ္မာရမ် ဆိုရင် မှန်ပါတယ်။ အေး-ဗမာလို သန့်သန့်လေးဆိုရင်တော့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘော ဆိုစမ်းပါ။ (သံပြိုင်)။ အဆင်း… သဘော။

အဆင်းက မြင်စိတ်အား ကျေးဇူးပြုတယ်၊ အသံက ကြားစိတ်အား ကျေးဇူးပြုတယ်၊ အနံ့က နံစိတ်အား ကျေးဇူးပြုတယ်၊ အရသာက လျက်စိတ်အား ကျေးဇူးပြုတယ်။ အတွေ့က ထိသိစိတ်အား ကျေးဇူးပြုတယ်၊ ဓမ္မာရုံက

http://www.dhammadpwnload.com



စိတ်ကူးစိတ်အား ကျေးဇူးပြုတယ်။ မနေ့က ကိုရင်လေး စိတ်ကူးတယ် မဟုတ်လား။ မင်းတို့ ငါတို့လဲ စိတ်ကူးကြည့်ရင် ဖြစ်တာပဲ၊ အဲဒီတော့ စိတ်ကူးထဲမှာပေါ်တဲ့ ဓမ္မာရုံက ပစ္စည်း၊ စိတ်ကူးစိတ်က ပစ္စယုပ္ပန်၊ အဲဒီလို ပစ္စည်း၊ ပစ္စယုပ္ပန်၊ အကျဉ်းချုပ်ကတော့-

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ။ အာရုံလေးတစ်ခုခုကို အာရုံပြုပြီးတော့ စိတ်စေတသိက်တွေ ပေါ်တယ်။ အဲဒီ အာရုံက ပစ္စည်း၊ ပေါ်လာတဲ့ စိတ် စေတသိက်က ပစ္စယုပ္ပန်၊ အကျဉ်းချုပ် ကတော့ အဲဒါပါပဲတဲ့၊ ဟုတ်ကဲ့လား…(မှန်ပါဘုရား)။ ယံ ယံ ဓမ္မံ အာရဗ္ဘ ဆိုတဲ့စကားက အကျဉ်းချုပ်စကား၊ အာရုံတွေက အမျိုးမျိုးရှိမှာပေါ့။ ရူပါရုံတွေကလဲ အဖြူအနီ အကြောင်အကျား မျိုးစုံရှိတယ် မဟုတ်လား၊ အသံတွေကလဲ ယောကျ်ားသံ၊ မိန်းမသံ၊ စန္ဒရားသံ၊ နှဲသံ၊ ငှက်သံ၊ ကြက်သံ၊ ဝက်သံ အသံတွေ မျိုးစုံရှိတယ် မဟုတ်လား။

အေး ဘယ်အသံပဲဖြစ်ဖြစ်၊ အဲဒီအသံကို အာရုံပြုလိုက်လို့ စိတ်ကလေး တွေ ကြားစိတ်ပေါ်ရင် အသံကပစ္စည်း၊ ကြားစိတ်က ပစ္စယုပ္ပန်၊ သဘောပေါက် တယ်နော်…(မှန်လှပါဘုရား)။ အဲဒီတော့ ဟေတုပစ္စယော၊ အာရမ္မဏ ပစ္စယော၊ ၂-ပစ္စည်းအပြီးထားလိုက်ကြဦးစို့နော်။

ပြီးတော့ အဓိပတိပစ္စယောတဲ့၊ ဘုန်းဘုန်းတစ်ခေါက် အရင်ဖတ်လိုက် ပါဦးမယ်နော်။ အဓိပတိ ပစ္စယောတိ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော(ဒါ တစ်ဝါကျ)

ဝီရိယာဓိပတိ …… ပစ္စယော (နှစ်ဝါကျ)

http://www.dhammadpwnload.com



စိတ္တာဓိပတိ ...... ပစ္စယော (သုံးဝါကျ)

ဝီမံသာဓိပတိ ...... ပစ္စယော (လေးဝါကျ)

ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ လို့ တရား ၄-ခုက ဗိုလ်ကြီးတွေ သူက ၄-ဝါကျ၊ ပြီးတော့ အာရမ္မဏာဓိပတိအတွက်-

ယံ ယံ ဓမ္မံ ဂရုံကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

ကဲ အားလုံးဖတ်လိုက်စမ်းပါဦး။(သံပြိုင်) အဓိပတိ ပစ္စယောတိ... အဓိပတိပစ္စယေန ပစ္စယော၊ အေး၊ ဒါ အဓိပတိ၊ အဓိပတိ ဆိုတာ အဓိက စပ်သွယ်တဲ့တရားတို့ရဲ့၊ ပတိ-က အရှင်သခင်။ စပ်သွယ်တဲ့တရားတွေ ရှိတယ်။ စိတ်စေတသိက် စိတ္တဇရုပ်တွေ ရှိတယ်။ တရားတွေထဲမှာ ပတိ ဆိုတာ ဗိုလ်ကြီးပေါ့။ ဗိုလ်ကြီးတရား ၄-ပါး၊ ဆန္ဒရယ်၊ ဝီရိယရယ်၊ စိတ္တရယ်၊ ဝီမံသရယ်၊ ဘယ်နှစ်ခုတုန်း...(၄-ခုပါဘုရား)။ ရေလိုက်စမ်းပါ၊ (သံပြိုင်) ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ ဗိုလ်ကြီး ၄-ယောက်။ တရားကြီး ၄-ပါး၊ သူတို့က ရှံခါမယ် ဆန္ဒက ဗိုလ်လုပ်တာ၊ ရှံခါမယ် ဝီရိယက ဗိုလ်၊ ရှံခါမယ် စိတ္တ က ဗိုလ်၊ ရှံခါမယ် ဝီမံသ ဆိုတဲ့ ပညာက ဗိုလ်ကြီး။

ဥပမာအားဖြင့် လူ ၄-ယောက်ရှိတယ် ဆိုကြပါစို့။ လူ၄-ယောက်ရှိရင် ရွာ ၄-ရွာ၊ တစ်ရွာစီ သူတို့က နေကြတယ်။ နောက်ပိုင်းကျတော့ ပေါင်းပြီးတော့ အဲဒီလူ ၄-ယောက် ခရီးသွားကြတယ်။ ပြန်လာတဲ့အခါ မောင်ဘဆိုတဲ့သူ ရွာရောက်တော့ မောင်ဘက ခေါင်းဆောင်ပြီး ရှေ့က သွားတာပေါ့။ မောင်လှဆိုတဲ့သူ ရွာရောက်ရင် ဘယ်သူက ခေါင်းဆောင်မှာ

http://www.dhammadpwnload.com



တုန်း… (မောင်လှက ခေါင်းဆောင်မှာပါဘုရား)။ အေး သူ့ရွာသူ ကျေတာကိုး။

အေး မောင်ဝလို့ ထားလိုက်ပါဦး၊ မောင်ဝ ရွာရောက်ရင်လဲ ဘယ်သူက ခေါင်းဆောင်မှာတုန်း…(မောင်ဝ က ခေါင်းဆောင်မှာပါဘုရား)။ အေး မောင်ဝက ခေါင်းဆောင်မယ်။ နောက်ဆုံးလူကျတော့လဲ သူကခေါင်းဆောင်မယ်ပေါ့။ ထို့အတူ ဆန္ဒ ဝီရိယ စိတ္တ ဝီမံသ၊ ၄-ခုလုံးက ဗိုလ်မဖြစ်ဘူး၊ တစ်ခုက ဗိုလ်ဖြစ်ရင် နောက် ၃-ခုက နောက်လိုက်လုပ်ရတယ်။ ဒီမှာလဲ စစ်ဗိုလ်ကြီးတွေ၊ ဗိုလ်ချုပ်တွေ၊ ဗိုလ်ချုပ်ကြီးတွေ ရှိတယ်။ တစ်ယောက်က ဗိုလ်ချုပ် လုပ်ရင် ကျန်တဲ့သူက ဗိုလ်ချုပ်မလုပ်ရဘူး၊ ဒီတပ်မယ်ပေါ့၊ အဲဒီလိုပဲ၊ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ ဆိုတဲ့ တရား ၄-ခုက ရံခါမယ် တစ်ခုစီ ခေါင်းဆောင်သွားကြတယ်တဲ့။

ဉပမာအားဖြင့် သုမေဓာရသေ့လေး ဒီပင်္ကရာဘုရားရဲ့ ခြေတော်ရင်း ဝပ်စင်းပြီးတော့ ဘုရားဆုပန်တယ်၊ တပည့်တော် ဒီကုသိုလ်စေတနာကြောင့် သူက ရွံ့ဗွက်ထဲမယ် ဝမ်းလျားကြီးမှောက်ပြီးတော့ တပည့်တော် ကျောပေါ် နင်းလျှောက်ပါဘုရား။ ဘုရားအမှူးထားတဲ့ သံဃာတော် ရဟန္တာ ၄-သိန်း၊ ကျောပေါ်နင်းလျှောက်ပါဘုရား။ ဗွက်ထဲ မနင်းပါနဲ့ဘုရားလို့ လျှောက်တယ်။ မဟုတ်လား။ သုမေဓာရသေ့လေးက ဘာလို့ အဲသလို လျှောက်တာလဲဆိုရင် သူ့မှာ ဘုရားဖြစ်ချင်လို့၊ ဘုရားဖြစ်ချင်တာ ဆန္ဒလို့ခေါ်တယ်။ ဘာလို့ ခေါ်တုန်း…(ဆန္ဒပါ ဘုရား)။ တချို့က ဘုရားဖြစ်ချင်တာ၊ ချင်လို့ပေးလို့ လောဘလို့ ပြောကြတယ်။ လောဘ မဟုတ်ဘူး၊ ဒါ ကောင်းတာကို လိုချင်ရင်

http://www.dhammadpwnload.com



ဆန္ဒ၊ မကောင်းတာကိုလိုချင်မှ လောဘ၊ ဟုတ်ပြီ မဟုတ်လား၊ အေး သုမေဓာ ရသေ့လေးက ဆန္ဒအဓိပတိတပ်ပြီးတော့ သံဃာ ၄-သိန်းနဲ့တကွ တပည့်တော် ကျောပေါ်နင်းပြီးလျှောက်ပါဘုရား။ ဗွက်ထဲမနင်းပါနဲ့ဘုရား၊ အဲဒါ သူက ဘာကိုလိုချင်လို့လဲ…(ဘုရားဆု လိုချင်လို့ပါဘုရား)။ အေး ဘုရားဆု လိုချင် လို့နော်။

ဘုရားဖြစ်ချင်လို့ အဲဒီဘုရားဖြစ်ချင်တဲ့ ဆန္ဒက အဓိပတိ တပ်လိုက် တာတဲ့၊ ဘုရားဖြစ်ချင်တဲ့ ဆန္ဒစေတသိက်လေးက အဓိပတိပစ္စည်း၊ ဝမ်းလျားကြီးမှောက်ပြီးတော့ တပည့်တော် ကျောပေါ်နင်းကြွပါဘုရားလို့ လျှောက်ထားလိုက်တဲ့ အသံတွေက အဓိပတိပစ္စည်းရဲ့ ပစ္စယုပ္ပန်။ ဟုတ်ကဲ့ လား။ အဲဒါ အဓိပတိပစ္စယောတိ…ပစ္စယော။

ရှံခါမယ် ဝီရိယက မိုလ်ဖြစ်တယ်၊ အကြီးအကဲဖြစ်တယ်၊ အလောင်း တော် ဇနက မင်းသား ပင်လယ်ထဲ သင်္ဘောပျက်၊ ကြားဖူးတယ် မဟုတ်လား၊ ပင်လယ်ထဲ သင်္ဘောပျက်တော့ ကူးတယ်၊ တစ်ခါထဲ ဒီပြင်လူတွေတော့ မိချောင်းတွေ၊ ငါးတွေကစား၊ သွေးတွေက ရဲလို့၊ ပင်လယ်ကြီးထဲ ရဲတောက် သွားပြီ၊ ငါးတွေ လိပ်တွေက စားပစ်ကြလို့၊ အလောင်းတော် မင်းသားလေး ကတော့ ကူးတယ်၊ ဝီရိယဆိုတာ မလျှော့ရဘူး၊ အဲဒီတော့ ပင်လယ်စောင့်တဲ့ နတ်သမီးက "ဟဲ့၊ မောင်ဇနက…သူများတွေ သေကုန်ပြီ၊ ဒီပင်လယ်ကြီးထဲ သင်ကူးလို့ ရောက်ပါ့မလား၊ ကမ်းမမြင် လမ်းမမြင်၊ ဆုံးစမရှိတဲ့ ပင်လယ်ကြီး ကူးနေလို့ မိုက်ရာကျတော့မပေါ့"လို့ နတ်သမီးက ပြောတယ်နော်…။

သူက ဘယ်လိုပြန်ပြောလဲဆိုရင် ယောကျ်ားဆိုတာ ဝီရိယအားထုတ်

http://www.dhammadpwnload.com



ရတယ်။ ရတာ မရတာ အသာထား၊ အားမှ မထုတ်ရသေးဘူး၊ အားလျှော့ပစ်လို့ ဖြစ်ပါ့မလား၊ မရဘူး၊ ယောကျ်ားဆိုတာ ကြိုးစားရတယ်၊ ဝီရိယရှိရတယ်ဆိုပြီးတော့ အဲဒီမှာ ဇနကမင်းသားလေး ကူးတယ်၊ ကူးတဲ့ ဝီရိယစေတသိက်သည် ဝီရိယအဓိပတိပစ္စည်း၊ လက်ပစ်ကူးခပ်နေတာတွေက အဓိပတိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ သဘောပေါက်တယ် မဟုတ်လား···(သဘောပေါက်ပါတယ်ဘုရား)။ အေး ပင်လယ်စောင့် နတ်သမီးလေးက သင် ဒီလောက်တောင်ဖြစ်တယ် ဆိုပြီးတော့ သူတို့တိုင်းပြည်ရဲ့ ဥယျာဉ်ကျောက်ဖျာပေါ် တင်ပေးခဲ့တယ်။ ဒါ ဝီရိယအကျိုး မခံစားရဘူးလား···(ခံစားရပါတယ်ဘုရား)။ အေး အဲဒါကြောင့် ဆန္ဒတို့ ဝီရိယတို့ စိတ္တတို့ ဝီမံသတို့ကလည်း ပြင်းထန်လို့ရှိရင် အဓိပတိတပ်တာပဲ။

ဘုန်းဘုန်းတို့ မင်းကုသကို ကြားဘူးတယ် မဟုတ်လား။ အလောင်းတော် မင်းကုသက စောင်းလေးပိုက်ပြီး ပဘာဝတီနောက်လိုက်သွားတာလေ။ ပဘာဝတီက ပြန်သွားတာ၊ ပြန်သွားတော့ ငါတော့ မလျှော့ဘူးဆိုပြီး စိတ်ဓွဲသန်နဲ့ ပဘာဝတီကို မရမနေဘူးဆိုပြီး စောင်းပိုက်လိုက်တာ၊ ဟိုကျတော့ အိုးလုပ်တဲ့သူတွေဆီ အိုးလုပ်ရ၊ ဖျာရက်တဲ့ သူတွေဆီ ဖျာရက်ရ၊ အမျိုးမျိုးအဆင်းရဲခံတယ်၊ ပဘာဝတီလိုချင်တဲ့ စိတ္တာဓိပတိတပ်တယ်ပေါ့နော်။ အဲဒီအဓိပတိတပ်ပြီး ကြိုးစားတော့ နောက်ပိုင်းတော့ ပဘာဝတီကို ရတာပဲ။ အေး ပဘာဝတီကို လိုချင်တဲ့စိတ်က စိတ္တာဓိပတိ၊ သူလျှောက်သွားပြီးတော့ အိုးလုပ်တာတွေ၊ ဖျာရက်တာတွေက အဓိပတိပစ္စည်းရဲ့ ပစ္စယုပ္ပန် မဟုတ်ဘူးလား···(မှန်လှပါဘုရား)။

http://www.dhammadpwnload.com



အေး ကိုယ်လဲ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်ပေါ့။ စဉ်းစားကြည့်ရင် သိပါလိမ့်မယ်၊ ဘုန်းဘုန်းကလဲ ငယ်ငယ်ထဲက မန္တလေးရောက်၊ မန္တလေး ရောက်တော့ စဉ်းစားကြည့်တယ်၊ တစ်မနက်ခင်းလုံး ဆွမ်းခံထွက်ရတယ်။ ၆-နာရီလောက်ဆို ဆွမ်းခံထွက်ပြီး ကျောင်းကို ၈-နာရီ ၉-နာရီလောက်မှ ပြန်ရောက်၊ ဟာ အလကား အချိန်တွေကုန်တာပဲ၊ ငါဘာလုပ်ရမှာတုန်း၊ စဉ်းစားတယ်နော်၊ အဲဒီတော့ သပိတ်ဖုံးပေါ်မှာ စာလေးရေးသွားတာပေါ့ကွာ၊ ကျက်ရမဲ့စာလေး၊ အဲဒါ ဆွမ်းခံရင်း မတ်တပ် စာကျက်သွားတယ်။ အပြန် စာတွေရတာပဲနော်။ တစ်ခါတလေ စာမကျက်ဘူးဆိုရင် ဆွမ်းခံရင်း စာတွေ ပြန်သွားတာ၊ အဲဒီလို ဉာဏ်လေးနဲ့ လုပ်တော့ ဝီမံသာဓိပတိပေါ့၊ တစ်ခါတလေ နောက်နားက ကိုယ်တော် ၂-ပါးက ပြောသေးတယ်။ ဟော ဒီကိုယ်တော်က တောထွက်နဲ့ တူပါရဲ့တဲ့။ ပြောနေကြတာ ၂-ပါး၊ တစ်ပါးက မဟုတ်ဘူးဗျာ၊ ကြည့်တော့တာ တောထွက်ကြီးနဲ့တူတယ်၊ ဉာဏ်သိပ်ထက်တဲ့ ကိုယ်တော်၊ ပညာအလွန်တော်တယ်တဲ့၊ ဘုန်းဘုန်းကို ချီးကျူးသွားကြတာနော်။ နောက်တော့ စာမေးပွဲတွေ ဘာတွေ ဆိုရင် ပထမရတော့ ချီးကျူးကြတယ်၊ အဲဒါ ဝီမံသာ ဓိပတိ၊ အလုပ်အကိုင်မှာ ဉာဏ်ရှိတယ်မဟုတ်လား။ ဆရာတော်က အဲဒီလို ပြောတော့ ကြွားတယ်လို့ မထင်ပါနဲ့နော်…(မထင်ပါဘူးဘုရား)။ အေး ဝီမံသာဓိပတိ ပေါ်အောင်ပြောရတာ။ ဟုတ်လား။

ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ ဆိုလိုက်စမ်းပါဦး(သံပြိုင်) ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ။ ဗိုလ်ကြီး ၄-ခု၊ အဓိပတိတရားကြီး ၄-ခုနော်၊ အဲဒီ အဓိပတိ ၄-ခု၊ ၁-ခုခု ခေါင်းဆောင်လိုက်ပြီဆိုရင် လုပ်ငန်းတွေအောင်တာပဲ။

http://www.dhammadpwnload.com



ဆန္ဒခေါင်းဆောင်ရင်လဲ အောင်တယ်၊ ဝီရိယ ခေါင်းဆောင်ရင်လဲ အောင်တယ်၊ စိတ်က ခေါင်းဆောင်ရင်လဲ အောင်တယ်၊ ပညာက ခေါင်းဆောင်ရင် ပိုအောင်တာပေါ့နော်။ ပြီးတော့မှ ယံယံ ဓမ္မံ ဂရုံ ကတွာ ဃေ ဃေ ဓမ္မာ ဥပ္ပန္နံ စိတ္တစေတသိကာ ဓမ္မာ၊ အလေးပြုတယ် ခေါ်တယ်၊ စစ်သားတွေက ဘယ်သူ့ကို အလေးပြုတုန်း၊ စစ်ဗိုလ်ကြီးတွေ၊ ဗိုလ်ချုပ်ကြီးတွေကို အလေးပြုရတယ် မဟုတ်လား။

အေး တရားသဘောတွေမှာလဲ တချို့က ပေါ့ပေါ့ဆဆနေတဲ့တရား၊ တချို့က အလေးပြုနေတဲ့တရား၊ ဒီလိုရှိတယ်နော်၊ အလေးပြုတဲ့တရားမှ အကျိုးပြုတယ်ဗျာ။ အလေးပြုရတယ်၊ တရားတွေ လေးလေးစားစား လုပ်ရတယ်၊ စာတွေ လေးလေးစားစား လုပ်ရတယ်၊ ပေါ့ပေါ့ဆဆ မလုပ်ရဘူး၊ ဂရုံ ကတွာ ဆိုတာ အလေးအနက်ထားတယ်၊ ပေါ့ပေါ့ဆဆ မလုပ်ဘူး။ အလေးအမြတ်ပြုတဲ့ စိတ်ဆိုတာ အကုသိုလ်စိတ်ထဲက လောဘမူစိတ်က အလေး အမြတ်ပြုတာ၊ ဘယ်စိတ်က အလေးအမြတ်ပြုတုန်း··· (လောဘမူစိတ်က အလေးအမြတ်ပြုပါတယ်ဘုရား)။ အလောဘ အလေးအမြတ်ပြုခုနက မနေ့ကပြောတဲ့ ကိုရင်လေး ဆိုရင်လဲ သူက အလေးအမြတ်ပြုပြီး လိုချင်တာ၊ သူကချစ်တာ၊ ချစ်တော့ လောဘက အလေးအမြတ်ပြုပြီး လုပ်လိုက်တော့ စိတ်ကူးတွေ ပေါ်တယ်ပေါ့။ မျိုးစုံ၊ အေး-အဲဒီလိုပဲ ကုသိုလ်ဘက်က ဆိုရင်လဲ ကုသိုလ်က အလေးအမြတ်ပြုရင်လဲ ကိစ္စတွေအားလုံး အောင်ပါတယ်။ အဲဒီလို အလေးအမြတ်ပြုတဲ့ကိစ္စသည် အကုသိုလ်ဘက်က လောဘမူစိတ်၊ ကုသိုလ်ဘက်က မဟာကုသိုလ်စိတ်၊ ဒီဘက်က ၁၆-ခုပဲ

http://www.dhammadpwnload.com



ထားလိုက်ပါတော့။ သာမန်အရပ်သားတွေ၊ ဟိုဘက်က စိတ်ကတော့ တခြားပေါ့။

လောကုတ္တရာစိတ်တွေက မင်္ဂဖိုလ်ရသွားပြီ၊ မင်္ဂဖိုလ်မရခင် အကုသိုလ်ဘက်က ဘယ်စိတ်က အလေးအမြတ်ပြုတယ်၊ လောဘမူစိတ်က အလေးအမြတ်ပြုတယ်၊ လောဘမူစိတ်၊ လောဘကြီးပြီဆိုရင် မကောင်းတာလဲ သူက ရအောင်လုပ်တော့တာပဲ။ ကုသိုလ်ဘက်ကတော့ မဟာကုသိုလ်စိတ်၊ မဟာကုသိုလ်စိတ် အားထုတ်ပြီဆိုရင်လဲ မရ ရအောင် အားထုတ်တဲ့ သဘောရှိတယ်နော်။

အဓိပတိပစ္စည်းက ၂-မျိုးပေါ့။ သဟဇာတာဓိပတိ၊ အာရမ္မဏာဓိပတိ၊ ရှေ့ ၄-မျိုးက ဆန္ဒ, ဝီရိယ, စိတ္တ, ဝီရိယ က သဟဇာတာဓိပတိလို့ ခေါ်တယ်။ သဟဇာတဆိုတာ သဟ- အတူတကွ၊ ဇာတ-ဖြစ်တာ၊ ခုနက သူငယ်ချင်း ၄-ယောက်အတူတကွ သွားသလို ဆန္ဒကလဲ သူနဲ့ဖြစ်တဲ့ စိတ်စေတသိက်တွေထဲက သူကဖိုလ်ကြီး၊ ဝီရိယကလဲ သူနဲ့အတူတကွဖြစ်တဲ့ စိတ်တွေရဲ့ဖိုလ်ကြီး၊ စိတ္တကလဲ သူနဲ့ အတူတကွဖြစ်တဲ့ စေတသိက်တွေ စိတ္တဇရုပ်တွေရဲ့ ဗိုလ်ကြီး၊ ဝီမံသကလဲ ထိုနည်းတူ သူနဲ့အတူဖြစ်တဲ့ စိတ်စေတသိက် စိတ္တဇရုပ်တွေရဲ့ဗိုလ်။

အဲဒီလို ဗိုလ်ကြီး ၄-ခု၊ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ၊ ဗိုလ်ကြီး ဘယ်နှစ်ခုတုန်း··· (၄-ခုပါဘုရား)။ ဆိုလိုက်စမ်းပါဦး···(သံပြိုင်)။ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ ဗိုလ်ကြီး ၄-ဦး။

ပြီးတော့ အာရမ္မဏာဓိပတိကျတော့ အလေးအမြတ်ပြုတဲ့ ဘက်က၊

http://www.dhammadpwnload.com



အကုသိုလ် ဘက်က လောဘမူ ၈-ခု၊ ကုသိုလ်ဘက်က မဟာကုသိုလ်စိတ် ၈-ခု၊ အဲဒါတွေက အလေးအမြတ်ပြုတဲ့ စိတ်တွေ။

အဲဒီတော့ လောဘမူကို အလေးအမြတ်ထားမယ်ဆိုရင်တော့ မကောင်းတဲ့ အကုသိုလ်တွေများပြီ ဟုတ်ပြီလား၊ အဲဒီတော့ လောဘမူကို အသားပေးလို့ တော်ပါ့မလား၊ လောဘမူကို ပယ်ရမှာနော်၊ မဟာကုသိုလ် ကျတော့ အသားပေးရမှာ၊ မဟာကုသိုလ်အသားပေးမှ ကောင်းတဲ့တရားတွေ ပေါ်မှာနော်၊ ဘုန်းဘုန်းတို့၊ ဆဋ္ဌသင်္ဂါယနာတင်တဲ့အချိန်၊ သင်္ဂါယနာ တင်တော့ ဘုန်းဘုန်းတို့က စာတွေပြင်ပေးရတယ်၊ မနက်ခင်းကတော့ အားတယ်၊ နေ့လယ် ၁-နာရီစာပြ၊ ၄-နာရီကျတော့ဆင်း၊ တစ်နေ့ ၃-နာရီ အလုပ်လုပ်ရတယ်၊ မနက်ခင်းကျတော့ ဘုန်းဘုန်းတို့က အင်္ဂလိပ်စာတွေကျက်၊ ၁၀-တန်းအတွက် အဲဒီတုန်းက ထရက်ရှာ ဘိုင်လန်ဒ်ထေးလ်၊ သာတီးဘားမီးစ် စာအုပ် ၂-အုပ် ပြဋ္ဌာန်းတယ်။

အဲဒီစာအုပ် ၂-အုပ်ကို ဘုန်းဘုန်းတို့က အလွတ်ကျက်၊ ည-ဆို သဒ္ဒါ, သင်္ဂြိုဟ် ပြန်သလိုပြန်၊ ဘေးကလူတွေက အံ့သြနေကြတယ်၊ ဟာ-ကိုယ်တော်တို့ အင်္ဂလိပ်စာ အဲဒီလို ပြန်ရသေးသလား ကိုယ်တော်တဲ့၊ ပြန်တာပေါ့၊ ပြန်တော့ သေချာတာပေါ့၊ ဟာ-အဲလို မပြန်ရပါဘူး ဘုရား၊ ဒီတိုင်း ပြော၊ မှတ်၊ ကျက်၊

အဲဒီတော့ အလေးအမြတ်ပြုပါ။ အဓိပတိတပ်ပါ၊ ပေါ့ပေါ့ဆဆ အလုပ်တစ်ခု မလုပ်ရဘူး၊ သေသေချာချာ လုပ်ပါနော်၊ သေသေချာချာ လုပ်တာကို အဓိပတိပစ္စယောလို့ ခေါ်တယ်၊ အလုပ်တစ်ခုလုပ်တဲ့အခါ

http://www.dhammadpwnload.com



သေသေချာချာ၊ လေးလေးနက်နက်ထားလုပ်တာကို ဘာလို့ခေါ်တုန်း၊ အဓိပတိ ပစ္စည်း၊ အဓိပတိပစ္စယောလို့ ခေါ်တယ်။

ပြီးတော့မှ ဘာတုန်း၊ အနန္တရပစ္စယော၊ အနန္တရကို ပုဒ်ဖြတ်လိုက်ရင် န+အန္တရ၊ အန္တရဆိုတာ-ကြား၊ န-ဆိုတာမရှိ၊ အနန္တရ-ကြားမရှိ၊ အန္တရဆိုတာ ဘာတုန်း၊ ကြား၊ န-ဆိုတာ မရှိ၊ အနန္တရ-ကြားမရှိ၊ ခု-ဒီနားလေးမှာ လူတွေထိုင်နေကြတယ်၊ ခပ်ပူးပူးလေး ဒီလို ကပ်ထိုင်တယ်ပေါ့။ ထိုင်လိုက် တော့ ကြားမရှိဘူး၊ ခပ်ကျဲကျဲလေးထိုင်လို့ရှိရင် ကြားရှိတယ် မဟုတ်လား··· (မှန်လှပါဘုရား)။ အေး စိတ်တွေ စေတသိက်တွေကျတော့ ကြားမရှိဘူးတဲ့၊ သူက၊ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်သွားတာ၊ အဲဒါကြောင့် အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း ဆိုတာ စိတ်စေတသိက်တွေကိုပြောတာ၊ ရုပ်တွေမပါဘူး၊ ဒီထဲမှာ၊ ဘယ်သူ့ကိုပြောတာတုန်း၊ (စိတ် စေတသိက်တွေပါဘုရား)။ အေး- စိတ်စေတသိက်တွေဖြစ်ပုံက ကြားမရှိဘူးနော်၊ ခု ထိုင်ထားမယ်ဆို၊ ကြားရှိ တယ် မဟုတ်လား၊ အဲဒီ စိတ်စေတသိက်တွေရဲ့ ဖြစ်ပျက်နေပုံက ကြားမရှိဘဲ ဖြစ်ပျက်နေတာ၊ ကြားမရှိပုံလေးကို မြတ်စွာဘုရားက-

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ၊ ဒါကပစ္စည်း၊

မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ဒီထဲမယ်၊ သင်္ကြုလ် ဝီထိပိုင်းလိုက်ဖူးတဲ့ပုဂ္ဂိုလ်လဲ ပါမယ်ထင်ပါရဲ့၊ ပါလား၊ ဝီထိပိုင်းတို့၊ ဝီထိမုတ်ပိုင်းတို့၊ ပါလား···(ပါပါတယ်ဘုရား)။ ပါတယ်နော်။ အဲဒီမယ် ဘုန်းဘုန်းက ဝီထိလေးတစ်ခု ချပြမယ်။

အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊

http://www.dhammadpwnload.com



စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော-၇ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ဘဝင် ဘဝင် ဆိုကြည့်စမ်းပါဦး။ (သံပြိုင်) အတီတဘဝင်(ပ) ဘဝင်၊ ဘဝင်။

အဲဒီလို စိတ်စေတသိက်တွေ ဖြစ်ပုံကို ဝီထိလို့ ခေါ်တယ်။ ဝီထိဆိုတာ စိတ်အစဉ်၊ အဲဒီစိတ်အစဉ်ဖြစ်ပုံက ကြားမရှိဘူးတဲ့၊ ဘယ်လို ဖြစ်ပျက်နေတုန်း…(ကြားမရှိပါဘုရား)။ အဲလို ဖြစ်တယ်တဲ့၊ ရုပ်တွေကျတော့ ကြားရှိတာပေါ့။ ဥပမာ ဒါကမတ်ခွက် တစ်ခွက်၊ ဒါကမတ်ခွက်တစ်ခွက်၊ ဒီမတ်ခွက်တွေကြားရှိတယ် မဟုတ်လား၊ လူတွေထိုင်နေလဲ ကြားရှိတာပေါ့၊ အဲဒီလို ရုပ်တွေက ကြားရှိတယ်၊ စိတ် စေတသိက်တွေကတော့ ကြားမရှိဘူး၊ အကြားမရှိဘူး၊ အဲဒီလို အကြားမရှိဘဲ ဖြစ်ပျက်နေတဲ့ တရားတွေဟာ စိတ်စေတသိက်တရားတွေနော်။ (မှန်လှပါဘုရား)။

ဒီမယ် မြတ်စွာဘုရား ဟောထားတာကတော့ မြင်စိတ်၊ ပစ္စည်း၊ ပြီးတော့ မနောဓာတ်စိတ်ကျတော့ လက်ခံစိတ်၊ သမ္ပဋိစ္ဆိုင်း၊ သမ္ပဋိစ္ဆနဆိုတာ လက်ခံတဲ့စိတ်၊ စက္ခုဝိညာဏ်စိတ်ဆိုတာ မြင်စိတ်၊ မနောဓာတ်စိတ်ဆိုတာ သမ္ပဋိစ္ဆိုင်း၊ လက်ခံတဲ့စိတ်၊ ဥပမာ ဒီတရားပွဲလာတာ၊ တချို့က လှူချင်တယ်၊ ဟိုနားလေး အလှူလက်ခံတဲ့ဌာနရှိတယ် မဟုတ်လား၊ အဲဒီ အလှူလက်ခံတဲ့ဌာနက မနောဓါတ်လို့ခေါ်တယ်၊ လက်ခံစိတ်၊ မြင်စိတ်ပြီးရင် ဘာလာတုန်း၊ လက်ခံစိတ်၊ လက်ခံစိတ်ပြီးလို့ရှိရင် စုံစမ်းစိတ်၊ သန္တီရဏ၊ အဲဒီလို အစဉ်လေး ၃-ခု ထားကြပါစို့၊ မြင်စိတ်၊ လက်ခံစိတ်၊ စုံစမ်းစိတ်၊ မြင်စိတ်က လက်ခံစိတ်အား ကြားမရှိဘဲ၊ ကျေးဇူးပြုတယ်၊ လက်ခံစိတ်က စုံစမ်းစိတ် သန္တီရဏစိတ်

http://www.dhammadpwnload.com



အား ကြားမရှိဘဲ ကျေးဇူးပြုတယ်တဲ့။ မြင်စိတ် ပြီးရင် လက်ခံစိတ်၊ လက်ခံစိတ် ပြီးရင် စုံစမ်းစိတ်၊ ကြားမရှိဘူး၊ စက္ကန့်ပိုင်းလေးအတွင်း တစ်ခါထဲ ဖြစ်ပျက်သွားတယ်၊ ဟုတ်ကဲ့လား၊ အဲဒီလို ကြားမရှိဘဲ ကျေးဇူးပြုတဲ့ ပစ္စည်းကို အနန္တရပစ္စည်း သဘောပေါက်လား…(ပေါက်ပါတယ်ဘုရား)။

ဥပမာအားဖြင့် ဒီနားလေးမယ် ကြိုးတွေချည်' ဟိုကနေပြီးတော့ လျှပ်စစ်ခါတ်တွေ လွှတ်လိုက်တော့ အဲဒီလျှပ်စစ်ခါတ်လေးကေက ဒီလို ရေစီးသလိုစည်းလုံးသွားတာ၊ ခုန်လိုက်တာမဟုတ်ဘူး၊ သူက ကြားမရှိဘူး၊ လိုက်တာ၊ အဲဒီလိုပဲ ရုပ်တရားတွေ လျှပ်စစ်အားတွေက ကြားမရှိ လိုက်သလို စိတ်စေတသိက်တရားတွေကလဲ ကြားမရှိဘဲ ကျေးဇူးပြုပြီးသွားတာ၊ အဲဒါကို ဘာလို့ခေါ်တုန်း၊ အနန္တရပစ္စည်း၊ ကြားမရှိဘဲ ကျေးဇူးပြုတဲ့တရား၊ ကြားမရှိဘဲ ကျေးဇူး ပြုတဲ့တရားဆို ပထမဆုံး မြင်စိတ်၊ လက်ခံစိတ်၊ စုံစမ်းစိတ်၊ မြင်စိတ်ဆိုတာ မျက်လုံးနဲ့ ဖွင့်ကြည့်လိုက်ရင် မြင်တာပေါ့။ အဲဒီ မြင်ပြီးလို့ရှိရင် အာရုံလေးကို လက်ခံတဲ့စိတ်ကလေးက လက်ခံလိုက်တာ၊ သူက သမ္ပဋိစ္ဆိုင်း ဆိုတဲ့ မနောဓါတ်လေးနော်၊ အဲဒီ မနောဓါတ်လေးက လက်ခံပြီးလို့ရှိရင် စုံစမ်းတာပေါ့၊ သန္တီရဏစိတ်လေးက ထောက်လှမ်းရေးလို့ထားပါ။ ဒီလူ ဘာတုန်းဟဲ့။ အော်-ရူပါရုံပါ၊ ဒီလိုစုံစမ်းတာ၊ မြင်စိတ်၊ လက်ခံစိတ်၊ စုံစမ်းစိတ်၊ မြင်စိတ်သည် လက်ခံစိတ်အား ကြားမရှိဘဲ ကျေးဇူးပြုတယ်၊ လက်ခံစိတ်သည် စုံစမ်းစိတ်အား ကြားမရှိ ကျေးဇူးပြုတယ်၊ စိတ် ၃-ခု၊ ထို့အတူ ကြားစိတ်၊ လက်ခံစိတ်၊ စုံစမ်းစိတ်၊ ဆိုစမ်းပါဦး…(သံပြိုင်) …ကြားစိတ်၊ လက်ခံစိတ်၊ စုံစမ်းစိတ်။

http://www.dhammadpwnload.com



နားကနေပြီး ကြားလိုက်တယ်၊ ကြားစိတ်ပြီးရင် လက်ခံစိတ်ဖြစ်တယ်၊ လက်ခံစိတ်ပြီးရင် စုံစမ်းစိတ်၊ နားကလဲ စိတ် ၃-ခု၊ မျက်လုံးက မြင်စိတ်၊ လက်ခံစိတ်၊ စုံစမ်းစိတ်၊ နားက ကြားစိတ်၊ လက်ခံစိတ်၊ စုံစမ်းစိတ်၊ နှာခေါင်းကလဲ ထိုနည်းတူပဲ၊ နံစိတ်၊ လက်ခံစိတ်၊ စုံစမ်းစိတ်၊ အရသာလဲပဲ လျက်စိတ်၊ လက်ခံစိတ်၊ စုံစမ်းစိတ်၊ ကိုယ်ကလဲ၊ ထိစိတ်၊ လက်ခံစိတ်၊ စုံစမ်းစိတ်၊ အေး- အဲဒီလို ဒွါရ ၅-ခုပေါ့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ပြီးတော့မှ မနောဒွါရ ဘဝင်စိတ်၊ ဘဝင်မှာ လည်းပဲ စိတ်တွေ၊ မနောဓါတ်၊ မနောဝိညာဏစိတ်တွေ၊ လက်ခံစိတ်၊ စုံစမ်းစိတ်၊ ဇောစိတ်တွေ ဖြစ်ပျက်နေတယ်၊ ကြားမရှိဘဲ ဖြစ်ပျက်နေတယ်၊ အင်း ဘုန်းဘုန်းက ခုနက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ဆိုပြပါဦးမယ်။

အနန္တရပစ္စယောတိ စက္ခုဝိညာဏဓာတု သမ္ပယုတ္တကာဓမ္မာ၊ ဒါမြင်စိတ်၊ မနောဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ၊ ဒါ လက်ခံစိတ်၊ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ ဒါလက်ခံစိတ် သမ္ပဋိစ္ဆိုင်းစိတ်၊ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ၊ ဒါ စုံစမ်းစိတ်၊ သန္တီရဏစိတ်၊ အနန္တရပစ္စယေန ပစ္စယော၊ ကြားမရှိဘဲ ကျေးဇူးပြုလိုက်တာ၊ တန်းဖြစ်တာနော်။

မျက်စိနားပြီးတော့ နှာခေါင်း၊ ဃာနဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနော ဓာတုယာ…ဓမ္မာနံ ဒါက လက်ခံစိတ်၊ နာမ်စိတ်က လက်ခံစိတ် အား၊ အနန္တရပစ္စယေန ပစ္စယော၊ ကြားမရှိဘူးနော်။

http://www.dhammadpwnload.com



မနောဓာတု···ဓမ္မာ၊ ဒါ လက်ခံစိတ်၊ မနောဝိညာဏ····ဓမ္မာနံ၊ ဒါ စုံစမ်းစိတ်တို့အား၊ အနန္တရပစ္စယေန ပစ္စယော။

မျက်စိနား နှာခေါင်း ပြီးသွားပြီ။

ဇိဝှါဝိညာဏဓာတု··············ဓမ္မာ၊ ဒါ လျှက်စိတ်

မနောဓါတုယာ···········ဓမ္မာနံ၊ ဒါက လက်ခံစိတ်

မနောဓာတု··········ဓမ္မာ၊ ဒါ လက်ခံစိတ်၊ မနောဝိညာဏ········ ဓမ္မာနံ···သူက စုံစမ်းစိတ်တို့အား၊ အနန္တရပစ္စယေန ပစ္စယော၊ ၄-ခုပြီးသွားပြီ။

ကာယဝိညာဏဓာတု············ဓမ္မာ၊ ထိသိစိတ်၊ မနောဓာတုယာ ······ဓမ္မာနံ၊ သူက လက်ခံစိတ်၊ မနောဓာတု··········ဓမ္မာ၊ လက်ခံစိတ်၊ မနောဝိညာဏဓာတု····· ဓမ္မာနံ···ဒါ စုံစမ်းစိတ်တို့အား၊ အနန္တရပစ္စယေန ပစ္စယော။

မျက်စိ နား နှာခေါင်း လျှာ၊ ကိုယ်၊ ငါးခု နှစ်ဝါကျစီ ဘုရားဟောလိုက်တော့ ၁၀-ဝါကျ၊ အားလုံးဖြေးဖြေး ဆိုကြည့်ပါဦး။

(သံပြိုင်)။ အနန္တရ ပစ္စယောတိ၊ စက္ခုဝိညာဏဓာတု·····အနန္တရပစ္စယေန ပစ္စယော၊

အဲဒါ အနန္တရပစ္စည်း ၁၀-ကျ။ မြင်စိတ် ကြားစိတ် နံစိတ် လျှက်စိတ် ထိသိစိတ်၊ ဟုတ်လား၊ မြင်စိတ်က လက်ခံစိတ်အား အနန္တရသတ္တိ၊ အနန္တရသတ္တိ ဟူသည် ကြားမရှိဘဲ ကျေးဇူးပြုလိုက်တာ၊ အဲဒီလိုဥစ္စာကို မြတ်စွာဘုရားအား ယုံကြည်တဲ့အနေနဲ့ ကြည်ညိုရတာပေါ့နော်။

http://www.dhammadpwnload.com



မြင်ဖို့ကျတော့ သိပ်မလွယ်လှဘူး၊ မမြင်ပေမယ့် ဘုရားက ဒီလိုဟောတယ်၊ ယုံကြည် ရတာပေါ့နော်။ ပဋ္ဌာန်းရွတ်ဖတ်ရတာနဲ့ ဘုန်းဘုန်းအကျိုးခံစားရပုံလေး ပြောပြပါဦးမယ်။ ဗန်းမော်တိုက်၊ ဗန်းမော်ဆရာတော်ကြီးဆိုတာကြားဘူးကြလား၊ နာမည်ကျော်ပါ။ အခု ဗန်းမော်ဆရာတော်က သိပ်မကျော်ဘူးထားပါတော့။ ရှေ့ဆရာတော်ကြီးက ဗန်းမော်ကျောင်း တိုက်ကြီးနေသွားတော့နှစ်ပေါင်း ၂၀၀ နီးပါးကြာ၊ ပြိုခါနီးနေပြီ။ အဲတော့ ဘုန်းဘုန်းက တိပိဋကမင်းကွန်းဆရာတော်ကြီးကို စာကူညီချပေးတော့ ဘုန်းဘုန်းကို ချစ်ခင်ပါတယ်။

တစ်ခါတော့ ဆရာတော်ကြီးပင့်ပြီး တရားပွဲ ကျင်းပတယ်၊ ဒီကျောင်းကြီး ဘယ်လောက် အိုနေပြီဆိုတာ သိအောင်လို့ပေါ့။ ဆရာတော်ကြီးကလဲသိတယ်၊ ဆရာတော် ကြီးဟောလို့ ကျောင်းပြင်မယ့် ဒကာတွေ မပေါ်ပါဘူး။ မပေါ်ပေမယ့် သိတော့ သွားကြတာပေါ့။ တစ်ခါတော့ ဘုန်းဘုန်းတို့ကျောင်းနားမှာ ဗောဓိရိပ်သာဆိုတာရှိတယ်။ အဲဒီ ရိပ်သာက သီလရှင်ကြီးကဘုန်းဘုန်းဆီလာတယ်။ "ဒေါ်စိတြ ဘာတုန်းဗျ၊ ပြောစမ်းပါဦး၊" "ဆရာတော် နက်ဖြန်ဆွမ်းစားပင့်လာတာပါဘုရား၊ ကြွပါဘုရား၊" "အေး-ကြွမယ်၊ ကြွမယ်" ဒေါ်စိတြခင်ဗျား မိန်းမသားဖြစ်နေပြီးတော့ တော်လိုက်တာဗျာ၊ သူက ဘုရားကြီး တစ်ဆူတည်တယ်၊ မဟာဗောဓိရိပ်သာဆိုတဲ့အတိုင်းဣန္ဒိယက ဗုဒ္ဓဂယာပုံကိုယူပြီး ၁၀၈ တောင် အမြင့်ကြီး။

အဲဒီလိုတည်တော့ ခင်ဗျား၊ မိန်းမသားဖြစ်ပြီး ဘုရားကြီးပြီးအောင်တည်နိုင်တယ်။ သူများဘုရားတွေက ဘုရားပြီးရင် စိန်ဖူး ၁-လုံးပဲတင်တယ်။ သူက ၉-လုံးတင်တယ်။ စိန်ဖူးရှင်တွေကများတယ်။ ဒီတော့ ခင်ဗျား စိန်ဖူး

http://www.dhammadpwnload.com



၉-လုံးတင်နိုင်တယ်။ ဘုရားပွဲတွေလဲ နှစ်စဉ်ကျင်းပ၊ လာသမျှလူတွေ ကျွေးမွေးညှေ့ခံ၊ ခင်ဗျား မိန်းမသားဖြစ်ပြီး ဘုန်းကြီးတယ်၊ ကျုပ် အဲဒီနည်းလေး ပေးစမ်းပါလို့တောင်းတယ်၊ တပည့်တော်မက ပဋ္ဌာန်းရွတ်တည်တာ ဘုရားတဲ့၊ တစ်ခါတလေ လက်ထဲမှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး၊ ပဋ္ဌာန်းရွတ်လိုက်တယ်ဆို တစ်ကျောင်းလုံး မွေးကြိုင်နေတာ၊ နတ်ပြဟ္မာတွေလာတာဘုရား၊ နတ်ပြဟ္မာတွေ လာရင် တပည့်တော်က ပြောလိုက်တယ်။ နတ်ပြဟ္မာတို့ ကျွန်ုပ် ဘုရား တည်နေတာ သင်တို့အမြင်ပဲ၊ ယခုလက်ထဲ ပိုက်ဆံတစ်ပြားမှမရှိဘူး၊ ကြည့်ရှုလုပ်ကြပါအုံး၊ အင်း-နောက်တစ်နေ့ဆို ဟိုက ဒီက တစ်သိန်းလှူ နှစ်သိန်းလှူနဲ့ ၁၀-သိန်း၊ ၁၅-သိန်း ရလိုက်တာပဲ။

ရတယ်ဆိုရင် ဘုရားကြီးဆက်တည်၊ ကုန်သွားရင် ခုနကလိုပြော၊ အဲလိုနဲ့ တပည့်တော် တည်တာဘုရားတဲ့၊ သူက ပဋ္ဌာန်းရွတ်တည်တာ၊ ကျွန်ုပ်လဲ ပဋ္ဌာန်းရွတ်တာ ၅-နှစ်ကျော်ပါ ပြီဗျာ။ တစ်ခါမှ မရဘူးဆိုတော့ အရှင်ဘုရားရွတ်တာ စံချိန်မကိုက်လို့တဲ့၊ ပဋ္ဌာန်းရွတ်တာ စံချိန်ကိုက်တာ ရှိသေးလား၊ ရှိသေးတယ်ဘုရား၊ ဒါဖြင့် စံချိန်ကိုက်အောင် ဘယ်လိုရွတ်ရတုံး၊ စံချိန်ကိုက် ဆောင်ရွက်နည်းလေး မှတ်ထားကြနော်။

ပဋ္ဌာန်းရွတ်တော့မယ်ဆိုရင် (၁)မျက်နှာသစ်၊ လက်ခြေတွေဆေး၊ ခန္ဓာကိုယ်သန့်မှ နတ်ပြဟ္မာတွေက လာတယ်ဘုရား၊ အရှင်ဘုရား ခန္ဓာကိုယ်က နံစော်နေရင် ဘယ်လာပါ့မလဲဘုရား၊ ဟုတ်ကဲ့လား၊ နတ်ပြဟ္မာတွေက အမွှေး အနံ့ကြိုက်တယ်ဘုရား။ မျက်နှာသစ်ပြီးမှ ပဋ္ဌာန်းရွတ်ကြ၊ (၂) ပြီးတော့ကော အချန်မှန်မှန်ရွတ်ရတယ်ဘုရား၊ အချိန်မမှန်တော့ ဘာဖြစ်လို့လဲ၊ တစ်နေ့

http://www.dhammadpwnload.com



တစ်ခေါက်တော်ရောပေါ့၊ မဟုတ်သေးဘူးဘုရား၊ ဥပမာ ၈-နာရီ ဖန်းမော် ဆရာတော် ပဋ္ဌာန်းရွတ်တယ်ဆိုရင်၊ သူတို့က မှတ်ထားတာ၊ ၈-နာရီထိုးတော့ မယ်ပေါ့၊ ဖန်းမော်ဆရာတော် ပဋ္ဌာန်းရွတ်တော့မယ်။ သွားနာကြစို့ဆိုပြီး သူတို့သူငယ်ချင်း မိတ်ဆွေတွေကို ခေါ်လာကြတယ်။ ဒီကျတော့ အရှင်ဘုရား ဟိုလုပ် ဒီလုပ် လျှောက်လုပ်၊ စိတ်တိုသွားကြတယ်ဘုရား။

အဲဒါကြောင့် အချိန်မှန်မှန် ရွတ်ရတာဘုရား၊ ပြီးတော့ကော၊ (၃) ပီပီသသ ကျယ်ကျယ်လေး ရွတ်ရတယ်ဘုရား။ ဆီမန်းမန်းသလို ရွတ်နေလို့ မရဘူးဘုရား၊ ကျယ်ကျယ်လေး ရွတ်တော့ ကြည်ညိုလို့ ကောင်းတာပေါ့ ဘုရား၊ နားထောင်ရတာ၊ ဘုရားဟောတဲ့အသံကို အရှင်ဘုရားအသံနဲ့ တပ်ကြည့်၊ ကဲ ကျုပ် ရွတ်ပြမယ်။

ဟေတုပစ္စယောတိ.........ပစ္စယော။ ဘယ်နှယ်တုန်း၊ ကောင်းတယ် ဘုရားတဲ့။ အဲဒီတော့ ၁-က သန့်သန့်ရှင်းရှင်းနဲ့ ရွတ်ရမယ်၊ ၂-က အချိန်မှန်မှန် ရွတ်ရမယ်။ ၃-က အသံကျယ်ကျယ်ရွတ်ရမယ်။ ၄-ကျတော့ ဘာတုန်းဗျ။ ၄-ကျ အမျှဝေရတယ်ဘုရားတဲ့။ ပဋ္ဌာန်းရွတ်တဲ့ကုသိုလ်၊ ဒီ့ပြင် ကိုယ်လုပ်တဲ့ အခြားအခြား ကုသိုလ်တွေ၊ ပဋ္ဌာန်းတရား လာနာတဲ့ နတ်ဗြဟ္မာတွေ အမျှ အမျှ အမျှရ၍ ကျန်းမာချမ်းသာကြပါစေ၊ အရှင်ဘုရား လိုချင်တာလေး ပြောလိုက်ဘုရား။ ကျွန်ုပ်ကျောင်းကြီး ပြင်ချင်တာလို့ပြောလိုက်တဲ့၊ မပြောလဲ သိတယ်။ သူတို့က တန်ခိုးရှိတယ်ဘုရားတဲ့။

ကဲပါဗျာ။ ခင်ဗျားပြောသလို ရွတ်ပါမယ်။ အော် သူ့ဟာ စံချိန်ကိုက် ဆိုတာ ရှိသေးတယ်။ ဘယ်လိုဟာ စံချိန်ကိုက်တာတုန်း။ ဘယ်လိုဟာ စံချိန်ကိုက်လဲဆိုတော့ ရွတ်ဖတ်နေတုန်း မွေးကြိုင်လာပြီဆိုရင် အဲဒါ

http://www.dhammadpwnload.com



စံချိန်ကိုက်ပြီဘုရားတဲ့။ နတ်တွေ ဗြဟ္မာတွေ လာပြီဘုရား။ အဲဒါ အရှင်ဘုရား လိုချင်တာတွေ အကုန်ပြီးပြီ ဘုရားတဲ့။ လူတွေသာ ခက်တာ၊ နတ်တွေက ခဏလေးပြီးတယ်ဘုရား။ ကဲပါဗျာ ခင်ဗျားပြောသလို ရွတ်ပါမယ်ဆိုပြီး ရွတ်တာ ၃-၄ လလောက်ရှိတော့ မွေးတယ်၊ ဟော နတ်တွေ-ဗြဟ္မာတွေ လာပြီဟေ့ ဆိုပြီး ဘုန်းဘုန်းက ဝမ်းသာတယ်။ တစ်ခါတလေကျတော့လဲ စိတ်ထင်လို့ ထင်ပါရဲ့ဆိုပြီးဖြစ်တယ်။ အဲဒီလိုနဲ့ ထင်လိုက်၊ မထင်လိုက်နဲ့၊ တစ်ခါတော့ ဒီနေ့ ခေါင်းရိပ်မယ်ဟေ့။ ညနေ ၄-နာရီ ၅-နာရီ ခေါင်းရိတ်၊ ခေါင်းရိတ်ပြီး ရေချိုး၊ ညကျတော့ ပဋ္ဌာန်းတွေရွတ်၊ မွေးကြိုင်လို့၊ ဟာ-ဒီနေ့ တော့ မွေးချက်သားကောင်းလိုက်တာ၊ တကယ်ဟုတ်ပြီနဲ့တူတယ်လို့ အောက်မေ့နေတုန်း။ ဒကာကြီး ၁-ယောက် တက်လာပြီး ဆရာတော်ဘုရား…ဆရာတော်ဘုရား၊ လာ လာ ဒကာကြီး ကျုပ် ပဋ္ဌာန်းရွတ်နေတာ။ ကဲ-ပြော ကိစ္စ၊ ဘယ်နေ့ဘယ်ရက်ပေါ့ ဆရာတော် ဆွမ်းစားကြွပါဘုရားလို့ ပြောတယ်။

ကောင်းပြီ ကောင်းပြီ၊ ပြန်တော့ ကျုပ်ပဋ္ဌာန်းရွတ်လိုက်ဦးမယ်၊ ဆရာတော်ကျောင်းက မွေးလှချည်လားတဲ့၊ တစ်ကျောင်းလုံး ရေမွှေးတွေ ဖျန်းထားသလား၊ မဖျန်းပါဘူး ဒကာကြီးရာ မဖျန်းရင် ကြည့်အုံးဘုရား၊ ရေမွှေးပုလင်းလဲနေတယ်နဲ့တူတယ်တဲ့။ ကျုပ်ကျောင်း ရေမွှေး ပုလင်းမရှိပါဘူးဗျာ။ ဆရာတော်ကတော့ သိပြီ၊ ငါတစ်ယောက်တည်း မွေးတာ မဟုတ်ဘူး၊ စိတ်ထင်လို့မဟုတ်ဘူး၊ တကယ့်ကို မွေးတာပဲလို့၊ အဲဒီကျ စံချိန်က ကိုက်သွားပြီကောကိုး။

ကျောင်းကြီးပြင်ချင်တော့ ဘယ်လိုဖြစ်လဲဆိုတော့ မင်းကွန်းတိပိဋက

http://www.dhammadpwnload.com



ဆရာတော်ကြီး နေမကောင်းလို့ ဟောဒီ စကားဝါလမ်း၊ တိပိဋကကျောင်းကြီးကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ ပင့်ချလာတယ်။ ဟယ်လီကော်ပလာကြီးနဲ့ ရောက်တဲ့အခါ ဆရာဝန်တွေပြု၊ ဆေးတွေကုရော ပျောက်တော့ ဆရာတော်ကြီးက ကျုပ်ကို အမှတ်ရတယ်။ မန္တလေးက ဗန်းမော်ရကျောင်းတိုက်ကြီး ပြိုလဲခါနီးပြီ၊ ဒကာကြီးတို့ ပြင်လိုက်ကြ၊ ဦးသန်းရွှေကို ပြောလိုက်တော့ ဦးသန်းရွှေက သူ့တပည့်တစ်ယောက်ကို မင်းသွားပြင်ကွာ၊ သူ့တပည့်က ပြောတယ်၊ ကျောင်းကြီးကောင်းကောင်း ပြင်လိုက်ရမလား၊ အတော်အသင့် ပြင်လိုက်ရမလား ခင်ဗျားတဲ့။ ကောင်းကောင်းသာ ပြင်လိုက်စမ်းပါကွာလို့ ပြောလိုက်တော့ ဘုန်းဘုန်းကျောင်းကြီး အကောင်းကြီး ဖြစ်သွားတာပေါ့။

အခုလဲ တရားနာပရိသတ်တွေ ဘုန်းဘုန်းက စံချိန်ကိုက်အောင် ပြောလိုက်တာ၊ စံချိန်ကိုက်ဆောင်ရွက်ကြ၊ လိုချင်တာ အကုန်ရ၊ ရွတ်လိုက်လို့ ရှိရင် စံချိန်ကိုက် မကိုက် ကိုယ့်ဟာ ကိုယ်သာကြည့်ကြ။ ကိုက်ပြီဆိုရင် လိုတာတွေ အကုန်ရ။ ကိစ္စတွေ ပြီးပြီနော်။ နတ်တွေ ဗြဟ္မာတွေက အလုပ်လုပ်သွားကြတာ။ နောက်တော့နော် နေ့တိုင်းရွတ်ကြ၊ အဲလိုရွတ်ရင် လောကီကိစ္စသာမက လောကုတ္တရာမဂ်ဖိုလ်နိဗ္ဗာန်ထိအောင် သူက ကျေးဇူးပြုပါတယ်။

ယုံကြည်ကြရဲ့ မဟုတ်လား။ ယုံကြည်တဲ့အတိုင်း ကြိုးစားကြ၊ ကဲ-ဒီနေ့ တော်ကြဦးစို့။

သာဓု သာဓု သာဓု

http://www.dhammadpwnload.com

သာသနာတော်နှစ်(၂၅၅၃)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၇၁)ခုနှစ်၊ နယုန်လဆန်း(၁၅)ရက် ခရစ်နှစ်(၂၀၀၉)ခု၊ ဇွန်လ(၇)ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း၊ ကံမြင့် ကျောင်းတိုက်မွှောရုံ၊ ယနေ့ တရားပွဲအလှူရှင် မ,တည် ပြီးတော့ လှူတဲ့ ဒါယကာ ဦးအင်စိုင်+ဒေါ်သန်းကြည် မိသားတစ်စုတို့က လှူဒါန်းပါတယ်။ တိုက်နံပါတ် ၂၀-၂၄၊ အခန်း(၂၀၅)၊ ၂-လမ်း၊ အမှတ်(၄)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဘုန်းဘုန်းတို့ အခု ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း၊ အဓိပတိပစ္စည်း၊ အနန္တရပစ္စည်း ၄-ပစ္စည်းရောက်လာပါပြီ၊ ဟေတုပစ္စည်း အကြောင်းတရားက ဟိတ် ၆-ပါး၊ အကုသိုလ်ဟိတ်က ၃-ပါး၊ ကုသိုလ်ဟိတ်က ၃-ပါး၊ အဗျာကတဟိတ်က ၃-ပါး၊ အကုသိုလ်ဟိတ် ၃-ပါးဆိုတော့ ဘာတွေတုန်း··· (သံပြိုင်) (လောဘ၊ ဒေါသ၊ မောဟ)။ အေး သူက အမြစ် ၃-ချောင်း အကုသိုလ်မယ် အမြစ်တွယ်တယ် သူက၊ အကုသိုလ်အမြစ်၊ ဟိတ် ၃-ပါး၊ ဟေတုပစ္စည်း ကုသိုလ်ဘက်က အလောဘ၊ အဒေါသ၊ အမောဟ၊ ဟိတ်

http://www.dhammadpwnload.com



၃-ပါး၊ အမြစ် ၃-ချောင်း၊ ၆-ခုသောတရား၊ စေတသိက်တရားတွေက ပစ္စည်း၊ သူနဲ့ယှဉ်တဲ့စိတ်၊ စေတသိက်၊ တွဲဘက် သူတို့ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ္တဇရုပ်တွေက ပစ္စုပ္ပန်၊ အကျိုးတရား။ ဟိတ် ၆-ပါးက၊ အမြစ် ၆-ပါးက နာမ်တရား၊ သူနဲ့တွဲဘက်စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တွေက ရုပ်နာမ်တရား(၂)ပါး၊ အဲဒါကြောင့် ရုပ်နဲ့နာမ်နဲ့(၂)ပါးတည်းရှိတယ်။ ဟိုး ဒီ့ပြင်ဘာသာခြားတွေလို အတ္တဆိုတဲ့ အကောင်လေးတစ်ကောင် အပိုမရှိဘူး။ အေး အဲဒါ နာမရူပပရိစ္ဆေဒဉာဏ်၊ ဒီပြင်ဘာသာတွေက လူ့ခန္ဓာကိုယ်ထဲမှာ အတ္တဆိုတဲ့အကောင်လေး တစ်ကောင် ရှိသေးတယ်။ သူကနော် အဲဒီအကောင်လေး မရှိဘူး၊ မြတ်စွာဘုရားက အနတ္တ၊ ဒီခန္ဓာကိုယ်ထဲမှာ ရုပ်တရား၊ နာမ်တရား ဘယ်နှစ်မျိုးပဲရှိတုန်း····(နှစ်မျိုးပါဘုရား)။ အေး နှစ်မျိုးပဲ ရှိတယ်။

အတ္တဆိုတဲ့ အကောင်လေးမရှိဘူးလို့ သိစေချင်လို့ မြတ်စွာဘုရားက နာမရူပပရိစ္ဆေဒဉာဏ် သဘောပေါက်ပြီနော်···အေး-အဲဒီမှာလည်းဘဲ လောဘ၊ ဒေါသ၊ မောဟ အမြစ် ၃-ချောင်း၊ အကုသိုလ်အမြစ် ၃-ချောင်း၊ အလောဘ၊ အဒေါသ၊ အမောဟ ကုသိုလ်အမြစ် ၃-ချောင်း၊ သူတို့ ၆-ခုသော စေတသိက်တွေက အကြောင်းတရား၊ သူနဲ့ယှဉ်တဲ့ စိတ်စေတသိက်၊ စိတ္တဇရုပ်တွေက အကျိုးတရား၊ အကြောင့်တရားကြောင့် အကျိုးတရား ဖြစ်ပေါ်နေတာ၊ ဗြဟ္မာ၊ ဗိဿနိုး စတဲ့ တန်ခိုးရှင် ဖန်ဆင်းလို့ ဖြစ်တာ မဟုတ်ဘူး။ သဘောပေါက်တယ်နော်။ အဲဒီလို တန်ခိုးရှင်ကို ပယ်လိုက်တဲ့အတွက် ဒါ တန်ခိုးရှင် ခရီယေတာကို ပယ်တာ သူကနော်၊ ခရီယေတာလို့ခေါ်တဲ့ ဖန်ဆင်းရှင်၊ ခရစ္စယန်တို့ဆိုရင် ဂေါ့က ဖန်ဆင်းတာ၊ မွတ်စလင်တို့ဆိုရင် အလ္လာရှင်မြတ်ကြီးက ဖန်ဆင်းတာ၊ ဟိန္ဒူတွေကျတော့ ဗြဟ္မာကြီးက ဖန်ဆင်းတာ၊ အဲလို

http://www.dhammadpwnload.com



ဖန်ဆင်းလို့ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ သတ္တဝါတွေ အားလုံး သစ်ပင်၊ တောတောင်၊ ရေ၊ မြေတွေအားလုံး ဖန်ဆင်းလို့ ဖြစ်နေတာလို့ ဒီပြင် ဘာသာတွေက အဲလိုယူတယ်။ မြတ်စွာဘုရားအလိုက အဲလို ဖန်ဆင်းလို့ဖြစ်တာ မဟုတ်ဘူး၊ ပစ္စည်းအကြောင်းတရားကြောင့် အကျိုးတရားတွေ ဖြစ်နေတာ။ ဖန်ဆင်းလို့ဖြစ်တာမဟုတ်ဘူးလို့ ဖန်ဆင်းရှင်ကို ပယ်လိုက်တာ၊ ပစ္စယပရိဂ္ဂဟ ဉာဏ်နော်...။

အေး နာမရူပပရိစ္ဆေဒဉာဏ်က အတ္တကိုပယ်တယ်၊ ပစ္စယပရိဂ္ဂဟ ဉာဏ်က တန်ခိုးရှင် ဖန်ဆင်းရှင်ကိုပယ်တယ်၊ ဒီဉာဏ်နှစ်ပါး ရလိုက်တယ်ဆိုရင်ပဲ စူဠသောတာပန် ဖြစ်တယ်တဲ့။ ဒီပဋ္ဌာန်းတရား နာရတဲ့အတွက် ပစ္စယပရိဂ္ဂဟဉာဏ်၊ အကောင်းဆုံးဉာဏ်ရပါတယ်။ သူ့ထက် ကောင်းတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်မရှိတော့ဘူး။ ပဋ္ဌာန်းတရားတော်ဟာ အကောင်းဆုံး အကြောင်း၊ အကျိုး၊ အကြောင်း ၂၄-ပါး၊ အကျိုး ၂၄-ပါး ပြောပြတာနော်။ အေး-ဒို့အလွန်တရာ ကောင်းမွန်တဲ့ ပဋ္ဌာန်းတရား နာကြားရတယ်၊ ဒီလို ဝမ်းသာရမယ်နော်။

ဘုန်းဘုန်းလည်းပဲ အခု အသက် ၈၀-ရှိပြီ။ ဒါ့ထက်ကြီးလာလို့ရှိရင် ဒီလို ပဋ္ဌာန်းတရားတွေ ဟောချင်မှ ဟောနိုင်တော့မယ်ပေါ့နော်။ ကြိုးစားပြီးတော့ နာပါ။ ဘုန်းဘုန်းက ပဋ္ဌာန်းနဲ့ အကျိုးပေးပါတယ်။ အခု တိပိဋကရေ (၁၁)ပါးရှိတာ ဘုန်းဘုန်းတပည့်(၆)ပါးရှိတယ်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး၊ တိပိဋကနိကာယကျောင်းတိုက်ဆိုတာ တည်ထောင်ထားတယ်၊ တိပိဋကရေ တစ်ပါးမှ မပေါ်သေးဘူးဗျ၊ အဲတော့ ဆရာတော်က လျှောက်ပေး

http://www.dhammadpwnload.com



တာ၊ တပည့်တော် ပဋ္ဌာန်းချပေးလိုက်ပါ့မယ်ဘုရား။

သူတို့ ပဋ္ဌာန်းတွေ ကျကျနေတယ်ပြောတယ်။ ဖြစ်ပါ့မလား ဘုရားတဲ့။ ဆရာတော်က ဖြစ်ပါတယ်ဘုရားလို့ တပည့်တော် ပဋ္ဌာန်း(၇)ခေါက် လိုက်တယ်။ ဆရာ့ဆီ၊ ချတာက အခေါက်ပေါင်း မြောက်မြားစွာရှိပြီဘုရား၊ တပည့်တော် ချပေးလိုက်မယ်ဆို ချပေးလိုက်တာ၊ ပထမဦးဆုံး ဦးဝါယာမိန္ဒ တစ်ပါးတည်းချတယ်၊ တစ်ပါးတည်းအောင်တယ်နော်၊ နောက် ဒုတိယ ဦးသီလက္ခန္ဓ နဲ့ ဦးဝံသပါလ နှစ်ပါးချတယ်၊ နှစ်ပါးလုံးအောင်တယ်၊ နောက် တတိယ ဦးဂန္ဓမာ တဲ့ တစ်ပါးတည်းချတယ်၊ တစ်ပါးတည်း အောင်တယ်နော်၊ နောက် စတုတ္ထကြတော့ ရန်ကုန် ထေရဝါဒတက္ကသိုလ်ရောက်လာပြီ၊ အဲဒီအခါ ကြတော့ ဦးဣန္ဒပါလနဲ့ ဘောက်ထောက် စွန်းလွန်းက ဦးသုန္ဒရတဲ့ နှစ်ပါး လာတက်ကြတယ်။ သူတို့လည်း နှစ်ပါးလုံး အောင်တယ်။

ဘုန်းဘုန်းတပည့် တိပိဋကရေ ၆-ပါးရှိပါတယ်။ အခု နောက်ထပ် အောင်တာကတော့ စစ်ကိုင်းတောင်ရိုး၊ သုဗောဓာရုံက ဦးအဘိဇာတတဲ့၊ သူလဲ တိပိဋကအောင်သွားပါပြီ၊ ၇-ပါးပေါ့နော်၊ ကြွားချင်လို့ မဟုတ်ပါဘူး၊ ပဋ္ဌာန်းအကျိုးပေးပါတယ်လို့ ပြောချင်တာပါ၊ ပဋ္ဌာန်းအကျိုးပေးလို့ ဗန်းမော် တိုက်ကြီးလဲ ကောင်းသွားတယ်၊ မနေ့က ပြောပြီးပြီနော်၊ ဘုန်းဘုန်းတို့ စံချိန်ကိုက်အောင် ပဋ္ဌာန်းရွတ်ကြပါအုံး၊ ဘုန်းဘုန်း အမွေလေးရသွားအောင်နော်၊ ငယ်ငယ်ထဲက တစ္ဆေတွေ၊ သရဲတွေဆို အလွန်ကြည့်ချင်တာ၊ တစ္ဆေသရဲရှိတဲ့ နေရာတွေ သွားအိပ်၊ သင်္ချိုင်းကုန်းတွေသွား၊ မတွေ့ရဘူး၊ နတ်တွေရှိတယ်ဆိုတဲ့ သစ်ပင်ကြီးတွေ၊ သင်္ချိုင်းတွေသွား မတွေ့ရဘူး၊ ဘယ်လိုလုပ်ရပါ့မလဲလို့

http://www.dhammadpwnload.com



စဉ်းစား၊ နောက်တော့ ပဋ္ဌာန်းရွတ်လို့ မွေးကြိုင်လာတော့မှ အော်- နတ်တွေ ရှိတာကိုးလို့၊ ကဲ နတ်တို့ ဗြဟ္မာတို့ ခင်ဗျားတို့လာတာ ကျုပ်နှာခေါင်းကတော့ သိပြီဗျာ၊ မွေးကြိုင်လာလို့၊ မျက်လုံးနဲ့ မြင်ချင်တာ၊ ပြစမ်းပါလို့ ပြောလိုက်တာ၊ ပြောတုန်းတော့ မပြဘူး။

မနက်အစောကြီး ၄-နာရီလောက် ဘုန်းဘုန်းထတဲ့အခါ နတ်သား တစ်ယောက်၊ နတ်သမီးတစ်ယောက် ဘုန်းဘုန်းဆီ လာပါတယ်။ သူတို့ ကိုယ်ထင်ပြသွားတယ်၊ ဘုန်းဘုန်း ကြည့်ချင်တဲ့ နတ်တို့ ဗြဟ္မာတို့ မြင်ဖူး သွားတာပေါ့၊ ပရိသတ်ထဲက မြင်ဘူးကြရဲ့လား.... (မမြင်ဘူးပါဘုရား)။ မြင်ဖူးတဲ့သူ ရှားတယ်။ တစ္ဆေတွေ သရဲတွေ အခုထိတော့ မမြင်ဘူး သေးဘူး၊ ဒါပေမယ့် သိတော့ သိတယ်၊ စစ်ကိုင်းတောင်ရိုး တိပိဋကကျောင်းသွားပြီး ပဋ္ဌာန်းတွေ ချပေးတယ်၊ ဝိနည်းတွေ၊ သုတ္တန်တွေ ချပေး၊ မွှေးတဲ့အခါမွှေး၊ နံတဲ့အခါနံ၊ နံတဲ့အခါများ ပုပ်အက်လို့၊ နောက်တော့မှ သိသွားတယ်၊ တစ္ဆေတွေ သရဲတွေလာလို့၊ ခွေးတွေကလဲ အူပြီ၊ သူတို့လာတယ်ဆိုရင် ခွေးတွေ ရှိသမျှ စုအူကြတာပဲ။ တစ်ချို့ကြတော့ ခဲတွေနဲ့ပေါက်၊ ဘုန်းဘုန်းက သိပြီ၊ အော်- တစ္ဆေသရဲတွေ လာကြတာကိုး၊ ခြောက်ဖို့လာတာ မဟုတ်ဘူး၊ အမျှယူဖို့၊ ဘုန်းဘုန်း စာချတယ်၊ ဝိနည်း၊ သုတ္တန်ချတယ်၊ အဲဒီစာချတဲ့ ကုသိုလ်အဖို့ကို သင်တို့အား ပေးဝေပါ၏။ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ဆိုရင် ပျောက်သွားတာပဲ။ တစ္ဆေတွေ သရဲတွေလာရင် မကြောက်ကြနဲ့၊ အမျှလိုချင် လို့လာတာ၊ ဘုန်းဘုန်းတို့ကို တစ္ဆေသရဲတွေကလဲ အားကိုးတယ်၊ နတ်ဗြဟ္မာ တွေကလဲ အားကိုးတယ်၊ အခု ပရိသတ်တွေကလဲ ဘုန်းဘုန်းဆီက ပဋ္ဌာန်း

http://www.dhammadpwnload.com



တရားတွေ နားထောင်တယ်၊ နားကိစ္စ၊ ကိုယ့်ပါးစပ်နဲ့ ကိုယ်ရွတ်ကြ၊ ပြီးတော့မှ စိတ်ကိစ္စ၊ ဒါကအကြောင်းတရား၊ ဒါက အကျိုးတရားလို့ စိတ်ကူးတဲ့ မနသာနုပေက္ခိတ၊ နောက်ဆုံးအားထုတ်ရမှာက ဖြစ်၊ပျက်အားထုတ်ရမှာ။

ဟေတုပစ္စည်းဆိုရင် လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဒါ အကြောင်းတရား ၆-ခု၊ ကုသိုလ်အမြစ် ၃-ခု၊ အကုသိုလ်အမြစ် ၃-ခု၊ အကြောင်းတရားတွေလဲ ဖြစ်ပြီးပျက်၊ သူတို့ကြောင့်ဖြစ်တဲ့ စိတ်စေတသိက်အကျိုးတရားတွေလဲ ဖြစ်ပြီးပျက်၊ အဲဒါ စတုတ္ထကိစ္စ၊ တရား နာရင် အဲဒီလို ၄-ကိစ္စပြီးအောင် နာရတယ်တဲ့၊ ပထမ-နားကိစ္စ၊ ဒုတိယ-နှုတ်ကိစ္စ၊ တတိယ-စိတ်ကိစ္စ၊ စတုတ္ထ-အနိစ္စ ဒုက္ခ အနတ္တ ဆိုပြီး တရား သဘောလေးတွေကို ရှု၊ ဘုန်းဘုန်းဟောနေတဲ့ အသံတွေလဲ ရှုလို့ရတာပဲ။ ဟောနေတဲ့အသံတွေ တစ်လုံးပြီးတစ်လုံး ဖြစ်ပြီးပျက်နေတာ မဟုတ်လား။ အဲ အနိစ္စလို့ ရှုလိုက်ရင် တချို့ မဂ်ဖိုလ် ရသွားတယ်။ မရလဲ ကိစ္စမရှိဘူး၊ သောတာနုဂတသုတ်နဲ့ မဂ်ဖိုလ်မရဘူးဘုရား ဆိုရင် သေခါနီးမှာ ရတတ် တယ်တဲ့၊ သေခါနီးကျလာတဲ့အခါ အဲဒီမှာ ကြိုးစားရှုလိုက်တော့ မဂ်ဖိုလ် နိဗ္ဗာန်ချက်ချင်းရနိုင်ပါတယ်။ သေခါနီးမရလဲ မစိုးရိမ်ရဘူး၊ နတ်ပြည်ရောက်တဲ့ အခါ တန်းရတာဘဲ။

ဘုရားလက်ထက်က ဦးဇင်းလေးတစ်ပါး ဘုရားဆီက တရားနာ၊ တင်ပလ္လင်ခွေလေး တရားအားထုတ်နေတာ၊ အားထုတ်ရင်း ဝေဒနာတွေ ပြင်းပြီး စုတိစိတ်ကျသွားတယ်၊ ပျံတော်မူသွားတယ်၊ ထိုင်လျက် ပျံလွန်တော် မူသွားတယ်။ သူက ပျံလွန်မှန်းလဲမသိဘူး၊ နတ်ပြည် ရောက်တော့လဲ

http://www.dhammadpwnload.com



တင်ပလ္လင်ခွေနဲ့ ရှုနေတုန်းရှိသေးတယ်၊ ရှုနေရင်း စုတိစိတ်နဲ့ ရှေ့က ဝိပဿနာ ဇောစိတ်အရှိန်ကြောင့် ဟိုဘက်မယ် တိဟိတ်ပဋိသန္ဓေတည်နေလိုက်၊ တည်နေတော့ တိဟိတ်ပဋိသန္ဓေဉာဏ်ရဲ့အစွမ်းနဲ့ ဝိပဿနာဉာဏ် ပေါင်းလိုက်တော့ သောတာပန် ဖြစ်သွားတယ်၊ ဒီတော့မှ တော်သေးတယ်၊ ဘုရားသာသနာမှာ သောတာပန်တော့ဖြစ်ပြီဆိုပြီး ဝမ်းသာတယ်၊ ဒါက မဂ်တရား၊ ဒါက ဖိုလ်တရား၊ ဒါက နိဗ္ဗာန်တရားလို့ ဆင်ခြင်တယ်၊ အဲဒီလို ဆင်ခြင်နေတော့ ဘေးက နတ်သားနတ်သမီးတွေက ဟာ နတ်သားတစ်ယောက် နတ်ပြည်ရောက်လာတယ်ဟော့ဆိုပြီး မိတ်ဖွဲ့ဖို့လာကြတယ်။ အတီးအမှုတ်တွေ၊ စောင်းတွေ ပိုက်ပြီး လာကြတယ်၊ အနားရောက်တော့ တင်ပလ္လင်ခွေ မျက်လွှာချထားတော့ ဟင် ဘုန်းကြီးလူထွက်နဲ့ တူပါရဲ့၊ တင်ပလ္လင်ကြီးခွေ၊ မျက်လွှာကြီးချ၊ ဘုန်းကြီးလူထွက်နေမှာပါ၊ မကြားတကြားလေး ပြောလိုက်တော့ မျက်စိဖွင့်ကြည့်မှ ဟာ ငါ နတ်ပြည်ရောက်နေပါလား။ အဲဒီကျမှ သိတယ်တဲ့။ တော်သေးရဲ့၊ သောတာပန်တော့တည်ပြီဆိုပြီး ဘုရားထံလာလျှောက်တယ်။

ဆရာတော်ပြောလိုရင်းက ဝိပဿနာရှု၊ မရသေးရင် သေခါနီးရမယ်၊ သေခါနီးမရသေးရင် နတ်ပြည်ရောက်ရင်ရမယ်၊ နတ်ပြည်ရောက်လို့ မရရင်လဲ နတ်ပြည်မှာ ဓမ္မကထိကနတ်တွေ၊ ဗြဟ္မာတွေ အလှည့်ကျ တရားဟောတာတဲ့၊ အဲဒီတရားပွဲတွေမှာ ရတယ်တဲ့၊ အဲဒီ တရားပွဲတွေလဲ မရဘူးထား၊ မစိုးရိမ်နဲ့၊ သာသနာပ ဘုရားသာသနာကုန်သွားတဲ့အခါ ကိုယ့်ဟာကိုယ် တရားသိတဲ့ အရှင်ပစ္စေကဗုဒ္ဓါဖြစ်တယ်တဲ့ မြတ်စွာဘုရားဟောတာ။

အေး-သောတာနုဂတသုတ္တန်အရ ဒယကာကြီးတို့ကော ဒါယိကာမ

http://www.dhammadpwnload.com



ကြီးတို့ ဒါယိကာမလေးတို့ ဘာမှ အားမငယ်နဲ့ မဂ်ဖိုလ်နိဗ္ဗာန် ကေန်ရမှာ၊ ဘုန်းဘုန်း တို့ကတော့ ဒီလို ဆုတောင်းထားတာ၊ ငါ မဂ်ဖိုလ်နိဗ္ဗာန် မယူသေးဘူး၊ အရိမေတ္တေယျဘုရားပွင့်တဲ့အခါ ဘုရားသာသနာမှာ မိုးပျံမြေလျှိုး တန်ခိုးကြီး တဲ့သူ ရဟန္တာလုပ်မယ်လို့ အောက်မေ့ထားပါတယ်။ ရံခါလဲ ပြောင်းသွားတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိတတ်သေးတယ်၊ ပြောလိုက်လို့ အချိန်နှောင်း သွားမှာလဲ စိုးရသေးတယ်။

သီဟိုဠ်ကျွန်းမှာ ဆရာတော် ၁-ပါး နေမကောင်းဘူး၊ ဖျားတယ်၊ အသဲ အသန်ဖြစ်တော့ အနားရှိတဲ့သူတွေက သီလ သမာဓိနဲ့ ပြည့်စုံတဲ့ ဆရာတော်ကြီး ပရိနိဗ္ဗာန် စံတော့မယ်ဆိုပြီးတော့ လာကြ၊ လှူကြ၊ တန်းကြ၊ ရှိခိုးကြပေါ့၊ သူရဲ့ ဥပဋ္ဌာက သူနာပြု ဦးဇင်းလေးက ဆရာတော်ကြီးကို မေးသတဲ့၊ ဆရာတော်ဘုရား၊ ဘယ်တုန်းက ရဟန္တာဖြစ်တာတုန်းဘုရား၊ အေးကွ-ငါမဖြစ်ပါဘူး၊ ငါပုထုဇဉ်ပဲရှိသေးတယ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာမဟုတ်သေးဘူး၊ ဒုက္ခပါပဲဘုရားလို့ ဦးဇင်းလေးက ပြောသတဲ့။

ဟာ-ဦးဇင်း၊ ဘာဖြစ်လို့ ဒုက္ခလို့ ပြောရတာလဲဆိုတော့ အရှင်ဘုရားကို အထင်ကြီးပြီး ရဟန္တာပုဂ္ဂိုလ်ကြီး ပရိနိဗ္ဗာန်စံတော့မယ်ဆိုပြီး လူတွေလာကြတာ အများကြီး၊ အရှင်ဘုရား ဘာမှမဖြစ်သေးဘူး၊ သောတာပန်တောင် မဖြစ်သေးဘူးဆိုတော့ ဒုက္ခပေါ့ဘုရား၊ လူတွေ အားငယ်ကုန်ကြမှာပေါ့။ အေး မင်းအခန်းအပြင်ဘက် ထွက်လိုက်စမ်းပါဦး၊ ဆရာတော်ကြီးက ဦးဇင်းလေးကို အခန်းအပြင်ဘက်ထွက်ခိုင်းပြီး ငါ့ကို ထူပေးခဲ့အုံးဆိုပြီး ထူခိုင်းတယ်၊

http://www.dhammadpwnload.com



ထိုင်ရက်လေး ဖြစ်နေတော့မှ ခဏ တရားနှလုံးသွင်းလိုက်တာ ချက်ချင်းပဲ ရဟန္တာဖြစ်တယ်။ ရဟန္တာဖြစ်တော့ လက်ဖျောက်တီးခေါ်တယ်၊ ဦးဇင်းလေးက ပြန်လာ၊ ဆရာတော်ဘာများ အလိုရှိတုန်း၊ ငါ ရဟန္တာဖြစ်ပြီကွာ၊ မင်းဒုက္ခပါပဲ ဆိုလို့ ငါသံဝေဂရလို့။ မြန်လှချည်လှပါဘုရား၊ ဟုတ်မှဟုတ်ကဲ့လား၊ အေး မင်းက မြန်တယ်သာပြောနေတာ၊ ငါက သိမ်ထဲမှာ ရဟန်းခံကထဲက သီလ ပြည့်စုံအောင်နေတာ၊ ခက်တာက သီလပြည့်စုံဖို့၊ သမာဓိရှိဖို့ပဲ။ သီလ သမာဓိရှိရင် ပညာက ခဏလေးရယ်။ မိနစ်ပိုင်းလေးအတွင်း သူ ရဟန္တာ ဖြစ်သွားတာ၊ အေး အဲဒါကြောင့် ယခုတရားနာ ပရိသတ်တွေလဲ ကိုယ့်သီလ လုံခြုံအောင်နေ၊ သမာဓိလုံခြုံအောင် ဘုရားဂုဏ်တော်ပုတီးစိပ်၊ မေတ္တာပွား၊ ပြီးတော့မှ ပဌာန်းတရားဆက်လိုက်၊ ကေန္တရတယ်။ ဘာမှ မစိုးရိမ်နဲ့၊ ကဲ တရားဆက်လိုက်ကြဦးစို့။

မနေ့က အနန္တရပစ္စည်း ၊ မြင်စိတ် ကြားစိတ် နံစိတ် လျက်စိတ် ထိသိစိတ်၊ အကုသိုလ် ဘက်က ၅-ခု၊ ကုသိုလ်ဘက်က ၅-ခုဆိုတော့ ၁၀-ခုပြီးသွားတာပေါ့နော်။ မကောင်းတာ မြင်တော့ အကုသလဝိပါက်စက္ခု ဝိညာဏ်၊ ကောင်းတာမြင်တော့ ကုသလဝိပါက် စက္ခုဝိညာဏ်၊ ပန်းလှလှလေး တွေ မြင်တယ်ဆိုရင် ကုသလဝိပါက် စက္ခုဝိညာဏ်၊ မကောင်းတာတွေ ချေးတွေ သေးတွေ အပုပ်အစပ်တွေမြင်ရရင် အကုသလဝိပါက် စက္ခုဝိညာဏ် လို့ဆင်ခြင်၊ အသံလဲ အတူတူပဲ မကောင်းတဲ့အသံတွေကြားရင် အကုသလ ဝိပါက် သောတဝိညာဏ်၊ ကောင်းတဲ့ အသံတွေ၊ တရားသံတွေ ရုပ်ရှင်မင်းသား တွေဆိုတဲ့ အသံတွေကြားရင် ကုသလဝိပါက် သောတဝိညာဏ်၊ ဒီတော့

http://www.dhammadpwnload.com



မြင်စိတ်က ၂-မျိုး၊ ကြားစိတ်က ၂-မျိုး၊ နံစိတ်က ၂-မျိုး၊ လျက်စိတ်က ၂-မျိုး၊ ထိသိစိတ်က ၂-မျိုး၊ အဲဒါကို ဒွေပဉ္စ ဝိညာဏ်လို့ခေါ်တယ်။ ဒွေက ၂၊ ပဉ္စက -၅၊ ၂ နဲ့ ၅ မြှောက် = ၁၀ မျိုးရတယ်။

နောက် အကြောင်းညီညွတ်ရင် ဘောလေးတစ်ချပ်ထား၊ ရေးပြရ တာပေါ့နော်။ ခုတော့ ပြောပြပါ့မယ်၊ စိတ်တည်ပုံက အတီတဘဝင်...တဒါရုံ ၂-ကြိမ်၊ ဘဝင်၊ ဘဝင်၊ အဲဒါစိတ် အစဉ်ပဲ၊ မြင်စိတ်အစဉ်၊ ကြားစိတ်၊ နံစိတ်၊ လျက်စိတ်၊ ထိစိတ်လဲ ဒီတိုင်းပဲ၊ အဲဒီလို စိတ် အစဉ်ရှိတော့ ရှေ့စိတ်ကပစ္စည်း၊ နောက်စိတ်က ပစ္စယုပ္ပန်၊ ပစ္စည်းပစ္စယုပ္ပန်ပဲ။ ရှေ့စိတ်က အကြောင်း၊ နောက်စိတ်ကအကျိုး၊ အတီတဘဝင်သည် ပစ္စည်း၊ ဘဝင်္ဂစလန သည် ပစ္စယုပ္ပန်၊ ဘဝင်္ဂစလနသည် ပစ္စည်း၊ ဘဝင်္ဂုပစ္ဆေဒသည် ပစ္စယုပ္ပန်၊ ဘဝင်္ဂုပစ္ဆေဒသည်ပစ္စည်း၊ ပဉ္စဒွါရာ ဝဇ္ဇန်းသည် ပစ္စယုပ္ပန်၊ ပဉ္စဒွါရဝဇ္ဇန်းသည် ပစ္စည်း၊ စက္ခုဝိညာဏ်သည် ပစ္စယုပ္ပန်၊ စက္ခု ဝိညာဏ်သည်ပစ္စည်း၊ သမ္ပဋိစ္ဆိုင်း သည် ပစ္စယုပ္ပန်၊ သမ္ပဋိစ္ဆိုင်းသည် ပစ္စည်း၊ သန္တီရဏသည် ပစ္စယုပ္ပန်၊ သန္တီရဏသည်ပစ္စည်း၊ ဝုဋ္ဌောသည် ပစ္စယုပ္ပန်၊ ဝုဋ္ဌောသည်ပစ္စည်း၊ ပထမဇော သည် ပစ္စယုပ္ပန်၊ ဇောက ၇-ကြိမ် ရှိတယ်၊ ပထမဇောသည် ပစ္စည်း၊ ဒုတိယဇောသည် ပစ္စယုပ္ပန် (ပ) သတ္တမဇောသည် ပစ္စယုပ္ပန်၊ သတ္တမဇောသည် ပစ္စည်း၊ ပထမ တဒါရုံသည် ပစ္စယုပ္ပန်၊ ပထမတဒါရုံသည်ပစ္စည်း၊ ဒုတိယ တဒါရုံသည် ပစ္စယုပ္ပန်၊ ဒုတိယ တဒါရုံသည် ပစ္စည်း၊ ဘဝင်သည် ပစ္စယုပ္ပန်၊ တိုတိုပြောစမ်းပါဆိုရင် ရှေ့စိတ်သည်ပစ္စည်း၊ နောက်စိတ်သည် ပစ္စယုပ္ပန်။

အနန္တရ-ကြားမရှိဘူးဆိုတာ ရှေ့စိတ်နဲ့ နောက်စိတ်ကြား ဘယ်စိတ်မှ

http://www.dhammadpwnload.com



မဝင်ဘူး၊ သူ့အစဉ်အတိုင်း သူဖြစ်တာနော်၊ ဒါ စိတ္တနိယာမလို့ခေါ်တယ်။ စိတ်ရဲ့ သဘောတံထွာ ဓမ္မတာတဲ့၊ ဒီလိုဖြစ်တာ ဘုရားမှသိတာ၊ ဘုန်းဘုန်းတို့ ယခု ၁၀-ခု ပြီးသွားပြီ။

ကုသိုလ် ကုသိုလ်ချင်း၊ အကုသိုလ် အကုသိုလ်ချင်း၊ အဗျာကတ အဗျာကတချင်း။ မနေ့က အဆက်ကလေး ကြည့်လိုက်ပါဦး၊ ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော၊ ပုရိမာ… … … အဗျာကတာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ရှေးရှေးကုသိုလ်ကပစ္စည်း၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ နောက်နောက် ကုသိုလ်က ပစ္စယုပ္ပန်၊ ပထမဇောသည် ပစ္စည်း၊ ဒုတိယဇောသည် ပစ္စယုပ္ပန်၊ (ပ) သတ္တမဇောသည် ပစ္စယုပ္ပန်၊ ရှေ့ကုသိုလ်ဇောကပစ္စည်း၊ နောက်ကုသိုလ်ဇောက ပစ္စယုပ္ပန်။

ဒုတိယဝါကျကြတော့ ပုရိမာ …… (ပ) အဗျာကတာနံ ဓမ္မာနံ …..ပစ္စယော။ အဲဒါကျ သတ္တမဇောသည် ပစ္စည်း၊ သတ္တမဇောပြီးရင် တဒါရုံလာမှာ၊ တဒါရုံဆိုတာ၊ ဝိပါက်စိတ်နဲ့ သန္တီရဏ၊ ဝိပါက်စိတ်ရှစ်ခုနဲ့ သန္တီရဏ ၃-ခုကို တဒါရုံလို့ ခေါ်တယ်၊ အဲဒီ တဒါရုံကို အဗျာကတခေါ်တယ်။ ဒါကြောင့် ပုရိမာ ပုရိမာ ကုသလာကို ဓမ္မာ အရ ရှေ့သတ္တမဇောက ပစ္စည်း၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ … အရ နောင် တဒါရုံက ပစ္စယုပ္ပန်၊ ကုသိုလ်က အဗျာကတအား အနန္တရသတ္တိနဲ့ ကျေးဇူးပြုတယ်။ ဟုတ်ကဲ့လား။

ရှေ့ဇော ၇-ကြိမ်မှာ ကုသိုလ်သည် ကုသိုလ်အား၊ ခုဒီလဲကြရော ကုသိုလ်သည် အဗျာကတအား၊ ၂-ချက်၊ ကုသိုလ် ၂-ချက်ဖြစ်သလို၊

http://www.dhammadpwnload.com



အကုသိုလ်ကလဲ ၂-ချက်ဖြစ်မှာ၊ ဆိုကြည့်ပါဦး၊

ပုရိမာ ပုရိမာ  အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

အကုသိုလ်ဇော ဇောတယ်၊ အကုသိုလ်ဇော ၇-ကြိမ်၊ ပထမဇောသည် ပစ္စည်း ဒုတိယဇောသည် ပစ္စယုပ္ပန်၊ ပစ္စည်းကလဲ အကုသိုလ်၊ ပစ္စယုပ္ပန်ကလဲ အကုသိုလ်။ သတ္တမဇောကျ တဒါရုံကို ကျေးဇူးပြုတော့မှာ၊ အဲဒီကျတော့ အကုသိုလ်က ပစ္စည်း၊ အဗျာကတ က ပစ္စယုပ္ပန်၊ သတ္တမဇောသည် ပစ္စည်း၊ တဒါရုံသည် ပစ္စယုပ္ပန်၊ အကုသလော အဗျာကတဿ၊ အကုသိုလ် ဘက်က အဗျာကတအား ကျေးဇူးပြုတာနော်၊ ၄-ချက်ရှိသွားပြီ၊ ကုသိုလ် ၂-ချက်၊ အကုသိုလ် ၂-ချက်၊ ပြီးတော့ အဗျာကတကျ ၃-ချက်။

ပုရိမာ၂ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ၂ အဗျာကတာနံ ဓမ္မာနံ .... ပစ္စယော (ဒါတစ်ဝါကျ)

〃 〃 ကုသလာနံ ဓမ္မာနံ.............

〃 〃 အကုသလာနံ ဓမ္မာနံ ........

ပထမဝါကျမှာ ရှေ့ကလဲ ဝိပါက်ကြိယာ အဗျာကတ၊ နောက်ကလဲ ဝိပါက် ကြိယာ အဗျာကတ၊ အဲလိုဆိုရင် အဗျာကတော အဗျာကတဿ၊ အတီတဘဝင်သည် ပစ္စည်း၊ ဘဝင်္ဂစလနသည် ပစ္စယုပ္ပန်၊ ဘဝင်္ဂစလနသည် ပစ္စည်း၊ ဘဝင်္ဂုပစ္ဆေဒသည် ပစ္စယုပ္ပန်၊ ဒါလဲ အဗျာကတော အဗျာကတဿ၊ ရှေ့စိတ် နောက်စိတ် အဗျာကတ၊ ဘဝင်္ဂုပစ္ဆေဒသည် ပစ္စည်း၊ ပဥ္စဒွါရာဝဇ္ဇန်းသည် ပစ္စယုပ္ပန်၊ ဒါလဲ အဗျာကတော အဗျာကတဿပဲ။ ပဥ္စဒွါရာ

http://www.dhammadpwnload.com



ဝဋ္ဋနှန်းသည် ပစ္စည်း၊ စက္ခုဝိညာဏ်သည် ပစ္စယုပ္ပန်၊ အဗျာကတော၊ အဗျာကတဿပဲ။ စက္ခုဝိညာဏ်ပစ္စည်း၊ သမ္ပဋိစ္ဆိုင်းပစ္စယုပ္ပန်၊ အဗျာကတော အဗျာကတဿ၊ သမ္ပဋိစ္ဆိုင်းသည် ပစ္စည်း၊ သန္တီရဏသည် ပစ္စယုပ္ပန်။ အဗျာကတော အဗျာကတဿ၊ ဇောတွေကျတော့ ရဟန္တာပုဂ္ဂိုလ်မှာ ကြိယာ ဇောကျတယ်။ ပုထုဇဉ်သောတာပန်, သကဒါဂါမ်, အနာဂါမ်တွေကျ ကောင်းတာလုပ်ရင် ကုသိုလ်ဇော၊ မကောင်းတာလုပ်ရင် အကုသိုလ်ဇော၊ စောမယ်၊ ရဟန္တာကျတော့ ကုသိုလ်ဇော အကုသိုလ်ဇောမရှိတော့ဘူး။ ကြိယာဇောစောတယ်။

ရဟန္တာအတွက်ကျတော့ ပုရိမာ ပုရိမာ အဗျာကတာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာ ကတာနံ ခန္ဓာနံ အရ -

သန္တီရဏသည် ပစ္စည်း၊ ဝုဋ္ဌောသည် ပစ္စယုပ္ပန်၊ ဝုဋ္ဌောသည် ပစ္စည်း ပထမ ကြိယာဇောသည် ပစ္စယုပ္ပန်(ပ) သတ္တမဇောသည် ပစ္စယုပ္ပန်၊ သတ္တမဇောသည် ပစ္စည်း၊ ပထမ တဒါရုံသည် ပစ္စယုပ္ပန်၊ ပထမ တဒါရုံသည် ပစ္စည်း၊ ဒုတိယ တဒါရုံသည် ပစ္စယုပ္ပန်၊ ဒုတိယ တဒါရုံသည် ပစ္စည်း၊ ဘဝင်သည် ပစ္စယုပ္ပန်၊ ရှေ့စိတ်လဲ ဝိပါက် ကြိယာ၊ နောက်စိတ်လဲ ဝိပါက်ကြိယာ၊ အဗျာကတသည် အဗျာကတအားကျေးဇူးပြုတယ်၊ နောက်ဝါကျက-

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရ ပစ္စယေန ပစ္စယော၊ အဲဒါ ခုန ဝီထိချပြတဲ့ အထဲမှာ ဝုဋ္ဌော၊ ဇော ၇-ကြိမ်၊ ဝုဋ္ဌောနဲ့ ပထမဇောကို ပြောတာ။

ဝုဋ္ဌောက အဗျာကတတရား၊ ဝုဋ္ဌောဆိုတာ မနောဒွါရာဝဇ္ဇန်း၊ အဲဒီ

http://www.dhammadpwnload.com



မနောဒွါရာဝဇ္ဇန်း စိတ်သည် ပစ္စည်း၊ ကုသိုလ်ပထမဇောသည် ပစ္စယုပ္ပန်။ အဲဒီတော့ အဗျာကတကပစ္စည်း၊ ကုသိုလ်က ပစ္စယုပ္ပန်၊ အကုသိုလ်ဇော စောမယ်ဆိုရင်တော့ ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်းသည် ပစ္စည်း၊ အကုသိုလ် ပဌမဇောသည် ပစ္စယုပ္ပန်၊ ဆိုစမ်းပါ...(သံပြိုင်).... ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော၊ အေး ၇-ချက်၊ ကုသိုလ်က ၂-ချက်၊ အကုသိုလ်က ၂-ချက်၊ အဗျာကတက ၃-ချက်။

ပြီးတော့မှ မြတ်စွာဘုရားက အတိုချုပ်လေးပြောတာ၊ အာရမ္မဏ တုန်းက ယံယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဆိုသလို အနန္တရပစ္စည်း အတိုချုပ် ပြောစမ်းပါဘုရားဆိုရင် ရှေ့စိတ် စေတသိက်က ပစ္စည်း၊ နောက်စိတ် စေတသိက်က ပစ္စယုပ္ပန်၊ သူက ရုပ်တွေ မပါဘူး၊ စိတ်စေတသိက်ရုပ် နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထ ၄-ပါးထဲက စိတ်,စေတသိက် ၂-ပါးထဲ၊ ပစ္စည်းကလဲ စိတ်စေတသိက်၊ ပစ္စယုပ္ပန်ကလဲ စိတ်စေတသိက်၊ အဲဒါလေးဖတ်ကြည့် လိုက်ပါဦး။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ၊ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။ ဒါက အနန္တရပစ္စည်းရဲ့ အကျဉ်းချုပ်၊ လိုရင်း အနန္တရပစ္စည်း နားလည်ရင် သမနန္တရပစ္စည်းလဲ အတူတူပါပဲ။

တူရဲ့သားနဲ့ ဘာလို့ထပ်ဟောတာလဲဘုရားဆိုရင် နတ်တွေ ဗြဟ္မာ တွေကို တာဝတိံသာ ပင်လယ်ကသစ်ပင်ရင်းမှာ ဟောနေတာကိုး၊ တစ်သောင်း သော လောကဓါတ်က နတ်ဗြဟ္မာတွေမှာ အချို့က အနန္တရလို့ ဟောမှ

http://www.dhammadpwnload.com



နားလည်တာ၊ အချို့နတ်တွေ ဖြဟ္မာတွေကတော့ သမနန္တရလို့ ဟောမှ နားလည်တယ်။ အဲဒါကို ပုဂ္ဂလဋ္ဌာသယ ပုဂ္ဂိုလ်ရဲ့ အလိုလိုက်ပြီး ဘုရား ဟောတာတဲ့၊ တချို့နတ်တွေက အနန္တရပစ္စယေန ပစ္စယောလို့ ဟောမှ နားလည်တယ်၊ တချို့နတ်ဖြဟ္မာတွေ သမနန္တရပစ္စယေန ပစ္စယောလို့ ဟောမှ နားလည်တယ်။ မဂ်ဖိုလ်နိဗ္ဗာန် ရသွားတယ်တဲ့၊ ဘုရား တရားဟောတာက နတ်ဖြဟ္မာတွေ မဂ်ဖိုလ်နိဗ္ဗာန် ရဖို့ မဟုတ်လား။ သူတို့ရဖို့ ဟောခြင်း ဖြစ်ပါတယ်။ အော် မြတ်စွာဘုရားနှယ် အမောခံဟောတယ်လို့ ဒီလို မအောက်မေ့နဲ့နော်။

ပရိသတ်တွေလဲ သမနန္တရပစ္စည်းကို မနေ့ကလို ဟောလိုက်ပါဦး၊ ဟောပြီးရင် ခဏ နားလိုက်တာပေါ့။

သမနန္တရ ပစ္စယောတိ·····ပစ္စယော။ ၁၀-ဝါကျပြီးသွားပြီနော်၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်စိတ်၊ ထိသိစိတ်၊ မြင်စိတ်က ၂-မျိုး၊ ကြား၊ နံ၊ လျက်၊ ထိသိစိတ်က ၂-မျိုး၊ စိတ်ကူးစိတ်ကလေးရောပေါ့။ အခု ၁၀-ဝါကျ၊ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ လျက်တယ်၊ ထိသိတယ်၊ စိတ် ၁၀-မျိုး မြတ်စွာဘုရားဟောလိုက်တယ်၊ ဒီစိတ် ၁၀-မျိုး ရှုပြီးလဲ မဂ်ဖိုလ် နိဗ္ဗာန်ရတယ်။

ပြီးတော့မှ ရှေ့စိတ်ကပစ္စည်း၊ နောက်စိတ်က ပစ္စယုပ္ပန်၊ ကုသိုလ်က ၂-ချက်၊ အကုသိုလ်က ၂-ချက်၊ အဗျာကတက ၃-ချက်၊ ၇-ချက်ဆက်ဟောတယ်၊ အဲဒီ ၇-ချက် ဟောလိုက်ပါဦး။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

http://www.dhammadpwnload.com



ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဒါ(၇)ချက်၊ ကုသိုလ်(၂)ချက်၊ အကုသိုလ်(၂)ချက်၊ အဗျာကတ (၃)ချက်၊ ပြီးတော့မှ ဘုရားက သမနန္တရပစ္စည်း အကျဉ်းချုပ်တိုတိုလေး ပြောစမ်းပါဆိုရင် ရှေ့စိတ် စေတသိက်သည် ပစ္စည်း၊ နောက်စိတ်စေတသိက်သည် ပစ္စယုပ္ပန်၊ ရှေ့စိတ်စေတသိက်သည် အကြောင်းတရား၊ နောက်စိတ်စေတသိက်သည် အကျိုးတရား၊ သူ့ကျတော့ နာမရူပပရိစ္ဆေဒဉာဏ်မယ်။ နာမပဲပါတယ်။ ရူပ မပါဘူး။ အနန္တရ သမနန္တရပစ္စည်းတို့မှာ နာမပဲ ဟောတယ်။ စိတ်စေတသိက် တရားပဲဟောတယ်။ ရုပ်တွေက အနန္တရ ပစ္စည်းတပ်တယ်လို့ မရှိဘူး။ ဒီလို ရုပ်တွေ၊ ရေမြေ တောတောင်၊ သစ်ပင်

http://www.dhammadpwnload.com



ရုပ်တွေကော၊ လူ့ကိုယ်ထဲ ရှိတဲ့ ရုပ်တွေကော၊ သူတို့က ရှေ့ရုပ်က ဒီလို၊ နောက်ရုပ်က ဒီလို စဉ်လို့ သိပ်မရဘူး။ စိတ်စေတသိက် နာမ်တရားချည်း ဟောတယ်။ အကျဉ်းချုပ်လေး ဟောလိုက်ပါဦး။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ........တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း ပြီးပြီ။ အဲဒီမယ်၊ တရားသဘောလေး တွေက တဖြည်းဖြည်း ရင့်ကျက်လာတာ၊ သစ်ပင်များ သရက်သီးတွေ မှည့်မှည့် လာတယ် မဟုတ်လား။ အဲဒီလို တရားတွေ နေ့တိုင်း နေ့တိုင်း ဆင်ခြင်လိုက်ရင် ဉာဏ်တွေက တဖြေးဖြေးရင့်လာတာ၊ ရင့်လာရင် မှည့်သွားတယ် မဟုတ်လား၊ မှည့်သွားရင် မဂ်ဖိုလ်နိဗ္ဗာန်ရတော့မှာပေါ့ဗျာ။

ကိုယ်က လုပ်နေဖို့တော့ လိုတယ်ပေါ့။ နေ့တိုင်း စံချိန်ကိုက်အောင် လုပ်ကြ၊ တပည့်တော်တို့ စံချိန်ကိုက်အောင် မလုပ်နိုင်ဘူးဘုရား။ ဝမ်းစာ ရှာရတာ၊ စားဝတ်နေရေး ရှာရတာနဲ့ မကိုက်နိုင်ဘူးဆိုရင် ကိုက်နိုင်သလောက် ပေါ့လေ၊ မရွတ်ဘဲတော့ မနေနဲ့နော်။ ရွတ်မှ နှုတ်ကိစ္စပြီးမှာ၊ နားကိစ္စ၊ နှုတ်ကိစ္စ၊ စိတ်ကိစ္စ၊ ပညာကိစ္စ၊ ကိစ္စ ၄-ခု အလုပ်လုပ်ရမှာ၊ အဲဒီလို လုပ်မှ ရလားဘုရားဆိုရင် ရတယ်။ ရှုပါရုံ ရှုရင်းနဲ့ မဂ်ဖိုလ် နိဗ္ဗာန်ရတာ ဘုန်းဘုန်းပြောပြဦးမယ်နော်။ သီဟိုဠ်ကျွန်း၊ ဘုန်းတော်ကြီးတစ်ပါး နေ့တိုင်း ဘုရားရင်ပြင်ပေါ် တံမျက်စည်းလှည်းတယ်၊ ရွှေတိဂုံစေတီပေါ်မှာ တံမျက်စည်း လှည်းတဲ့အသင်း ရှိတယ်မဟုတ်လား။ အဲဒီလို နေ့တိုင်း ဘုရားရင်ပြင်ပေါ် တံမျက်စည်းလှည်းတယ်။

http://www.dhammadpwnload.com



တစ်နေ့တော့ မာရ်နတ်သားက အောက်မေ့တယ်တဲ့၊ ဒီကိုယ်တော်ကြီး ဟန်ဆောင် နေတာပါ။ ဟုတ်ချင်မှဟုတ်မှာ၊ နွားမကြီးယောင်ဆောင်ပြီး ကိုယ်တော်ကြီး ပုံထားတဲ့ အမှိုက်ပုံကြီး ခြေထောက်နဲ့ ယက်ပစ်လိုက်၊ ချိုနဲ့ထိုးပစ်လိုက်၊ အမှိုက်တွေပြန့်ကြဲပစ်လိုက်တာ ပေါ့။ ဟာ တော်တော်မိုက်တဲ့ နွားကြီးပဲ၊ ပြန်လှည်း၊ ပြန်ကျုံးပစ်လိုက်တာပေါ့။ နောက်နေ့ကျလဲ ဒီလိုပဲ၊ သူကလှည်းပြီးပုံထားတာကို မာရ်နတ်သားက နွားပေါက်ယောင်ဆောင်ပြီး ဖြန့်ကျဲပစ်လိုက်ပြန်ရော။

ဟ-ဒီနွား၊ တယ်ခက်ပါလား၊ မနေ့ကလိုပဲ၊ ပြန်လှည်းပြန်ကျုံး၊ နောက်တစ်နေ့ လာပြန်ရော၊ နောက်တစ်နေ့လာတော့ ဘုန်းကြီးကပြောသတဲ့၊ မင်း တယ်မိုက်တဲ့နွားပဲ၊ ရိုးရိုးနွား မဟုတ်ဘူး၊ မင်းမာရ်နတ်သား မဟုတ်လား၊ ဆရာတော်ကြီးက ငေါက်ပြောတော့ မာရ်နတ်သားက လိမ်မပြောရဲဘူး၊ ဟုတ်ပါတယ်ဘုရား၊ မင်းကို ဒဏ်ပေးမယ်၊ ဒီလောက်တောင် မိုက်တဲ့ကောင်၊ ငါ့ကိုနှိပ်စက်တာ၊ ဘယ်လိုပေးမှာလဲ ဘုရား၊ မင်းက သက်တော်ထင်ရှား ဘုရားကို မြင်ဘူးတယ်၊ ငါဒဏ်ပေးမှာက ဘုရားယောင်ဆောင်ပြီး ငါ့ကိုပြ၊ အဲဒါဆို ငါစိတ်ကျေမယ်၊ ဖန်ဆင်းတော့ ပြပါမယ်၊ ဘုရားနဲ့တူမယ် မဟုတ်ဘူး၊ ဘုရားက အစိန္တေယျ၊ အလွန်သပ္ပါယ်ပါတယ်ဘုရား။

မင်းဖန်ဆင်းနိုင်သဘောက် ဖန်ဆင်းပြကွာ၊ ဒီလိုဆိုရင် ကြည့် ဘုရားဆိုပြီး တောပုံ၊ တောင်ပုံကြီး ဖန်ဆင်းလိုက်တယ်၊ နောက်မှ သံဃာတော် ငါးရာနဲ့ ဘုရားဆွမ်းခံလာတဲ့ပုံလေး ဖန်ဆင်းပြလိုက်တယ်။ ကိုယ်တော်ကြီးက သဘောကျတာ၊ ရောင်ခြည်တော်တွေလွှတ်တာ ကြည့်ပြီးတော့ အော်··· သက်တော်ထင်ရှား ဘုရားမဟုတ်ဘဲနဲ့တောင် ကြည်ညိုစရာကောင်းလိုက်တာ၊

http://www.dhammadpwnload.com



ရောင်ခြည်တော်တွေ၊ အနိစ္စ၊ ရောင်ခြည်တော်တွေ တလက်လက်နဲ့ အနိစ္စ၊ အနိစ္စ လို့ ပွားလိုက်တာ တံမျက်စည်းလေးကိုင်ရင်း၊ ရဟန္တာဖြစ်သွားတာ၊ အဲဒါ ရူပါရုံအာရုံပြုပြီးတော့ ရဟန္တာ ဖြစ်ပါတယ်နော်။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ ဒါလေးတွေ ရွတ်ရင်းလဲ မင်္ဂဖိုလ်နိဗ္ဗာန် ရပါတယ်။ အေး အဲဒါကြောင့် ဒါလေး ရွတ်လိုက်ရင်ရတယ်ဆိုရင် ငါ့ပါးစပ်တော့ အဖိုးတန်သွားပြီလို့ အောက်မေ့နော်။ တကယ်လဲ အဖိုးတန်တယ်၊ မြတ်စွာဘုရား တရားတွေ ဒီမှာလာကိန်းသွားတာ၊ တရာတော်တွေ ကိန်းတယ်ဆိုရင် ရုပ်ကြီးက တခြားရုပ်နဲ့မတူဘူး၊ သူက အဖိုးတန်တယ်။

သံလိုက်တုံးလေးတွေ မြင်ဘူးတယ် မဟုတ်လား၊ သံလိုက်တုံးလေးကို သံမလိုက်တဲ့ဟာနဲ့ ပွတ်နေရင် အဲဒီဟာပါ သံလိုက်ဖြစ်သွားတယ်။ ဒီသံလိုက်ဓါတ်တွေက ဒီထဲကူးသွားတာနော်။ မြတ်စွာဘုရားရဲ့ တရားတော် ပဋ္ဌာန်း တရားတော်ဓါတ်တွေ အဲဒါတွေ ရွတ်ဖတ်သရဇ္ဈာယ်လိုက်တော့ နှုတ်ကနေ တစ်ကိုယ်လုံးဓါတ်တွေ ကူးသွားတာ၊ အဖိုးတန်တယ်ဗျာ၊ အဲလို ပုဂ္ဂိုလ်က အနှစ် ၂၀ ရွတ်ရင် သေရင် သူက ရဟန္တာကိုယ်လို မပုပ်တော့ဘူး။ အဲဒါကို ရေနံ့ချောင်း ရွှေစေတီဆရာတော်ကြီး လက်တွေ့စမ်းသပ်ဘူးတယ်။ သူ့တပည့်တွေကို မှာပြစ်ခဲ့တယ်။ မပုပ်ဘူး၊ ငါရဟန္တာမဟုတ်ဘူး၊ ပုထုဇဉ်ပဲ၊ ဒါပေမယ့် ငါ့ဆရာတော်က ဒီလို စာတွေ ရွတ်သရဇ္ဈာယ်တယ်၊ ဘုရားဂုဏ်တော်တွေ ပုတီးစိပ်တယ်၊ အနှစ် ၂၀-စိပ်ရင် အဲဒီဂုဏ်တော်တွေ အစွမ်းသတ္တိ၊ တရားတော်တွေ အစွမ်းသတ္တိ ဒီခန္ဓာကိုယ်က ရဟန္တာ ခန္ဓာကိုယ်လို မပုပ်တော့ဘူး၊ တကယ်ဟုတ်တယ်နော်။

http://www.dhammadpwnload.com



အဲဒါကြောင့် ဘုန်းဘုန်းက ရွတ်ဖတ်သရဇ္ဈာယ်သလို ရွတ်ဖတ်ပါ။ ဘုန်းဘုန်းက ရထားပေါ်သွားလဲ ရွတ်ဖတ်တာပဲ။ လေယာဉ်ပျံစီးသွားလဲ ရွတ်ဖတ်တာပဲ၊ အင်္ဂလန်သွားလဲ ၃-ခေါက် ရွတ်ဖတ်တယ်။ အင်္ဂလန်ကျတော့ ၁၂-နာရီလောက် စီးရတာ၊ တောက်လျှောက် မောင်းတာ၊ တော်ကြာ ပျင်းလိုက်ရင်း ပဋ္ဌာန်းပစ္စယနိဒ္ဒေသတစ်ခေါက်ရွတ်လိုက်၊ တစ်ခေါက် ရွတ်လိုက်၊ နောက်တစ်ခါ တစ်ခေါက်ရွတ်လိုက်၊ စင်္ကာပူသွားတော့လဲ ၃-ခေါက်ရွတ်တယ်၊ ဒီတရားတွေရဲ့ အရှိန်အဝါဟာ ဘုန်းဘုန်းခန္ဓာကိုယ်မှာ ထိမကုန်ဘူးလား။ သံလိုက်နဲ့ပွတ်လိုက်တော့ သံလိုက်မဟုတ်တဲ့ သံလဲ သံလိုက်ဖြစ်သွားသလို ဘုရားတရားတော်တွေ အရှိန်ဝါကြောင့် ဒီခန္ဓာကိုယ်ကြီး အပုပ်ကောင်ပေမယ့် မပုပ်တော့ဘူး။

မြတ်စွာဘုရားသခင် တရားတော်တွေ ဒို့သင်ရတယ် နာကြားရတယ်၊ မှတ်သားရတယ်၊ ရွတ်ဖတ်သရဇ္ဈာယ်ရတယ်၊ ဝမ်းသာရမှာနော်၊ နောက် တစ်ပစ္စည်း သွားကြည့်ရအောင်၊ နောက် တစ်ပစ္စည်းက ဘာတုန်း၊ သဟဇာတပစ္စည်း။

သူက ၅-ဝါကျရှိတယ်၊ ဘုန်းဘုန်းက အရင်ရွတ်ပြပါဦးမယ်။ သဟဇာတပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။

စတ္တာရော ခန္ဓာ အရူပိနောဆိုတာ နာမ်ခန္ဓာ ၄-ပါး၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ အဲဒီခန္ဓာ ၄-ပါး၊ အညမညံ- အညမညဿ၊ အချင်းချင်းအား သူကသမ္ဗန္ဓါန်၊ ခန္ဓာ ၄-ပါးမယ်၊ တစ်ပါးက ပစ္စည်းဆိုရင် ၃-ပါးက ပစ္စယုပ္ပန်၊ ၃-ပါးက ပစ္စည်းဆိုရင် ၁-ပါးက

http://www.dhammadpwnload.com



ပစ္စယုပ္ပန်၊ ၂-ပါးက ပစ္စည်းဆိုရင် ကျန်တဲ့ ၂-ပါးက ပစ္စယုပ္ပန်၊ ဒီလို အချင်းချင်း ကျေးဇူးပြုတယ်တဲ့၊ ပြီးတော့မှ စတ္တာရော မဟာဘူတာ အညမည် သဟဇာတပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ၊ မဟာဘူတာဆိုတာ မဟာဘုတ်၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဘုတ်ကြီး ၄-ပါးခေါ်တယ်။ ဓါတ်ကြီး ၄-ပါး၊ မြေ၊ ရေ၊ လေ၊ မီး၊ ပထဝီဓါတ်၊ အာပေါဓါတ်၊ ဝါယောဓါတ်၊ တေဇောဓါတ်၊ မြန်မာလိုဆိုရင် မြေ၊ ရေ၊ လေ၊ မီး

အဲဒီဓါတ်ကြီး လေးပါးကလဲ အချင်းချင်းအား တစ်ပါးသည် တစ်ပါးအား ကျေးဇူး ပြုတယ်။ ဥပမာ-မြေရေလေမီး ဓါတ်ကြီး ၄-ပါးမှာ ၁-ပါးက ပစ္စည်းဆိုရင် ၃-ပါးက ပစ္စယုပ္ပန်၊ ၃-ပါးက ပစ္စည်းဆိုရင် ၁-ပါးက ပစ္စယုပ္ပန်၊ ၂-ပါးက ပစ္စည်းဆိုရင် ၂-ပါးက ပစ္စယုပ္ပန်၊ အဲသလို အချင်းချင်း ကျေးဇူးပြုတယ်၊ ၂-ဝါကျရှိပြီနော် ပြီးတော့မှ-

ဩက္ကန္တိက္ခဏေ နာမရူပံ အညမည် သဟဇာတ ပစ္စယေန ပစ္စယော၊

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေတည်သောခဏ၌၊ နာမရူပံ၊ နာမ်တရားနဲ့ ရုပ်တရားသည်၊ နာမ်တရားဆိုတာ ပဋိသန္ဓေစိတ်ကလေး၊ ရူပံ-ရုပ်တရား ဆိုတာ ဟဒယဝတ္ထု၊ ဟဒယဝတ္ထု ဆိုတာ နှလုံးသား၊ လူလဲ နှလုံးသားရှိတယ်။ ဒီပြင် သတ္တဝါတွေလဲ နှလုံးသားရှိတယ်။ ပဋိသန္ဓေနေတဲ့အခါ ပဋိသန္ဓေစိတ် လေးက နာမ်တရား၊ နှလုံးသားက ရုပ်တရား၊ နာမ်နဲ့ ရုပ်သည်၊ အညမည်-အညမညသ-အချင်းချင်းအား၊ နာမ်က ရုပ်အား၊ ရုပ်က နာမ်အား၊ အပြန် အလှန်ကျေးဇူးပြုတယ်တဲ့၊ ဘယ်သူနဲ့ ဘယ်သူတုန်း ပဋိသန္ဓေစိတ်ကလေးနဲ့ ဟဒယဝတ္ထု၊ နှလုံးသားနော်၊ ၃-ခုပြီးသွားပြီ။

နာမ်ခန္ဓာ ၄-ပါးက ၁-ဝါကျ၊ မဟာဘုတ် ၄-ပါးက ၁-ဝါကျ၊

http://www.dhammadpwnload.com



ပဋ္ဌိသန္ဓေစိတ်နဲ့ ဟဒယဝတ္ထုက ၁-ဝါကျ။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။ စိတ်စေတသိက်တွေ၊ ဘုန်းဘုန်း အခုတရားဟောနေတယ်၊ ဘုန်းဘုန်းသန္တာန်မှာဖြစ်တဲ့ ကုသိုလ်စိတ် စေတသိက်တို့က ပစ္စည်းတရား၊ စကားသံတွေ၊ ဟန်တွေပန်တွေက ပစ္စယုပ္ပန်။

စိတ္တစေတသိကာ ဓမ္မာ၊ စိတ်စေတသိက်တရားတို့သည်။ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား၊ သဟဇာတ ပစ္စယေန၊ အတူတကွဖြစ်သော သဟဇာတ ပစ္စယသတ္တိဖြင့်၊ သဟက အတူတကွ၊ ဇာတ-ဖြစ်တယ်၊ အဲဒီစိတ်စေတသိက်တွေနဲ့ ရုပ်တွေနဲ့ အတူဖြစ်တာတဲ့၊ ပြိုင်တူဖြစ်တာ၊ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယ သတ္တိဖြင့်၊ ပစ္စယော ဥပကာရကော-ကျေးဇူးပြုတတ်၏။ ပြီးတော့မှ-

မဟာဘူတာ ဥပါဒါရူပါနံ-မဟာဘူတာဆိုတာ မြေရေလေမီး ဓါတ်ကြီး ၄-ပါး၊ ရုပ်က ၂၈-ပါးရှိတာ။ ကျန်တဲ့ ၂၄-ပါးက ဥပါဒါရုပ်၊ မဟာဘုတ်က ၄-ပါး၊ ဥပါဒါရုပ်က ၂၄-ပါး၊ မဟာဘုတ်ကကြီးတယ်၊ မြေရေလေမီး၊ ကမ္ဘာဆိုလဲ အကြီးကြီးမဟုတ်လား၊ ရေတွေဆိုလဲ မဟာ သမုဒ္ဒရာအများကြီးမဟုတ်လား၊ လေဓါတ်ဆိုလဲ ဗိုင်းတိုက်တာ၊ နာဂစ်မုန်တိုင်း တိုက်ပစ်လိုက်တာ၊ မီးဆိုလဲလောင်နေကြတာ၊ ဒါကြောင့် ဓါတ်ကြီး ၄-ပါးက ကြီးတယ်၊ သူ့ကိုမှီပြီးတော့ ကျန်တဲ့ရုပ်တွေက ဖြစ်တာတဲ့။

မဟာဘူတာ၊ ဘုတ်ကြီး ၄-ပါးတို့သည်၊ ဥပါဒါရူပါနံ၊ ဥပါဒါန်ရုပ် ၂၄-ပါးတို့အား၊ သဟဇာတပစ္စယေန-သဟဇာတသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော-ကျေးဇူးပြုတတ်၏။ ဒါ-ငါးဝါကျ။

http://www.dhammadpwnload.com



ပထမဝါကျက နာမ်ခန္ဓာ ၄-ပါး၊ ဒုတိယဝါကျက မဟာဘုတ် ၄-ပါး၊ တတိယ ဝါကျက ပဋိသန္ဓေစိတ်နဲ့, ဟဒယဝတ္ထု၊ စတုတ္ထဝါကျက စိတ်စေတသိက်နဲ့ စိတ္တဇရုပ်၊ ပဥ္စမဝါကျက မဟာဘုတ်နဲ့ ဥပါဒါရုပ်၊ ကဲ ဖတ်လိုက်ကြပါဦး သဟဇာတပစ္စယောတိ (ပ) ပစ္စယော။ ဒါ ငါးဝါကျ။ နောက် ဥစ္စာလေးက ဘုရားက အမှာစကား ခေါ်တယ်၊ ရုပ်ကနေ နာမ်ကို ကျေးဇူးပြုတာ ၂-မျိုးရှိတယ်။ ပဋိသန္ဓေအခါဆိုရင်တော့ ပြိုင်တူသဟဇာတ ပစ္စည်း၊ ပဝတ္တိအခါ၊ ပဋိသန္ဓေအခါမှ တစ်ပါးကျန်တဲ့အခါကို ပဝတ္တိလို့ ခေါ်တယ်၊ အဲဒီလို ရိုးရိုး ပဝတ္တိအခါကျတော့ ပုရေဇာတသတ္တိနဲ့ ကျေးဇူးပြုတယ်တဲ့၊ ကျေးဇူးပြုပုံ ၂-နည်း၊ ပဋိသန္ဓေ မိုက်ထဲမှာနေတုန်းဆိုရင် သဟဇာတသတ္တိ၊ ပဋိသန္ဓေစိတ်နဲ့၊ ဟဒယဝတ္ထုပြိုင်တူဖြစ်တာ၊ အခုလို အချိန်ကျတော့ ပုရေဇာတသတ္တိ၊ ဟဒယဝတ္ထုက အရင်ဖြစ်နှင့်ပြီးမှ ကျန်တဲ့စိတ်ကလေးတွေက သူ့ပေါ်ဖြစ်ရတာနော်၊ ဒါကို ပုရေဇာတသတ္တိ၊ ကဲ ဖတ်လိုက်စမ်းပါဦး။

ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော၊ ရူပိနော ဓမ္မာ၊ ဟဒယဝတ္ထုခေါ်တဲ့ ရုပ်တရားတို့သည်၊ အရူပီနံ ဓမ္မာနံ-ပဋိသန္ဓေနေတဲ့ နာမ်တရားတို့အား၊ ကိဉ္စိကာလေ၊ အချို့သောအခါ၌ ပဋိသန္ဓေ အခါ၌၊ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော ကျေးဇူးပြု၏။ ပဋိသန္ဓေ ကျရင်တော့ ဟဒယဝတ္ထုနဲ့ ပဋိသန္ဓေစိတ် ပြိုင်တူဖြစ်တယ်တဲ့၊ ကိဉ္စိကာလေ-အချို့သောအခါ၌၊ ပဝတ္တိအခါ၌၊ သဟဇာတပစ္စယေန ဖြင့်၊ န ပစ္စယော၊ ကျေးဇူးမပြုတဲ့။

http://www.dhammadpwnload.com



ပဝတ္တိအခါကျ ပုရေဇာတသတ္တိနဲ့ ဟဒယဝတ္ထုက အရင်ဖြစ်ရတာ၊ ကျန်တဲ့စိတ်တွေ က သူ့ပေါ်မှီဖြစ်ရတာ၊ ပဋိသန္ဓေနေတဲ့အခါ သဟဇာတသတ္တိ၊ ကျန်တဲ့အခါမှာ ပုရေဇာတ သတ္တိ၊ ကဲ တစ်ခေါက်လောက် ဆိုလိုက်ပါဦး၊ သဟဇာတပစ္စယောတိ(ပ)ပစ္စယော။

အေး ခုခေတ်သိပ္ပံပညာတွေ ထွန်းကားနေပေမယ့် ဩက္ကန္တိက္ခဏေ နာမရူပ်ကို သဘောမပေါက်ဘူး၊ သူတို့စိတ်ထင်တာက၊ ကြက်ဥလေးတွေ ထားပါတော့၊ ကြက်မကြီးက ဥလိုက်တယ်၊ အဲဒီမှာ ရုပ်တရားပဲ ပါတယ်ပေါ့။ အနှစ်က အဝါလေး၊ အကာက အဖြူလေး၊ အဲဒီမယ် နာမ်မပါသေးဘူး၊ နောက်တော့ ဝပ်လို့တော်တော်လေးကြာ ပေါက်ခါနီးမှ နာမ်တရားလေး ဝင်လာတယ်၊ သူတို့ထင်တာ၊ မြတ်စွာဘုရားအလိုက အဲလိုမဟုတ်ဘူး၊ ကြက်ဥဥလိုက် တယ်ဆိုကထဲက ပဋိသန္ဓေစိတ်ကလေးနဲ့ ဟဒယဝတ္ထုဆိုတဲ့ ရုပ်လေးက ပြိုင်တူဖြစ်တာ။

ဒါ ဘုရားဟောလို့ သိရတာ၊ သူတို့ဘယ်သိမှာလဲ၊ မသိဘူးဆိုတော့ သူတို့က မှန်ဘီလူးနဲ့ ကြည့်နေတာကိုး၊ ပဋိသန္ဓေစိတ်လေး မှန်ဘီလူးနဲ့ ကြည့်လို့ရပါ့မလား၊ ဒါ ဘုရားဉာဏ်တွေနော်၊ အလွန်တရာ အဖိုးတန်တဲ့ တရားတွေ နာရတယ်ဆိုပြီး ဝမ်းသာပေါ့၊ အခု ၆-ပစ္စည်း၊ ကဲ ဒီနေ့တော်လိုက် ကြဦးစို့၊ အားလုံး မင်္ဂလာဖိုလ်နိဗ္ဗာန်ဆိုက်ကြပါစေဗျာ။

သာဓု သာဓု သာဓု

http://www.dhammadpwnload.com

ကောဇာသက္ကရာဇ် ၁၃၇၁၊ နယုန်လပြည့်ကျော် ၁-ရက်၊ ခရစ်နှစ် ၂၀၀၉၊ ဇွန်လ ၈-ရက် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၊ ယနေ့ညတရားပွဲ မတည်အလှူရှင်ကတော့ ဦးမြဟန်+ဒေါ်အုံးမြင့်၊ သမီးဒေါက်တာ ဇေဇာဝင်းမိသားစု၊ အမှတ်-၂၂၊ အေးလမ်း၊ ဇောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊ ဓမ္မဒါနအနေအားဖြင့် လှူဒါန်းကြတယ်ပေါ့၊

ဘုန်းဘုန်းတို့၊ မနေ့က သဟဇာတပစ္စည်းထိရောက်သွားပြီနော်၊ တစ်ခေါက်ဆိုစမ်းပါဦး၊ သဟဇာတပစ္စယောတိ----(ပ) န သဟဇာတ ပစ္စယေနပစ္စယော၊ အေး သဟဇာတပစ္စည်းက မြတ်စွာဘုရား ငါးဝါကျ ဟောထားတယ်၊

- စတ္တာရောခန္ဓာ အရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယော (တစ်ဝါကျ)

- စတ္တာရောခန္ဓာ၊ နာမ်ခန္ဓာ ၄-ပါး၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊

http://www.dhammadpwnload.com



ဝေဒနာက္ခန္ဓာဆိုတာ ဝေဒနာစေတသိက်ပေါ့၊ သညာက္ခန္ဓာဆိုတာ သညာစေတသိက်၊ သင်္ခါရက္ခန္ဓာဆိုတာ ဝေဒနာ သညာနှုတ်ကျန်စေတသိက် ၅၀၊ ကျန်တဲ့စိတ်ကတော့ ဝိညာဏက္ခန္ဓာ၊

အဲဒီနာမ်ခန္ဓာ ၄-ပါးက အချင်းချင်းအား တစ်ပါးက ပစ္စည်းဆိုရင် ကျန် ၃-ပါးက ပစ္စယုပ္ပန်၊ ၃-ပါးကပစ္စည်း ဆိုရင် ၁-ပါးက ပစ္စယုပ္ပန်တရား၊ ၂-ပါးက ပစ္စည်းဆိုရင် ၂-ပါးက ပစ္စယုပ္ပန်၊ အဲဒီလိုကျေးဇူးပြုတာကို အညမည လို့ခေါ်တယ်။

ဒါကနာမ်တရား၊ စိတ်စေတသိက်တွေ ကျေးဇူးပြုပုံ၊ သဟဇာတဆိုတာ သဟ-ဆိုတာ အတူတကွ၊ ဇာတ-ဖြစ်တယ်၊ ပြိုင်တူဖြစ်ပြီး ကျေးဇူးပြုတာနော်၊ ပြီးတော့ စတ္တာရော မဟာဘူတာ အညမည် သဟဇာတ ပစ္စယေနပစ္စယော၊ ဒါက ရေ၊ မြေ၊ လေ၊ မီး၊ ဓါတ်ကြီး ၄-ပါး၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဒါကိုဓာတ်ကြီး ၄-ပါးလို့ခေါ်တယ်။ဓါတ်ကြီး ၄-ပါးရှိတဲ့အနက် မြေကို ပစ္စည်းယူရင် ရေ၊ လေ၊ မီးဓာတ်ကြီး ၃-ပါးက ပစ္စယုပ္ပန်၊ ၃-ပါးကို ပစ္စည်းယူလိုက်ရင် ၁-ပါးက ပစ္စယုပ္ပန်၊ ၂-ပါးကို ပစ္စည်းယူရင် ၂-ပါးက ပစ္စယုပ္ပန်၊ ဒီဒုတိယဝါကျက ရုပ်မဟာဘုတ် ၄-ပါးကျေးဇူးပြုပုံ၊

ဩက္ကန္တိက္ခဏေ နာမရူပံ၊ ပါဠိအသံမယ်အောက်သံမရှိဘူး၊ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ ပြီးတော့မှ ဧကိုသံယုတ်ရှိရင် အစ်၊ ဩနောက် သံယုတ်ရှိရင် အွတ်၊ ၁၀-သံပဲရှိတယ်၊ အောက်ဆိုတဲ့အသံမရှိဘူး၊ ဒါကြောင့် အွတ်ကန်တိက်ခဏေလို့ဖတ်ရတယ်၊ ဩက္ကန္တိက္ခဏေဆိုတာ ပဋိသန္ဓေခဏ၊ တစ်ခဏဆိုတာ၊ တစ်စက္ကန့်လောက်လေးပေါ့၊ ပဋိသန္ဓေတည်တဲ့တစ်ခဏမှာ၊

http://www.dhammadpwnload.com



နာမရူပံ- နာမ်နှင့်ရုပ်သည်၊ စိတ်စေတသိက်ကနာမ်၊ ဟဒယဝတ္ထု ကရုပ်၊ နာမ်တရားဆိုတာ ပဋိသန္ဓေနေတဲ့ စိတ်စေတသိက်တရား၊ နာမ်တရားနဲ့ ရုပ်က ဟဒယ ဝတ္ထု၊ ပြိုင်တူဖြစ်တယ်။

ပဋိသန္ဓေစိတ်ကလေးကပစ္စည်းယူရင် ဟဒယဝတ္ထုက ပစ္စယုပ္ပန်တရား၊ ဟဒယဝတ္ထုက ပစ္စည်းယူလိုက်ရင် ပဋိသန္ဓေစိတ်ကပစ္စယုပ္ပန်၊ အဲဒီလို ကျေးဇူးပြုတာကို အညမည်၊ အညမည်ပါတာ ၃-ဝါကျနော်၊ ပထမဝါကျက နာမ်ခန္ဓာ ၄-ပါး၊ ဒုတိယဝါကျက မဟာဘုတ် ၄-ပါး၊ တတိယဝါကျက ပဋိသန္ဓေစိတ်တသိက်နဲ့ ဟဒယဝတ္ထုရုပ်တရား၊ စတုတ္ထဝါကျ -

စိတ္တစေတသိကာ ဓမ္မာ- စိတ်စေတသိက်တရားတို့သည်။ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ စိတ်ကြောင့်ဖြစ်ပေါ်လာတဲ့ ရုပ်တရားတို့အား၊ သဟဇာတပစ္စယေန ပစ္စယော၊ အတူတကွ ကျေးဇူးပြုတတ်သောသတ္တိနဲ့ ကျေးဇူးပြုတယ်တဲ့၊ ဥပမာ ဘုန်းဘုန်းတရားဟောနေတယ်၊ ဘုန်းဘုန်းသန္တာန်မှာဖြစ်တဲ့ စိတ်စေတသိက် ကုသိုလ်တရားကပစ္စည်း၊ ပေါ်လာတဲ့အသံက ပစ္စယုပ္ပန်၊ နာမ်တရား၊ ရုပ်တရား၊ ဘုန်းဘုန်းသန္တာန်မှာဖြစ်နေတဲ့ စိတ်စေတသိက်တရားတွေက နာမ်တရား၊ စိတ္တဇရုပ်တွေ၊ အသံတွေကရုပ်တရား၊ နာမ်နဲ့ရုပ်သိလိုက်တော့ နာမရူပပရိစ္ဆေဒဉာဏ် မရဘူးလား၊

စိတ်စေတသိက်ကုသိုလ်တွေက ပစ္စည်းတရား၊ စိတ္တဇရုပ်အသံတွေက ပစ္စယုပ္ပန်၊ မဟာကုသိုလ်စိတ် စေတသိက်တွေက အကြောင်းတရား၊ ပေါ်လာတဲ့ စိတ္တဇရုပ်တွေက အကျိုးတရား၊ အကြောင်းကြောင့် အကျိုးဖြစ်တာ၊ ဖြဟ္မာ ဗိဿနိုး စတဲ့တန်ခိုးရှင်တွေ ဖန်ဆင်းလို့ဖြစ်တာ မဟုတ်ဘူး၊

http://www.dhammadpwnload.com



သဘောပေါက်တယ်နော်၊ အဲဒီလို သဘောပေါက်ရင် ပစ္စယပရိဂ္ဂဟဉာဏ်တဲ့၊ ဉာဏ်စဉ် ၂-ပါး၊ ဉာဏ်စဉ် ၂-ပါးရရင်ပဲ စူဠသောတာပန်ဖြစ်ပြီ၊ သောတာပန် ဖြစ်ပြီးနောက် ရှေ့ဆက်ရမှာက ဒီတရားက နာမ်တရား၊ ဒီတရားက ရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရားအကြောင်းအကျိုး တိုက်ဆိုင်ဖြစ်ပေါ်တဲ့အခါ စက္ကန့်ပိုင်း လေးအတွင်း ဖြစ်ပြီးပျက်သွားတယ်၊ အနိစ္စ၊ အဲဒီအနိစ္စမှန်းသိလိုက်ရင် နိဗ္ဗာန်သွားတဲ့လမ်းပေါ်ရောက်ပြီတဲ့၊

ဉာဏ်စဉ် ၁၀-ပါးရှိတဲ့အနက် ဖြစ်ပြီးပျက်တယ်လို့သိတဲ့ ဥဒယဗ္ဗယ ဉာဏ် လိုရင်းပဲနော်၊ လိုရင်းသိရင် မခက်ပါဘူးတဲ့၊ ၄-ဝါကျပြီးသွားပြီ၊ ပဥ္စမဝါကျ-က မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော၊ မဟာဘူတာဆိုတဲ့ မြေရေလေမီး ဓာတ်ကြီး၄-ပါးကပစ္စည်း သူ့ကိုမှီပြီး ဖြစ်တဲ့ရုပ်၊ ဥပါဒါရုပ်ကဘယ်လောက်တဲ့တုန်း၊ ၂၄-ပါး၊ မဟာဘုတ် ၄-ပါးကပစ္စည်း၊ ဥပါဒါရုပ် ၂၄-ပါးက ပစ္စယုပ္ပန်၊ အဲဒီလိုသူ့ကျတော့ ရုပ် ရုပ်ခြင်း ကျေးဇူးပြုတာ၊ မဟာဘုတ်ရုပ်ကြီး ၄-ပါး၊ မြေ၊ ရေ၊ လေ၊ မီးဓာတ်ကြီး ၄-ပါးက ပစ္စည်းတရား၊ အကြောင်းတရား၊ ဥပါဒါရုပ် ၂၄-ပါးက ပစ္စယုပ္ပန်တရား၊ အကျိုးတရား၊ ၅-ဝါကျပြီးရော။

ပြီးတော့မှ မြတ်စွာဘုရားက နောက်ဝါကျကတော့ အမှာစကားချုပ် ခေါ်တယ်။ သူက ရူပီနော ဓမ္မာ၊ အရူပီနံ ဓမ္မာနံ၊ ရူပီနောအရ ရုပ်ဆိုပေမယ့်လို့ ဟဒယဝတ္ထုရုပ်ကိုဆိုလိုပါတယ်နော်၊ ဟဒယဝတ္ထုဆိုတဲ့ ရုပ်တရားသည်၊ အရူပီနံ ဓမ္မာနံ၊ နာမ်တရားတို့အား၊ နာမ်တရားဆိုလည်း ဒီနေရာမယ် ပဋိသန္ဓေ၊ စိတ်၊ စေတသိက်၊ နာမ်ကို ဆိုလိုပါတယ်။ ဒီပြင်နာမ်တွေ မဆိုလိုဘူး။

http://www.dhammadpwnload.com



ဟဒယဝတ္ထုရုပ်တရားသည် ပဋိသန္ဓေနာမ်တရားတို့အား၊ ကိဉ္စိကာလေ သဟဇာတပစ္စယေနပစ္စယော၊ ကိဉ္စိ ကာလေ အချို့သောအခါ၌၊ အချို့သော အခါ ဆိုတာ၊ ပဋိသန္ဓေနေသောအခါ၌ဟုတ်လား၊ ပဋိသန္ဓေနေတဲ့အခါမှာတော့ ရုပ်နဲ့နာမ်နဲ့ပြိုင်တူဖြစ်တယ်၊ သဟဇာတပစ္စယေနပစ္စယော၊ သဟဇာတ ပြိုင်တူဖြစ်တဲ့ သတ္တိချင်းကျေးဇူးပြုတယ်။ ကိဉ္စိ ကာလေ၊ ပဝတ္တိအခါ၌ ပဋိသန္ဓေနေပြီးတော့ နောက်နောက်ဖြစ်တဲ့ စိတ်၊ စေတသိက်၊ ရုပ်တွေကြတော့ ပဝတ္တိလို့ခေါ်တယ်၊ အဲဒီလို ပဝတ္တိအခါ၌ န သဟဇာတပစ္စယေန ပစ္စယော၊ သဟဇာတပစ္စယေန၊ သဟဇာတသတ္တိ အတူတကွဖြစ်တဲ့သတ္တိဖြင့်၊ နပစ္စယော ကျေးဇူးမပြု၊ ပဝတ္တိအခါ သဟဇာတ ပြိုင်တူမဖြစ်ဘူး။

ပဝတ္တိအခါကျ ပုရေဇာတ သတ္တိနဲ့ကျေးဇူးပြုတယ်၊ အဲဒီလိုဖတ်ပုံလေးတွေ ကိဉ္စိကာလေ နသဟဇာတ ပစ္စယေန၊ ပစ္စယောလို့ဖတ်ရမယ်နော်။ ကိဉ္စိ ကာလေန ဒီလိုမဟုတ်ဘူး၊ "ကာလေ" နဲ့ "န" နဲ့မပေါင်းရဘူး၊ ကိဉ္စိ ကာလေ အချို့သောအခါ၌ ပဝတ္တိအခါ၌၊ သဟဇာတပစ္စယေန၊ သဟဇာတ သတ္တိဖြင့် ပြိုင်တူဖြစ်တဲ့ သတ္တိဖြင့် ၊ န ပစ္စယော ကျေးဇူးမပြုတတ်၊ ကဲတစ်ခေါက်လိုက်ဖတ်လိုက်ပါအုံး၊ (သံပြိုင်) သဟဇာတပစ္စယောတိ---
--(ပ)--သဟဇာတပစ္စည်းပြီးပြီ၊

နောက်တစ်ပစ္စည်း ဘာတဲ့တုန်း၊ အညမညပစ္စည်း၊ အညမညပစ္စည်းက လွယ်ပါတယ်၊ ခုန ၅-ဝါကျရှိတဲ့ အနက်က ရှေ့ ၃-ဝါကျပဲ သူက၊ အညမညပစ္စယောတိ၊ စတ္တာရော ခန္ဓာ၊ အရူပိနော၊ အညမညပစ္စယေန ပစ္စယော၊ ဘာလေးထူးတုန်း၊ ဂရုစိုက်လိုက်မိရဲ့လား၊ ခုနသဟဇာတတုန်း

http://www.dhammadpwnload.com



ကတော့ စတ္တာရော ခန္ဓာ၊ အရူပိနော ဘာပါတုန်း၊ အညမညပါတယ်၊ ဒီကျတော့ အညမညမပါဘူး၊ အညမညပစ္စယေန ပစ္စယော၊ တစ်ခုချန်ဟော လိုက်တယ်၊ အညမညလိုတကယ်ဟောရမှာကတော့ စတ္တာရော ခန္ဓာ၊ အရူပိနော၊ နာမ်ခန္ဓာ ၄-ပါးတို့သည်၊ အညမည် အညမညဿ၊ အချင်းချင်း အား၊ သမ္ဗဒါန်၊ ကတ္တားပြီးရင် သမ္ဗဒါန်ဟောရမှာ ဒီနေရာမယ်၊ အညမည် ဆိုတဲ့ စကားလုံးလေး သိလောက်ပြီဆိုပြီးတော့ မဟောဘူး၊ ချန်ဟောလိုက် တာတဲ့ သိပြီလား၊

၃-ဝါကျလုံး အညမည် မပါဘဲ ချန်ဟောတဲ့တရား၊ စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော၊ စတ္တာရောမဟာဘူတာ အညမည ပစ္စယေန ပစ္စယော၊ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။ ဖတ်လိုက်ကြပါဦး (သံပြိုင်) အညမညပစ္စယောတိ စတ္တာရော ခန္ဓာ (ပ) ပစ္စယော။

အရူပိနော ခန္ဓာ၊ နာမ်ခန္ဓာ ၄-ပါး၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ၊ ဘုန်းဘုန်းရှေ့နား စားပွဲလေးရှိတယ်မဟုတ်လား၊ စားပွဲလေးမှာ ခြေထောက် ၄-ချောင်းရှိတော့ တစ်ချောင်းနှင့်တစ်ချောင်းကျေးဇူး ပြုတယ်၊ ဒီလိုမဟုတ်ရင် လဲသွားမှာပေါ့၊ အဲဒီလိုနာမ်ခန္ဓာ ၄-ပါးကလဲ ခန္ဓာ ၁-ခုနဲ့ ၁-ခုမှီပြီးတော့ ကျေးဇူးပြုနေတာ၊

စတ္တာရော မဟာဘူတာ၊ မြေ ရေ လေ မီး ဓာတ်ကြီး ၄-ပါး၊ ခုနလိုပဲ ခြေထောက်၄-ချောင်းရှိတဲ့ရုပ် တရားကမြေ ရေ လေ မီး ဓာတ်ကြီး ၄-ပါး၊ အဲဒီဓာတ်ကြီး ၄-ခုကလဲ တစ်ခုနှင့် တစ်ခု အချင်းချင်း ကျေးဇူးပြု

http://www.dhammadpwnload.com



တယ်။ တတိယဝါကျက သြက္ကန္တိက္ခဏော နာမရူပံ၊ ပဋိသန္ဓေနေတဲ့လူတွေ၊ နတ်တွေ၊ ဗြဟ္မာတစ်ချို့၊ အကုန်လုံးတော့ မဟုတ်ဘူး၊ ဟိုအထက် ဗြဟ္မာတချို့နဲ့ အသညသတ်ကျတော့ ရုပ်ချည်းပဲရှိတယ်၊ သူက နာမရူပံ မရဘူး၊ ရူပတင်ရတာနော်၊ အရူပါဝစရ ရုပ်မရှိဘူး၊ နာမ်ချည်းရှိတဲ့ ဗြဟ္မာကျတော့ သြက္ကန္တိက္ခဏေ နာမံ တင်ရတာပေါ့၊ သူက သြက္ကန္တိက္ခဏေ နာမရူပံ၊ ပဋိသန္ဓေအခိုက် နာမ်နဲ့ရုပ်ရတယ်ဆိုတာ လူတွေ၊ နတ်တွေ၊ ဗြဟ္မာ ၁၅-ဘုံကို ပြောတာ၊ ဟုတ်ကဲ့လား၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်၊ အပါယ်သားတွေလဲ ပါတယ်ပေါ့လေ။ မပါတာက အသညသတ်ဗြဟ္မာ ၁-ဦး၊ အရူပါဝစရ ဗြဟ္မာ ၄-ဦး၊ ၃၁-ဘုံရှိတဲ့အနက် ဘယ်နှစ်ဦးရှိတုံး ၂၆-ဦး၊ နာမ်နဲ့ရုပ်တွဲပြီးတော့ဖြစ်တာ၊ ဒီဟာ စုတိစိတ်ကျတာနဲ့တစ်ပြိုင်နက် စုတိစိတ်က အနန္တရပစ္စည်း၊ အမေဗိုက်ထဲသွားပြီး ပဋိသန္ဓေစိတ်ကလေး ဖြစ်လိုက်တာ သူက အနန္တရပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ အဲဒီလိုဖြစ်တာ၊ အားလုံး ဆိုကြည့်လိုက်ပါအုံး၊ (သံပြိုင်) အညမညပစ္စယောတိ (ပ) ပစ္စယော။ ၁-ပစ္စည်းပြီးသွားပြီ၊ နောက် ဘာပစ္စည်းတုံး။

နိဿယပစ္စည်း၊ နိဿယကတော့ သဟဇာတနိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ ၂-မျိုးရှိတယ်၊ သဟဇာတ နိဿယကတော့ သဟဇာတပစ္စည်းမယ် ရှိတဲ့ ၅-ဝါကျပဲ၊ တူတယ်။ သူက စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေနပစ္စယော၊ သဟဇာတပစ္စယေန နေရာမှာ ဘာထည့်လိုက်တာ တုန်း၊ နိဿယပစ္စယေန၊ ဒါဘဲထူးတယ်၊ ဒီပြင်ဟာအကုန်တူတယ်နော်၊ စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော ၂-

http://www.dhammadpwnload.com



ဝါကျပြီးရော၊ ဩဇက္ကန္တိက္ခဏေ နာမရုပ် အညမညံ နိဿယပစ္စယေနပစ္စယော ၃-ဝါကျပြီးရော၊ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယ ပစ္စယေန ပစ္စယော ၄-ဝါကျ၊ မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော၊ သဟဇာတအတိုင်းပဲ ၅-ဝါကျ။

အဲဒီ ၅-ဝါကျလေးအားလုံး ဖတ်လိုက်ကြစမ်းပါအုံး၊ (သံပြိုင်) စတ္တာရော ခန္ဓာ အရူပီနော အညမညံ နိဿယပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။ စိတ္တစေတသိကာ ဓမ္မာ စိတ္တ သမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော၊ မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။ ဒါ ၅-ခုပြီးသွားပြီ။

နောက် ၆-ခုကျတော့ ရုပ် ၆-ခုကပစ္စည်း၊ နာမ်တရားက ပစ္စယုပ္ပန်၊ ရုပ် ၆-ခုဆိုတာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ဟဒယဝတ္ထု နှလုံးပေါ့နော်၊ ဟဒယ၊ အင်္ဂလိပ်လိုကျတော့ "ဟတ်"၊ ဟဒယနဲ့ ဟခြင်းတော့တူတယ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ နှလုံး၊ နှလုံးသား၊ မြင်စိတ်အား မျက်စိက နိဿယပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ နိဿယဆိုတာ မှီရာပေါ့၊ ဒီနာရီလေးနဲ့ ဟောဒီကုလားထိုင်နဲ့ဆို ဘယ်သူကမှီရာဖြစ်မတုန်း ကုလားထိုင်က မှီရာဖြစ်တာပေါ့၊ မျက်စိနဲ့မြင်စိတ်ဆိုရင်လည်းဘဲ မျက်စိကမှီရာ၊ မြင်စိတ်ကလေးက မှီတတ်တာ၊ မြင်စိတ်ကလေးက ဘယ်သူ့အပေါ်မှီဖြစ် မတုန်း၊ မျက်စိအပေါ် မှီဖြစ်တာ၊ မျက်စိအပေါ်မှီတာဖြစ်လို့မို့ နိဿယပစ္စည်း နိဿယဆိုတာမှီရာ။

http://www.dhammadpwnload.com



အခုဘုန်းဘုန်းထိုင်နေတဲ့ ကုလားထိုင်နဲ့ ဘုန်းဘုန်းနဲ့ဆို ဘယ်သူက နိဿယ ဖြစ်မတုန်း။ ကုလားထိုင်က နိဿယပေါ့ပြီလား၊ ဒီမယ်လည်း စက္ခုနဲ့မြင်စိတ်နဲ့၊ မျက်စိနဲ့ မြင်စိတ်နဲ့ဆိုရင် မျက်စိကမှီရာ နိဿယပစ္စည်း၊ မျက်စိက နိဿယပစ္စည်းရဲ့ပစ္စယုပ္ပန်၊ မျက်စိက အကြောင်းတရား၊ မြင်စိတ်က အကျိုးတရား၊ မျက်စိကရုပ်တရား၊ မြင်စိတ်ကနာမ်တရား၊ အဲဒီလိုကွဲကွဲ သွားတာပေါ့နော်၊ ကွဲသွားပြီဆိုရင် တဖြည်းဖြည်း နိဗ္ဗာန်ဘက် သူကပို့ပို့နေတာ၊ မျက်စိက ရုပ်တရားဆိုတော့၊ ရူပပရိစ္ဆေဒဉာဏ်၊ မြင်စိတ်က နာမ်တရားဆိုတော့ နာမပရိစ္ဆေဒဉာဏ်၊ ၂-ခု ပေါင်းလိုက်တော့ နာမရူပပရိစ္ဆေဒဉာဏ်၊ သြော် လူဆိုတာ လူရယ်လို့မဟုတ်ဘူး၊ မျက်စိနဲ့မြင်စိတ် ၂-ခုပေါင်းထားတာ၊

ထို့အတူ နားနဲ့အသံနဲ့ ဆိုရင်လည်းပဲ နားက နိဿယပစ္စည်း၊ ကြားစိတ်က နိဿယပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ နားကရုပ်တရား၊ ကြားစိတ်က နာမ်တရား၊ နာမရူပပရိစ္ဆေဒဉာဏ်၊ နားကအကြောင်းတရား၊ ပြီးတော့ကော ကြားစိတ်ကအကျိုးတရား၊ ပစ္စယပဋိဂ္ဂဟဉာဏ်၊ နားကော၊ ကြားစိတ်ကော ခဏလေးဖြစ်ပျက်သွားတော့ အနိစ္စ၊ ဥဒယဗ္ဗယ၊ အေး ဥဒယဗ္ဗယဉာဏ်၊ အဲဒီမယ်ဆုံးတာ၊ ဝိပဿနာဉာဏ်ထိအောင် သွားလိုက်ရတယ်၊

ပြီးတော့ နှာခေါင်းလည်း ထိုနည်းတူပေါ့၊ နှာခေါင်းနဲ့ နံစိတ်နဲ့၊ နှာခေါင်းက နိဿယပစ္စည်း၊ နံစိတ်က နိဿယပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ နှာခေါင်းကရုပ်တရား၊ နံစိတ်က နာမ်တရား၊ နှာခေါင်းက အကြောင်းတရား၊ နံစိတ်က အကျိုးတရား၊ အဲဒီလို သူတို့လည်းပဲ ခဏလေးဖြစ်ပျက်သွားတယ်၊ အနိစ္စ။ သဘောပေါက်တယ်နော်။

http://www.dhammadpwnload.com



အေး- လျှာနဲ့အရသာနဲ့၊ လျှာကရုပ်တရား၊ လျက်သည့်စိတ်ကနာမ်တရား၊ လျှာက အကြောင်းတရား၊ လျက်သည့်စိတ်ကအကျိုးတရား၊ ၂-ခုလုံးလျှာကော၊ လျက်သည့်စိတ်ကော ခဏလေးအတွင်း ဖြစ်ပျက်သွားတယ်၊ အနိစ္စ၊ အဲဒီလိုစဉ်းစားပြီးတော့ ဆင်ခြင်ပြီးတော့ စားတော့၊ သီဟိုဠ်ကျွန်းမယ်၊ တစ်ချိန်တုန်းကများ ကိုယ်တော်တွေ ဆွမ်းခံ၊ သစ်ပင်တစ်ပင်အောက်စား၊ စားတဲ့အခါ လျှာနဲ့အရသာနဲ့ထိတွေ့၊ လျှာပေါ်မယ်လျက်သည့်စိတ်တွေဖြစ်၊ အနိစ္စ၊ အနိစ္စဆို ဆွမ်းစားလို့မပြီးခင်ဘဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေဖြစ်ကုန်တာဘဲ၊

ထိသိစိတ်တွေလည်း ထိုနည်းတူပေါ့၊ ကိုယ်က နိဿယပစ္စည်း၊ ကာယပသာဒရုပ်ပေါ့၊ ကိုယ်ကနိဿယ ပစ္စည်း၊ ထိသိစိတ်ကပစ္စည်း၏ပစ္စယုပ္ပန်၊ ကိုယ်ကရုပ်တရား၊ ထိသိစိတ်ကနာမ်တရား၊ ကိုယ်ကအကြောင်းတရား၊ ထိသိစိတ်ကအကျိုးတရား၊ ၂-ခုလုံး အကြောင်းတရား၊ အကျိုးရော ခဏလေးအတွင်း ဖြစ်ပျက်တယ်၊ အနိစ္စ သဘောပေါက်တယ်နော်၊ အဲဒါကို ၅-ဝါကျဘုရားဟောမှာပေါ့၊ မျက်စိအတွက် ၁-ဝါကျ၊ နားအတွက် ၁-ဝါကျ၊ နှာခေါင်းအတွက် ၁-ဝါကျ၊ လျှာအတွက် ၁-ဝါကျ၊ ကိုယ်အတွက် ၁-ဝါကျ၊ ၅-ဝါကျ ဖြေးဖြေးဖတ်စမ်းပါအုံး ၊ (သံပြိုင်) စက္ခာယတနံ ကစဖတ်ပါနော်။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ဃာနာယတနံ

http://www.dhammadpwnload.com



ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ၅-ဝါကျနော် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ၅-ခုနော်၊ အဲဒီမယ် ရုပ်တရားကပစ္စည်း၊ နာမ်တရားကပစ္စယုပ္ပန်၊ မျက်စိကရုပ်တရား၊ မြင်စိတ်ကနာမ်တရား၊ ရုပ်၊ နာမ်၊ မျက်စိရုပ်က မြင်စိတ်နာမ်အား ကျေးဇူးပြုတယ်။

ထို့အတူ နားနဲ့ ကြားစိတ်ဆိုရင်လည်း နားက ရုပ်တရား၊ ကြားစိတ်က နာမ်တရား၊ ရုပ်တရားက နာမ်တရားအား ကျေးဇူးပြုတယ်၊ နှာခေါင်းနဲ့ နံစိတ်ဆိုရင်လည်း နှာခေါင်းက ရုပ်တရား၊ နံစိတ်ကနာမ်တရား၊ ရုပ်တရားက နာမ်တရားအားကျေးဇူးပြုတယ်။ လျှာနဲ့ လျက်သည့်စိတ်ဆိုရင်လည်း လျှာကရုပ်တရား၊ လျက်သည့်စိတ်က နာမ်တရား၊ ရုပ်က နာမ်ကျေးဇူးပြုတယ်၊ ကိုယ်နှင့် ထိသိစိတ်ဆိုရင်လည်းပဲ ကိုယ်က ရုပ်တရား၊ ထိသိစိတ်က နာမ်တရား၊ အေး နောက်တစ်ခါ ဟဒယဝတ္ထု၊ ဟဒယဝတ္ထုကျတော့ စကားအငြင်းပွားတာလေးတွေရှိတယ်။ သိပ္ပံနည်းအရ စိတ်တွေ စေတသိက်တွေ၊ ခုနမနောဓာတ်၊ မနောဝိညာဏဓာတ် တွေဟာ ဦးနှောက်မယ် မှီတယ်လို့ သူတို့က သိပ္ပံဆရာတွေက အဲလိုဆိုပါတယ်။

ဘုန်းဘုန်းတို့စာထဲမှာတော့ သေချာပေါက်မပါဘူး၊ ယံ ရူပံ နိဿာယ-ယံ ရူပံ၊ အကြင်ရုပ်တရားကို၊ နိဿာယ အမှီပြု၍ ရုပ်တရားဆိုတာ ဘယ်ရုပ်တုန်းလို့မပါဘူး၊ အကြင်ရုပ်တရားကိုအမှီပြု၍၊ မနောဓာတ်၊

http://www.dhammadpwnload.com



မနောဝိညာဏဓာတ်တွေဖြစ်တယ်၊ အဲဒီရုပ်တရားသည် မနောဓာတ်၊ မနောဝိညာဏဓာတ်တို့အား နိဿယယသတ္တိဖြင့် ကျေးဇူးပြုတယ်၊ အဲဒီ ရုပ်တရားသည် သိပ္ပံဆရာတို့၏အလို ဦးနှောက်၊ ဘုရိန်း၊ ဆရာတော်တို့ စာအလိုကတော့ ရုပ်တရားဆိုတာဘယ်သူ့ပြောတာတုန်း၊ ဟဒယဝတ္ထု၊ နှလုံးအိမ်လေးပြောတာ၊ နှလုံးအိမ်ထဲမယ် သွေးတွေရှိတာပေါ့၊ အဲဒီသွေးတွေထဲမယ်ပါတဲ့တရား၊ ဟဒယဝတ္ထုတရား၊ ဒီသွေးတွေကတော့ မဟုတ်သေးဘူးပေါ့၊ လူဆိုတာ နှလုံးဆိုတာ ကိုယ့်ဟာကိုယ် လက်သီးလေးဆုပ်ကြည့်လိုက်ပေါ့၊ ကိုယ့်လက်သီးဆုပ်လောက် နှလုံးကရှိတာပဲ။

ကလေးဆိုလဲ ကလေးလက်သီးဆုပ်၊ လူကြီးဆိုလဲ လူကြီးလက်သီးဆုပ်ပေါ့၊ အဲလောက်ရှိတဲ့နှလုံးအိမ်၊ အဲဒီပေါ်ချည်းပဲ မှီတာတော့ မဟုတ်ဘူး၊ နှလုံးအိမ်ထဲမယ် အခန်း ၄-ခန်းရှိတယ်၊ ဝင်သွေးက ၂-ခန်း၊ ထွက်သွေးက ၂-ခန်း၊ အဲဒီသွေးတွေပေါ်မှာ ဘယ်သူက မှီတုံး၊ မနောဓာတ်၊ မနောဝိညာဏဓာတ်တွေ မှီပါတယ်၊ ဓာတ်က ၇-ပါးရှိတယ်၊ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်လို့ ၇-ပါး ရှိတယ်။

စက္ခုဝိညာဏစိတ်က မျက်လုံးမှာ မှီတယ်၊ သောတဝိညာဏစိတ်က နားမှာ မှီတယ်၊ ဃာနဝိညာဏစိတ်က နှာခေါင်းမှာ၊ ဇိဝှါဝိညာဏစိတ်က လျှာမှာ၊ ကာယဝိညာဏစိတ်က ကိုယ်မှာ မှီတယ်၊ မနောစိတ်နဲ့ မနောဝိညာဏစိတ် ၂-ပါးက နှလုံးမှာ မှီတယ်၊

အဲဒါကို -

http://www.dhammadpwnload.com



ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ ဓာတု စ ဝတ္တန္တိ၊ တံရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာစ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ နိဿယပစ္စည်းက ၂-မျိုး၊ သဟဇာတနိဿယက ရှေ့ပိုင်း ၅-ဝါကျ၊ ဝတ္ထုပုရေဇာတပစ္စည်းက နောက်ပိုင်း ၆-ဝါကျ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ဟဒယဝတ္ထု ဟုတ်လား။

ရုပ်တရားက ပစ္စည်း၊ နာမ်တရားက ပစ္စယုပ္ပန်၊ ရုပ်ကလဲ ၆-ခုပေါ့၊ မျက်စိရုပ်၊ နားရုပ်၊ နှာခေါင်းရုပ်၊ လျှာရုပ်၊ ကိုယ်ရုပ်၊ နှလုံးသား (ဟဒယဝတ္ထု)ရုပ်၊ အဲဒီရုပ် ၆-ခုက ပစ္စည်း၊ ဒီရုပ်ပေါ်မှာမှီတဲ့ နာမ်တရားတွေက မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်စိ၊ ထိသိစိတ်၊ စိတ်ကူးစိတ်တွေက သူတို့ပေါ်မှာ မှီဖြစ်တယ်။ နိဿယပစ္စယော···တစ်ခေါက်ဆိုကြဦးရဲ့။

(သံပြိုင်)။ နိဿယပစ္စယောတိ···နိဿယပစ္စယေန ပစ္စယော၊ ဒါဆို ၈-ပစ္စည်း ပြီးသွားပြီနော်။

မင်းကွန်းတိပိဋကဆရာတော်ကြီး ဦးဝိစိတ္တ၊ သူ့ဆရာက ဦးပညာစက္က၊ သူ့ဆရာကို ပြောသတဲ့၊ ဆရာတော်ဘုရား၊ တပည့်တော် ပဋ္ဌာန်းပါဠိတော်တွေ ရွတ်ဖတ်သရဇ္ဈာယ်နေရတာ၊ စိတ်ထဲကြည်နူးတယ်ဘုရား၊ လိုချင်တာတွေလဲ ရတာ ဘုရားတဲ့၊ ပြီးတော့ ဒီနေ့ ဒူးရင်းသီးလေး စားချင်တာ၊ အံ့မယ် ရန်ကုန်က ဒကာတစ်ယောက်က ဒူးရင်းသီး လေယာဉ်ပျံနဲ့ ပို့လိုက်တယ်တဲ့၊ ပို့တဲ့သူကလဲ မန္တလေး လေဆိပ်ကနေ မင်းကွန်းကို အရောက်ပို့တယ်။ တခါတလေကျတော့လဲ ဒီနေ့တော့ အေးတယ်၊ သက္ကလပ်ခြုံထည်လေး ခြုံချင်လိုက်တာ၊ လာလှူတဲ့သူက ရှိတယ်။ တပည့်တော် ဘာလေးတောင့်တ

http://www.dhammadpwnload.com



လိုက် တောင့်တလိုက် ရ,ရနေတာပါဘုရား။

အဲဒီတော့ စိတ်ထဲတောင် မတောင့်တရဲဘဲ ဖြစ်နေတယ်တဲ့။ အဲဒါ သိဒ္ဓိပေါက်တယ် ခေါ်တယ်ကွ၊ မင်းသိဒ္ဓိပေါက်ပြီ၊ သိဒ္ဓိပေါက်တဲ့ အဓိပ္ပါယ်က ဘုရားတရားတော်တွေက တန်ခိုးရှိတယ်။ အဲဒီ တန်ခိုးရှိတဲ့ စာတွေကို ရွတ်ဖတ်သရဇ္ဈာယ်နေတော့ ပါးစပ်ကစ သိဒ္ဓိ ပေါက်တာ၊ ပါးစပ်က ရမ်း မပြောရဘူး၊ ပြောရင် အဲဒီအတိုင်းဖြစ်တယ်။

ဟို စွန်းလွန်းဆရာတော်ကြီး ဦးကဝိ သူ့အတ္ထုပ္ပတ္တိထဲ ဖတ်ရတယ်။ တစ်ခါတလေ မင်း ဒီကောင် သေမယ့်ကောင်ကြီးလို့ဆို၊ နောက်တစ်နေ့ သေလို့ မပြောရဲဘူးတဲ့၊ ငါသွားပြောတာမှားပြီ၊ အဲဒီလို ပြောလိုက်တဲ့ ဥစ္စာတွေ ပြောတဲ့အတိုင်း ဖြစ်ဖြစ်သွားတတ်တယ်နော်။ စိတ်ကူးရင်လည်းပဲ စိတ်ကူးတဲ့ ဥစ္စာလေးတွေအတိုင်း ဖြစ်တတ်တယ်။ အဲဒါ သိဒ္ဓိပေါက်တာ ခေါ်တယ်ကွ၊ ဘုရား တရားတော်တွေရဲ့ တန်ခိုး၊ မှတ်ထားလို့ ဆရာတော်ကြီး က ပြောဘူးတယ်။ ဘုန်းဘုန်းပြီးခဲ့တဲ့ လ,တုန်းက ဂျပန်ပြည်သွားတယ်၊ ဂျပန်က သိမ်သမုတ်ပွဲ ပင့်လို့ အဲဒီမယ် သူတို့က ဟိုးအထက်ထပ်မယ် စတုတ္ထထပ်မယ် သိမ်သမုတ်ချင်တာ၊ မြေကြီးသာ သမုတ်ဖူးတာကိုး၊ အထက်ထပ်မှာ မသမုတ်ဖူးလို့ သူတို့က သိမ်မသမုတ်ရဲလို့ ဆရာတော် ပင့်တယ်၊ ဆရာတော်က လိုက်သမုတ်ပေးလိုက်ပါတယ်။

ပြီးတော့ သိမ်သမုတ်ပွဲ လှူဒါန်းတာတွေလည်း အများကြီးပါပဲ။ ဘုန်းဘုန်း တော်တော်လေး ရခဲ့ပါတယ်။ ဘုန်းဘုန်းက တစ်ခါတလေကျတော့ ရလည်းရခဲ့၊ ဝလည်းဝခဲ့ပြီကွဆို သဘောကျ၊ အဲလိုရလည်းရ၊ ဝလည်းဝဆို

http://www.dhammadpwnload.com



သဘောကျကြ၊ ဘုန်းဘုန်းက အဲဒီမယ် ကလေးမလေး တစ်ယောက် ခင်ဥမ္မာမြိုင်တဲ့၊ သူ့အမေက မြင့်မြင့်ခင်၊ ခင်,လေးယူတယ်၊ သူ့အဖေက ဦးထွန်းမြိုင်၊ မြိုင်,လေးယူတယ်၊ နံမည်အရင်းကတော့ ဥမ္မာ၊ ခင်ဥမ္မာမြိုင် သူက နော်၊ ခင်ဥမ္မာမြိုင်က ဘုန်းဘုန်းဆီလာပြီးတော့ ညနေတိုင်း ဖျော်ရည် ကပ်တယ်။ ဒီခင်ဥမ္မာမြိုင် နေ့တိုင်း၊ နေ့တိုင်း၊ ဖျော်ရည်လာလာကပ်၊ ဘာလုပ်တုန်း၊ နင့်ပိုက်ဆံရှိလို့လားလို့ မေးတော့ မရှိပါဘူးဘုရား။ တပည့်တော် အလုပ်လည်းမရှိလို့ ပြန်တော့မှာတဲ့ အလုပ်လုပ်သွားတာ၊ ဟိုကျ အလုပ်မရဘူး၊ ပြန်တော့မလို့ဘုရားတဲ့။

ဪ-ဒီနားတိုး ခင်ဥမ္မာမြိုင်၊ အလုပ်မရဘူးတဲ့၊ ရစေ၊ ဘုန်းဘုန်းက အဲလိုပြောတာ ပေါ့။ သူက ဝမ်းသာသွားတယ်၊ နောက်တစ်နေ့ကျ ဘုန်းဘုန်းက မေးတာပေါ့။ ဘယ်နှလဲ ဟေ့ ရလား··· ရပြီဘုရားတဲ့···ည-၁၀-နာရီလောက် မှာ တယ်လီဖုန်းလာတယ်။ ခင်ဥမ္မာမြိုင် နင့်အလုပ်ခန့်ပြီ၊ မနက်ဖြန် အလုပ်ဆင်းလို့၊ ဘုန်းဘုန်းကလည်း အဲလို ပဋ္ဌာန်းတွေ ဘာတွေ ရွတ်ပါများလို့ မှန်သွားတယ်နဲ့ တူပါတယ်။ နောက်တစ်ယောက်က သူကပြောပြတော့ ကလေးမလေးတစ်ယောက်က လာပြန်ရော၊ တပည့်တော်လည်း အလုပ်မရ လို့ပါ ပြောပေးပါဦးတဲ့၊ နင့်နာမည် ဘယ်သူတုန်း၊ ကြည်ပြာတဲ့၊ ကဲ ခင်ကြည်ပြာ အလုပ်မရဘူးတဲ့ ရစေဗျာ၊ နောက်တစ်နေ့လာပြန်ရော သူက၊ ဘယ့်နဲ့တုန်းဟေ့၊ ရပြီဘုရားတဲ့၊ အဲဒီမယ် ဆရာတော်က နာမည်ကြီးသွားရော ဆရာတော်က တန်ခိုးရှိတယ်တဲ့။

တကယ်ကတော့ ဘုရား တရားတွေ၊ ပဋ္ဌာန်းတွေ ရွတ်ပါများတော့

http://www.dhammadpwnload.com



ဒီပါးစပ်ကနေပြီး သိဒ္ဓိပေါက်တာနဲ့ တူပါတယ်။ အေး တန်ခိုးရှိလို့ မဟုတ်ပါဘူးနော်။ ဆရာတော် ပြောလိုရင်းက ကြွားချင်လို့လည်း မဟုတ်ပါဘူး။ ဒီရှိတဲ့ ပရိသတ်တွေလည်း ပဋ္ဌာန်းတွေ ရွတ်ကြပါလို့နော်၊ ပဋ္ဌာန်းတွေရွတ်တော့ ပဋ္ဌာန်းတရားတော်တွေက ပါးစပ်ပေါ်မယ် အရင်စီးလာတာ သူကနော်။ ပါးစပ်ပေါ်စီးပြီးတော့၊ ဘာတွေရောက်လာလဲ၊ စိတ်နဲ့စဉ်းစား၊ နောက်တစ်ခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရွတ်ရင်းပေးမယ်လို့ ရွတ်တဲ့အသံလေးတွေ ဖြစ်ပြီး ပျက်သွားတာ။ အဲဒါကို စဉ်းစား၊ အဲဒီလို စဉ်းစားလိုက်ရင် ဒိဋ္ဌိယာသုပ္ပဋိဝိစ ဉာဏ်နဲ့ ဆင်ခြင်တဲ့အပိုင်းရောက်။ ၄-ဆင့်ကို ပထမဆုံးကျ နားထောင်၊ တရားနာ၊ ဒုတိယ ကိုယ်ကိုယ်တိုင်ရွတ်၊ တတိယ စိတ်နဲ့စဉ်းစား၊ ပစ္စည်း၊ ပစ္စယုပ္ပန်၊ ရုပ်တရား၊ နာမ်တရား၊ စတုတ္ထက အနိစ္စ၊ ဒုက္ခရှု၊ ဒီ ၄-ခုအောင်ရင် နိဗ္ဗာန်ဘက်သွားပြီ။ ဟုတ်ကဲ့လား။

အေး အားလုံး ဘုရားတရားတော်တွေ ပဋ္ဌာန်းတရားတွေ ကြိုးစားပြီး ရွတ်နိုင်ကြပါစေ။ သိဒ္ဓိလည်းပေါက်၊ နိဗ္ဗာန်အထိ ရောက်ကြပါစေဗျား။ သာဓု သာဓု သာဓု ။ ဒီနေ့ နဲနဲတောင်မှ စောသွားပါလား၊ ဘုန်းဘုန်းက နဲနဲစော သွားတော့ တော်လို့ မဖြစ်သေးဘူး ထင်တယ်။ ဘုန်းဘုန်းက နာရီကြည့်တာ မှားသွားလို့ ဥပနိဿယပစ္စည်းလာရအုံးမှာကိုး၊ ဥပနိဿယပစ္စည်း အဓိပ္ပါယ် မပါတောင်မှ ပါဠိတော်လေးတော့ ရွတ်လိုက်ဦးစို့။ ပါဠိတော်က သူက (၉)ချက်၊ ကုသလပဒ(၃)ချက်၊ အကုသလပဒ(၃)ချက်၊ အဗျာကတပဒ (၃)ချက်၊ ၉-ဝါကျ သွားမှာနော်။ ကုသလပဒအတွက် ၃-ဝါကျ၊ အကုသလ ပဒအတွက် ၃-ဝါကျ၊ အဗျာကတပဒအတွက် ၃-ဝါကျ၊ အားလုံး ၉-ဝါကျနော်။ ပထမ ၃-ဝါကျ ဘုန်းဘုန်း ရွတ်ပြပါ့မယ်။

http://www.dhammadpwnload.com



ဥပနိဿယပစ္စယောတိ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။ ရှေ့ ကုသိုလ်က ပစ္စည်း၊ နောက် ကုသိုလ်က ပစ္စယုပ္ပန်၊ ဟုတ်လား၊ ဇောတွေလဲ ပထမဇောက ပစ္စည်း၊ ဒုတိယဇောက ပစ္စယုပ္ပန်၊ ဒုတိယ ဇောက ပစ္စည်း၊ တတိယဇောက ပစ္စယုပ္ပန် စသည့်နော်။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော၊ ဒီကျတော့ ကေသဉ္စိလေးပါတယ်။ ခုနက မပါဘူး၊ ကေသဉ္စိ ဆိုတာ အချို့မှာ၊ ရှေ့ ကုသိုလ်ကပစ္စည်း၊ နောက် အကုသိုလ်က ပစ္စယုပ္ပန်ဆိုတာ ကုသိုလ်က နေပြီး အကုသိုလ်ကျေးဇူးပြုတာ၊ ကုသိုလ်တရားကလဲ အကုသိုလ်တရားတွေ ဖြစ်အောင်၊ ဥပမာအားဖြင့် တချို့ ဘုန်းကြီးတွေ စာတွေတတ်လို့ ငါကွလို့ မာနကြီးပစ်လိုက်တာ။ အဲဒါဆို ရှေ့ကုသိုလ်က ပစ္စည်း၊ မာနကြီးတဲ့ အကုသိုလ်တွေ ဖြစ်သွားတာ ပစ္စယုပ္ပန်။ အဲလိုလဲ မာနမကြီးရဘူးတဲ့။ ပြီးတော့မှ-

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။ ရှေ့ သတ္တမဇောက ပစ္စည်း၊ နောက် တဒါရုံက ပစ္စယုပ္ပန်၊ အဲဒီ ၃-ဝါကျ အရင် ဟောလိုက်ကြရအောင်၊

(သံပြိုင်) ပုရိမာ ပုရိမာ ကုသလာ.....ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ.....အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော။

http://www.dhammadpwnload.com



ရှေ့ကုသိုလ်ကပစ္စည်း၊ နောက် အကုသိုလ်က ပစ္စယုပ္ပန်၊ အဲဒီတော့ အကုသိုလ် မဖြစ်အောင် ကြိုးစားရမှာ၊ တခါတလေ အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်။ ဥပမာအားဖြင့် ဘုရားရဲ့ ညီတော်မင်းနန္ဒက ဇနပဒ ကလျာဏီနဲ့ လက်ထပ်ပွဲ ကျင်းပပြီး ဘုရားက ဆွမ်းစားပြီးတော့ ထသွား၊ သပိတ်ကလေး သူ့လက်ထဲ ပေးလိုက်တာ၊ သပိတ်လေးထမ်း ကျောင်းလိုက် သွားရတာပေါ့။

ဇနပဒကလျာဏီက မောင်မောင်ရေ မြန်မြန်လေး ပြန်လာပါလို့ ပြတင်းပေါက်က ပြောလိုက်တယ်။ လှမ်းပြောလိုက်တော့ သူ့စိတ်ထဲ အဲဒီ အသံလေးက အသဲထဲစွဲနေတယ်။ အဲဒါလေးက လောဘမှုလေး၊ လောဘပေါ့၊ အဲဒါလေးက ကျေးဇူးပြု၊ ဟိုကျတော့ မြတ်စွာဘုရားက မင်းနန္ဒ မင်း ဘုန်းကြီး ဝတ်နိုင်ပါ့မလားတဲ့၊ ဘုရင်မျိုးဆိုတာ ဒီလိုတဲ့၊ မင်း ဒါလုပ်နိုင်ရဲ့လားဆိုရင် မလုပ်နိုင်ဘူးလို့ မပြောရဘူးတဲ့၊ ဒါဆို အသဲကြောင်တယ်လို့ခေါ်တယ်။ မင်းမျိုးမဟုတ်ဘူး၊ မင်းဘုန်းကြီးဝတ်နိုင်ရဲ့လား၊ ဝတ်နိုင်ပါတယ်ဘုရား၊ ဒီလိုမျိုးပေါ့၊ အေး ဝတ်နိုင်ရင် ဝတ်ကွာဆိုတော့ ဝတ်ပစ်လိုက်တာပေါ။ ဒုက္ခရောက်တာပေါ့။ ဇနပဒကလျာဏီ ကြီးလဲ ဒုက္ခရောက်၊ မင်းနန္ဒ မပျော်ဘူး၊ သူက လူထွက်ချင်နေတာ။

အဲလိုနဲ့ ဘုရားကသိတယ်၊ မင်းနန္ဒတော့ လူထွက်ချင်နေပြီ၊ မင်းနန္ဒ မင်းနဲ့ငါ လမ်းလျှောက်သွားရအောင်ဆိုပြီး တောစပ်လေးရောက်တော့ မီးလောင်ထားတဲ့ သစ်ငုတ်ပေါ်မှာ မျောက်မကြီးက မီးလောင်ထားလို့ နားရွက်တွေ ပဲ့ရွဲ့လို့ လက်တွေကလဲ တိုလို့တဲ့။ ဟိုဟာ ဘာကြီးတုန်းဟဲ့၊

http://www.dhammadpwnload.com



မျောက်မကြီးပါဘုရား၊ အဲဒီ မျောက်မကြီးနဲ့ မင့် ဇနပဒကလျာဏီ ဘယ်သူက လှလဲဆိုတော့ မနှိုင်းထိုက်ပါဘူးဘုရားတဲ့၊ သူက သိပ်သဘောမကျဘူးပေါ့။ သူ့ဇနပဒ ကလျာဏီက အချောဆုံးကိုး၊ ဒါကြောင့် မနှိုင်းထိုက်ပါဘူးလို့ ပြောသတဲ့။

အေး ဆိုပြီး တာဝတိံသာနတ်ပြည်ခေါ်သွားတယ်။ တာဝတိံသာ နတ်ပြည်ရောက်တော့ နတ်သမီးတွေက မြတ်စွာဘုရား ကြွလာသတဲ့။ ကြွလာတဲ့ နတ်သားတွေ နတ်သမီးတွေ ရှိခိုးကြ၊ မြတ်စွာဘုရားက မင်းနန် နတ်သမီးတွေနဲ့ မင်း ဇနပဒကလျာဏီ ဘယ့်နှယ်တုန်းဟေ့၊ သူတို့နဲ့စာရင် တပည့်တော် ဇနပဒကလျာဏီက မျောက်မကြီး ဖြစ်သွားပါတယ်ဘုရားတဲ့။ အင်း ဇနပဒကလျာဏီများ ကြားလိုက်ရင် ဂျမ်းထိုးပစ်လိုက်မှာ။

အေး နတ်သမီးလေးတွေ မလိုချင်ဘူးလား၊ လိုချင်ပါတယ်ဘုရား၊ ငါ တာဝန်ခံတယ်။ မင်းရစေရမယ်။ တရားသာအားထုတ်၊ တရားအားထုတ် ခိုင်းလိုက်တယ်၊ နောက်ကျ တရား သဘောပေါက်သွားတော့ နိဗ္ဗာန်ရသွား တယ်။ ရဟန္တာဖြစ်သွားတော့ နတ်သမီးလေးတွေကို လိုချင်တဲ့ လောဘဇော လေးနဲ့ သူအားထုတ်တာ။ အဲဒါ ပုရိမာ ပုရိမာ အကုသလာဓမ္မာပေါ့၊ မင်းနန်လေး သန္တာန်ဖြစ်နေတဲ့ လောဘက အကုသိုလ်ပစ္စည်း၊ နောက် သူရဟန္တာဖြစ်သွားတာက ပစ္စယုပ္ပန်၊ နတ်သမီးလေးလိုချင်လို့ ကြိုးစား အားထုတ်လိုက်တာ၊ အဲလိုပဲ ရှံခါ အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဍ္ဍိ ဥပနိဿယ ပစ္စယေန ပစ္စယော။ ဒီလဲ ကေသဍ္ဍိပါတယ်။

http://www.dhammadpwnload.com



တစ်ခါတလေမှ၊ အများအားဖြင့် အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတယ်။ ရံခါတော့ ကုသိုလ်ပဲဖြစ်အောင် ကျေးဇူးပြုနေပါတယ်။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။ အကုသိုလ်အတွက် ၃-ဝါကျ၊ ဖတ်လိုက်ပါဦး။

ပုရိမာ၂ အကုသလာဓမ္မာ ပစ္ဆိမာနံ၂ အကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပုရိမာ၂ အကုသလာဓမ္မာ ပစ္ဆိမာနံ၂ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပုရိမာ၂ အကုသလာဓမ္မာ ပစ္ဆိမာနံ၂ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

အေး အကုသလပဒ ၃-ဝါကျ။

ထိုနည်းတူ အဗျာကတပဒအတွက် ၃-ဝါကျ၊ ဝိပါက်ကြိယာတွေကို အဗျာကတ ခေါ်တယ်။ ရှေ့ဝိပါက်ကြိယာက နောက်ဝိပါက်ကြိယာအား ကျေးဇူးပြုတာ၊ အဗျာကတော အဗျာကတဿ၊ တစ်ဝါကျ၊ ရှေ့အဗျာကတ-က၊ နောက် ကုသိုလ်အား ကျေးဇူးပြုတာ၊ ဥပမာအားဖြင့် ဝုဋ္ဌော၊ မနောဒွါရာ ဝဇ္ဇန်းဆိုပစ္စည်း၊ ပဋ္ဌမဇောဆို ပစ္စယုပ္ပန်၊ အနန္တရ၊ သမနန္တရ လို၊ ရှေ့ဝိပါက်ကြိယာက အဗျာကတတရား၊ နောက်တရားက ကုသိုလ်၊ ဒါဆိုရင် ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ

http://www.dhammadpwnload.com



ဥပနိဿယ ပစ္စယေန ပစ္စယော။ ထို့အတူပဲ ရှေ့က ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းက ပစ္စည်း။ နောက် အကုသိုလ်က ပစ္စယုပ္ပန်။

ပုရိမာ ပုရိမာ အဗျာကတာမွှာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။ အဲဒီလို ၃-ဝါကျ၊ ဖတ်လိုက်စမ်းပါဦး။ (သံပြိုင်)

ပုရိမာ၂ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ၂ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပုရိမာ၂ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ၂ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပုရိမာ၂ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ၂ အကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

နောက် ဥတုဘောဇနမ္ပိရယ်၊ ပုဂ္ဂလောပိရယ်၊ သေနာသနမ္ပိရယ်၊ အဲဒါကတော့ ဥတု ဘောဇနတို့၊ ပုဂ္ဂလောတို့၊ သေနာသနတို့၊ ဒါ ပရမတ္ထတရားကလဲ ကျေးဇူးပြုတယ်။ ပညတ် တရားကလဲ ကျေးဇူးပြုတယ်။

ပူတာ အေးတာကို ဥတုခေါ်တယ်။ ဘောဇနဆိုတာ စားတဲ့ အစားအစာတွေပေါ့။ ဥတု ဆိုတာ ပူတယ်၊ အေးတယ်၊ ပရမတ္ထတရားပါပဲ၊ ဘောဇနဆိုတာလဲ စားတဲ့ အစား အစာထဲမှာပါတဲ့ ဩဇာ၊ ပရမတ္ထတရား၊ အဲဒီ ဥတုကလဲ ကုသိုလ်တွေ အကုသိုလ်တွေ အဗျာကတတွေဖြစ်အောင် ကျေးဇူးပြုတယ်တဲ့၊ စားတဲ့အစာကလဲ ကျေးဇူးပြုတယ်၊ ပုဂ္ဂလောပိ ပုဂ္ဂိုလ်ကလဲ ကျေးဇူးပြုတယ်။ မြတ်စွာဘုရားက မင်္ဂလသုတ်မှာလဲ အသေဝနာ စ ဗာလာနံ

http://www.dhammadpwnload.com



ပဏ္ဍိတာနဉ္စ သေဝနာ-စသည်ဖြင့် ဟောပါတယ်။

မကောင်းတဲ့ပုဂ္ဂိုလ်တွေ သွားပေါင်းရင် မကောင်းတဲ့ဓါတ်တွေကူးပြီး ဒုက္ခရောက်တတ်တယ်။ ကောင်းတဲ့ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ် အတူနေမှ ကောင်းတဲ့ဓါတ်တွေ ရမှာ။ အဲဒါကြောင့် ပုဂ္ဂိုလ်ကိုလဲ ဂရုစိုက်ရမယ်တဲ့၊ သေနာသနမ္ပိ၊ သေနဆိုတာ အိပ်ရာ။ အာသန ဆိုတာ ထိုင်ရာပေါ့၊ ကုလားထိုင်တွေက အာသနပေါ့။ ကုတင်တွေက သေနပေါ့။ အိပ်ရာ၊ ထိုင်ရာ၊ နေရာကလဲ ကျေးဇူးပြုတယ်တဲ့၊ ကျေးဇူးပြုပုံလေးတစ်ခု ပြောပြမယ်။ ဘောဇနမ္ပိ၊ တစ်ခါတော့ ရွာတစ်ရွာက ဘုရားအမှူးရှိတဲ့ သံဃာတွေပင့်၊ ဆွမ်းကပ်၊ မဏ္ဍပ်ကြီး၊ ဒီမွှာရုံကြီးလို ထားပါတော့၊ ဆွမ်းကပ်လို့ပြီးတော့ ဆွမ်းစားပို့ပြီးပါပြီဘုရား၊ မြတ်စွာဘုရား တရားဟောတော်မူပါလို့ ရေစက်ချ တရားဟောဖို့ လျှောက်တယ်။ လျှောက်တော့ မြတ်စွာဘုရားက··· ဟာ-ဒီထဲ မောင်လှဆိုတဲ့ ဒကာ မမြင်ပါလား၊ ဒကာတစ်ယောက်ကို မေးတယ်။ မောင်လှ ဘုရား တွေ့ချင်လို့တဲ့။ ခါဟ ခါဟ မောင်လှ မရှိဘူးတဲ့၊ သူ့အိမ်သွားဟာ၊ အိမ်လဲ မရှိဘူးတဲ့၊ တောထဲသွား နွားပျောက်ရှာသတဲ့၊ တောထဲလိုက်ရှာခိုင်းတာ၊ တွေ့တော့ မင့် ဘုရားက တွေ့ချင်လို့တဲ့၊ လာ-လိုက်ခဲ့ဆိုတော့ လိုက်လာတယ်။

ဒီရောက်တော့ မြတ်စွာဘုရား···။ မောင်လှရောက်ပါပြီဘုရား၊ အေး၊ မောင်လှ၊ မင်းထမင်းစားပြီးပြီလား၊ မေးတယ်၊ မစားရသေးပါဘူးဘုရား။ ခုန တောကပြန်ရောက်လို့ အိမ်တောင် မဝင်ခဲ့ပါဘူး၊ တန်းလာတာပါဘုရား၊ ဟာ ဒီလိုဆို မောင်လှကို ထမင်းကျွေးလိုက်ဦးဟေ့၊ ဒါနဲ့ ထမင်းကျွေး၊

http://www.dhammadpwnload.com



မောင်လှ ထမင်းစားပြီးပါပြီဘုရား ဆိုတော့မှ တရား ဟောတယ်။ တရားလဲ ဆုံးရော မောင်လှ သောတာပန်တည်သတဲ့၊ အားလုံး ဝမ်းသာကြတယ်။ ဒကာမတွေက မေးကြတယ်၊ ဘုရားက မောင်လှကို အရေးထားတယ်၊ မောင်လှနဲ့ဘုရား အမျိုးတော်လားတဲ့၊ အဲဒီလိုမေးကြတယ်။

မဟုတ်ဘူးကွ၊ အမျိုးတော်လို့ မဟုတ်ဘူး၊ မြတ်စွာဘုရားက ပရိသတ်ထဲ ကြည့်လိုက်တော့ တရားထူးရမှာ မောင်လှတစ်ယောက်ထဲပါတာ။ လိုရင်းလူက မပါဘဲ ဖြစ်နေတော့ သူ့ရှာခိုင်းရတာ၊ အဲလို ဖြစ်နေတယ်။ တွေ့တော့ ထမင်းမစားရတော့ ထမင်းမစားရသေးဘဲ တရားဟောလိုက်ရင် ထမင်းဆာတယ် ဆာတယ်နဲ့ စိတ်က အဲဒီထမင်းဆီ ရောက်နေရင် တရားနှလုံး မသွင်းနိုင်ဘူး၊ ဘုရားဟောလဲ မဂ်ဖိုလ်နိဗ္ဗာန်ရမှာ မဟုတ်ဘူး၊ အဲဒါကြောင့် ထမင်းကျွေး လိုက်ကွာလို့ပြောတာ၊ အမျိုးတော်လို့ ဟုတ်ရဲ့လား… (မဟုတ်ပါ ဘုရား)။ ဘုန်းဘုန်း ဒီမှာ ပြောလိုတာက ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊ ဘောဇနအရ ပြောတာ။ မဂ်ဖိုလ်နိဗ္ဗာန်အထိ အစားအစာက ကျေးဇူးပြုပုံ ပြောတာနော်။

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော၊ သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။ ဥတု ဘောဇဉ်တို့ကလဲ ကျေးဇူးပြုတယ်။ ပုဂ္ဂိုလ်ကလဲ ကျေးဇူးပြုတယ်။ အရှင် အာနန္ဒာက မြတ်စွာဘုရားကို လျှောက်တယ်။ မိတ်ကောင်းဆွေကောင်းလေး ရှိရင် အတော်အားကိုးရတယ်ဘုရား။ ကုသိုလ်ရဖို့ တစ်ဝက်လောက် သေချာ သွားပြီတဲ့၊ ဘယ်တစ်ဝက်ကမလဲကွ၊ ပုဂ္ဂိုလ်ကောင်း သူတော်ကောင်းကို

http://www.dhammadpwnload.com



ပေါင်းရင် ကုသိုလ်ရဘို့ အားလုံးသေချာတယ်တဲ့၊ ပြောတယ်၊ ဒါကြောင့် မြတ်စွာဘုရားက ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော။

သေနာသနမှို၊ အိပ်ရာနေရာလဲ ဒီလိုပဲ၊ အိပ်ရာနေရာလဲ ဂရုစိုက်ရတယ်။ တစ်ခါတော့ မြတ်စွာဘုရား ရဟန်းတော်တစ်ပါးကို တောထဲခေါ်ပြီး တောလမ်းလေးလျှောက်၊ ဥယျာဉ် တစ်ခုရောက်တော့ ရဟန်းက ဘုရားကို ပြောသတဲ့၊ ဒီဥယျာဉ်ထဲ တရားအားထုတ်ချင်လိုက်တာဘုရား။ မထုတ်နဲ့ကွ၊ တပည့်တော် အားထုတ်ချင်လို့ပါဘုရား၊ စိတ်ထဲမှာ တအား အားထုတ်ချင်တယ်ဘုရား။ မထုတ်ပါနဲ့ ပြောလဲမရဘူး၊ နောက်တော့ ဘုရားစကား နားမထောင်ဘူး၊ ဘုရားဆီ မလိုက်တော့ဘူး၊ သပိတ်ကြီးချပြီး အရှင်ဘုရား သပိတ်မယူတော့ဘူး ဘုရား၊ ကိုယ့်ဟာကိုယ်ယူဆိုတဲ့ အဓိပ္ပါယ်ပေါ့။

သူက အဲဒီဥယျာဉ်ထဲသွားပြီး တရားအားထုတ်၊ အဲဒီမယ် တရားအားထုတ်တော့ နောက်ကျတော့ လူဆိုးတွေနဲ့တွေ့၊ ဒုက္ခရောက်၊ ပေါင်ကျိုးနော်၊ တရားအားထုတ်သော်လဲ တရားက မထင်၊ အဲဒီလို ဒုက္ခတွေရောက်တယ်။ သေနာသနမှို၊ ထိုင်တဲ့နေရာ၊ ကျောင်းတို့၊ အိပ်ရာနေရာတို့ဆိုတာ ဂရုစိုက်ရတယ်၊ ဘာပြုလို့လဲဆိုတော့ ဘုရားကသိတယ်၊ ဒီနေရာက အရင်တုန်းက သူ၏ ဟိုဘုရင်ကြီးဘဝတုန်းက သူနဲ့ မိဖုရားတွေ ပျော်မြူးခဲ့တဲ့နေရာ၊ အဲဒီလို ဘဝပေါင်းငါးရာ ပျော်မြူးခဲ့တဲ့နေရာဖြစ်လို့၊ ကိလေသာအငွေ့အသက်တွေ ကျန်နေတာ၊ သူက တရားသွားအားထုတ်တော့ အဲဒီ အငွေ့အသက်တွေ အရှိန်ဟပ်ပြီး ကိလေသာစိတ်တွေ သူပေါ်နေတယ်။ တရားအားထုတ်လို့ မရဘူးနော်။

http://www.dhammadpwnload.com



ပြောလိုတာက နေရာတို့၊ ကျောင်းတို့၊ အိပ်ရာကုတင်တို့ဆိုတာ သန့်သန့်ရှင်းရှင်း ဖြစ်ဖို့လိုတယ်။ သဘောပေါက်တယ်နော်။ အဲဒါကို သေနာသနမ္ဘိ ဥပနိဿယပစ္စယေန ပစ္စယော၊ ကဲ နက်ဖြန်မှ ဆက်ပါ့မယ်နော်။ ကဲ ဒီနေ့တော်ကြဦးစို့။

သာဓု သာဓု သာဓု

http://www.dhammadpwnload.com

**ကောဓာသက္ကရာဇ် ၁၃၇၁၊ နယုန်လပြည့်ကျော် ၂-ရက်၊ ခရစ်နှစ် ၂၀၀၉၊ ဇွန်လ ၉-ရက် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၊ ယနေ့ညတရားပွဲ မတည်အလှူရှင်ကတော့ ဦးကျော်ဖံ+ဒေါ်နန်းခင်နှောင်း မိသားတစ်စု၊ အမှတ်(၇)ဆီဆုံလမ်း၊ စမ်းချောင်း။**

ဘုန်းဘုန်းတို့ ပဋ္ဌာန်းက မနေ့က ဥပနိဿယပစ္စယော၊ ဥပနိဿယ ပစ္စည်းဆို ပစ္စည်း နံပါတ်ဆို ဘယ်နှစ်ခု ရှိသွားတုန်း။ အေး ၉-ခုရှိသွားပြီနော်၊ ပစ္စည်းက ၂၄-ခု ရှိတာကိုး။ ၂၄-ပစ္စည်းထဲမယ်ရှိတဲ့အနက် ၉-ခုမြောက် ဖြစ်သွားပြီ၊ နိဿယပစ္စယောဆိုတာ မှီရာဖြစ်ပြီးတော့ ကျေးဇူးပြုတယ်။ ဥပနိဿယပစ္စည်းကျတော့ ဥပလေးက အားကြီးတော့ နိဿယောက မှီရာ၊ အားကြီးတဲ့မှီရာဖြစ်ပြီးတော့ ကျေးဇူးပြုတယ်။ သချ်ာအနေအားဖြင့် သူက ၉-ခု၊ ကုသိုလ်အတွက်က ၃-ခု၊ အကုသိုလ်အတွက်က ၃-ခု၊ အဗျာကတ အတွက်က ၃-ခု၊ အဲတော့ ၉-ဝါကျစီ ဖြစ်သွားတာပေါ့နော်။

နောက်ကနေပြီးတော့ အမှာစကားလေးက ၃-ဝါကျ၊ ဥတုဘောဇနမ္ပိ၊ ပုဂ္ဂလောပိ၊ သေနာသနမ္ပိ၊ ဟုတ်ကဲ့လား၊ အေး အဲဒီမယ် မနေ့ကတုန်းက

http://www.dhammadpwnload.com



ဘောဇနေမှိ အရ တစ်ရွာဆွမ်းစားပင့်လို့ မြတ်စွာဘုရား ကြွတဲ့အခါ မောင်လှ မေးလို့၊ မောင်လှ ထမင်းမစားရသေးလို့ ကျွေးခိုင်းတာလေး မှတ်မိတယ် မဟုတ်လား။ အေး-အဲဒီမယ် ထမင်းမစားရခင် တရားဟောလိုက်ရင် တရား ရမှာ မဟုတ်ဘူးတဲ့။ အဲဒါကြောင့် ထမင်းကလည်း စားစရာ သောက်စရာ ကလည်းပဲ မဂ် ဖိုလ် နိဗ္ဗာန်ကို ကျေးဇူးပြုတယ်။ ဉပနိဿယပစ္စည်းနဲ့ ကျေးဇူးပြုတယ်။ သေနာသန အိပ်ရာ၊ နေရာကလည်း ကျေးဇူးပြုတယ်။ အိပ်ရာတို့ နေရာတို့၊ ကျောင်းတို့ ဒါလေးလည်းပဲ သန့်သန့်ရှင်းရှင်းနေဖို့ ကိလေသာများတဲ့နေရာ မဖြစ်ဖို့ လိုပါတယ်နော်။

ဘုန်းဘုန်းတို့ ဟောဒီ ဒလဘက်က အနာဂါမ်ဆရာသက်ကြီးဆိုတာ ကြားဘူးလား၊ အေး ဆရာသက်ကြီးက ပျော်ဘွယ်ကြီးသားလို့ ပြောတယ်။ ဘုန်းဘုန်းတို့ကတော့ မရောက်ဖူးပါဘူး၊ သူများအပြောပေါ့လေနော်။ ပျော်ဘွယ်ကြီးဆိုတဲ့ရွာ၊ သူက လယ်သမားကြီး၊ လယ်တွေ ကေပေါင်း မြောက်များစွာလုပ်၊ တရားတော့ ဝါသနာပါတယ်။ တရားကျင့်ချင်တယ်၊ နာချင်တယ်၊ အဲဒီလိုနဲ့ အဲဒီခေတ်ကထင်ရှားကျော်ကြားတဲ့ လယ်တီဆရာတော် ကြီးဆီသွား။ နှစ်ပေါင်း ၂၀-ကျော် အစိတ်လောက် ဆရာတော်ကြီးဆီပဲ နေပြီးတော့ နေ့ခင်းဆို သူကလည်း ဦးဇင်းတွေ၊ ကိုရင်တွေလိုပဲ စာလိုက်တယ်။ ညကျတော့ ဆရာတော်ကြီးနဲ့အတူ သင်္ချိုင်းကုန်း သွားပြီးတော့ တရား အားထုတ်တယ်။ နေ့ခင်းစာလိုက်၊ ညတရားအားထုတ်၊ တရားပွဲတွေ ရှိတဲ့အခါဆိုရင် သူကလည်း လိုက်တရားနာ၊ နှစ်ပေါင်း ၂၀-အစိတ် တစ်မဂ်တစ်ဖိုလ် မရပါဘူးတဲ့၊ ဘာမှ မရတော့ သူက ဆရာတော်ကြီးကို

http://www.dhammadpwnload.com



လျှောက်တယ်။

ဆရာတော်ဘုရား တပည့်တော် သားပစ်၊ မယားပစ်၊ ကလေးတွေ၊ သားသမီးတွေ၊ မယားတွေပစ်ပြီးတော့ ဆရာတော်ကြီးဆီ လာ စာလိုက်တယ်။ တရားအားထုတ်တယ်။ တရား နာတယ်။ နှစ်ပေါင်း ၂၀-ကျော်ပါပြီဘုရား၊ တပည့်တော် လိုချင်တဲ့ တစ်မဂ်၊ တစ်ဖိုလ် မရပါဘူးဘုရား။ အဲတော့ တပည့်တော် တခြားသွား အားထုတ်အုံးမယ်လို့ ပြောသတဲ့။ ဘယ်သွား အားထုတ်မလို့လဲကွာ၊ မင်းက ကိုယ့်ကျောင်းကိုယ် အားထုတ်တာ မဟုတ်ဘူး။ တပည့်တော် ဖိုလ်ဝင်တောင် သွားမလို့ပါဘုရား။ ဖိုလ်ဝင်တောင်ဆိုတာ ဖိုလ်ဆိုတာ ဖလပေါ့။ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်၊ ဟုတ်ပြီလား။ အဲဒီ ဖိုလ်တွေ ဝင်စားတဲ့ ဥစ္စာကို ဖလသမာပတ္တိဖိုလ်တွေ ဝင်စားတယ်လို့ ခေါ်တယ်။ အဲဒီ ဖိုလ် ရှေးတုန်းက သူတော်ကောင်းကြီးတွေ တရားတွေ ဘာတွေ အားထုတ်၊ တစ်မဂ် တစ်ဖိုလ် ရပြီဆို အိမ်မှာလူတွေ ဘာတွေက ရှုပ်လို့မို့ အဲဒီတောင် သွားသွားပြီးတော့ ဖိုလ်ဝင်စားကြတယ်တဲ့။ ဖိုလ်ဝင်စားတဲ့တောင်မို့လို့ ဖိုလ်ဝင်တောင်တဲ့နော်။

နောက်ပိုင်းကျတော့ ဖိုးဝင်းတောင်လို့ ဖြစ်နေတယ်နော်။ မင်း အဲဒီ ဖိုလ်ဝင်တောင် သွားလို့ ဘာထူးမှာလဲကွာလို့ ဆရာတော်ကြီးက ပြောတယ်တဲ့။ တင်ပါ့ဘုရား၊ ရှေ့ရှေ့က သူတော်ကောင်းကြီးတွေ တစ်မဂ်တစ်ဖိုလ်၊ နှစ်မဂ်နှစ်ဖိုလ်၊ သုံးမဂ်သုံးဖိုလ်၊ လေးမဂ် လေးဖိုလ်၊ သူတော်ကောင်းကြီးတွေ ဖိုလ်ဝင်စားတဲ့နေရာဖြစ်တော့ ဖိုလ်ဓါတ်ကူးအောင်လို့ပါ ဘုရားတဲ့။ အေးအေး သွား သွား၊ ထူးလို့ရှိရင် ငါ့ဆီ လာပြောလို့ ပြောသတဲ့၊ အနာဂါမ်

http://www.dhammadpwnload.com



ဆရာသက်ကြီး က အဲဒီတုန်းက ပုထုဇဉ်ပေါ့။

အဲဒီ သွားပြီး တရားအားထုတ်လိုက်တာ သကဒါဂါမိ တည်တယ်လို့ ဆိုတယ်။ သောတာပန်ဖြစ်၊ သကဒါဂါမိဖြစ်၊ သကဒါဂါမိဖြစ်တော့ ဆရာတော်ကြီးဆီ လာလျှောက်တယ်။ တပည့်တော် သကဒါဂါမိ ရပြီဘုရား၊ မင်းက ဘယ်လိုရတာတုန်း ပြောစမ်း၊ တပည့်တော် ဒီခန္ဓာကိုယ်ထဲမှာရှိတဲ့ ရုပ်တရား၊ နာမ်တရားရှိတဲ့အနက် ရုပ်တရားက ကြမ်းတယ်၊ ကြမ်းတာနဲ့ နုတာ ကြမ်းတာက တရားရလွယ် ထင်လွယ်တဲ့အတွက် ရုပ်တရား အရင် အားထုတ်ပါတယ် ဘုရား။ ရုပ်ကလည်း ၂၈-ပါး ရှိတဲ့အနက် မြေရေလေ မီးဓါတ်ကြီး ၄-ပါးက မဟာဘုတ်က ပိုကြမ်းပါတယ်ဘုရား။ ဥပါဒါရုပ် ၂၄-ပါးက နုံနဲ နုပါတယ်ဘုရား၊ နုတဲ့အတွက် ဥပါဒါရုပ်ကို နောက်မှ အားထုတ်ပါတယ်။ မဟာဘုတ် ၄-ပါးကို အရင်အားထုတ်ပါတယ်ဘုရား။

အေး ဟုတ်တယ်ကွ၊ ပြီးတော့ကော၊ ပြီးတော့ မြေရေလေမီး ဓါတ်ကြီး ၄-ပါးရှိတဲ့ အနက် မြေဓါတ်က တင်းမာတဲ့သဘော၊ ခက်ထန်တဲ့သဘော၊ လူမယ်ဆိုရင် အကြောတွေ တောင့်တင်း၊ အဲဒီ တောင့်တင်းတာတွေ့ရင် ပထဝီတွေ့တယ် ခေါ်တယ်။ တစ်ခါတလေ ဝမ်းတွေလျှော၊ အော့အန်၊ ဒါဆို အာပေါဓါတ် တွေ့တယ်ခေါ်တယ်။ တစ်ခါတလေ နဖူးတွေ ပူခြစ်နေတာ တွေ့ရင် တေဇောဓါတ်တွေ့တယ်၊ ပြီးတော့ ထွက်လေဝင်လေ၊ အောက်ကလဲ ဘူ ဘင် နဲ့၊ အထက်ကလဲ ဂူးဂနဲ၊ ဒါတွေက ဝါယောဓါတ်။

မြေရေလေမီး ဓါတ်ကြီး ၄-ပါးရှိတဲ့အနက် ဝါယောဓါတ်က အထင်ဆုံးပါဘုရား၊ ဒါကြောင့် ရုပ် ၂၈-ပါးရှိပေမယ့် ဝါယောဓါတ် အရင်ဆုံး

http://www.dhammadpwnload.com



အားထုတ်ပါတယ်ဘုရား။ ပြီးမှ တေဇောခါတ်တို့ ပထဝီခါတ်တို့ကို အားထုတ်ပါတယ်ဘုရား။ အဲဒီလိုနဲ့ ရုပ်ခါတ်တွေ ထင်လာမှ နောက်ပိုင်းမြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်စိတ်၊ ထိသိစိတ်၊ စိတ်ကူးစိတ်တွေကို အားထုတ်ပါတယ်ဘုရား။ အေး ဟုတ်ပြီကွ၊ မင်း ၂-မဂ် ၂-ဖိုလ်ရတယ်ဆိုရင် မဂ်မသိ ဖိုလ်နဲ့ မေးကွာ၊ မဂ်ဟုတ်သလား၊ မဟုတ်ဘူးလား သိရအောင် မင်းဖိုလ်ဝင်စား ကြည့်ရအောင်၊ မင်းဖိုလ်ဝင်စားနိုင်ရဲ့လား၊ ဝင်စားနိုင်တယ်ဘုရား၊ ဆရာတော်ကြီးက ခိုင်းတယ်၊ အဲ သူက တင်ပလ္လင်ခွေထိုင်ပြီး ဝင်စားသေးတယ်တဲ့နော်၊ ဖိုလ်ဝင်စားတာ မြင်ဘူးကြလား… (မမြင်ဘူးပါဘူးဘုရား)။ ဘုန်းဘုန်းကတော့ ဘယ်မှာ ဖိုလ်ဝင်စားတယ်ဆိုရင် သွားတယ်။

တစ်ခါတလေ အဝေးကြီး၊ မန္တလေးကနေ ရွှေဘိုမြောက်ဖက်၊ ခင်ဦး၊ ရေဦး၊ ဟိုဘက် ရွှေမုဋ္ဌောဆိုတဲ့ရွာ၊ ကိုရင်လေး သုမန ဖိုလ်ဝင်စားတဲ့ပုံ၊ သီလရှင်လေး ဘယ်သူ ဖိုလ်ဝင်စားတဲ့ပုံ၊ ဒကာမလေး ဘယ်သူ ဖိုလ်ဝင်စားတဲ့ပုံ၊ ဓါတ်ပုံလေးနဲ့ စာအုပ်လေးထွက်တော့ သွားမေးပါတယ်။ နောက်ပိုင်းကျတော့ မန္တလေး၊ ဗောဓိရိပ်သာမှာ တချို့ ဝင်စားပြတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ ဘုန်းဘုန်းကလဲ သွားမေးကြည့်တာပေါ့။ တချို့လဲ မဟုတ်ဘူး။ မဟုတ်တာလေး တစ်ခု ပြောပြဦးမယ်။ ဟုတ်တာတွေကလဲ အများကြီးပါပဲနော်။

မဟုတ်တာလေးက ကိုရင်လေး သုမနက ဘုန်းဘုန်းကို ဝင်စားပြတယ်။ ကဲ ထားလိုက်တော့ ဘုန်းဘုန်းက သူ့ကိုမေးတယ်။ တစ်နာရီလောက် ဝင်စားပြပြီးနောက်တော့ နိုးလာတယ်ပေါ့။ ကိုရင်လေး မင်း ဖိုလ်ဝင်စားခါနီး ဘယ်လိုလုပ်လိုက်လဲကွ၊ တပည့်တော် က ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်

http://www.dhammadpwnload.com



ဖောင်းတယ်၊ ပိန်တယ်ပိန်တယ်၊ ဖောင်းတယ် ဖောင်းတယ်၊ သူက ပူတယ် ဖေါင်းတယ်ဆိုရင် တစ်ချက်သိတယ်၊ ပိန်တယ် ပိန်တယ်၊ ဖောင်းတယ်၊ ဖောင်းတယ်ဆိုရင် ၂-ချက်သိတယ်၊ ဖောင်းတယ်ဆို ဗိုက်ကြီးကို စူတက်အောင် ဖောင်းလိုက်တာ၊ နောက်တစ်ခါ ပိန်တယ်၊ ပိန်တယ်၊ ပိန်တယ်၊ ဖေါင်းတယ်၊ ဖေါင်းတယ်၊ ဖေါင်းတယ် ဆိုရင် သုံးချက်သိတယ်။

အဲဒီလိုနဲ့ ရှုလိုက်တာဘုရား၊ မေ့သွားတယ်၊ မေ့သွားတော့ ဘယ်လို ဖြစ်တုန်း၊ မေ့သွားတော့ နတ်ပြည်ရောက်သွားတာဘုရား၊ နတ်ပြည်ရောက်တော့ ဘာတွေတွေ့လဲ၊ နတ်သမီးတွေ ဘုရား၊ ချောလှလို့ဘုရား၊ သူတို့က ရေချိုးဖို့ ခေါ်တယ်တဲ့၊ ခေါ်တော့ ရေကန်ကြီးထဲ ဆင်း ရေကူးကြတာတဲ့၊ နတ်သမီး တွေနဲ့ ပျော်ပြီးတော့ တော်တော်လေးကြာ တပည့်တော် ပြန်လာတော့ နိုးလာတာ ဘုရားတဲ့။

အဲဒီတော့ မဟုတ်တော့ဘူး။ နိဗ္ဗာန်က နတ်သမီးတွေ ဖြစ်နေတယ်၊ အဲဒီလို မဟုတ်တာတွေရှိတယ်။ ဟုတ်တာတွေကျတော့ ဖြစ်ပျက်တွေ မြင်လာ တာနော်။ ရုပ်တွေ ဖြစ်ပျက်တာမြင်၊ နောက်တော့ ရုပ်အမှုန်အမွှားလေးတွေ ကလာပ်စည်းလေးတွေပဲမြင်၊ ကလာပ်စည်း မြင်ရုံနဲ့ မဂ်ဖိုလ်နိဗ္ဗာန် မရတတ် သေးဘူး၊ ဓါတ်မြင်ရတယ်၊ ဓါတ်ဆိုတာ ပထဝီဓါတ်ဆိုရင် တောင့်တဲ့ တင်းတဲ့ သဘောလေး၊ အလုံးအခဲသဘောမရှိရာဘူး၊ အာပေါဓာတ်ဆိုလဲ ဖွဲ့စည်းတဲ့ သဘောလေး၊ တေဇောဓါတ်ဆိုလဲ ပူတဲ့အေးတဲ့သဘောလေး၊ အဲဒီသဘောလေး တွေလဲ မြင်သွားတော့ သဘောတရားလေးတွေလဲ ခဏလေး ခဏလေး ဖြစ်ပျက်သွားတာ၊ ရိပ်ရိပ် ရိပ်ရိပ်နဲ့ တရိပ်ရိပ်ဖြစ်ပျက်နေတာ။ အဲဒီဖြစ်ပျက်တဲ့

http://www.dhammadpwnload.com



တရားတွေမြင်မှ မဖြစ်မပျက်တဲ့ နိဗ္ဗာန်ကို မြင်တာ၊ အေး အဲဒါကြောင့် နိဗ္ဗာန်မြင်အောင် ဘယ်လိုလုပ်ရမှာလဲ၊ ဖြစ်ပျက်ကို မြင်အောင်လုပ်၊ ဖြစ်ပျက် မြင်အောင်ရှု၊ ဖြစ်ပျက်မြင်မှ မဖြစ်ပျက်တဲ့ နိဗ္ဗာန်ကို မြင်မှာနော်။

မြင်အောင် ဘယ်သူကမှ လုပ်လို့ မရဘူး၊ မြင်စေလို့ မမြင်နိုင်ဘူး၊ ဘုရားက မြင်စေ ဆိုလို့ ဖြစ်ပါ့မလား၊ မဖြစ်ဘူး၊ ကိုယ့်ဟာကိုယ် ဉာဏ်က တဖြေးဖြေးမြင့်လာမှ ဖြစ်ပျက်တဲ့ အာရုံကနေ မဖြစ်မပျက်တဲ့ဘက် ကူးသွား တာ။

အဲဒီလို ဖြစ်ပျက်တဲ့အာရုံကနေ မဖြစ်မပျက်တဲ့ နိဗ္ဗာန်ဘက် ကူးသွား တာကို တရားကူးတယ်လို့ခေါ်တာ၊ တရားထူးတယ်လို့လဲ ခေါ်တယ်။ ဖြစ်ပျက်နေတဲ့ အာရုံက ဒီဘက်တရား ခေါ်တယ်။ စိတ်စေတသိက်ရုပ်တရား၊ မဖြစ်မပျက်တဲ့ တရားက နိဗ္ဗာန်တရား၊ ဒါကြောင့် ဘုန်းဘုန်းက ဖြစ်ပျက်ချည်း နေ့တိုင်းပြောနေတယ်။ နားငြီးတယ်လို့ မအောက်မေ့နဲ့နော်။ ဖြစ်ပျက်ကိုမြင်မှ နိဗ္ဗာန်ကိုမြင်မှာ၊ အဲဒါကြောင့် နေ့တိုင်းပြောရပါတယ်နော်။ အဲဒီတော့-

ဥတုဘောဇနမ္ပိ ဥပနိဿယ ပစ္စယေန ပစ္စယော

ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော

သေနာသနမ္ပိ ဥပနိဿယ ပစ္စယေန ပစ္စယော။ ဒါက အမှာစကား သဘောလေး၊ ဘုရားက ဟောတာ၊ ဒီတော့ ဥပနိဿယ ပစ္စည်း အစကနေ ရွတ်ပြပါဦး။

(သံပြိုင်)။ ဥပနိဿယ ပစ္စယောတိ (ပ) သေနာသနမ္ပိ ဥပနိဿယ ပစ္စယေနပစ္စယော၊

http://www.dhammadpwnload.com



အေး ဒီနေရာတွေလဲ ကောင်းမှ၊ ကိလေသာတွေနည်းတဲ့ နေရာတွေ လိုအပ်တယ်ပေါ့။ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်သွားပြီး ရှေးရှေး သူတော်ကောင်းတွေ အားထုတ်ကြတယ်။ ဖိုလ်ဝင်တောင်သွားပြီး အားထုတ် တယ် ဆိုတာ ရှေးရှေးသူတော်ကောင်းခြေတွေ ကူးအောင်နော်။ နိဗ္ဗာန ခြေတွေကူးအောင်၊ ပြီးတော့မှ-

ပုရေဇာတပစ္စယော၊ ပုရေ-ရှေ့၌၊ ဇာတ-ဖြစ်သော၊ ပုရေဇာတ-ရှေး၌ဖြစ်သော၊ ပစ္စယ-အကြောင်းတရား၊ အကြောင်းနဲ့ အကျိုး ပြိုင်တူဖြစ်ရင် သဟဇာတပစ္စည်း၊ ပုရေဇာတ ဆိုတာ အကြောင်းတရားက အရင်ဖြစ်တယ်။ အကျိုးတရားက နောက်မှ ဖြစ်တယ်။ အဲဒီလို အကြောင်းတရားအရင်ဖြစ်နေတဲ့ ပစ္စည်းကို ပုရေဇာတပစ္စည်း၊ သဘောပေါက်တယ်နော်။

ဥပမာ လူတွေနေမယ်ဆိုရင် တိုက်ကြီးတွေ၊ အိမ်ကြီးတွေ ဆောက်ကြ တယ်ပေါ့။ တိုက်ကြီးအိမ်ကြီး ပြီးပြီဆိုမှ လူတွေက လာနေကြတယ် မဟုတ် လား။ အေး တိုက်ကြီး၊ အိမ်ကြီးတွေကို အကြောင်းတရားက အရင်ဖြစ်တာ၊ အကျိုးတရားက နောက်မှဖြစ်တာနော်။

အကျိုးတရားက နောက်မှဖြစ်တဲ့ သဘောတရားကို ပုရေဇာတ ပစ္စည်း ခေါ်တယ်။ အဲဒီမှာလဲ ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတလို့ ၂-မျိုးရှိတယ်၊ ဝတ္ထုပုရေဇာတဆိုတာ စက္ခု သောတ ဃာန ဇိဝှါ ကာယ၊ ၅-ခု ပြီးတော့မှ ယံ ရူပံ နိဿာယ ကျော်လိုက်ရတယ်။ ဘယ်နှခုရှိတုန်း၊ ၆-ခု၊ ရေလိုက် စမ်းပါ...(သံပြိုင်) စက္ခု သောတ ဃာန ဇိဝှါ ကာယ ဟဒယ၊ ဟုတ်လား၊ နောက်ပိုင်း ယံ ရူပံ နိဿာယ ဆိုတာ ဟဒယဝတ္ထု၊ ဝတ္ထုရုပ် ဘယ်နှခုရှိတုန်း၊

http://www.dhammadpwnload.com



၆-ခုရှိတယ်။ ဗမာလိုပြောရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ နှလုံးသား။

မျက်စိနဲ့ မြင်စိတ်နဲ့ဆိုရင် မျက်စိက အရင်ဖြစ်နှင့်ရတယ်တဲ့၊ မျက်လုံးဖြစ်ပြီးမှ မြင်စိတ်က သူ့ပေါ်မှာ မှီပြီးဖြစ်ရတာ၊ နားနဲ့အသံဆိုရင်လဲ နားက အရင်ဖြစ်တာ၊ ပြီးမှ ကြားစိတ်က နားကို မှီပြီးဖြစ်တာ၊ အရင်ဖြစ်နေလို့ ပုရေဇာတ၊ အရင်ဖြစ်နှင့်တဲ့ အကြောင်းတရား၊ မျက်စိ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ နှလုံးသား၊ ၆-ခု၊

အဲဒါ ဝတ္ထုရုပ်၊ ရုပ်တရားက အကြောင်းပစ္စည်း၊ နာမ်တရားက အကျိုးပစ္စယုပ္ပန်၊ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။ ဗမာလိုပြန်ရင် စက္ခာယတနံ- မျက်စိသည်၊ မြင်စိတ်နှင့် ထိုနှင့်ယှဉ်သော စေတသိက် တို့အား၊ စိတ်တင် မဖြစ်ဘူး၊ စေတသိက်ပါဖြစ်တာ၊ ပုရေဇာတ ပစ္စယေန၊ ရှေး၌ ဖြစ်သော ပုရေဇာတ ပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်၏။

မျက်စိကမြင်စိတ်အား အရင်ဖြစ်နှင့်ပြီးတော့ ကျေးဇူးပြုတယ်။ ဝီထိချလိုက်ရင် အတီတဘဝင်၊ ဘဝင်္ဂစလန ၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ဘဝင် ဘဝင်၊ အဲဒီမှာ မျက်စိက ဘယ်သူနဲ့အတူဖြစ်ခဲ့တာတုန်းဆိုရင် အတီတဘဝင်နဲ့ ပြိုင်တူဖြစ်တာ၊ အတီတဘဝင် ချုပ်ပျက် သွား၊ နောက် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စိတ်လဲချုပ်ပျက်သွား၊ နောက်မှ ဘာလာတုန်း၊ စက္ခုဝိညာဏ်၊ သူ့ရှေ့မှာ ဘယ်နှစ်ခုတုန်း၊ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဓါတ် ၄-ခု၊ ပြီးတော့မှ

http://www.dhammadpwnload.com



မြင်စိတ်ပေါ်တာ၊ စိတ် ၄-ခုနဲ့ ပြိုင်တူ ဥပါဒ်တာ၊ အရင်ဆိုတာ စိတ် ၄-ခု အရင်ပေါ့နော်။ ၄-စက္ကန့်လောက်တောင် ရှိမယ် မဟုတ်ဘူး၊ အဲဒီလောက် အရင်ဖြစ်ပြီး မျက်လုံးလေးပေါ်မှာ မြင်စိတ်လေး ဖြစ်တယ်။ အဲဒီတော့ မျက်စိက ပုရေဇာတပစ္စည်း၊ မြင်စိတ်က ပုရေဇာတပစ္စည်းရဲ့ ပစ္စယုပ္ပန်။

မျက်စိက ရုပ်တရား၊ မြင်စိတ်က နာမ်တရား၊ ဒီကျတော့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ မျက်စိက အကြောင်းတရား၊ မြင်စိတ်က အကျိုးတရား၊ ဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်၊ ၂-ခုရပြီ၊ မျက်စိက အကြောင်းတရား၊ မြင်စိတ်က အကျိုးတရား၊ ခဏလေးဖြစ်ပြီး ပျက်သွားတယ်လို့ သိလိုက်တော့ ဥဒယဗ္ဗယ ဉာဏ်၊ ဥဒယဗ္ဗယဉာဏ်ရောက်မှ နိဗ္ဗာန်လမ်းပေါ်တက်မိတာ၊ အေး-အဲဒီရောက်အောင် ဂရုစိုက်ရတယ်နော်။

နောင် အရှိန်ရလာတော့ သူ့ဟာသူ မှတ်သွားတာ၊ အရင်တုန်းက လူ ၂-ယောက် ထမ်းပိုးအကောင်းပြိုင်ကြတယ်။ ထမ်းပိုးဆိုတာ ဒါက တောင်းတစ်တောင်း ထားပါတော့။ ဒီဘက်ကလဲ တောင်းတစ်တောင်း၊ တောင်း ၂-တောင်း ကြိုးနဲ့ချည်ပြီး ဒါကို ထမ်းပိုးလို့ ခေါ်တယ်။ ထမ်းပိုးက ခပ်ခပ်သွားတာ၊ ခပ်သွားတဲ့ ထမ်းပိုးဆို လူသက်သာတာပေါ့။ နို့မို့ ဒီပေါ်ချည်း ဖိထားရင် ပခုံးနာတယ်၊ တစ်ယောက်နဲ့တစ်ယောက် ထမ်းပိုး အကောင်းချင်း ပြိုင်တယ်၊ သူ့ထမ်းပိုးက ကောင်းတယ်၊ ငါ့ထမ်းပိုးကကောင်းတယ်၊ တစ်ယောက်က နိုင်အောင် ဘယ်လိုပြောလဲဆိုရင် ငါ့ထမ်းပိုးက မောင်ရေ ပေ ၁၀၀-၉၀လောက် ခပ်ခပ်သွားတာ၊ နောက်ပိုင်းကျ လူမလိုတော့ဘူး၊ သူ့ဟာသူ ခပ်ခပ်သွားတာ ပြောတယ်။ ဒီလိုပဲ တရားသဘောတွေက

http://www.dhammadpwnload.com



နောက်ပိုင်းကျ သူ့ဟာသူ မြင်မြင်သွားတာနော်။

အဲဒီလိုမြင်မှ မဂ်ဖိုလ်နိဗ္ဗာန်ဘက်သွားတာ၊ နို့မိုရင် ကြောင့်ကြဗျာပါရတွေ စိုက်နေရတာနော်။ ကြောင့်ကြဗျာပါရမစိုက်ဘဲ တရားက သူ့ဟာသူ အလုပ်လုပ်သွားပြီဆိုမှ ဟုတ်ပြီ၊ အဲဒီလိုဖြစ်အောင် ကိုယ့်ဟာကိုယ် လေ့ကျင့်ရတာပေါ့နော်။

သောတာယတနံ သောတဝိညာဏဓာတုယာ······ပစ္စယော၊ နားဆိုတာ နားအတွင်း ထဲမှာ သောတာပသာဒ ဆိုတဲ့ ရုပ်လေးရှိတယ်။ အဲဒီရုပ်လေးက အရင်ဖြစ်နှင့်တယ်။ အတီတဘဝင်···ပဉ္စဒွါရာဝဇ္ဇန်း၊ စိတ် ၄-ခု၊ ၄-စက္ကန့်လောက် အရင်ဖြစ်နှင့်တယ်။ ပြီးတော့မှ နားလေးပေါ်မှာ ကြားစိတ်ကမှီဖြစ်လိုက်တာ၊ ဒီတော့ သောတဆိုတဲ့ နားနဲ့ ကြားစိတ် ဘယ်သူက အရင်ဖြစ်တာတုန်း၊ နားက အရင်ဖြစ်တာ၊ အဲလို အရင်ဖြစ်လို့ ပုရေဇာတ။

ထို့အတူပဲ နှာခေါင်း-

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ····· ပစ္စယော၊ ဃာနာယတန၊ နှာခေါင်း၊ Nose ပေါ့ နှာခေါင်းကလဲ နာမ်စိတ်လေးအရင် အတီတဘဝင်···ပဉ္စဒွါရာဝဇ္ဇန်း စိတ် ၄-ခုလောက်၊ ၄-စက္ကန့်လောက် အရင်စောပြီးဖြစ်နှင့်ရတယ်။ စောမဖြစ်ရင် ပြိုင်တူဖြစ်မှာလားဆိုရင် ပြိုင်တူမဖြစ်ဘူး၊ အမှီမခံနိုင်ဘူးတဲ့၊ သူကလဲ အခုမှဖြစ်၊ ဟိုကလဲ အခုမှဖြစ်၊ ညှိသည်ညှိသည်ချင်းလို ဖြစ်နေတာနော်။ ဃာနက အရင်ဖြစ်မှ အားရှိတယ်။ အားရှိမှ နံစိတ်လေးက ဖြစ်နိုင်တယ်တဲ့၊ နှာခေါင်းက ရုပ်တရား၊ နံစိတ်က နာမ်တရား၊

http://www.dhammadpwnload.com



နှာခေါင်းက အကြောင်းတရား၊ နံစိတ်က အကျိုးတရား၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ရတယ်၊ ပြီးမှ ဒီတွင်မထားရဘူး၊ ခဏလေးဖြစ်ပြီး ပျက်သွားတဲ့အတွက် အနိစ္စ၊ ပြီးတော့မှ-

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ ··· ပစ္စယော၊ လျှာနဲ့လျက်စိတ်နဲ့ အတီတဘဝင် ····· ပဉ္စဒွါရာဝဇ္ဇန်း၊ စိတ် ၄-ခု၊ ၄-စက္ကန့်လောက်စောပြီး ဖြစ်နှင့်တယ်၊ ဖြစ်နှင့်တဲ့ လျှာပေါ်မှာ လျက်စိတ်ကဖြစ်တယ်၊ မှီတယ်၊ လျှာနဲ့လျက်စိတ် လျှာက အရင်ဖြစ်နှင့်ရလို့ ပုရေဇာတပစ္စည်း၊ ထို့အတူ။

ကာယယတနံ ကာယဝိညာဏဓာတုယာ···ပစ္စယော၊ ခန္ဓာကိုယ် ကိုင်လိုက်ရင် ထိတာတွေ သိတယ်မဟုတ်လား။ ကိုယ်ကာယပသာဒက ခုနလို စိတ္တက္ခဏ၊ စိတ် ၄-ခုလောက် အရင်စောပြီးဖြစ်တာ၊ ဖြစ်နှင့်တဲ့အပေါ်မှာ ထိသိစိတ်ကလေးက မှီပြီးတော့ ဖြစ်တယ်။ ကိုယ်ရုပ်က ရုပ်တရား၊ ထိသိ စိတ်က နာမ်တရား၊ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ကိုယ်ရုပ်က အကြောင်းတရား၊ ထိသိစိတ်က အကျိုးတရား၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ အကြောင်းအကျိုး ခဏလေး ဖြစ်ပြီး ပျက်သွားတယ်လို့သိတော့ အနိစ္စာနုပဿနာဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ကဲ အဲဒီ ငါးဝါကျ ရွတ်လိုက်ကြပါဦး။

(သံပြိုင်)။ ပုရေဇာတပစ္စယောတိ·····ပစ္စယော၊ အေး ဝတ္ထုရုပ် ၅-ခုက၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ နောက်အာရုံ ၅-ခု၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အဆင်းရူပါရုံက မြင်စိတ်ကို ကျေးဇူးပြုတာ၊ အဆင်းနဲ့ မြင်စိတ်မှာလဲ အဆင်းက အရင် ဖြစ်နှင့်တာ၊ စိတ္တက္ခဏ ၄-ခုလောက် အရင်ဖြစ်နှင့်ပြီးတော့မှ အာရုံ ဖြစ်တယ်။ အဆင်းက

http://www.dhammadpwnload.com



မြင်စိတ်အရင် စောဖြစ်လို့ ပုရေဇာတ၊ အဆင်းနဲ့ မြင်စိတ် ပြိုင်တူ မဖြစ်ဘူး၊ ပြိုင်တူဖြစ်တယ် ဆိုရင် သဟဇာတ၊ အဲဒီ အဆင်းက မြင်စိတ်ပေါ်လာအောင် အာရမ္မဏ သတ္တိ၊ ပုရေဇာတသတ္တိနဲ့ ကျေးဇူးပြုလိုက်တာ။ ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ…ပစ္စယော၊

ထို့အတူ အသံက ဘယ်သူ့ကို ကျေးဇူးပြုမှာတုန်း၊ အသံက ကြားစိတ်အား၊ အနံ့က နံစိတ်လား၊ အရသာက လျက်သိစိတ်အား၊ အတွေ့အထိက ကာယဝိညာဏ ထိသိစိတ်အား၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အဲဒီ ၅-ခုက ခုနကအတိုင်း မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်သိစိတ်၊ ထိသိစိတ်တို့အား၊ အရင်ဖြစ်နှင့်ပြီး ကျေးဇူးပြုတာ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိက အရင်ဖြစ်နှင့်တာ၊ ဒီတရား ၅-ခုက အရင်ဖြစ်နှင့်တယ်၊ နာမ်တရား ၁၀-ခုက နောက်မှဖြစ်တယ်၊ မြင်စိတ် ၂-မျိုး၊ ကြားစိတ် ၂-မျိုး၊ နံစိတ် ၂-မျိုး၊ လျက်စိတ် ၂-မျိုး၊ ထိသိစိတ် ၂-မျိုး၊ ကောင်းတာမြင်တော့ ကုသလဝိပါက် စက္ခုဝိညာဏ်၊ မကောင်းတာ မြင်တော့ အကုသလဝိပါက်စက္ခုဝိညာဏ်၊ ကောင်းတာကြားရတော့ ကုသလ ဝိပါက် သောတဝိညာဏ်၊ မကောင်းတာကြားရတော့ အကုသလဝိပါက် သောတဝိဉာဏ်၊ အဲဒါကို ဒွေးပဥ္စဝိညာဏ် ၁၀လို့ ခေါ်တယ်ဟုတ်လား၊ ဒွေးက ၂၊ ပဥ္စက ၅၊ ၂ နဲ့ ၅ မြှောက်လိုက်ရင် ၁၀။ အားလုံး ဖတ်လိုက် စမ်းပါဦး-

(သံပြိုင်)ရူပါယတနံ …… ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ…..ပစ္စယော။

http://www.dhammadpwnload.com



ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ.....ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ.....ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ။ အေး ဒါက အာရုံ ၅-ပါး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အာရုံ ၅-ပါးက ဒွေပဉ္စဝိညာဏ် ၁၀ အား ကျေးဇူးပြုတာ၊ ပြီးတော့မှ အာရုံ ၅-ပါးက မနောဓါတ် ၃-ပါးအား ကျေးဇူးပြုပုံ။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော၊ သမ္ပဋိစ္ဆိုင်းဒွေးရယ်၊ ပဉ္စဒွါရာဝဇ္ဇန်းရယ်ကို မနောဓါတ်လို့ ခေါ်တယ်။ မနောဓါတ် ၃-ခုတို့နှင့်ယှဉ်သော စေတသိက်တို့အား ပုရေဇာတပစ္စယေန၊ ရှေးဦးစွာ ဖြစ်နှင့်သော အကြောင်းတရားအနေဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြု၏။

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ အာရုံ ၅-ပါးက အကြောင်း၊ မနောဓါတ် စိတ် ၃-ခုက အကျိုး၊ ရူပါရုံ(ပ) အာရုံ(၅)ပါးက ရုပ်တရား၊ မနောဓါတ် ၃-ခုက နာမ်တရား၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ရောက်တယ်မဟုတ်လား၊ အေး အဲဒါလေး ဖတ်လိုက်ပါဦး။

(သံပြိုင်) ရူပါယတနံ (ပ) ပစ္စယော။

ပြီးတော့ ဟဒယဝတ္ထုကျန်သေးတာကိုး၊ သူက ၆-ခုရှိတာ၊ စက္ခု သောတ ဃာန ဇိဝှါကာယ ၅-ခုကပြီးပြီ။ နှလုံးသားလေး ကျန်နေတော့ အဲဒီအတွက် -

http://www.dhammadpwnload.com



ယံ ရူပံနိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ ယံ ရူပံဆိုတာ ဟဒယဝတ္ထုကိုပြောတာ၊ ဟဒယဝတ္ထုရုပ်လေးကို မှီပြီး၊ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ ဖြစ်ကြတယ်၊ မနောဓာတ်ဆိုတဲ့ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း ဒွေး၊ မနောဝိညာဏဓာတ်လို့ခေါ်တဲ့ ကျန်တဲ့စိတ် စေတသိက်တွေဖြစ်ကြတယ်။

တံ ရူပံ၊ ထို ဟဒယဝတ္ထုရုပ်၊ နှလုံးသားသည်၊ မနောဓာတုယာ တံသမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း ဒွေးခေါ်တဲ့ မနောဓာတ် ၃-ခုအား၊ ပုရေဇာတပစ္စယေန ရှေးဦးစွာဖြစ်နှင့်သော ပစ္စယသတ္တိဖြင့် ရှေးဦးစွာ ဖြစ်နှင့်သောအနေဖြင့်၊ ပစ္စယော ကျေးဇူးပြုတတ်၏၊ ဟဒယဝတ္ထုလေးက မနောဓာတ် ၃-ခုကို ဇောက် ကျေးဇူးပြုတယ်တဲ့၊ မနောဝိညာဏဓာတ်ကြတော့ ၂-မျိုးဖြစ်သွားတယ်၊ အဲဒါကြောင့် မနောဝိညာဏ ဓာတုယာ၊ တံသမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ၊ မနောဝိညာဏဓာတ် ထိုနှင့်ယှဉ်တဲ့ စေတသိက်တို့အား ဒွေး ပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် ၃-ခု (၁၃)ခု၊ အဲဒီ ၁၃-ခု နုတ်လိုက်၊ စိတ် ၈၉-ခုထဲမယ် ၁၃-ခုနုတ်လိုက်စမ်းပါ၊ (၇၆)ဟုတ်ပြီလား၊

အရူပဝိပါက် ၄-ထပ် နုတ် ၇၆-၄=၇၂ ခု၊ အဲဒီ(၇၂)ခုသော စိတ်တွေကိုကျတော့ မနောဝိညာဏဓာတ်တဲ့ခေါ်တယ်၊ မနောဝိညာဏ ဓာတ်ကျတော့ ဇောက် ကျေးဇူးမပြုဘူးတဲ့၊ တစ်ခါတလေမယ် ပုရေဇာတသတ္တိနဲ့ ကျေးဇူးပြုပြီးတော့ တစ်ခါတလေမယ် ပုရေဇာတသတ္တိနဲ့ ကျေးဇူးမပြုဘူးတဲ့၊ ဘယ်လိုတုန်း ဘုရားဆိုရင် သဟဇာတပစ္စည်းတုန်းက ပါခဲ့တယ် မဟုတ် ဘူးလား၊ အေး သဟဇာတပစ္စည်းတုန်းက ပဋိသန္ဓေနေတဲ့ အခါမှာတော့

http://www.dhammadpwnload.com



ပြိုင်တူဖြစ်တယ်၊ ပဋိသန္ဓေနေတဲ့အခါ ဗိုက်ထဲ ပထမဆုံးစိတ်ကလေးဖြစ်တာကို ပဋိသန္ဓေစိတ် ခေါ်တယ်။ အဲဒီပထမဆုံး ပဋိသန္ဓေနေတဲ့စိတ်ကလေးနဲ့ ဟဒယဝတ္ထုကျတော့ ပြိုင်တူဖြစ်လို့ သဟဇာတပစ္စည်း၊ နောက်ပိုင်းကျတော့ ဟဒယဝတ္ထုနဲ့ နောက်စိတ်တွေ ပြိုင်တူ မဖြစ်တော့ဘူး၊ ဟဒယဝတ္ထုကအရင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယတို့ထက် စိတ္တက္ခဏလေး အရင်ဖြစ်နှင့်တယ်၊ အရင်ဖြစ်နှင့်တဲ့ ဟဒယဝတ္ထုပေါ်မှာ နောက်က မနောဝိညာဏဓာတ်က နောက်မှဖြစ်တယ်၊ ဟဒယဝတ္ထုနဲ့ သူ့ပေါ်မှီတဲ့ မနောဝိညာဏဓာတ်ဘယ်သူက အရင်ဖြစ်တုန်း၊ ဟဒယဝတ္ထုကအရင်ဖြစ်တယ်။

အရင်ဖြစ်တဲ့အတွက် ပုရေဇာတ၊ အေး ပုရေဇာတပစ္စည်း၊ ပုရေဇာတ ပစ္စည်းရဲ့ ပစ္စယုပ္ပန်၊လူတွေလည်းဘဲ၊ လူတွေကြည့်ပါလား၊ သေတယ်၊ မသေဘူးဆို၊ ဆရာဝန်တွေ လက်ကောက်ဝတ်ခြေတွေစမ်းကြည့်လိုက်တယ် မဟုတ်ဘူးလား၊ သွေးတိုးတာတွေ မတိုးတော့ဘူး ဆိုရင်သေပြီ၊ ဒါမှမဟုတ် သူတို့နားကြပ်ကလေးနဲ့ ဒီနေရာ ထောက်ကြည့်လိုက်တာပေါ့၊ ဟဒယဝတ္ထုရဲ့ သွေးတွေက ဒုတ်-ဒုတ်-ဒုတ် နဲ့ ဒီလိုညှစ်နေတာကိုး၊ ညှစ်နေတဲ့ဟာ မညှစ်တော့ဘူးဆိုရင် ဟဒယဝတ္ထုမရှိတော့ဘူး။ ကမ္မဇရုပ်၊ ဟဒယဝတ္ထုက ကံကြောင့်ဖြစ်တဲ့ရုပ်ကိုး အဲဒီရုပ်ပေါ်မှ စိတ်၊ စေတသိက်တွေက မှီဖြစ်ရတာ၊ အဲဒီလို ဒုတ် ဒုတ်နဲ့ နှလုံးသားရပ်သွားပြီဆိုရင် ဒါသေတယ်ခေါ်တာ၊ သူ့အပေါ်မယ် နောက်ထပ်စိတ် စေတသိက်တွေဖြစ်နိုင်ပါအုံးမလား၊ မဖြစ်နိုင် တော့ဘူးတဲ့၊ အဲဒါကိုသေတယ်လို့ ခေါ်တာပေါ့နော်။

ကဲ အဲဒါလေးဆိုလိုက်စမ်းပါအုံး၊ ယံ ရူပံ နိဿာယ----(ပ)---

http://www.dhammadpwnload.com



ကိဉ္စိ ကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။ (သံပြိုင်) အေး - ကိဉ္စိ ကာလေဆိုတာ အချို့သောအခါ၌ အချို့သောအခါဆိုတာ ပဝတ္တိအခါ၌၊ ပဝတ္တိအခါဆိုရင် ပုရေဇာတသတ္တိနဲ့ ကျေးဇူးပြုတယ်။ ပဋိသန္ဓေနေတဲ့ အစဆုံးလေး၊ ဟာဒယဝတ္ထုကျတော့ သဟဇာတသတ္တိနဲ့ ပြိုင်တူ ကျေးဇူးပြုတယ်၊ ဟာဒယဝတ္ထုက ၂-မျိုးကျေးဇူးပြုတယ်၊ ပဋိသန္ဓေခဏဆိုရင် သဟဇာတ သတ္တိ၊ ကျန်တဲ့ အချိန်တွေကျတော့ ဟာဒယဝတ္ထုကအရင်ဖြစ်တယ်၊ မနော ဝိညာဏဓာတ်က နောက်မှ ဖြစ်တယ်နော်၊ အဲဒီကို ဟာဒယဝတ္ထုက အရင်ဖြစ်လို့ ပုရေဇာတပစ္စည်း၊ သဘောပေါက်ပြီနော်။

ပစ္ဆာဇာတပစ္စည်း သွားလိုက်ကြဦးစို့၊ ပစ္ဆာဆိုတာ နောက်မှ၊ ဇာတ ဆိုတာ ဖြစ်တယ်၊ နောက်မှ ဖြစ်ပြီးကျေးဇူးပြုတဲ့ပစ္စည်းကို ပစ္ဆာဇာတပစ္စည်း၊ ပုရေဇာတပစ္စည်းနှင့် ဆန့်ကျင်ဘက်ပေါ့၊ ပစ္ဆာဆိုတာ နောက်မှ ဖြစ်တယ်ဆိုတာ ဥပမာ- ခုနကပြောတဲ့ အတီတဘဝင်၊ ဘဝင် စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာ ဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ဘဝင် ဘဝင်၊ အဲလိုတော့ ရှေ့စိတ်စေတသိက်နဲ့ဖြစ်ခဲ့တဲ့ ရုပ်တရားက ပစ္စယုပ္ပန်၊ နောက်စိတ်စေတသိက်က ပစ္စည်း၊ ပုရေဇာတနဲ့ ပြောင်းပြန်၊

ပုရေဇာတပစ္စည်းမှာ နာမ်တရားက ပစ္စည်း၊ ရုပ်တရားက ပစ္စယုပ္ပန်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ရုပ် တရားတွေက ပစ္စည်း၊ စိတ်စေတသိက် တရားတွေက ပစ္စယုပ္ပန်၊ ဒီကျတော့ အဲလိုမဟုတ်ဘူး၊ အတီတဘဝင်နှင့် ဥပါဒ်တဲ့၊ ရှေ့ရုပ်တရားက ပစ္စယုပ္ပန်၊ နောက်မှဖြစ်တဲ့ စိတ်စေတသိက် တရားကပစ္စည်း။ ဘာစိတ်နဲ့ ဘာစိတ်တုံး၊ အတီတဘဝင်နဲ့ ဘဝင်စလနကို

http://www.dhammadpwnload.com



ကြည့်လိုက်၊ အတီတဘဝင်နဲ့ ခန္ဓာကိုယ်ကြီးနဲ့ ဖြစ်နေတဲ့ရုပ်တွေရှိတယ်၊ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားကြောင့် ရုပ်ကြီးဖြစ်တယ် မဟုတ်လား၊ ဆိုစမ်းပါ၊ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ ဒီခန္ဓာမယ် ရုပ်၄-ပါးရှိတာကိုး၊ အဲဒီရုပ် ၄-မျိုးက ပစ္စယုပ္ပန်၊ အတီတဘဝင်နဲ့ ရုပ် ၄-မျိုးဖြစ်ပြီဆိုရင်၊ အဲဒီရုပ် ၄-မျိုးကို နောက်ဘဝင်္ဂစလနက ထောက်ပံ့ပေးတာ၊ သူကနောက်မှဖြစ်ပြီး ထောက်ပံ့ပေးတာ၊ ထောက်ပို့တပ်ဆိုတာ ထောက်ပံ့ပြီး ပို့ပေးတဲ့တပ်၊ သူက စစ်မတိုက်ဘူး၊ မတိုက်ပေမဲ့ လက်နက်တွေ စားစရာတွေ နောက်ကနေ ထောက်ပံ့ပေးတာ၊ အတီတဘဝင်နဲ့ဖြစ် တဲ့ရုပ် ၄-မျိုးကို ဘဝင်္ဂစလနက နောက်မှဖြစ်ပြီး ထောက်ပံ့ပေးတာ။

ထောက်ပို့တပ်ဆိုတာ နောက်ကနေတာ၊ အဲဒီလိုပဲ ဘဝင်္ဂစလနဆိုတာ နောက်ကနေပြီး အရင်ဖြစ်ခဲ့တဲ့ ရုပ် ၄-မျိုးကို ထောက်ပံ့ပေးတာ၊ နောက်မှ ဖြစ်ပြီး ထောက်ပံ့ပေးတဲ့ ပစ္စည်းကို ပစ္ဆာဇာတပစ္စည်း သဘောပေါက်ပြီလား၊ ဘဝင်္ဂစလနနဲ့၊ ဘဝင်္ဂုပစ္ဆေဒကိုလဲ ထားကြည့်ပါဦး၊ ဘဝင်္ဂစလနနဲ့ ကံစိတ် ဥတု အာဟာရအကြောင်းတရားကြောင့် ဖြစ်လိုက်တာ ဘဝင်္ဂုပစ္ဆေဒလဲ ရောက်ရော မင်းတို့ဖြစ်နှင့်ကွာ ငါထောက်ပံ့ပေးမယ်ဆိုပြီး နောက်မှ ဖြစ်ပြီး ရှေ့ကဖြစ်တဲ့ရုပ်တွေကို ထောက်ပံ့ပေးတယ်။

ပစ္ဆာဇာတပစ္စည်းဟူသည် ရုပ်တရားက ပစ္စယုပ္ပန်၊ နာမ်တရားက ပစ္စည်း၊ ရုပ်တရားက အရင်ဖြစ်နှင့်တယ်၊ နာမ်တရားကနောက်မှ ဖြစ်တယ်၊ နောက်မှဖြစ်တဲ့ နာမ်တရားက အရင်ဖြစ်တဲ့ရုပ်တရားကို ထောက်ပံ့ပေးတာ၊

http://www.dhammadpwnload.com



သူက ဖြစ်အောင်လုပ်တာ မဟုတ်ဘူး၊ သူက ထောက်ပံ့ပေးတာ၊ အဲဒီပစ္စည်း ပစ္စယုပ္ပန်တွေကလဲ ဖြစ်အောင်လုပ်တဲ့ပစ္စည်း ထောက်ပံ့ပေးတဲ့ ပစ္စည်းဆိုပြီး ၂-မျိုးရှိတယ်၊ ကျန် ၂၃ ပစ္စည်းကဖြစ်အောင်လုပ်ပေးတာထားတော့၊ ပစ္ဆာဇာတ ပစ္စည်းကတော့ ဖြစ်အောင်လုပ်ပေးတာ မဟုတ်ဘူး၊ ထောက်ပံ့ပေးတာ၊

တချို့အိမ်ကြီးတွေယိုင်နေတာ၊ ယိုင်နေရင်ထောက်ပေးရတယ်။ ပစ္ဆာဇာတပစ္စည်းဆိုတာ ကျားကန်ပေး၊ ထောက်ပေးတဲ့ပစ္စည်းနဲ့ တူတယ်၊ သူကအရင်ဖြစ်နှင့်နေတဲ့ အိမ်တို့၊ တိုက်တို့ကို မလဲအောင်ထောက်ပေးတာ၊ အဲဒါဆို ပစ္ဆာဇာတပစ္စည်းသဘောပေါက်လောက်ပါပြီ၊ အဲဒီမယ် ဆိုလိုက် စမ်းပါဦး၊ ပစ္ဆာဇာတ ပစ္စယောတိ ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ နောက်မှ ဖြစ်တဲ့ စိတ်စေတသိက် ပစ္စည်းတရားတို့သည်၊ ပုရေဇာတဿ ဣမဿ ကာယဿ အရင်ဖြစ်နှင့်တဲ့ ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ်၊ အာဟာရဇရုပ်အား၊ ပစ္ဆာဇာတပစ္စယေန နောက်မှဖြစ်တဲ့ ပစ္စယသတ္တိဖြင့် ပစ္စယော၊ ကျေးဇူးပြုတတ်၊ ထောက်ပံ့ပေး တတ်၏၊ သူကဖြစ်စေတဲ့ တရားမဟုတ်ဘူး၊ ထောက်ပံ့ပေးတဲ့ ပစ္စည်း၊ ထောက်ပို့တပ် ဟုတ်လား၊ ကဲ ဆိုလိုက်စမ်းပါဦး (သံပြိုင်) ပစ္ဆာဇာတ ပစ္စယောတိ(ပ) ပစ္စယော။

တစ်ခါတလေ ခလေးလေးတွေ ငိုက်သွားတတ်တယ်မဟုတ်လား၊ အဲဒါပစ္ဆာဇာတ ပစ္စည်းနည်းသွားလို့၊ တကယ်ဆို ပစ္ဆာဇာတပစ္စည်း ထောက်ထားမှ ကိုယ်ကမတ်နေမှာ၊ သိပ်နည်းသွားပြီးရင် ငိုက်ငိုက်သွားတယ်၊

http://www.dhammadpwnload.com



နောက် ဘာပစ္စည်းတုံး၊ အာသေဝနပစ္စည်း။

အာဆိုတာ ပုနပ္ပုနံ- အဖန်ဖန်အထပ်ထပ်၊ သေဝနဆိုတာ မှီဝဲတယ်၊ ပြုလုပ်တယ်၊ အဖန်ဖန်အထပ်ထပ် ပြုလုပ်တာကို အာသေဝနလို့ခေါ်တယ်၊ မိန်းခလေးတွေ သနပ်ခါးလိမ်းတယ်ဆိုရင် တစ်ခါထဲမလိမ်းဘူး၊ ထပ်ထပ် လိမ်းတယ် မဟုတ်လား၊ အဲဒါ အာသေဝန ပစ္စည်းခေါ်တယ်၊ အဲဒီလို အာသေဝန၊ ထပ်ထပ်လိမ်းလိုက်မှ ချောသွားတာ၊ အဲဒီလိုပဲ၊ ဇော ၇-ကြိမ် မဟုတ်လား၊ ဒီပြင်စိတ်တွေက ၁-ကြိမ်ပဲဖြစ်တာ၊ ဘဝင်္ဂစလနဆို ၁-ကြိမ်၊ ဘဝင်္ဂုပစ္ဆေဒ ၁-ကြိမ်။ ပဉ္စဒွါရာဝဇ္ဇန်း ၁-ကြိမ်၊ ဟုတ်လား၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ၁-ကြိမ်စီပဲဖြစ်တာ၊ ဇောကျတော့ ၇-ကြိမ်ဖြစ်တယ်၊ တဒါရုံကျတော့ ၂-ကြိမ်၊ ၂-ကြိမ်ဖြစ်ပေမဲ့ သူက အာသေဝနပစ္စည်းမတပ်ဘူး၊ အာသေဝန ဆိုတာကုသိုလ်၊ အကုသိုလ်၊ကြိယာ ၃-မျိုးပဲရှိတာ။

အကုသိုလ်စိတ် ၁၂-ခု၊ ဇောတွေ၊ မဟာကုသိုလ်စိတ် ၈-ခု၊ ဇောတွေပဲ၊ ရူပါဝစရ၊ အရူပါဝစရဇောတွေလဲ ဇောပါတယ်၊ ဒါပေမဲ့ တရားနာပရိသတ် သန္တာန်မှာတော့ ဒီဇောတွေ ရှိမယ်မဟုတ်ဘူး၊ ဈာန်ရမှဖြစ်တာကိုး၊ အခု ပရိသတ်တွေ သန္တာန်ဖြစ်မဲ့ဇောက အကုသိုလ်ဇော ၁၂-ခု၊ မဟာကုသိုလ်ဇော ၈-ခု၊ ဒါပဲရှိမယ်နော်၊ သူကလဲ အချင်းချင်း၊ အကုသိုလ်ဆိုလဲ အကုသိုလ် အချင်းချင်း အာသေဝနသတ္တိနဲ့ ကျေးဇူးပြုတာ၊ ကုသိုလ်ကျတော့လဲ ကုသိုလ်ချင်း၊ မဟာကြိယာကျတော့လဲ ကြိယာချင်း၊ သူကျတော့ ရဟန္တာပေါ့၊ ရဟန္တာပုဂ္ဂိုလ်များကျတော့ ဟသိတုပ္ပါဒ်၊ အဟိတ်စိတ်ထဲက ၁-ခု မဟာကြိယာ စိတ်က ၈-ခု၊ ၉-ခု၊ အဲဒါ ကြိယာဇောလို့ ခေါ်တယ်။

http://www.dhammadpwnload.com



အာသေဝနပစ္စယောတိ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊

ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊

ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

၃-ဝါကျ၊ ကုသိုလ်အချင်းချင်း ၁-ဝါကျ၊ အကုသိုလ်အချင်းချင်း ၁-ဝါကျ၊ ကြိယာအချင်းချင်း ၁-ဝါကျ။

အဲဒီတော့ ဇော ၇-ကြိမ်မှာ ပထမဇောသည်ပစ္စည်း၊ ဒုတိယဇောသည် အာသေဝန ပစ္စည်းရဲ့ပစ္စယုပ္ပန်၊ သဘောပေါက်တယ်နော်၊ ဒုတိယဇောသည် အာသေဝနပစ္စည်း၊ တတိယဇောသည် အာသေဝနပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ ရှေ့ဇော သည် ပစ္စည်း၊ နောက်ဇောသည် ပစ္စယုပ္ပန်၊ ဆဋ္ဌဇောသည် ပစ္စည်း၊ သတ္တမ ဇောသည် ပစ္စယုပ္ပန်၊ ဆိုကြည့်စမ်းပါဦး။

(သံပြိုင်) ပထမဇောသည် ပစ္စည်း၊ ဒုတိယဇောသည် ပစ္စယုပ္ပန် (ပ) ဆဋ္ဌဇောသည် ပစ္စည်း၊ သတ္တမဇောသည် ပစ္စယုပ္ပန်၊ ဒီတွင်ဆုံးသွားတယ်၊ အဲလိုပဲ အကုသိုလ်မှာလဲ၊ ပထမ ဇောသည်ပစ္စည်း၊ ဒုတိယဇောသည် ပစ္စယုပ္ပန်၊ ရဟန္တာများကတော့ ကြိယာပေါ့၊ ကြိယာ ပထမဇောသည် ပစ္စည်း၊ ဒုတိယဇောသည် ပစ္စယုပ္ပန်၊ ကဲ ဆိုလိုက်ပါအုံး၊ (သံပြိုင်) အာသေဝန ပစ္စယောတိ (ပ) ပစ္စယော။ အေး၊ အာသေဝနပစ္စည်းပြီးသွားပြီ၊ ၁၂-ပစ္စည်း ပြီးသွားပြီနော်။

http://www.dhammadpwnload.com



ပဋ္ဌာန် ၂၄-ပစ္စည်းရှိတယ်၊ ဘုန်းဘုန်းက အဆုံးကနေဆိုပြမယ်၊ အဓိဂတပစ္စယော၊ ဝိဂတပစ္စယော၊ နတ္ထိပစ္စယော၊ အတ္ထိပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ သမ္ပယုတ္တ ပစ္စယော၊ မဂ္ဂရျာန ပစ္စယော၊ ဈာနဣန္ဒြိယ ပစ္စယော၊ အာဟာရ ပစ္စယော၊ ဝိပါက ပစ္စယော၊ ကမ္မ၊ ပစ္စယော အာသေဝန ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ဥပနိဿယ ပစ္စယော၊ နိဿယ ပစ္စယော၊ အညမည ပစ္စယော၊ သဟဇာတ ပစ္စယော၊ သမနန္တရ ပစ္စယော၊ အနန္တရ ပစ္စယော၊ အဓိပတိ ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ ဟေတုပစ္စယော၊ ဆိုတတ်ပါ့မလား (ဆိုတတ်ပါတယ်ဘုရား) ကဲဆိုကြည့်စမ်းပါဗျာ။ (သံပြိုင်) အဓိဂတပစ္စယော (ပ) ဟေတုပစ္စယော။ အေး၊ စာတွေကျေနေအောင်။

တစ်ယောက်ကပြောတယ်တဲ့၊ ငလုံးဆိုတဲ့ကောင်၊ ဂျင်ပေါက်များ အလွန်ဖြစ်ဆို၊ အထက်ကိုလဲမြှောက်တတ်တယ် ဂျင်ကို၊ ဒို့ပရိသတ်လဲ ငလုံး ဂျင်နိုင်သလို ပဋ္ဌာန်းနိုင်အောင် လုပ်ရမှာနော်၊ ဘုန်းဘုန်းပုံလေးတစ်ပုံ ပြောပါ အုံးမယ်၊ ဖြေးဖြေးပေါ့၊ သမ္ဗုဒ္ဓေဂါထာ ရကြလား၊ ရပါတယ်ဘုရား။ ကဲ-ဆိုပြစမ်းပါ။

(သံပြိုင်)။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
- အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
- နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။ ။

http://www.dhammadpwnload.com



သမ္ဗုဒ္ဓေဆိုတာ ဘုရားရှင်တို့ကို၊ အဋ္ဌ-က ရှစ်၊ ဝီသ-က နှစ်ဆယ်၊ ၂၈-ပေါ့၊ ၂-ကျိပ် ၈-ဆူသောဘုရားရှင် တို့ကို၊ နမာမိ သိရသာမဟံ၊ အဟံ၊ တပည့်တော်သည်၊ သိရသာ နမာမိ၊ ဦးခေါင်းဖြင့် ရှိခိုးပါ၏။ ဘုန်းဘုန်း ရှိခိုးတာကြည့် စမ်းပါ၊ အေး၊ ဒီလိုရှိခိုးတာက ခေါင်းဖြင့် ရှိခိုးတာ၊ ဟောဒီ လိုလေးရှိခိုးတာက လက်အုပ်ချီရှိခိုးပါ၏။ ဟုတ်လား။

ဟောဒါကျတော့ လက်ဆယ်စုံထိပ်မှာမိုး၍ ရှိခိုးပါ၏၊ ဟုတ်လား၊ ခေါင်းပေါ်ကို လက်တင်လိုက်တာ၊ နတ်တွေဗြဟ္မာတွေက အဲလိုရှိခိုးတာ၊ အဲလိုရှိခိုးတဲ့ရုပ်ပုံတွေ မြင်ဖူးကြလား (မြင်ဖူးပါတယ်ဘုရား)။ ဘယ်မှာ မြင်ဖူးတုံး၊ အဲလိုရှိခိုးတာတွေ၊ အညာမှာကောင်းမှုတော်ဆိုတဲ့ စေတီကြီး၊ မြင်ဖူးလား၊ အကြီးကြီး၊ အဲဒီကောင်းမှုတော်စေတီဘေးမှာ နတ်ရုပ်တွေ ဗြဟ္မာရုပ်တွေ ဒီလိုပဲရှိခိုးနေတာ၊ အဲဒီနားရောက်တဲ့ခါ ဝင်ကြည့်ခဲ့ကြပေါ့။

တချို့က ပြောကြတာပေါ့၊ ဟုတ်မယ်တော့ မထင်ပါဘူး၊ ကောင်းမှုတော်ဆိုတာ ဘုရင်၊ မိဖုရားကြီးက စေတီတည်တော့ ဘယ်လိုပုံ တည်ရမှာတုံး၊ ပန်းရံတွေက သွားမေးတာပေါ့၊ မိဖုရားကြီးက နဲနဲစိတ်တိုနေတဲ့ အချိန် နေမှာပေါ့၊ နို့ကြီးလှန်ပြလိုက်တယ်တဲ့၊ နို့ပုံတည်ဟဲ့ ဆိုပြီးတော့ အဲဒီကောင်တွေက ဒီအတိုင်းတည်ပြလိုက်တာတဲ့၊

တကယ်က အဲဒီလိုမဟုတ်ပါဘူး၊ အဲဒီခေတ်က ပေါ်တူဂီကသီဟိုဠ်ကို နိုင်သွားတယ်၊ နိုင်သွားတော့ သီဟိုဠ်က ဗုဒ္ဓဘာသာတွေ ခရစ်ယာန် လက်အောက် ကျသွားတယ်၊ ကျသွားတော့ ဓါတ်တော်တွေ ဘာတွေ ဖြိုဖျက် ပြစ်လိမ့်မယ်ဆိုပြီး သီဟိုဠ်ဘုရင်က ဒီလာပို့တယ်၊ ကျုပ်တို့တော့ မရတော့

http://www.dhammadpwnload.com



ဘူးဖို့၊ ခင်များတို့ပဲ ကယ်ကြပါ၊ စောင့်ရှောက်ကြပါဆိုပြီးတော့ စွယ်တော်တွေ လာပို့တာ၊ လာပို့တော့ ဒီကလဲ ပေါ်တူဂီတွေပြန်တိုက်နိုင်ဖို့ မလွယ်ဘူးဆိုပြီး အကြီးကြီး တည်လိုက်တာ၊ ချက်ချင်းဖျက်မရအောင်လို့၊ အဲဒါသဘောမပေါက် ကြဘူး၊ မိဖုရားကြီး နို့လှန်ပြ လိုက်တယ်တဲ့၊ အေး၊ ထားကြပါစို့၊

ဘုရားပေါင်း ၂၈-ဆူ၊ ခေါင်းဖြင့် ရှိခိုးပါ၏။ ပြီးတော့ ဒွါဒသဿဠ သဟဿကေ၊ ဒွါဒသဆိုတာ ၁၂၊ သဟဿဆိုတာ ၁၀၀၀၊ ၁၂ နဲ့ ၁၀၀၀ မြှောက်စမ်းပါ။ ၁၂၀၀၀၊ အေး ၁၂၀၀၀- သောဘုရားရှင်တို့ကို တပည့်တော် ဦးခေါင်းဖြင့် ရှိခိုးပါ၏ဘုရားတဲ့၊ ပြီးတော့မှ ပဋ္ဌသတ သဟဿာနိ၊ ပဋ္ဌက ၅၊ သတ-က ၁၀၀၊ ၅ နဲ့ ၁၀၀ မြှောက်၊ ၅၀၀၊ သဟဿက ၁၀၀၀၊ ၅၀၀ နဲ့ ၁၀၀၀နဲ့မြှောက်။ ၅-သိန်း၊ ပဋ္ဌသတသဟဿာနိ ၅-သိန်းသော ဘုရားရှင်တို့ကို၊ တပည့်တော် ဦးခေါင်းဖြင့် ရှိခိုးပါ၏။

အဲဒီတော့ ဘုရားပေါင်း ၅၁၂၀ ၂၈-ဆူ၊ ဗုဒ္ဓဝင်တွေထဲပါတာက ၂-ကျိပ် ၈-ဆူပဲပါတာ၊ ၅၁၂၀၀၀-မပါ ဘူး၊ ဘယ်ကလာတာတုံး၊ မေးကြမြန်းကြ၊ မယုံဘူးကွ၊ တချို့လဲ ငြင်းကြ၊ ခုန်ကြတာပေါ့နော်။

ရွှေတိဂုံဘုရားအရှေ့ဘက်နား ညောင်တုံးကျောင်းတိုက် ဆရာတော်ကြီး ဦးသောဘဏတဲ့၊ ဆရာတော်ရေးတဲ့ ထေရီ အပဒါန ဒီပနီဆိုတဲ့ စာအုပ်ထဲမှာ ဘုရားပေါင်း ၅၁၂၀၀၀-ကို ရေတွက်ထားတယ်၊ ဆရာတော်ကြီးနဲ့တွေတော့။ ဦးကုမာရ-ရာ အရှင်ဘုရား ရေးမှ ရှင်းတော့တယ်၊ တပည့်တော် ကိုရင် ဘဝထဲက သမ္ဗုဒ္ဓေဂါထာနဲ့ ရှိခိုးလာတာ၊ ၅၁၂၀၀၀- ရေလို့ကို မရဘူး ဘုရားတဲ့၊ ဟုတ်လား၊ ဘုန်းဘုန်းရေးတဲ့ ထေရီအပဒါန ဒီပနီစာအုပ်ထဲမှာ

http://www.dhammadpwnload.com



အပြည့်အစုံပါ ပါတယ်၊ ခုတော့ သာမည ဘုန်းဘုန်းပြောပါ့မယ်၊ သာမညလေး ပြောလဲ နံနံတော့ သိလောက်ပါတယ်၊

ဒီကမ္ဘာက နောက်ပြန်ရေလိုက်ရင် ကမ္ဘာပေါင်း သင်္ချေ ၂၀ နဲ့ ကမ္ဘာ ၁-သိန်းထက်မယ် ဒီပင်္ကရာဘုရား ပွင့်တယ်၊ ဒီပင်္ကရာက ၂-ဆူရှိတယ်။ သင်္ချေ ၂၀-နဲ့ ကမ္ဘာ ၁-သိန်းထက်ပွင့်တဲ့ ဒီပင်္ကရာက အရင်ကျလို့ ပေါရာဏ ဒီပင်္ကရာတဲ့ ဟုတ်လား၊ သုမေဓာရသေ့ကို ဗျာဒိတ်ပေးတာက ဗျာဒိတ်ပေး ဒီပင်္ကရာတဲ့၊ အေး ပေါရာဏ ဒီပင်္ကရာဘုရားလက်ထက် ဘုရင့် သမီးတော် လေး တစ်ပါးရှိတယ်၊ ဘုံ ၇-ဆင့်ရှိတဲ့ ပြာသာဒ်ပေါ်မှာ တပင်တိုင် မြနန်းနဲ့ ထားတာ၊ ရှေးတုံးက တပင်တိုင်မြနန်းဆိုတာရှိတာ၊ ယောကျ်ားလေးတွေ မဝင်ရဘူး၊ မိန်းခလေးတွေချည်းထားတာ၊ နောက်တက်မဲ့ဘုရင်ရဲ့ မိဖုရား ဖြစ်အောင်လို့ သူ့ကို တပင်တိုင်မြနန်းနဲ့ထားတာ၊

အဲဒီမယ်၊ မင်းသမီးလေးက ဟိုအထက်ဆုံးထပ်ကနေ လှည့်ကြည့်လိုက် တာ၊ ဦးပဉ္စင်းလေးတစ်ပါး ညနေချမ်းဆွမ်းခံနေတာ၊ သွား၊ သွား၊ ပင့်လိုက်၊ ပင့်လိုက်တော့ ရောက်လာတယ်၊ ဦးဇင်းလေး၊ သူများတွေက မနက်ဆွမ်းခံ တယ်၊ အရှင်ဘုရား ညနေ- ဆွမ်းခံသလားဘုရား၊ ညနေ ဆွမ်းစားသလား၊ မေးတယ်။

ဒီတော့ သမီးတော်လေးရယ်၊ ကြည့်ပါဆိုပြီး၊ သပိတ်လှပ်ပြတယ်တဲ့၊ သပိတ်ထဲ ဆီတွေပဲ ပါပါတယ်၊ ဆွမ်းတွေ ဆွမ်းဟင်းရာတွေ မပါပါဘူး၊ ဘာလို့ဆီကိုလဲ အလှူခံရတာတုံး၊ သူများချက်ပြီးသား၊ ပြုတ်ပြီးသားစား နေရတာ ဆီဘာလုပ်ဖို့တုံး၊ အဲဒီတော့ ဦးဇင်းလေးက သမီးတော်လေးရယ်၊

http://www.dhammadpwnload.com



ည ည မှောင်လို့ပါ၊ ည ည သွားတဲ့လာတဲ့ ဦးဇင်းတွေ၊ ကိုရင်တွေ လင်းအောင် ထွန်းပေးတာပါ၊ မြတ်စွာဘုရားကိုလဲ ဆီးမီးပူဇော်တာပါလို့ ပြောသတဲ့၊ အော် ဒီလိုလား၊ ဒီလိုဆို ပေး ပေး ဆိုပြီး အဲဒီထဲ မုန်ညင်းဆီတွေ၊ မုန်ညင်းဆီကော သိကြလား၊ မုန်ညင်းစိလေးတွေ ကြိတ်လိုက်တော့ မုန်ညင်းဆီရတာပေါ့၊ နှမ်းတွေကြိတ်လိုက်တော့ နှမ်းဆီရတာပေါ့၊ ပဲတွေကြိတ်လိုက်တော့ ပဲဆီရ တာပေါ့၊ အဲဒီမုန်ညင်းဆီတွေ သပိတ်နဲ့အပြည့် လှူလိုက်တယ်၊ ဦးဇင်းလေးက မေးတယ်တဲ့၊ သမီးတော်လေး ဘာဆုများပန်တုံး၊ တပည့်တော်မက ဘုရား ဖြစ်ချင်တာ ဘုရားပြောတယ်၊ အော် ကောင်းပါ့ ကောင်းပါ့၊ သာဓုခေါ်ပြီးသွား တယ်။

ညကျတော့ မြတ်စွာဘုရားက ဟဲ့-ဆီမီးပူဇော်တဲ့ ဦးဇင်းလေး ခေါ်စမ်းဆိုတော့ ရောက်လာတယ်၊ ဦးဇင်းလေး ဒီနေ့ဆီမီးတွေ မြိုင်လှ ချည်လား၊ ဘယ်ကဆီရတုံး၊ သမီးတော်လေးဆီပါဘုရား၊ အရှင်ဘုရား နှမတော်လေး ဆီကပါဘုရား။ အဲဒီသမီးတော်လေးနဲ့ ဒီပင်္ကရာဘုရားကလဲ မောင်နှမ၊ ဖအေတူ မအေကွဲတော်တယ်၊ ဒါကြောင့် အရှင်ဘုရား နှမတော် လေးက မုန်ညင်းဆီအပြည့် လှူလိုက်ပါတယ်ဘုရား၊ အော်သမီးတော်လေးက ဘာများဆုပန်တုံး တပည့်တော်လဲ မေးကြည့်တယ်ဘုရား၊ ဘုရားဖြစ်ချင်တယ် လို့ ပြောပါတယ်ဘုရား။

အော် အဲဒီလိုဆိုရင် နက်ဖြန်ပြန်ပြောအုံး၊ မိန်းခလေးဘဝနဲ့ ဘုရားဆု မပန်ရဘူး၊ ယောကျ်ားလေးဘဝနဲ့ ပန်ရတာ၊ ယောကျ်ားလေးဘဝနဲ့ ပါရမီတွေ ဖြည့်ကျင့်မှ ဘုရားဖြစ်တာ၊ ကောင်းပါပြီဘုရား၊ နက်ဖြန်ပြန်ပြောပါ့မယ်ဘုရား၊

http://www.dhammadpwnload.com



ကဲကဲထားတော့၊ ဦးဇင်းလေးကကော ဘာဆုပန်တုံး၊ တပည့်တော်က အရှင်ဘုရားအားကျလို့ ဘုရား၊ ဒီပင်္ကရာ၊ ဒီပံ ကရောတိတိ ဒီပင်္ကရော၊ ဒီပံ-ဆီမီးကို၊ ကရောတိ၊ ပြုတတ်ပူဇော်တတ်၏။ ဣတိ၊ ထို့ကြောင့်၊ ဒီပင်္ကရော၊ ဒီပင်္ကရာမည်၏၊ အရှင်ဘုရားအားကျလို့ ဆီမီးပူဇော်ပါတယ်ဘုရား၊ ဘုရားဖြစ်တဲ့အခါလဲ ဒီပင်္ကရာဘုရားဘွဲ့ လိုချင်ပါတယ်ဘုရား။

ပေါရာဏဒီပင်္ကရာဘုရားက အဘိညာဉ်တန်ခိုးနဲ့ ကြည့်လိုက်တော့ ဦးဇင်းလေး၊ ဦးဇင်း၊ နောက် ၁၆- သင်္ချေကြာတဲ့အခါ ဘုရားဖြစ်လိမ့်မယ်လို့ ဗျာဒိတ်ပေးတယ်၊ ဒီတော့ ငါတော့ဘုရားဖြစ်တော့မယ်၊ မြတ်စွာဘုရား ကဗျာဒိတ်ပေးပြီဆိုပြီးတော့ အဲဒီည အိပ်မပျော်ဘူးတဲ့၊ နောက်နေ့ ညနေ ၄-နာရီလောက်ကျတော့ နန်းတွင်းထဲ ဆီဆွမ်းခံသွားပြန်ရော၊ သမီးတော်လေး ကလဲ ဘုံ ၇-ဆင့်ရှိတဲ့ ပြာသာဒ်ကနေ ကြည့်လိုက်တော့၊ ဟာ မနေ့က ဦးဇင်းလေးနဲ့တူတယ်၊ သွား သွား၊ ပင့်အုံး၊ ရောက်လာတယ်။ ဦးဇင်းလေး မနေ့ကလဲဆွမ်းခံ၊ ဒီနေ့လဲဆွမ်းခံ၊ နေ့တိုင်းဆွမ်းခံသလား၊ အော်၊ ကျုပ်က ဘုရားလောင်း၊ ဗျာဒိတ်ရပြီး၊ နောက် ၁၆-သင်္ချေကြာတဲ့အခါ ဘုရားဖြစ်မှာ၊ ဘုရားလောင်းဆိုတာ တစ်နေ့လုပ်လို့ ဘယ်ရမလဲ၊ နေ့တိုင်း နေ့တိုင်း ဒါန လုပ်ရတယ်၊ ကုသိုလ်လုပ်ရတယ်၊ အနိစ္စ ဒုက္ခ အနတ္တ၊ ဝိပဿနာတွေ ပွားရတယ်၊ အော်- ဒီလိုလား၊ မသိလို့ပါ၊ ပေး ပေး သပိတ်ပေး ဘုရား၊ သပိတ်ထဲ မုန့်ညင်းဆီတွေထည့်လှူတယ်၊ ထည့်ပြီးတော့ အရှင်ဘုရား၊ နေ့တိုင်း မြို့ထဲလှည့်ဆွမ်းခံရတာ ပင်ပန်းတယ်၊ တပည့်တော်ဆီ တန်းလာပါဘုရား၊ တပည့်တော် နေ့တိုင်းနေ့တိုင်း တစ်သပိတ် အပြည့် လှူမယ်၊

http://www.dhammadpwnload.com



ကောင်းပါ့၊ ကောင်းပါ့၊ သာဓု သာဓု၊ မနေ့က ဘုရားက မှာလိုက်သေးတယ်။ ဘယ်လိုမှာတုံးဘုရား၊ သမီးတော်လေးက ဘုရားဆုပန်တယ်လို့ ဦးဇင်းပြောလိုက်တော့ မိန်းခလေးဘဝနဲ့ ဘုရားဆုပန်လို့ မဖြစ်ဘူး၊ နောက်ဘဝ ယောကျ်ားလေး ဖြစ်ပါရစေလို့ ဆုပန်လိုက်လို့ မှာလိုက်ပါတယ်။ အော် ဒီလိုလားဘုရား၊ ဒါနဲ့သပိတ် ကပ်၊ တပည့်တော် ဒီဆီလှူရတဲ့ ကုသိုလ်ကြောင့် နောက်ဘဝ ယောကျ်ားလေးဖြစ်ပါရစေဘုရားဆိုပြီး ဆုပန်တယ်၊ အဲလို ဆုပန်တဲ့အတွက် နောက်ဘဝယောကျ်ားလေးဖြစ်။ ဖြစ်တော့ ထားလိုက်ကြပါစို့၊ ၁၆-သင်္ချေကို ၂-ပုံ ပုံလိုက်တော့ စိတ္တတံ သတ္တသင်္ချေယျံ၊ ဘုရားဖြစ်ပါရစေလို့ စိတ်ထဲဆုတောင်းတဲ့ ကမ္ဘာက ၇-သင်္ချေတဲ့၊ နဝသင်္ချေယျံ ဝါစိကံ၊ စိတ်ထဲတွင် မနေနိုင်တော့ဘူး၊ တပည့်တော် ဒီကုသိုလ်ကြောင့် ဘုရားဖြစ်ပါရစေလို့ နှုတ်ဖြင့် အကျယ်ကြီး ဆုတောင်းတာက ၉-သင်္ချေတဲ့၊ ၇-သင်္ချေနဲ့ ၉-သင်္ချေပေါင်းလိုက် (၁၆-သင်္ချေပါဘုရား) အေး၊ ပထမ ၇-သင်္ချေမှာတင် ဘုရားပေါင်း ၁၂၅၀၀၀၊ ပွင့်တယ်။ အဲဒီ စိတ်ထဲဆုပန်တဲ့ဘုရားက ၁၂၅၀၀၀၊ နောက်ထပ် ၉-သင်္ချေကျတော့ စိတ်ထဲမနေနိုင်တော့ဘူး၊ ကုသိုလ်ပြုပြီး ဒီကုသိုလ်စေတနာကြောင့် ဘုရားဖြစ်ပါရစေဘုရားလို့ နှုတ်ဖြင့် အကျယ်ကြီး ဆုတောင်းတာ၊ အဲဒီလို ဆုတောင်းတဲ့ အချိန်ကာလက ၉-သင်္ချေ၊ ဘုရားပေါင်းက ၃၈၇၀၀၀၊ ခုနက ၁၂၅၀၀ နဲ့ ၃၈၇၀၀၀ ပေါင်းလိုက်စမ်း၊ ၅-သိန်း ၁သောင်း ၂ထောင် ပေါ်ပြီ မဟုတ်လား၊ အေး၊ ပဉ္စသတသဟဿာနိ၊ ဒွါဒသဉ္စ သဟဿကေ၊ ၅၁၂၀၀၀ သောဘုရားတို့ကို တပည့်တော်ရှိခိုးပါ၏။ ဟုတ်လား။

အဲလိုနဲ့ ဘုရားဆုပန်တာ၊ သုမေဓာရသေ့ဘဝရောက်။ သုမေဓာရသေ့

http://www.dhammadpwnload.com



ဘ၀ကနေ၊ တောထဲတရားကျင့်ရာကနေ မြို့လာတယ်၊ ရသေ့တွေက တောထဲအကြာကြီးမနေရဘူး၊ အကြာကြီးနေရင် အိုင်အိုဒင်းဆား ခတ်နည်းပြီး လည်ပင်းကြီးရောဂါ ဖြစ်တတ်တယ်တဲ့၊ အဲဒါနဲ့ သုမေဓာရသေ့လဲ ကောင်းကင်ကပြန်လာ၊ အောက်မှာလူတွေ အုန်းအုန်းနဲ့ တပျော်တပါးကြီး အလုပ်လုပ်နေကြတာ၊ သူကဆင်းပြီးမေးတယ်တဲ့၊ ဘာလုပ်ကြတာတုံး၊ ဦးရသေ့နှယ် လောက ၃-ပါး ဘုရားပွင့်ပြီလေ၊ ဒီပင်္ကရာဘုရားပွင့်ပြီ၊ သံဃာ ၄-သိန်းနဲ့ ဆွမ်းခံကြွမှာ၊ မိုးတွေရွာလို့ ဗွက်တွေ ဖြစ်နေလို့ လမ်းပြင်နေတာ၊ ဟာ-ဒီလိုဆို ငါလဲ ကုသိုလ်ပါ၀င်အုံးမယ်။ ငါ့ကိုတစ်နေရာပေးဆိုတော့ ဦးရသေ့ ခင်ဗျားက မိုးပျံမြေလျှိုး၊ တန်ခိုးတွေရနေတာ ဗွက်တွေထူတဲ့နေရာ ခင်များယူ။

ဗွက်ထူတဲ့နေရာပေးသတဲ့၊ အေးပါကွာ၊ ငါဘယ်နေရာရရ လုပ်မယ်ဆိုပြီးတော့ နီးတဲ့အိမ်တစ်အိမ်က ပေါက်ပြား ၁-လက်၊ တောင်းတစ်လုံး ခဏငှါး တူးပြီးဖို့တာတဲ့၊ ပြီးခါနီးပြီ၊ နဲနဲလေးပဲ ကျန်တော့တယ်၊ အဲလောက်လဲ ကြာရော၊ ဒီပင်္ကရာဘုရား သံဃာ ၄-သိန်းနဲ့ ကြွလာပါပြီခင်ဗျား၊ ဆွမ်းလောင်းဖို့ ပြင်ကြပါ၊ နိဗ္ဗာန်ဆော်က ကြေးစည်လေး တီးပြီး အော်သတဲ့၊ ဟာ ဘုရား ကြွလာပြီဆိုပြီး ဆွမ်းလောင်းတဲ့သူက ပြင်၊ သုမေဓာရသေ့လေးကျ ဒီအတိုင်း ဖြစ်နေရော၊ ငါ့လဲ ကူဖော်လောင်ဖက်မရှိဘူး၊ ဘယ်လိုလုပ်ရပါ့မတုံး ဆိုပြီး၊ အဲဒီ ရွှံ့ဗွက်ပေါ် သက်န်းကြီးဖြန့်ခင်း၊ အဲဒီပေါ် ၀မ်းလျားကြီးမှောက်၊ ဘုရားကြွလာတဲ့ဘက် ခေါင်းပြုပြီးတော့ မြတ်စွာဘုရား၊ သံဃာ ၄-သိန်းနဲ့တကွ တပည့်တော်ကျောပေါ် နင်းလျှောက်ပြီး ကြွပါဘုရား၊

http://www.dhammadpwnload.com



ဖွက်ထဲမနင်းပါနဲ့ဘုရား လျှောက်တယ်။

လျှောက်တော့၊ ဟာ- အာဂယောကျ်ားဟေ့၊ သံဃာ ၄-သိန်းနဲ့ တက်နင်းရင်သေမှာ၊ တကယ့်ယောကျ်ား ဘယ်လိုပုဂ္ဂိုလ်လဲဟဲ့လို့ ကြည့်လိုက်တော့ အော် လွန်ခဲ့တဲ့ ၁၆-သချေ်တုံးက သမီးတော်လေးဖြစ်ပြီး ငါ့ကိုနေ့တိုင်းနေ့တိုင်း မုန်ညင်းဆီတစ်သပိတ်လှူတဲ့ ပုဂ္ဂိုလ်လေးပါပဲလို့ သိသွားတယ်၊ အေး၊ ခုနသမီးတော်လေးအကြောင်းတွေ ပြန်ပြောင်းဟော၊ ဟောပြီးတော့ မင်းကျောပေါ်မလျှောက်ပါဘူးကွာ၊ ကောင်းကင်ကကြွမယ်ဆိုပြီး တန်ခိုးနဲ့ကြွတယ်။ ကြွပြီးတော့ ဒီကုသိုလ်စေတနာကြောင့် သင်ဟာ နောက်လေးသချေ်နဲ့ ကမ္ဘာတစ်သိန်း ကြာပြီးနောက် ဂေါတမဘုရားဆိုပြီး ပွင့်လိမ့်မယ်လို့ ဗျာဒိတ်ပေးတယ်တဲ့။

သင်ဟာ ဦးဇင်းလေးကို မုန်ညင်းဆီလှူရတဲ့အတွက် သင်နောက်ဆုံးဘဝ နာမည်ဟာ သိဒ္ဓတ္ထလို့ အမည်ဖြစ်လာလိမ့်မယ်၊ သိဒ္ဓတ္ထဆိုတာ မုန်ညင်း၊ တေလ ဆိုတာဆီ၊ သိဒ္ဓတ္ထ တေလဆိုတာ မုန်ညင်းဆီ၊ သိဒ္ဓတ္ထတေလ - မုန်ညင်းဆီရဲ့အကျိုးပေးကြောင့် သင်ရဲ့ နောက်ဆုံးဘဝ အမည်သည်ဘာဖြစ်မတုံး (သိဒ္ဓတ္ထပါဘုရား) သိဒ္ဓတ္ထမင်းသား၊ ဗျာဒိတ်ပေးတယ်၊

ဆရာတော်ပြောလိုရင်းက နက်ဖြန်ရောက်မှာက ကမ္မပစ္စယောတိ-ဟုတ်လား၊ ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊ မုံညင်းဆီလှူတဲ့ ကုသိုလ်စေတနာကံသည် နာနာက္ခဏိက ကမ္မပစ္စည်း၊ ဒီဘက်ဘဝမှာ သိဒ္ဓတ္ထဆိုတဲ့ နာမည်လေးရပြီး ဘုရား ဖြစ်တာက နာနာက္ခဏိက ကမ္မပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ ဘဝပေါင်း၊

http://www.dhammadpwnload.com



ကမ္ဘာပေါင်း သင်္ချေ ၂၀-နဲ့ ကမ္ဘာ ၁-သိန်းကြာတယ်၊ ပျောက်မသွားဘူး၊ အဲလို ပျောက်မသွားတဲ့ သတ္တိလေးကို နာနာကမ္မဏိက ကမ္မသတ္တိလို့ခေါ်တယ်၊ ဟုတ်ကဲ့လား၊ ဒါဆို အဖိုးတန်ရော မဟုတ်လား၊ ကဲ တစ်ခေါက်လောက် ဆိုပြစမ်းပါအုံး -

(သံပြိုင်) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ-----(ပ)---- အသေသတော။

ကဲတော်ကြဦးစို့၊

သာဓု သာဓု သာဓု။

http://www.dhammadpwnload.com

သာသနာတော်နှစ်(၂၅၅၃)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၇၁)ခုနှစ်၊ နယုန်လပြည့်ကျော် (၃)ရက် ခရစ်နှစ်(၂၀၀၉)ခု၊ ဇွန်လ(၁၀)ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက်မှောရုံ၊ ယနေ့ည တရားပွဲအလှူရှင် ကိုသန်းထွတ်၊ မသန်းသန်းမော်၊ သား မောင်ပိုင်ဖြိုးဝေ၊ သမီး မမိုးမိုးသူ၊ မသိမ့်သီရိသူ မိသားတစ်စု အောင်ကမ္ဘာပစ္စည်းပွဲရုံ၊ သီရိမင်္ဂလာဈေး

ဟိုနေ့က ဥပနိဿယပစ္စည်းအထိ ပြီးသွားပြီ၊ ကမ္မပစ္စည်းကတော့ သမ္မုဒ္ဒေဂါထာလေးအကြောင်း ဘုန်းဘုန်းတို့ ဘုရား သချေ် ၂၀ နဲ့ ကမ္ဘာ တစ်သိန်းထက်တုန်းက ဘုရားလောင်းက မိန်းခလေးဘဝပဲ ရှိသေးတယ်။ အဲဒီ မိန်းခလေးက တစ်နေ့တစ်နေ့ကို မုန်ညှင်းဆီတစ်သပိတ်၊ တစ်သပိတ် လှူပြီး ပါရမီဖြည့်တာ၊ အဲဒီလို ပါရမီတွေဖြည့်တော့ ကုသိုလ်တွေက လွန်ခဲ့တဲ့ သချေ် ၂၀ နဲ့ ကမ္ဘာ ၁-သိန်းထက် ဖြစ်ခဲ့တဲ့ စေတနာ၊ မုန်ညှင်းဆီလှူတဲ့ စေတနာက ပျောက်မသွားဘူး၊ ဒီဘက်ဘဝမှာ ဘယ်လိုနာမည်ဖြစ်အောင် ပေးလိုက်တုန်း…(သိဒ္ဓတ္ထပါ ဘုရား)။

http://www.dhammadpwnload.com



အေး၊ သိဒ္ဓတ္ထမင်းသား၊ သိဒ္ဓတ္ထဆိုတာ မုန်ညှင်းဆီ၊ အဲလို မုန်းညှင်းဆီ လှူခဲ့တဲ့ အတွက်ကြောင့် သိဒ္ဓတ္ထမင်းသားလို့ဖြစ်အောင် ကုသိုလ်စေတနာက အကျိုးပေးလိုက်တာ အဲဒါကို နာနာက္ခဏိက ကမ္မပစ္စည်း၊ ကမ္မ က ၂-မျိုး ရှိတာ၊ သဟဇာတကမ္မပစ္စည်း၊ နာနာက္ခဏိက ကမ္မပစ္စည်း၊ နာနာ-ဆိုတာ အသီးအသီး၊ ခဏဆိုတာ အချိန်အခါကာလ၊ အသီးအသီး အချိန်အခါကာလ၌ ဖြစ်ခဲ့တဲ့ အတိတ်ကစေတနာကို နာနာက္ခဏိကကမ္မပစ္စည်းလို့ ခေါ်တယ်နော်။

အတိတ်ကစေတနာကို နာနာက္ခဏိကကမ္မ၊ အခုဖြစ်ဆဲ စေတနာကို သဟဇာတကမ္မ၊ အခု တရားနာနေတဲ့ အခါလဲ ကုသိုလ်စေတနာတွေ ဖြစ်တယ်။ အဲဒီ ကုသိုလ်စေတနာတွေက သူနဲ့ယှဉ်တဲ့ မဟာကုသိုလ်စိတ် စေတသိက်တွေကို သဟဇာတကမ္မသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အဲဒီ ကုသိုလ် စေတနာတွေက နောင် အဘိဓမ္မာတရားတွေသိအောင်၊ မဂ် ဖိုလ် နိဗ္ဗာန်ရောက် အောင် နာနာက္ခဏိကသတ္တိနဲ့ ကျေးဇူးပြုတယ်။ စေတနာက ထူးခြားတဲ့ တရားလေးပေါ့၊ ဒွိပြင် စိတ် ၈၉ ခု၊ အကျယ် ၁၂၀ က ဖြစ်ပြီးပျက်သွားတာပဲ၊ နောက်ထပ်ပေါ်မလာတော့ဘူးနော်၊ စေတသိက် ၅၂-ပါး၊ စေတနာနှုတ် ကျန်တဲ့ ၅၁-ပါးက ဖြစ်ပြီးပျက်သွားတာ၊ ပြန်ပေါ်မလာဘူး။

စေတနာက အဲလိုမဟုတ်ဘူးတဲ့၊ သူများတွေလဲ ဖြစ်ပြီးပျက်သွားတယ်၊ ဒါပေမယ့် နောက်ထပ်အကြောင်းသင့်တဲ့အခါ အကျိုးပေးတယ်တဲ့၊ စေတနာ သဘောကနော်၊ အဲဒါကို ကမ္မနိယာမလို့ ခေါ်တယ်၊ မနေ့က ပြောခဲ့တဲ့ သမီးတော်လေး၊ သချေ်၊ ၂၀ နဲ့ ကမ္ဘာ ၁-သိန်း ထက်က ပြုလုပ်ခဲ့တဲ့ စေတနာက ခု ဒီဘက်ဘဝကျမှ လာပြီး အကျိုးပေးတယ်နော်၊ အဲလိုကြာမှ

http://www.dhammadpwnload.com



အကျိုးပေးတဲ့ ဥစ္စာကို နာနာက္ခဏိကကမ္မ၊

နာနာက္ခဏိကကမ္မက အတိတ်စေတနာ၊ သဟဇာတကမ္မက ပစ္စုပ္ပန် စေတနာ၊ ကာလအနေနဲ့ ၂-မျိုးပေါ့၊ နာနာက္ခဏိကစေတနာဆိုတာ ဟိုးအတိတ်က ပြီးပြီးသား စေတနာ၊ အဲဒီ စေတနာက ဥပမာ မျိုးစေ့လေးတွေလိုပေါ့၊ ဥပမာ-သရက်သီးမျိုးစေ့၊ ပိန္နဲသီးမျိုးစေ့၊ ဒူးရင်းသီးမျိုးစေ့ရှိတယ် မဟုတ်လား၊ သရက်သီးမျိုးစေ့စိုက်ရင် ဘာအပင်ပေါက်မတုန်း၊ သရက်ပင်ပေါက်မယ်၊ အဲလိုပဲ ကုသိုလ်စေတနာလုပ်ထားရင် အဲဒီစေတနာက ကောင်းတဲ့အကျိုးပေးမှာ၊ အကုသိုလ်စေတနာက မကောင်းတဲ့အကျိုးပေးမှာ၊ ကုသိုလ်နဲ့ အကုသိုလ် ဒီ ၂-ခုက အရေးကြီးတာ ဒါကြောင့် မြတ်စွာဘုရားက-

ကမ္မပစ္စယောတိ ကုသလာ ကုသလံ ကမ္မံ၊ အဗျာကတံ ကမ္မံလို့ မပါဘူး၊ ဝိပါက်ကြိယာလဲ မပါဘူး၊ ကုသိုလ်နဲ့ အကုသိုလ်သာ အရေးကြီးတာ၊ ကုသိုလ်က ကောင်းတဲ့ အကျိုးပေးမယ်၊ အကုသိုလ်က မကောင်းတဲ့ အကျိုးပေးမှာ၊ အဲဒါကြောင့်-

ကုသလာကုသလံကမ္မံ၊ ကုသိုလ်ကံစေတနာ၊ အကုသိုလ်ကံစေတနာသည်၊ ဝိပါကာနံ ခန္ဓာနံ၊ ဝိပါက်နာမက္ခန္ဓာ တရားတို့အားလည်းကောင်း၊ ဝိပါက်စိတ်တွေ၊ ကုသိုလ်က ကုသလ ဝိပါက်စိတ်တွေ၊ အကုသိုလ်က အကုသလဝိပါက်စိတ် ၇-ခု၊ အကျိုးပေးတယ်၊ ကဋတ္တာ စ ရူပါနံ-ကမ္မဇရုပ်တရားတို့အားလည်းကောင်း၊ ပဋိသန္ဓေအခါဆို ဟဒယဝတ္ထုပေါ့၊ နှလုံးသားလေး၊ ကမ္မပစ္စယေန နာနာက္ခဏိက ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုတတ်။ ဒါ နာနာက္ခဏိက ကမ္မအတွက်။ ကုသိုလ်စေတနာ ၂၁-

http://www.dhammadpwnload.com



ခု၊ အခု တရားနာပရိသတ်နဲ့ဆိုင်တဲ့ ကုသိုလ်ကတော့ မဟာကုသိုလ်စိတ် ၈-ခု၊ အဲဒီ မဟာကုသိုလ်စိတ် ၈-ခုက မဟာဝိပါက်စိတ် ၈-ခုအား အကျိုးပေးမယ်၊ အဟိတ်ကုသလဝိပါက် ၈-ခုအား အကျိုးပေးမယ်၊ ၁၆-ခုသော ဝိပါက်နာမက္ခန္ဓာတို့အား ဖြစ်အောင် အကျိုးပေးမယ်။

အကုသိုလ်စေတနာကံ ၁၂-ခုက၊ အကုသလဝိပါက် နာမက္ခန္ဓာ ၇-ခု၊ သဘောပေါက်တယ်နော်၊ ကမ္မဇရုပ်တွေအား ကျေးဇူးပြုမယ်၊ ဒါ နာနာက္ခဏိကကမ္မအတွက် ၁-ဝါကျ၊ သဟဇာတကမ္မကျတော့ ဘုရားက၊ စေတနာ-အတူတကွဖြစ်တဲ့ စေတနာ စေတသိက်သည်၊ ကတ္တားပေါ့၊ သမ္ပယုတ္တကာနံ ဓမ္မာနံ၊ ယှဉ်ဘက်ဖြစ်သော နာမ်တရားတို့အားလည်းကောင်း၊ စေတနာနဲ့ယှဉ်တဲ့ စိတ်စေတသိက်တို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနဉ္စရူပါနံ၊ ထိုစေတနာကြောင့် ဖြစ်ပေါ်လာကုန်သော ရုပ်တရားတို့အားလည်းကောင်း၊ ကမ္မပစ္စယသတ္တိဖြင့်၊ အတူတကွဖြစ်သော ပစ္စယသတ္တိဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုတတ်၏။ အဲဒါက သဟဇာတကမ္မပစ္စယ အတွက် ၁-ဝါကျ၊ ၂-ဝါကျပဲ ဘုရားဟောလိုက်တာ၊ ကဲ ဟောလိုက်စမ်းပါဦး၊

(သံပြိုင်) ကမ္မပစ္စယောတိ.......ကမ္မပစ္စယေန ပစ္စယော၊ အေး စေတနာကောင်းဖို့ လိုတယ်၊ ဒါလေးက အရေးကြီးတယ်၊ စိတ် ၈၉-ခု၊ ဖြစ်ပြီးပျက်တယ်၊ ပြန်ပေါ်မလာဘူး၊ စေတနာမှတ် ကျန်တဲ့စေတသိက်တွေ ဖြစ်ပြီးပျက်တယ်၊ ပြန်ပေါ်မလာဘူး၊ စေတနာက အဲလို မဟုတ်ဘူးတဲ့၊ နောက်ကျ အကျိုးပေးတာနော်၊ ဥပမာအားဖြင့် သရက်စေ့တို့၊ ပိန္နဲစေ့ တို့၊ ဒူးရင်းစေ့တို့ နောင် ၁-နှစ် ၂-နှစ်ကြာမှ စိုက်လိုက်ရင် ပေါက်တယ်

http://www.dhammadpwnload.com



မဟုတ်လား၊ ဒီပြင် အရွက်တွေ၊ ကိုင်းတွေ၊ အပွေးတွေက စိုက်လိုက်လဲ မပေါက်ဘူးမဟုတ်လား၊ မျိုးစေ့ လေးကမှ စိုက်လိုက်ရင်ပေါက်တာ၊ အဲလိုပဲ စေတနာက ထူးတဲ့ တရားသဘောလေးတဲ့။

ဘုရားလက်ထက် အရှင်မဟာကဿပကြီး၊ အရှင်မဟာကဿပဆိုတာ အင်မတန် သီလ သမာဓိ ပညာနဲ့ ပြည့်စုံတယ်၊ ရုပ်ကလဲ ရွှေရုပ်မက ချောတယ်၊ တစ်ပါးထဲ ဆွမ်းခံတယ်၊ နိရောဓသမာပတ်ဝင်စား၊ ၇-ရက်ရှိတဲ့ အခါ နိရောဓသမာပတ်မှ ထ၊ မွဲပေ့ဆိုတဲ့ အိမ်မှ ဆွမ်းခံတာ၊ အဲဒီလူမွဲလေးတွေ ချမ်းသာသွားအောင် သဘောပေါ့။

ဘုရားလက်ထက် ဆွမ်းလောင်းတဲ့ပုဂ္ဂိုလ်တွေ၊ ဒကာ ဒကာမတွေ သေသွား နတ်ပြည် ရောက်၊ တန်ခိုးကြီးတဲ့ နတ်သား နတ်သမီးတွေဖြစ်တာ နော်၊ ဆွမ်းလောင်းလိုက်တဲ့ တန်ခိုးကြီးတဲ့ နတ်သား နတ်သမီးတွေဖြစ်၊ သင်္ကန်းလှူလိုက်လဲ တန်ခိုးကြီးတဲ့ နတ်သား နတ်သမီးတွေဖြစ်၊ သိကြားမင်း ကြီးနဲ့ယှဉ်သွား၊ သိကြားမင်းကတောင် ရှက်သတဲ့၊ ခုမှ ရောက်လာတဲ့ နတ်သား နတ်သမီးတွေက ကိုယ်ရောင်တွေတောက်၊ သိကြားမင်းကြီးက ကိုယ်ရောင်တွေ မှိန်လို့တဲ့၊ သူက ရှက်လာသတဲ့၊ ငါက္ဗာ စတုမဟာရာဇ်နတ်၊ တာဝတိံသာနတ် နတ်ပြည် ၂-ပြည် အစိုးရတဲ့ နတ်ဘုရင်ကြီးဖြစ်နေပြီးတော့ ခုမှလာတဲ့ နတ်သား နတ်သမီးတွေက ငါ့ထက် တန်ခိုးကြီးတယ်၊ ရှက်သကွာ၊ အဲလို စိတ်ကူးသတဲ့၊ အဲလို စိတ်ကူးပြီး သူ့နတ်သမီး ၅၀၀ကို ပြောသတဲ့။

အရှင်မဟာကဿပကြီးဆီသွား၊ ဆွမ်းလောင်း၊ ဒါမှ ဒို့ကိုယ်ရောင် ကိုယ်ဝါတွေ တောက်မှာ၊ နတ်သမီး ၅၀၀လဲ အရှင်မဟာကဿပ နိရောဓ

http://www.dhammadpwnload.com



သမာပတ် ဝင်စားနေတဲ့ လိုဏ်ဂူ အဝကနေပြီးတော့ ဆွမ်းလောင်းဖို့ စောင့်နေတယ်။ ၇-ရက်ရှိတဲ့အခါ နိရောဓသမာပတ်က ထပြီး ငါ ဒီနေ့ ဘယ်သူ့အိမ် ဆွမ်းခံရမတုန်းလို့ မွဲတဲ့အိမ်ကြည့် သင်္ကန်းလေးရုံထွက်လာ လိုက်တော့ နတ်သမီး ၅၀၀၊ တန်းစီပြီး ဆွမ်းလောင်းဖို့ စောင့်နေတာ တွေ့တယ်။ ဆွမ်းတွေက အဆင်သင့်ပဲ၊ ဟာ မင်းတို့က နတ်သမီးတွေပဲ၊ ချမ်းသာပြီးသား၊ ငါလူမွဲလေးတွေ အိမ်ပဲ သွားတော့မယ်ဆိုပြီး သပိတ်ဖုံး ပိတ်ပြီး ထွက်သတဲ့၊ နတ်သမီး ၅၀၀ ရှက်ပြီးတော့ နတ်ပြည်ပြန်သွား၊ သိကြားမင်းက ဘယ်နှယ်လဲ လောင်းခဲ့ရရဲ့လား၊ ဟင် အရှင်မဟာကဿပကြီး က သပိတ်ဖုံးပိတ်ပြီး ကြွသွားတာ၊ မလောင်းခဲ့ရဘူး၊ ဟ နင်တို့က ဒီတိုင်းသွား သလား၊ ဒီတိုင်းသွားတာ၊ တယ် အ,တဲ့ ကလေးမလေးတွေ၊ နောက်တစ်ခါ နိရောဓသမာပတ် ဝင်စားတဲ့ အခါကျတော့ သိကြားမင်းက သူ့မိဖုရားကြီး သူဇာကို ခေါ်၊ လာ သင်နှင့်ငါ အရှင်မဟာ ကဿပကို ဆွမ်းလောင်းမယ်ဆိုပြီး ရာဇဂြိုဟ်မြို့နားလေးမှာ မွဲပေဆိုတဲ့ လူမွဲလေးပုံ ဖန်ဆင်းထားတယ်၊ အဲဒါကို စလေ ဦးပုညတို့က စာလေးရေးတယ်။

အကာဆူးခက်၊ အင်ဖက်အမိုး၊ ကျူရိုးတိုင်ထူ၊ နေပူကျဲကျဲ၊ ဝက်သိုက်ထဲတွင်၊ အုတ်ခဲ ခေါင်းအုံး၊ အိုးတစ်လုံး ဖျာမရှိ၊ ဘူမိကမ္ဗလာ၊ မြေမွေ့ယာ၌၊ ချူချာတော်မူလှသောတဲ့။ မွဲပုံလေး၊ အကာက ဆူးခက်လေးတွေ၊ အင်ဖက်က အမိုး၊ ကျူရိုးတိုင်ထူတဲ့၊ ဝါးတောင် မဆူနိုင်ဘူးနော်၊ နေကလဲ ပူနေတဲ့အထဲ၊ အုတ်ခဲခေါင်းအုံး၊ မွဲလိုက်တဲ့ဖြစ်ခြင်း၊ အိုးတစ်လုံး၊ ဖျာမရှိ၊ ဘူမိကမ္ဗလာ၊ မြေကြီးပေါ်အိပ်ရတယ်နော်၊ မြေမွေ့ယာနဲ့ ချူချာတော်မူတဲ့

http://www.dhammadpwnload.com



ကာက ဝလ္လိယ၊ မွဲပြာကျတဲ့ မောင်နှံတို့အိမ်ဦး။

အရှင်မဟာကဿပကြီးက ဘယ်သူများ မွဲပြာကျတုန်းလို့ ကြည့်လိုက်တော့ အဲဒီ သိကြားမင်းဖန်ဆင်းထားတဲ့အိမ် မြင်တာပဲ၊ သူကလဲ ရှေ့ဆက်နှလုံးမသွင်းတော့ ဒါ သိကြားမင်းလို့ မသိဘူး၊ လာပြီး ဆွမ်းရပ်သတဲ့၊ သိကြားမင်းကလဲ ဟုတ်တိပတ်တိနဲ့ ရှင်မရေ…ဒို့အိမ်ရှေ့ ကိုယ်တော်ကြီး ၁-ပါး ဆွမ်းရပ်နေတယ်၊ ဆွမ်းများကျက်ပြီလားဟေ့၊ ကျက်ပြီ ကျက်ပြီ သပိတ်ယူခဲ့၊ ငါကြည့်လိုက်ပါဦးမယ် ဆိုပြီးတော့ မျက်စိမှုန်တဲ့ပုံလေး လုပ်ကြည့်သတဲ့၊ အမလေး၊ ဒို့ ရှင်မဟာကဿပ ကိုယ်တော်ကြီးဟေ့၊ ကဲ၊ လောင်းဟေ့၊ လောင်းဟေ့ လောင်းထည့်လိုက်၊ ရာဇဂြိုဟ်တစ်မြို့လုံး မွှေးသတဲ့ နော်။ ပြီးတော့မှ အရှင်မဟာကဿပကိုယ်တော်ကြီးက မွဲတော့မွဲလိုက်တာ သူတို့ ဆွမ်းလောင်းတာ တစ်မြို့လုံး မွှေးနေတယ်၊ ဘယ်လိုတုန်းဟဲ့ ဆိုပြီး တန်ခိုးနဲ့ ကြည့်လိုက်တော့မှ သိကြားမင်းဖြစ်နေတာနော်။ သိကြားမင်း လူမွဲတွေရမယ့်ဥစ္စာ လုယူသလို ဖြစ်တာပေါ့၊ ဘာလို့ အဲလိုလုပ်ရတာတုန်း၊ တပည့်တော်လဲ သိကြားမွဲလေးပါဘုရား၊ ဘယ်လိုသိကြားမွဲတုန်း။

တပည့်တော်တို့က သာသနာပကုသိုလ်လုပ်ပြီး သိကြားမင်းဖြစ်တာဘုရား၊ ယခု သာသနာတွင်း ဆွမ်းလောင်းတဲ့သူက နတ်ပြည်ရောက်၊ တပည့်တော်တို့ထက် ကိုင်ရောင် ကိုယ်ဝါတွေတောက်ဘုရား၊ သင်္ကန်း ၁-စုံ လှူတဲ့သူလဲ နတ်ပြည်ရောက်၊ တပည့်တော်တို့ထက် သာတယ်ဘုရား၊ တပည့်တော် မွဲပါတယ်ဘုရား၊ အဲဒါကြောင့် လာလှူရတာဘုရား၊ အရှင်မဟာကဿပကြီးက ပြုံးပြီးသွားရော၊ အဲဒီကျမှ လက်ခမောင်းခပ်ပြီး သူဇာနတ်သမီး

http://www.dhammadpwnload.com



ဆွဲပြီး နတ်ပြည်ပြန်သတဲ့၊ ဘုန်းဘုန်းပြောလိုရင်းက ဒီဘဝထဲ အကျိုးပေးတဲ့ ကံကလဲ နာနာက္ခဏိက ကံပါပဲလို့ ဟုတ်ကဲ့လား။

အေး ဒီဘဝထဲ တစ်နာရီ နှစ်နာရီပဲကြာကြာ၊ ၇-ရက်ပဲကြာကြာ၊ အကျိုးပေးတဲ့ ကံသည် နာနာက္ခဏိကကံ၊ ဟုတ်လား၊ အတူတကွ ဖြစ်တဲ့စိတ် စေတသိက်ကို အကျိုးပေးတဲ့ ကံကတော့ သဟဇာတကံ၊ ကံ ဘယ်နှစ်ပါး ရှိတုန်း...(၂-မျိုးပါဘုရား)။ အကုသိုလ်ကံလဲ ထိုနည်းတူပေါ့၊ တချို့က ဟိုအတိတ်ဘဝတုန်းက လုပ်ခဲ့တဲ့ အကုသိုလ်ကြောင့်၊ အရှင်မဟာမောဂ္ဂလာန်ကြီးတို့ဆို ခိုးသားငါးရာ အရိုက်ခံရတယ် မဟုတ်လား၊ ဟိုအရင်ဘဝတုန်းက သူ့အဖေအမေတို့ကို ရိုက်နှက်ပြီး သတ်ခဲ့ဖူးလို့နော်။ အဲဒီ အကုသိုလ်အကျိုးပေးတော့ ဒီဘက်ဘဝမှာ ခိုးသားငါးရာ အရိုက်ခံရပြီး ပရိနိဗ္ဗာန်စံရတယ်။ အရင်တုန်းက အမေ အဖေကို ရိုက်နှက်ခဲ့တဲ့ကံက နာနာက္ခဏိကပစ္စည်း၊ ဒီဘက်ဘဝ ခိုးသားငါးရာ အရိုက်ခံရပြီး ပရိနိဗ္ဗာန် စံရတာက နာနာက္ခဏိက ကမ္မပစ္စည်းရဲ့ ပစ္စယုပ္ပန် ဟုတ်လား၊ ဒါကြောင့် ဘုရားက-

"ကုသလာကုသလံ ကမ္မံ လို့ ဟောတယ် မဟုတ်လား၊ ကြိယာကမ္မံ လို့တော့ မဟောဘူး၊ မဟောတဲ့ အဓိပ္ပါယ်က ရဟန္တာများကျတော့ အကျိုးမပေးတော့ဘူးနော်၊ ရဟန္တာပုဂ္ဂိုလ်များကျတော့ ပရိနိဗ္ဗာန်စံတာနဲ့ နိဗ္ဗာန်ရောက်သွားမှာ၊ နိဗ္ဗာန်ရောက်သွားမှာဖြစ်တဲ့အတွက် ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ - လာသေးလား၊ မလာတော့ဘူး၊ အဲဒါကြောင့် ၂-ခုပဲ ဘုရားဟောတာ။

ကုသလာ ကုသလံ ကမ္မံ..................ပစ္စယော။ တစ်ခေါက် ဟောပါဦး။

http://www.dhammadpwnload.com



(သံပြိုင်)ကုသလာကုသလံ ကမ္မံ..................ပစ္စယော။

အေး ကုသိုလ်ကံ အကုသိုလ်ကံသည် ပစ္စည်း၊ အကြောင်းတရား၊ ကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာတဲ့ ဝိပါက်၊ နာမက္ခန္ဓာ၊ ကမ္မဇရုပ်က ပစ္စယုပ္ပန်၊ အကျိုးတရား၊ ကုသိုလ်အကုသိုလ်ကံက စေတနာမို့ နာမ်တရား၊ ဝိပါက်နာမက္ခန္ဓာ၊ ကမ္မဇရုပ်တို့က နာမ်ရော ရုပ်ရော နာမ်ရုပ် ၂-ပါး၊ အဲဒါလေး သဘောပေါက်ရင် ပဋိစ္စသမုပ္ပါဒ်ကျတော့-

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရကုသိုလ် အကုသိုလ်စေတနာဖြစ်တယ်၊ သင်္ခါရနဲ့ ကုသလာ ကုသလံ ကမ္မံ အတူတူပဲ၊ ပဋိစ္စသမုပ္ပါဒ်အလို သင်္ခါရ၊ ပဋ္ဌာန်းတရားအလိုကျတော့ စေတနာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ်ဆိုတာ ဒီမှာ ဝိပါကာနံ ခန္ဓာနံ၊ အဲဒါ ဝိညာဏ်ခေါ်တာနော်၊ ကုသိုလ် အကုသိုလ် စေတနာကြောင့်၊ အဲဒီ စေတနာက နာနာက္ခဏိကသတ္တိနဲ့ ကျေးဇူးပြု လိုက်တဲ့အတွက်ကြောင့် ဝိညာဏံ ဝိပါက်ဝိညာဏ်စိတ် ဖြစ်ပေါ်တယ်တဲ့။ ဝိညာဏပစ္စယာ နာမရူပံ၊ ဝိညာဏ်ဆိုတာ ပဋိသန္ဓေဝိညာဏ်၊ အဲဒီ ပဋိသန္ဓေဝိညာဏ်နဲ့ ယှဉ်တဲ့စေတသိက်ကျတော့ နာမ်တရားခေါ်တယ်၊ နာမ၊ ကမ္မဇရုပ်လေးကျတော့ ရုပ်တရား၊ အဲဒါကြောင့် နာမရူပံ၊ စေတသိက်တရား နာမ်တရားနဲ့ ပဋိသန္ဓေ ကမ္မဇရုပ်များသည်၊ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ပဋိစ္စ သမုပ္ပါဒ် ပြောမယ်နော်။

အေး အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ကုသိုလ် အကုသိုလ်ကံတွေ ဖြစ်တယ်၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ကုသိုလ်အကုသိုလ်စေတနာက နာနာက္ခဏိက

http://www.dhammadpwnload.com



ကမ္မသတ္တိနဲ့ ကျေးဇူးပြုလိုက်တဲ့အတွက် ပဋိသန္ဓေဝိညာဏ်စိတ်လေးဖြစ်တယ်၊ ဝိညာဏပစ္စယာ နာမရူပံ၊ ဝိညာဏ်စိတ်ကလေးကြောင့် စေတသိက်နာမ်တရား၊ ပဋိသန္ဓေကမ္မဇရုပ်တရား၊ ဒီမှာ ကဋတ္တာ စ ရူပါနံနဲ့ အတူတူပဲ။ ဒါလဲ သဘောပေါက်ရောပေါ့။ ကမ္မပစ္စည်း ဒီလောက်ဆို တော်ရောပေါ့၊ ရှေ့သွား လိုက်ကြဦးစို့။

ဝိပါက ပစ္စယောတိ ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညအညံ ဝိပါက ပစ္စယေန ပစ္စယော။ ဝိပါက်ဆိုတာ မဟာဝိပါက် ၈-ခု၊ အဟိတ် ကုသလဝိပါက် ၈-ခု၊ ၁၆-ခုပေါ့၊ အဲဒီဟာကို ဝိပါက်၊ အကုသိုလ်ကျတော့ အကုသလဝိပါက်စိတ် ၇-ခု၊ အဲဒီမယ် စိတ်က ဝိညာဏက္ခန္ဓာ၊ စေတသိက် ကတော့ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ သညာက သညာက္ခန္ဓာ၊ ဝေဒနာသညာ နှုတ် ကျန်တဲ့စေတသိက်တွေက သင်္ခါရက္ခန္ဓာ၊ စေတသိက်ခန္ဓာ ၃-ပါး၊ စိတ်က ခန္ဓာ ၁-ပါး၊ ခန္ဓာဘယ်နှစ်ပါးတုန်း…(၄)ပါး။ အဲဒါကို ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော၊ အရူပိနော၊ ရုပ်မဟုတ်ကုန်သော၊ ဝါ၊ နာမ်တရားဖြစ်ကုန်သော၊ ဝိပါကာ၊ အကျိုး ဝိပါက်ဖြစ်ကုန်သော၊ စတ္တာရော ခန္ဓာ၊ ခန္ဓာ ၄-ပါးတို့သည်၊ ဝိပါက် နာမက္ခန္ဓာ ၄-ပါး တို့သည်၊ အညမညံ၊ အညမညဿ၊ အချင်းချင်းအား၊ ဝိပါကပစ္စယေန၊ အကျိုးဟူသော ပစ္စယ သတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်၏။

အချင်းချင်း ကျေးဇူးပြုတယ်ဆိုတာ ဝေဒနာပစ္စည်းယူရင် ကျန် ၃-ပါးက ပစ္စယုပ္ပန်၊ ၃-ပါးကို ပစ္စည်းယူရင် ၁-ပါးက ပစ္စယုပ္ပန်၊ ၂-ပါးကို ပစ္စည်းယူရင် ကျန် ၂-ပါးက ပစ္စယုပ္ပန်၊ အဲဒီလို ကျေးဇူးပြုတာကို အညမညလို့

http://www.dhammadpwnload.com



ခေါ်တယ်၊ ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအား ဝိပါကသတ္တိဖြင့် ကျေးဇူးပြုတယ်၊ ဝိပါကဆိုတာ အကျိုးပေးတာပေါ့။

ခုနတုန်းက ကုသိုလ်စေတနာ၊ သိကြားမင်းပဲ ထားလိုက်ပါတော့၊ သူဇာနဲ့ သိကြားမင်း ရှင်မဟာကဿပကြီး ဆွမ်းလောင်းလိုက်တော့ ကုသိုလ်စေတနာတွေ ဖြစ်တယ် မဟုတ်လား၊ အဲဒီ ကုသိုလ်စေတနာက နာနာက္ခဏိက ကမ္မပစ္စည်း၊ ဝိပါက်တွေ၊ ကုသလဝိပါက်နာမက္ခန္ဓာတွေ ဖြစ်လာတာပေါ့၊ ကောင်းတဲ့ စိတ္တဇရုပ်တွေရော၊ ဘုံဗိမာန်တွေရော ပေါက်လာတာ ဝိပါကပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ ဒါပေမယ်လို့ ဒီနေရာမှာ မြတ်စွာဘုရားက အကျဉ်းချုံးဟောတာမို့လို့၊ ဝိပါက်နာမက္ခန္ဓာ ၄-ပါး၊ ဒါတွင်ထားလိုက်တယ်၊ ရုပ်တွေချန်ထားခဲ့တယ်။ တကယ်က ရုပ်တွေလဲပါတယ်ပေါ့၊ အဲဒါကို သာဝ သေဝ ဒေသနာလို့ ခေါ်တယ်၊ သိပ်မကျယ်ရအောင် အကြွင်းထားဟောသွားတာတဲ့၊ ကဲ ဟောလိုက်ပါဦး၊ (သံပြိုင်) ဝိပါကပစ္စယောတိ(ပ)... ယော။ ဘုန်းဘုန်းရွတ်တာ နားထောင်ကြည့်၊ ဝိပါကာ စတ္တာရော ခန္ဓာ၊ အရူပိနော၊ နဲနဲရပ်ရတယ်၊ သူက ကတ္တား၊ အညမည်၊ အချင်းချင်းအား၊ သူက သမ္ပဒါန်၊ ပြီးမှ ဝိပါကပစ္စယေန သူက ကရိဏ်း၊ ကတ္တား၊ သမ္ပဒါန်၊ ကရိဏ်း ၃-မျိုး ၃-မျိုးဟောတာ။

အေး ဝိပါက်အနေနဲ့ ကျေးဇူးပြုတယ်။ မြင်စိတ်ဆိုလဲ စက္ခုဝိညာဏ် စိတ်၊ သောတ ဝိညာဏ်စိတ်၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်စိတ်၊ ထိသိစိတ်၊ စိတ်ကူးစိတ်၊ အိပ်ပျော်နေတဲ့အခါ ဘဝင်စိတ်၊ အဲဒီဘဝင်စိတ်တွေလဲ ဝိပါကာ စတ္တာရော ခန္ဓာထဲပဲ ပါတယ်နော်၊ အိပ်နေတဲ့အခါ ဘာမှမသိဘူး၊

http://www.dhammadpwnload.com



ဘဝင်စိတ်တွေ ဖြစ်နေတာကိုး၊ ဝိပါက ပစ္စည်း၊ ဝိပါကပစ္စည်းပြီးမှ ဘာလာ မတုန်း၊ အာဟာရပစ္စည်း။

အာဟာရကျတော့ ရုပ်အာဟာရ၊ နာမ်အာဟာရလို့ ၂-မျိုးရှိပါတယ်။ အာ-ဆိုတာ လွန်စွာ၊ ဟာရ-ဆိုတာ ဆောင်တယ်၊ အာဟာရဆိုတာ လွန်စွာဆောင်တယ် ဟုတ်လား။ အာဟာရဆိုတဲ့ အဓိပ္ပါယ်က ဘယ်လိုတုန်း၊ အေး၊ လွန်စွာဆောင်တယ်၊ ရုပ်အာဟာရ အခု စားနေတဲ့ ထမင်းတွေ၊ ဟင်းတွေ မျိုးစုံ အစားအစာတွေ ရှိတယ်မဟုတ်လား၊ ထမင်းတွေ ဟင်းတွေ အစားအစာ တွေ အကုန်တော့ မဟုတ်ဘူးပေါ့။ အဲဒီအထဲမှာပါတဲ့ ခုခေတ်အခေါ် ဆိုတော့ ဗီတာမင် ဓာတ်ကလေးပေါ့၊ ဗီတာမင်တွေရှိတယ် မဟုတ်ဘူးလား၊ ဗီတာမင် အေ၊ ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ ဒီ၊ အီး ဟုတ်တယ်မဟုတ်လား၊ အေး-ဗီတာမင်နောက်ဆုံး ဘာရှိတုန်း ဇက်ပေါ့နော်။ အဲဒီ ဗီတာမင်ဓာတ်ကလေးကို အာဟာရလို့ခေါ်တယ်။ ဒီခန္ဓာကိုယ်ကြီးကို ကောင်းစွာဆောင်တတ်တယ်နော်၊ အေး-အာဟာရမရှိဘူးဆိုရင် တကယ် အားကြီးတဲ့ ဆင်ကြီးတွေ မထနိုင်ဘူး။ ခြင်္သေ့ကြီးတွေ၊ ကျားကြီးတွေ မထနိုင်ဘူး၊ မကျွေးဘဲ ထားလိုက်ရင် ၅-ရက်၊ ၆-ရက်၊ ၇-ရက် အစာမကျွေးဘဲထားရင် ထနိုင်ပါဦးမလား။

အေး အာဟာရဓာတ်ကမှ ဆောင်ပြီးတော့ ထနိုင်တာ။ အေး-အာဟာရ၊ အဲဒါကို မြတ်စွာဘုရားက အာဟာရ ပစ္စယောတိ၊ ကဗဠီကာရော၊ အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော၊ အေး ကာဗဠီကာရော အာဟာရော။ ဒီမယ်တော့ ကဗဠီလို့ ဠီ သဒ္ဒါလေးရှိတယ်။ ကဗဠီကာရော အဲဒီ ဠီသဒ္ဒါလေး အဓိပ္ပါယ်တော့ ပါဠိတတ်တဲ့ ပုဂ္ဂိုလ်တွေမှ သဘောပေါက်

http://www.dhammadpwnload.com



လိမ့်မယ်၊ ပါဠိမတတ်တော့ သာမည မှတ်လိုက်တာပေါ့လေ။ ကဗဠဆိုတာ ဆွမ်းလုတ်၊ ဆွမ်းလေးတစ်လုတ် တစ်လုတ်လုပ်တယ် မဟုတ်လား၊ ကာရ ဆိုတာ ပြုတယ်၊ ဗီတာမင်ဓာတ်ကလေးက ဆွမ်းလုတ်တကယ်ကျတော့ လုပ်လို့ မရဘူးတဲ့။

လုပ်မရတော့လည်း လုပ်ရသကဲ့သို့ဖြစ်တဲ့ ဓါတ်ကလေး၊ အဲဒါကို အဘူတ တဗ္ဗါဝေ စီဝိကာရလို့ သဒ္ဒါကျမ်းများက ဆိုတယ်။ အဘူတတဗ္ဘာဝေ ဆိုတာ မမြင်နိုင်တဲ့ နေရာလေးဘဲ၊ စ အနုဗန်ရှိ ဤပစ္စည်း၊ အဲတော့ အလုပ်အလွေ့ကို မပြုအပ်၊ မပြုနိုင်သော်လည်းဘဲ၊ ပြုအပ်သလိုဖြစ်သော ဒီလိုပေးရသတဲ့၊ တကယ်တော့ အဲဒီ ဗီတာမင်ဓာတ်ကလေးဟာ ဒီလိုအလုပ် အလွေ့၊ အလုံး၊ အခဲ လုပ်လို့မရဘူး၊ ရတာက မြေ၊ ရေ၊ လေ၊ မီး ဓါတ်ကြီး ၄-ပါးကသာ ရတာနော်၊ အဲဒီ ဩဇာဓာတ်၊ ဗီတာမင်ဓာတ်ကလေးဟာ အလုပ်၊ အလွေ့ မပြုအပ်သော်လည်းဘဲ ရောယောင်ပြီးတော့ ပြုအပ်သလိုဖြစ်တဲ့ အာဟာရော ဗီတာမင်ဓာတ် ကလေးသည် ဩဇာဓာတ်ကလေးသည်၊ ဣမဿ ကာယဿ၊ ဤခန္ဓာကိုယ်ကြီးအား၊ အာဟာရ ပစ္စယေန၊ အာဟာရသတ္တိဖြင့် လွန်စွာဆောင်တတ်တဲ့ သတ္တိဖြင့် ပစ္စယော ကျေးဇူးပြုတတ်၏။

အဲဒါလေး ဟောလိုက်စမ်းပါ။ (သံပြိုင်) အာဟာရပစ္စယောတိ၊

အာဟာရပစ္စယော၊ အာဟာရဆိုတာ ခုခေတ်သိပ္ပံအခေါ် ဘာခေါ် တာတုန်း၊ ဗီတာမင် ဓာတ်ကလေး ခေါ်တယ်နော်။ အဲဒီ ဗီတာမင်ဓာတ်ကလေး က အာဟာရပစ္စည်း၊ သူက လွန်စွာ ဆောင်တတ်တယ်၊ သူ့ရှိမှဖြစ်တာနော်။ ဘုန်းဘုန်းတို့ မြတ်စွာဘုရားလက်ထက်က ဒကာမကြီးတစ်ယောက် အကြောင်း

http://www.dhammadpwnload.com



လေး နည်းနည်းပြောပါဦးမယ်၊ မြတ်စွာဘုရားလက်ထက် အမျိုးသား ၃၀ ရှိသတဲ့၊ သူတို့က တိုင်ပင်ပြီးတော့ တို့ ဘုန်းကြီးဝတ်ကြစို့ကွာ ဆိုပြီးတော့ ဒုလ္လဘရဟန်းခံတဲ့ သဘောမျိုးပေါ့၊ ဒုလ္လဘရဟန်းခံ၊ ရဟန်းပြုပြီးတော့ ဘုရားဆီ ကမ္မဋ္ဌာန်းတောင်း၊ တပည့်တော်တို့ကတော့ဘုရား၊ ကြီးမှ ဘုန်းကြီးဝတ်ရတာ၊ ဒုလ္လဘဝတ်ရတာ၊ စာတွေ မသင်နိုင်ပါဘူးဘုရား။

တရားသာပေးပါတော့၊ တရားအားထုတ်မယ်လို့ပြောတော့ ဘုရားက ၃၂- ကောဋ္ဌာသ စသည်ပေါ့လေနော်။ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ ဒီလိုနဲ့ ၃၂- ကောဋ္ဌာသ။ ဒီခန္ဓာကိုယ်ကြီးကို ၃၂-ပုံ ပုံပြီးတော့ ရှုနိုင်းတာ၊ အဲဒီတော့ သူတို့လည်းပဲ ဘုရားဆီက တရားလေးရပြီးတော့ သွားကြ။ ဘယ်သွားမတုန်းဆို တောင်ခြေ ရွာကြီးတစ်ရွာ ရှိတယ်။ ဒီရွာဆိုရင်တော့ ဆွမ်းခံလို့ ရမယ်ဆိုပြီးတော့ သွား၊ ရွာထဲရောက်တော့ သူတို့ကလည်း သင်္ကန်းတွေဘာတွေရဲ့ ကြည်ညိုစရာကောင်း၊ ဒကာမကြီးက မယ်တော်ကြီးလို့ ခေါ်တယ်၊ အဲဒီရွာမယ် သူကအကြီးဆုံး၊ သူကြီးရဲ့ အမေ၊ သူက အသက်ကြီးလို့မို့ သူ့ကို မယ်တော်ကြီးလို့ ခေါ်ကြသတဲ့နော်။ မယ်တော်ကြီးက ကိုယ်တော်တို့ ဘယ်ကြွကြမလို့တုန်း၊ မေးသတဲ့၊ ဒကာမကြီး ရယ်၊ ကျုပ်တို့ ဘယ်ရယ်လို့ မဟုတ်ပါဘူး။ သင့်တော်မယ့်နေရာလေး တရားအားထုတ်လို့ကောင်းမယ့်နေရာလေး လိုက်ကြည့်တာ အဲဒီနေရာလေး နေမလို့၊ ဟာ အဲဒီလိုဆို ကိုယ်တော်တို့ တခြားသွားမနေနဲ့ ဒီတောင်ခြေလေးနားမှာနေ၊ တပည့်တော်တို့ ကျောင်းဆောက်ပေးမယ်၊ ဆွမ်းတွေဘာတွေလဲ တပည့်တော်တို့ လောင်းမယ်၊ ဘုန်းတော်ကြီးတွေလဲ ဝမ်းသာ၊ အဲဒါနဲ့ တောင်ခြေလေးနားသွား သစ်ပင်တွေအောက် တရားအားထုတ်ပြီး နေကြသတဲ့။

http://www.dhammadpwnload.com



ညကျတော့ မယ်တော်ကြီးက ရှာသားတွေ အစည်းအဝေးခေါ်၊ ငါ့ဘုန်းကြီး အပါး ၃၀ ပင့်ထားတယ်၊ မင်းတို့ ၁၀-အိမ်ကို ကျောင်းလေး တစ်ဆောင်ဆောက်၊ ၄-တိုင်စင် လေးပေါ့၊ ကုတင်တစ်လုံးဆံ့ပြီးရောပေါ့ ဆိုတော့ ၁၀-အိမ်ကို တဲလောက်ကျောင်းလေးတွေ ဆောက်ကြတယ်၊ တိုင်ခုတ် တဲ့သူက ခုတ်၊ ခနိမိုးတဲ့သူကမိုး၊ ကာတဲ့သူကကာ၊ ၂-ရက် ၃-ရက်ဆိုပြီးသွား တာပေါ့၊ အဲလိုပြီးတော့ ကျောင်းလေးတွေ ရေစက်ချ၊ ရှာသားတွေကို ပြောသတဲ့၊ မင်းတို့ ဆွမ်းလဲလောင်းကြ၊ ကိုယ့်ကိုယ်တော်နဲ့ ကိုယ် ၁၀-အိမ်ကို ၁-ပါးလောက် တာဝန်ခွဲပြီး ဆွမ်းလောင်းနေကြ။

တစ်ပတ်လောက်ရှိတော့ မယ်တော်ကြီးက ကျောင်းထဲသွားသတဲ့၊ ကိုယ်တော်တွေ ၁-ပါးမှ မတွေ့ဘူးတဲ့၊ ကိုယ်တော်တွေ တစ်ပါးမှ မတွေ့ဘူး၊ ဘယ်များသွားကုန်သလဲ ဆိုပြီးတော့ တုံးလေး ၁-ခုတွေ့တာနဲ့ တုံ တုံ တုံ တုံ နဲ့ သူကခေါက်လိုက်သတဲ့။ ခေါက်လိုက်တော့ ကိုယ်တော်တွေ ကျောင်းထဲ က ထွက်လာကြသတဲ့၊ အော် မယ်တော်ကြီးလား၊ ဘာကိစ္စလဲ မယ်တော်ကြီး၊ ကိုယ်တော်တို့ ချမ်းချမ်းသာသာရှိရဲ့လားလို့လာကြည့်တာပါ ဘုရား၊ အင်း- သင့်တော်ပါတယ် ဒါယိကာမကြီး၊ ကိုယ်တော်တို့ ဘာလုပ်နေကြတာတုန်း၊ တစ်ပါးနဲ့ တစ်ပါး စကားလဲ မပြောကြဘူး။ ရန်ဖြစ်ကြသလား၊ စိတ်ဆိုးနေကြ သလားလို့ မေးသတဲ့၊ ရန်မဖြစ်ပါဘူး ဒါယိကာမကြီးရယ်၊ ကျုပ်တို့ တရား အားထုတ်ဖို့လာတာ၊ စကားပြောဖို့ အချိန်မရှိပါဘူး၊ တရားပဲအားထုတ်နေတာ၊ အော် ကိုယ်တော်တို့ အားထုတ်၊ တပည့်တော်ကိုလဲ ဟောပါဦး ဘုရား၊ ဘာတွေအားထုတ်တုန်း။

http://www.dhammadpwnload.com



ကျုပ်တို့ အားထုတ်တာ အလွယ်လေးရယ်၊ အတ္တိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော၊ ဗမာလိုဆို ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ အဲလိုနဲ့ သင်ပေးလိုက်သတဲ့။ သင်ပေးလိုက်တော့ သူကလဲ အိမ်မှာ အခန်းလေး သေချာထားပြီးတော့ အားထုတ်လိုက်တာ ၇-ရက်ရှိတော့ မယ်တော်ကြီးက အနာဂါမ် တည်သွားသတဲ့နော်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ တတိယအဆင့် ရောက်သွားတာ။

တတိယအဆင့်ရောက်သွားတော့ ဈာန်အဘိညာဉ်တွေလဲ ရသတဲ့၊ ရတော့ ငါ့ကိုယ်တော် လေးတွေ ငါ့သားလေးတွေ ဘယ်လိုများနေတုန်းဟ၊ ကိုယ်တော်လေးတွေကို သားလို့ အောက်မေ့တာတဲ့၊ ငါ့သားလေးတွေ ဘယ်လိုနေကြလဲလို့ ကြည့်လိုက်တော့ တစ်ပါးမှ ဈာန်လဲမရ၊ မဂ်လဲမရ၊ ဖိုလ်လဲမရ၊ ဝိပဿနာဉာဏ်လဲ ကောင်းကောင်းမဖြစ်ဘူး၊ ဘယ်လို ဖြစ်တာတုန်း၊ ငါက သူတို့ပေးတဲ့တရားနဲ့ ဈာန်အဘိညာဉ်တရားတွေ ရပြီ၊ သူက တန်ခိုးနဲ့ ကြည့်လိုက်တာတဲ့၊ အော်-ကိုယ်တော်လေးတွေ စားချင်တာ မစားရလို့ကိုး၊ တချို့က အချဉ်လေး စားချင်တာတဲ့၊ အချဉ်လေးစာချင်တဲ့ ကိုယ်တော်က ငရုပ်သီးထောင်းရ၊ အချို့က သားငါးလေး စားရတာ မကောင်းတာနဲ့ တစ်ပါးမှ မဂ်ဖိုလ်နိဗ္ဗာန် မရဘူးတဲ့။ ကဲ ကိုယ်တော်လေးတွေ ပါရမီ ငါဖြည့်မယ်ဆိုပြီး အရပ်ထဲက မိန်းခလေး ၄-၅၊ ၁၀-ယောက်ခေါ်၊ ညည်းတို့ ငါ့ကူညီကြစမ်း၊ ငါ့ကိုယ်တော်လေးတွေ တရားထူးမရဘူး၊ ငါ ကောင်းတာတွေ ချက်မယ်ဆိုပြီး ည အိပ်ခါနီးပြီဆိုရင် တန်ခိုးနဲ့ကြည့်လိုက် တာတဲ့၊ ဘယ်ကိုယ်တော်က ဘာစားချင်တယ်ဆိုပြီး ရေးမှတ်ထားပြီး ဟင်းတွေ

http://www.dhammadpwnload.com



မျိုးစုံအောင်ချက်ထားတာ၊ ငရုပ်သီးထောင်းကြိုက်တဲ့ ကိုယ်တော် ငရုပ်သီးထောင်း၊ ငပိကြိုက်တဲ့ ကိုယ်တော် ငပိ၊ ငါးကြိုက်တဲ့ကိုယ်တော် ငါး၊ ကဲ ကိုယ်တော်တို့ ကြိုက်တာစားကြဆိုပြီးကျွေး၊ တစ်ပတ်လောက်ကြာတော့ ၃၀-လုံး ရဟန္တာ ဖြစ်သတဲ့နော်။

ပြောလိုရင်းက ကဗဠီကာရော အာဟာရော ဣမဿကာယဿ အာဟာရပစ္စယေန ပစ္စယော၊ ဒီအစားအစာလေးက ဒီခန္ဓာကိုယ်ကြီးကို ကျေးဇူးပြုတယ်။ ခန္ဓာကိုယ် ကျေးဇူးပြုလို့ ခန္ဓာကိုယ်ကြီး တောင့်တင်းပြီး ကျန်းကျန်းမာမာဖြစ်တော့ အကုန်လုံး ရဟန္တာဖြစ်တာ၊ တကယ့်ကျေးဇူးပြုတာကတော့ ကာဗဠီကာရ အာဟာရ ဗီတာမင်အာဟာရသည် ရုပ်ခန္ဓာကိုယ်ကြီးအား ကျေးဇူးပြုတာ။

ကဗဠီကာရ အာဟာရကလဲ ရုပ်တရား၊ ရုပ်ခန္ဓာလဲ ရုပ်တရား၊ ရုပ်တရားသည် ရုပ်တရားအား အာဟာရသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အဲဒီကျေးဇူးပြုတာကို အကြောင်းပြုပြီး ရဟန္တာဖြစ်တာက နောက်တစ်ဆင့်၊ မနေ့က မှာခဲ့ပြီ မဟုတ်လား၊ ဥတုဘောဇနေမှိ ဥပနိဿယ ပစ္စယေန ပစ္စယော၊ ဘောဇဉ်က ကျေးဇူးပြုတာ၊ ဘောဇဉ်နဲ့ အာဟာရအတူတူပဲ၊ ပြီးတော့မှ အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော၊ အရူပိနော၊ နာမ်ဖြစ်ကုန်သော၊ အာဟာရာ၊ လွန်စွာဆောင်တတ်သောတရားတို့သည်၊ နာမ်အာဟာရတရားက ဖဿ၊ စေတနာ၊ ဝိညာဏ်၊ (ဆိုစမ်းပါ၊ ဖဿ စေတနာဝိညာဏ်၊) အဲဒါ နာမ်အာဟာရတရားကိုယ် ၃-ပါးလို့ ခေါ်တယ်၊ ရုပ်အာဟာရနှင့် ပေါင်းလိုက်ရင် ၄-ပါးပေါ့။ ရုပ်အာဟာရ ၁-ပါး၊ နာမ်အာဟာရ ၃-ပါး။

http://www.dhammadpwnload.com



ဖဿ၊ စေတနာ၊ ဝိညာဏ်ဆိုတဲ့ တရားတွေလဲ လွန်စွာဆောင်တတ်တယ်တဲ့၊ တစ်ခါတလေ တောက အမျိုးတွေလာရင် ဝမ်းသာပြီးတော့ ထမင်းတောင် မဆာဘူး၊ အဲဒါ နာမ် အာဟာရတွေက သမ္ပယုတ္တကာန် မွှာန် သမ္ပယုတ်တရားတွေအား ကျေးဇူးပြုလိုက်၊ ရုပ်တရားတွေကို ကျေးဇူးပြုလိုက်တော့ ထမင်းမဆာဘူး၊ ဝမ်းသာနေလို့၊ ဒီတော့ နာမ်အာဟာရက နာမ်ရော ရုပ်ရော ကျေးဇူးပြုတယ်၊ ရုပ်အာဟာရကတော့ ရုပ်၊ ရုပ်ချင်းပဲ ကျေးဇူးပြုတယ်၊ ဖတ်လိုက်ပါဦး။

(သံပြိုင်) အာဟာရပစ္စယောတိ ကဗဠီကာရော (ပ) ပစ္စယော။

နောက် ဘာပစ္စည်းတဲ့တုန်း၊ (ဣန္ဒြိယပစ္စည်းပါဘုရား)။

ဣန္ဒြိယပစ္စယော၊ ဣန္ဒြိယဆိုတာ အစိုးရတဲ့ပစ္စည်း၊ အစိုးရကလဲ ၃-မျိုးရှိတယ်တဲ့၊ ပထမက ၅-မျိုး၊ ဒုတိယက ၁-မျိုး၊ ၅-မျိုးနဲ့ ၁-မျိုး၊ အဲဒါ ရုပ်ဣန္ဒြေလို့ခေါ်တယ်၊ နာမ် ဣန္ဒြေ ၈-ခုက ၁-မျိုး၊ အဲဒီတော့ ရုပ်ဣန္ဒြေ ၆-မျိုး၊ နာမ်ဣန္ဒြေ ၈-မျိုးနော်၊ စက္ခုန္ဒြိယံ၊ စက္ခု-ဣန္ဒြိယံ၊ စက္ခုက-မျက်စိ၊ ဣန္ဒြိယ-က အစိုးရတာ၊ မျက်စိက အစိုးရတယ်၊ ဘယ်သူ့ကို အစိုးရတုန်း ဆိုတော့ မြင်စိတ်ကို အစိုးရတယ်၊ သောတိန္ဒြိယံ-နားက ကြားစိတ်ကို အစိုးရတယ်၊ သောတဆိုတဲ့ နားရှိမှ ကြားစိတ်က ပေါ်တာနော်၊ နားမရှိတဲ့ပုဂ္ဂိုလ် ကြားစိတ်ပေါ်ပါ့မလား၊ မပေါ်နိုင်ဘူး။

ဃာနိန္ဒြိယံ၊ နှာခေါင်းက နံစိတ်ကို အစိုးရတယ်၊ နှာခေါင်းရှိမှ နံတာ၊ နှာခေါင်းမရှိတဲ့ ပုဂ္ဂိုလ်၊ နှာခေါင်းရောဂါရှိနေတဲ့ပုဂ္ဂိုလ်၊ ဖွတ်စအိုစွဲနေတဲ့ ပုဂ္ဂိုလ် မနံဘူး၊ ဘာအနံ့မှ မရဘူး။

http://www.dhammadpwnload.com



လျှာက ဘယ်သူ့အစိုးရတုန်း၊ လျက်စိတ်ကို အစိုးရတယ်၊ ဇိဝှိန္ဒြိယံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ အေး လျှာက လျက်စိတ်ကို အစိုးရတယ်။ ကိုယ်က ထိသိစိတ်ကို အစိုးရတယ်။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ရုပ်တရား ၅-ခုပေါ့၊ အဲဒီ ၅-ခု အစိုးရတာက မြင်စိတ် ကြားစိတ် နံစိတ် လျက်စိတ် ထိစိတ်၊ အေး မြင်စိတ်က ၂-ခု၊ ကောင်းတာမြင်တာ၊ မကောင်းတာမြင်တာ၊ ကြားစိတ်လဲ ၂-ခု၊ နံစိတ်လဲ ၂-ခု၊ လျက်စိတ်လဲ ၂-ခု၊ ထိစိတ်ကလဲ ၂-ခု၊ အဲဒီအကြောင်း ဖြစ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ရုပ်က ၅-ခု ပစ္စည်းတရားက ၅-ခု၊ ပစ္စယုပ္ပန်တရားက ၁၀-ခု၊ မြင်စိတ် ၂-ခု၊ ကြားစိတ် ၂-ခု၊ နံစိတ် ၂-ခု၊ လျက်စိတ် ၂-ခု၊ ထိသိစိတ် ၂-ခု။

မျက်စိ နား နှာခေါင်း လျှာ ကိုယ် ၅-ခုက ရုပ်တရား၊ မြင်စိတ် ကြားစိတ် နံစိတ် လျက်စိတ် ထိသိစိတ် ၂-ခုစီက နာမ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်၊ နာမ်ရုပ်ကွဲသွားတယ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်က အကြောင်း တရား၊ ပစ္စည်းတရား၊ မြင်စိတ် ကြားစိတ် နံစိတ် လျက်စိတ် ထိသိစိတ် ၁၀-ခုက အကျိုးတရား၊ ပစ္စယုပ္ပန်တရား၊ အကြောင်းအကျိုး ကွဲသွားတော့ ပစ္စယပရိဂ္ဂဟဉာဏ်ရတယ်၊ အကြောင်းပစ္စည်း ၅-ခုရော၊ အကျိုးပစ္စယုပ္ပန် ၁၀-ခု ရော ခဏလေးအတွင်း ဖြစ်ပျက်သွားလို့ အနိစ္စ၊ အဲဒီအထိ ရှုရမှာနော်။ အနိစ္စဉာဏ်၊ ဥဒယဗ္ဗယဉာဏ်ခေါ်တယ်၊ ဥဒယဆိုတာ ဖြစ်တာ၊ ဝယ ဆိုတာ ဖြစ်ပြီးပျက်သွားတာ၊ နောက်ဘာတဲ့။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊

http://www.dhammadpwnload.com



ရူပဇီဝိတိန္ဒြိယံ၊ ရုပ်သက် အစိုးရတဲ့ တရားသည်၊ ရူပ-က ရုပ်၊ ဇီဝိတ-က အသက်၊ ဣန္ဒြိယ-က အစိုးရတာ၊ အဲဒီ ရုပ်သက်ကလေးက ဘယ်သူ့ အစိုးရလဲဆိုတော့ ကဋတ္တာရူပါနံ၊ ကမ္မဇရုပ်တို့အား၊ ဘယ်သူ့ကို အစိုးရလဲ… (ကမ္မဇရုပ်ပါဘုရား)။ အေး ရုပ်က ၄-မျိုးရှိတာကိုး၊ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်၊ အဲဒီ ရုပ် ၄-မျိုးထဲမှာ ရုပ်သက်လေးက ကမ္မဇရုပ်ကို ကျေးဇူးပြုတယ်တဲ့၊ အစိုးရတယ်။

ဒီခန္ဓာကိုယ်ကြီးထဲမှာ ကမ္မဇရုပ်တွေ အများကြီးပေါ့။ ကမ္မဇရုပ်ပျက်နေသူတွေ၊ ကုဋ္ဌနူနာရောဂါရသူတွေဆိုရင် အဖြူကွက်ကြီးတွေ ဖြစ်နေတယ်၊ အဲဒီအဖြူကွက်ကြီးကို အပ်နဲ့ထိုး မသိဘူး၊ ဒီပြင်လူဆို အပ်နဲ့ထိုး၊ သိတယ် မဟုတ်လား၊ နာတယ်ဆိုတာ ကမ္မဇရုပ် ကောင်းနေလို့၊ ကမ္မဇရုပ်ပျက်ရင် အဖြူကွက်ကြီး ဖြစ်နေတာ၊ အဲဒီနေရာကို အပ်နဲ့ထိုးလဲ မသိဘူး၊ မီးစနဲ့ထိုးလဲ မသိဘူး၊ မသိတဲ့အခါပွါယ်က ကမ္မဇရုပ်ပျက်နေလို့၊ ကာယပသာဒရုပ် ပျက်သွားတော့ ထိသိစိတ်မဖြစ်တော့ဘူး၊ ကိုယ်ထဲမှာရှိတဲ့ ကမ္မဇရုပ် သိန်းသန်းကုဋေကို ဇီဝိတက အစိုးရတာ။

မြို့ထဲလည်း အစိုးရတာရှိတယ်၊ တောမှာဆို ၁၀-အိမ်ခေါင်း၊ ၁၀-အိမ်ထဲမှာ သူက ခေါင်းဆောင်၊ အစိုးရတယ်၊ အိမ် ၁၀၀-ရှိတော့ ခေါင်းဆောင် ၁၀-ယောက်ပေါ့၊ အဲသလို ရှိသလို ဥပမာ မျက်စိထားပါတော့၊ မျက်စိဆိုရင် မြေ ရေ လေ မီး ဓါတ်ကြီး ၄-ခုရယ်၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ အဆင်း အနံ့ အရသာ၊ ဇီတာမင်ဩဇာ၊ ၈-ခု၊ ပြီးတော့မှ ဇီဝိတ၊ မျက်စိ၊ ၁၀-ခုထဲမယ် ဇီဝိတ က ခေါင်းဆောင်၊ အုပ်ချုပ်တယ်၊ အစိုးရတယ်၊ ဒါကြောင့်

http://www.dhammadpwnload.com



သူ့ကို ဣန္ဒြိယပစ္စယော၊ သဘောပေါက်တယ်နော်။

ရူပဇီဝိတိန္ဒြိယံ-ရုပ်ဇီဝိတိန္ဒြေသည်၊ ကဋတ္တာရူပါနံ၊ ကမ္မဇရုပ်တရားတို့အား၊ ရုပ် သက်ကလေးက ကိုယ်ထဲမှာရှိတဲ့ ကမ္မဇရုပ်တွေအား၊ ဣန္ဒြိယပစ္စယေန၊ အစိုးရသော သတ္တိဖြင့်၊ ပစ္စယော၊ အကျိုးပြုတတ်၏။ ပြီးတော့မှ-

အရူပိနော ဣန္ဒြိယာ၊ နာမ်ဣန္ဒြေတွေ ရှိသေးတယ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ရုပ် ဇီဝိတက ရုပ်ဣန္ဒြေက ၆-ခု၊ နာမ်ဣန္ဒြေက ၈-ခု၊ အရူပိနောအရ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ။

အဲဒီ ၈-ပါးက ကျန်တဲ့တရားတွေကို အစိုးရတာ၊ ၁၀-အိမ်ခေါင်းတွေ အများကြီး၊ သူ့ဟာနဲ့သူ အုပ်ချုပ်တာ၊ နော်၊ အစိုးရအဖွဲ့၊ ရုပ် အစိုးရအဖွဲ့၊ နာမ် အစိုးရအဖွဲ့၊ အစိုးရ အဖွဲ့အမျိုးမျိုး ရှိတယ်မဟုတ်လား၊ ပညာရေးဝန်ကြီး၊ ပညာရေးဘက်မှာ အစိုးရတယ်၊ စက်မှု ဝန်ကြီး၊ သူ့ဟာနဲ့သူ အစိုးရတယ်၊ အရူပိနော ဣန္ဒြိယာ က နာမ်အစိုးရတရား၊ ကဲ အားလုံး ဖတ်ကြည့်လိုက်စမ်းပါဦး။

(သံပြိုင်) ဣန္ဒြိယပစ္စယောတိ စက္ခုန္ဒြိယံ............ပစ္စယော။

ဣန္ဒြိယပစ္စည်း ၃-မျိုး၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ=မျက်စိ နား နှာခေါင်း လျှာ ကိုယ် ဒီ ၅-ခုက ပုရေဇာတိန္ဒြိယ၊ ပုရေဇာတဆိုတာ အရင်ဖြစ်တာ၊ မျက်စိ နား နှာခေါင်း လျှာ ကိုယ်တို့က မြင်စိတ် ကြားစိတ် နံစိတ် လျက်စိတ် ထိသိစိတ်တွေနဲ့ စိတ် ၄-ခုလောက် စောဖြစ်တာ၊

http://www.dhammadpwnload.com



အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဒီစိတ် ၄-ခုလောက်စောဖြစ်လို့ ပုရေဇာတ၊ ဣန္ဒြိယ အစိုးရလို့ ပုရေဇာတိန္ဒြိယ၊

ရူပဇီဝိတိန္ဒြိယံ-ကတော့ ပုရေဇာတမဟုတ်ဘူး၊ ပြိုင်တူဖြစ်တာ၊ ရုပ်ဇီဝိတိန္ဒြေနဲ့ မြေ ရေ လေ မီး ဓါတ်ကြီးလေးပါး စတဲ့တရား ၉-ပါး ပြိုင်တူဖြစ်တယ်၊ ပြိုင်တူဖြစ်ပေမယ့် ရုပ်ဇီဝိတိန္ဒြေက အစိုးရတယ်၊ ဆယ်အိမ်ခေါင်းနော်။

အရူပိနော ဣန္ဒြိယာ-ကျ၊ နာမ်ဣန္ဒြေတွေ၊ ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ၊ ဒီတရား ၈-ပါးက နာမ်တရား၊ သူနဲ့ယှဉ်တဲ့ စေတသိက်တွေနဲ့ စိတ္တဇရုပ်တွေက နာမ်ရုပ်တရား၊ အရူပိနော ဣန္ဒြိယာအရ တရား ၈-ပါးက နာမ်တရား၊ အကြောင်းတရား၊ သမ္ပယုတ် တရားနဲ့ စိတ္တဇရုပ်တွေက နာမ်တရား၊ အကျိုးတရား၊ အကြောင်းရော အကျိုးရော ခဏလေး ဖြစ်ပျက်သွားတယ်လို့ ဥဒယဗ္ဗယဉာဏ်နဲ့ မြင်ပါတဲ့၊ ဟုတ်လား၊ အဲလိုမြင်မှ မဂ်ဖိုလ်နိဗ္ဗာန် ရတယ်တဲ့၊ ဘုန်းဘုန်းတို့ ပဋာစာရီ အကြောင်း ပြောရဦးမယ်နော်၊ ပဋာစာရီတဲ့၊ သူဌေးသမီးလေး၊ သူ့အိမ်မှာ ခိုင်းနေတဲ့ ကောင်လေးနဲ့ ချစ်ကြိုက်ပြီး ထွက်ပြေးကြတယ်၊ ဟိုတောထဲမှာ နေကြတယ်၊ ကလေးတစ်ယောက် ပဋိသန္ဓေရှိတော့ အိမ်ပြန်မွေးမယ် ဆိုပြီး အိမ်ပြန်ပါတယ်၊ လမ်းတွင်မွေးရော၊ မောင်လမ်းလို့ခေါ်တယ်၊ ပန္ထက တဲ့၊ ဒါနဲ့ အဲဒီမှာ ပြန်နေ၊ တစ်နှစ်ကျော်ကျော်လောက်ရှိတော့ ပဋိသန္ဓေပြန်ရ၊ အမေတို့ အဖေတို့ဆီ ပြန်မွေးမယ်ဆိုပြီး သွား၊ လမ်းတွင် မွေးပြန်ရော၊ ယောကျ်ားက တောထဲက ပြန်လာ၊ မတွေ့တာနဲ့ လိုက်ရှာ၊ တွေ့တယ်၊

http://www.dhammadpwnload.com



မိုးတွေကလဲရွာ၊ ပဋ္ဌိသေန္ဒေကလဲ မွေးချင်၊ ဒါနဲ့ မီးလေးဘာလေး မွေးရအောင် တောထဲထင်းလိုက်ရှာ၊ ရှာရင်း မြွေရှိတဲ့တွင်းထဲကနေ ထွက်ကိုက်လိုက်တာ အဲဒီကောင်သေရော၊ ဟာ ငါ့ယောကျ်ားတော့ သေပေါ့ဆိုပြီး မွေးတဲ့ ခလေးလေးပိုက်၊ သားလေးလက်စွဲပြီး ပြန်ကြတာ၊ ပြန်ကြတော့ မိုးတွေရွာ၊ အနားက ချောင်းကြီးက ချောင်းကျ၊ ချောင်းကျတယ်၊ သူဌေးသမီးလေးက ၃-ယောက်ဆို ရေထဲ မျောပါလိမ့်မယ်ဆိုပြီး အကြီးလေးကို ဒီဘက်ကမ်း ထားခဲ့။ ဒါ ဟိုဘက်ကမ်းသွားပို့ဦးမယ်ဆိုပြီး ဟိုဘက်ကမ်းရောက်တော့ သစ်ပင်ရင်းအောက် အနှီးလေးနဲ့ထား၊ ထားပြီး ဟိုဘက်ကမ်းကူး သားကြီးကို တစ်ခေါက် ခေါ်တာပေါ့၊ ခေါ်လိုက်တော့ ဘယ်လိုဖြစ်တုံး။

စွန်တစ်ကောင် မွေးကာစ ခလေးကို မြင်တော့ အမဲသားတုံးထင်၊ ဆင်းလာပြီး ခလေးကို ချီပြေးတယ်၊ သူက ရေလယ်ခေါင်ရောက်နေတော့ ဟဲ့ ဟဲ့ လို့ ခြောက်ပေမယ့် စွန်ကအလေးမပြုဘူး၊ ချီသွားတယ်၊ ဟဲ့ ဟဲ့ ခြောက်လိုက်တာကို ဟိုဘက်ကမ်းက ခလေးလေးက သူ့ခေါ်တယ်ထင်ပြီး ဆင်းလိုက်တာ ရေထဲမျောပါသွားရော။ ဒီတော့ ယောကျ်ားလဲသေတယ်၊ ခလေးအကြီးလဲ ရေထဲမျောပါသွားတယ်၊ ခလေးအငယ်လဲ စွန်ချီသွားတယ်၊ အဲဒီတော့ စိတ်ထဲ ဒုက္ခတွေရောက်၊ ဘယ့်နှယ်လုပ်ရပါ့မတုန်း၊ သွားတော့၊ လူတစ်ယောက်တွေ့တယ်၊ ဘကြီး ကျွန်မတို့ သာဝတ္ထိမြို့က ဘယ်လမ်း၊ အိမ်နံပါတ် ဘယ်လောက်၊ သူဌေးကြီး သိသလား၊ မမေးစမ်းပါနဲ့ ငါ့သမီးရယ်၊ ဘာပြုလို့တုန်းဘကြီးရဲ့ မပြောချင်ဘူး၊ ကျွန်မက အဲဒီအကြောင်းပဲ သိချင်တာ၊ ဒီပြင်အကြောင်း မသိချင်ဘူး ဘကြီးရယ်။ အော် ငါ့သမီးလေး သနား လိုက်တာ၊ ပြောရမှာလဲ ဝန်လေး၊ အဲဒီသူဌေးကြီးရော၊ သူဌေးကတော်ရော၊

http://www.dhammadpwnload.com



သူ့သားကြီးရော နင့်အစ်ကိုပေါ့။ တိုက်ပိလို့ သေပြီတဲ့၊ ၃-ယောက်လုံး သေသွားပြီ။ ဒို့ မီးသင်္ဂြိုဟ်ခဲ့တာ။

အဲဒီတော့ တစ်နေ့ထဲ လူ ၆-ယောက် သေတာပေါ့၊ သူ့ယောက်ျားက မြွေကိုက်လို့ သေတယ်၊ သားကြီးက ရေမျောလို့သေတယ်၊ သားငယ်က စွန်ချီလို့သေတယ်၊ အဖေရယ် အမေရယ် အကိုရယ်က တိုက်ပိလို့သေတယ်၊ ၆-ယောက်သေတော့ ရူးသွားတာပေါ့၊ လုံချည် အင်္ကျီတွေလဲ မဝတ်ဘူး၊ ကိုယ်တုံးလုံးကြီးသွားတာပေါ့၊ ပဋ ဆိုတာ အဝတ်အထည်၊ အစာရ ဆိုတာ မဝတ်ဘူး၊ ထမီတွေ၊ အင်္ကျီတွေ မဝတ်ဘူး၊ ကိုယ်တုံးလုံးကြီးလျှောက်သွားလို့ သူ့ကို ပဋာစာရီ။

တချို့က သနားလို့ ထမင်းကျန် ဟင်းကျန်လေးတွေပေး၊ အဲဒါစား၊ လုံချည်၊ အင်္ကျီ လေးတွေပေးလဲ မဝတ်ဘူး၊ လွှင့်ပစ်၊ ကိုယ်တုံးလုံးချည်း လျှောက်သွားနေလို့ ပဋာစာရီလို့ ကျော်ကြားတယ်။ တစ်ခါတော့ မြတ်စွာဘုရား တရားဟောနေတဲ့နေရာ ရောက်လာတယ်။ မြတ်စွာဘုရားကလဲ ပဋာစာရီ ဒီရောက်လာစေဆိုပြီး တန်ခိုးနဲ့ အဓိဋ္ဌာန်ပြီး မေတ္တာပွားတယ်၊ ပဋာစာရီက ဘုရား တရားဟောနေတဲ့ ပရိသတ်အစွန်နား ရောက်လာ၊ ဟဲ့ အရူးမ၊ အရူးမ ဆိုပြီး တချို့က ခဲတွေ ဘာတွေနဲ့ပေါက်၊ ဘုရားကသိတော့၊ ဟဲ့ မပေါက်နဲ့ မပေါက်နဲ့ ပဋာစာရီကို ဒီလွှတ်လိုက်၊ ကိုယ်တုံးလုံးကြီးလာတာပေါ့၊ ဒါနဲ့ လူတစ်ယောက်က သနားလို့ သူ့ခြုံထည်လေး ပစ်ပေး၊ အဲဒါလေးဝတ်၊

အေး-ချစ်သမီး ပဋာစာရီလားလို့ခေါ်လိုက်တော့ အရူးပြေသွားတယ်၊ အရူးပြေသွားတော့ ကိုယ်တုံးလုံးချည်းဆိုတော့ ရှက်တာပေါ့၊ အဲဒီကျမှ

http://www.dhammadpwnload.com



ကိုယ်တုံးလုံးကြီးမှန်း သိတယ်တဲ့။ သိတော့ တစ်ယောက်ပစ်ပေးလိုက်တဲ့ အဝတ်ကို ဝတ်၊ နောက်တစ်ယောက်ပစ်ပေးလိုက်တဲ့ အဝတ်ကို ခြုံ၊ မြတ်စွာဘုရား တပည့်တော်ကို ကယ်ပါဦးဘုရား၊ တပည့်တော် တစ်နေ့ထဲနဲ့ လူ ၆-ယောက် သေပါတယ်ဘုရား၊ တပည့်တော် ယောကျာ်း မြွေကိုက်လို့ သေတယ် ဘုရား၊ သားကြီး ရေမျောလို့သေတယ်၊ သားလေး စွန်ချီလို့ သေတယ်၊ အမေရယ်၊ အဖေရယ်၊ အစ်ကိုကြီးရယ် တိုက်ပိလို့သေတယ်၊ ကယ်ပါဦးဘုရားနဲ့ အော်ငိုပစ်တာတဲ့နော်။

အေး-ချစ်သမီး ပဋာစာရီ၊ ဒီလို ငိုခဲ့ရတဲ့ မျက်ရည်တွေ စုထားမယ် ဆိုရင် သမုဒ္ဒရာ ရေထက်များတယ်၊ ဘဝသံသရာများလှပြီ၊ အနိစ္စ၊ ဒုက္ခ၊ ငါ့သမီး အဲဒါတွေကို အနိစ္စ ဒုက္ခလို့ ပွါးရတယ်၊ အဲဒီမှာ စိတ်သက်သာရာရပြီး တပည့်တော် ဘိက္ခုနီမ ဝတ်ချင်ပါတယ် ဘုရားဆိုလို့ ဝတ်ပေးလိုက်တယ်။

ဝတ်ပေးတော့ အလှည့်ကျ ဆီမီးပူဇော်ရတယ်။ သူ့အလှည့်ကျတော့ ဆီမီးခွက်ကို ကြည့်တာပေါ့၊ ရှေ့တုန်းက ဆီမီးခွက်ဆိုရင် ဆီလေးထည့်၊ မီးစာလေးတပ်၊ ပြီးတော့ မီးတို့ လိုက်တာ၊ ဆီမီးခွက်လို့ခေါ်တယ်။ ခုခေတ် ဖယောင်းတိုင်လိုပေါ့၊ သူကလဲ ဆီမီးခွက်ကြည့်ပြီး မီးစာလေး လောင်လောင် သွားတာကြည့်၊ အနိစ္စ အနိစ္စ၊ မြင်စိတ်လဲ အနိစ္စ အနိစ္စ ရူပါရုံလေးလဲ အနိစ္စ အနိစ္စ ရှုလိုက်တာ ရှုရင်း ရှုရင်း ရဟန္တာဖြစ်သွားတယ်နော်။

ဆရာတော် ပြောလိုရင်းက အခု ဒီတရားတွေလဲ အနိစ္စ ဒုက္ခ အနတ္တလို့ရှု၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင်လို့နော်။ ဆရာတော်ကလဲ တစ်နေ့လာ အနိစ္စ၊ တစ်နေ့လာ အနိစ္စ၊ အဲလို မအောက်မေ့နဲ့....(မအောက်မေ့ပါဘုရား)။ ရှုလို့ကော ထင်ကြရဲ့လား၊ ထင်အောင်ရှု၊ အစတော့ သိပ်မထင်ဘူး၊ ဒီလို

http://www.dhammadpwnload.com



ကြည့်လိုက်ရင် တုံးတွေ၊ တိုင်တွေ အကုန်လုံးဖြစ်ပျက်တွေ မြင်လာတာ၊ အဲဒီလိုမြင်ရင် အောင်ပြီလို့ အောက်မေ့နော်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နီးပြီ၊ မထင်သေးရင် လေ့ကျင့်ဦး၊ ငါလိုသေးတယ်၊ လိုသေးတယ်ဆိုပြီး ကြိုးစား၊ ကမ္မပစ္စည်း၊ ဝိပါကပစ္စည်း၊ အာဟာရပစ္စည်း၊ ဣန္ဒြိယပစ္စည်း၊ ဘယ်နှစ်ရက် ရှိသွားပြီတုန်း၊ ၆-ရက်၊ ပစ္စည်းနံပါတ်အနေနဲ့ဆိုရင် ၁၆၊ နောက် ၄-ရက်ဆို ကုန်လောက်ပါတယ်။ ၁၀-ရက်တာဝန်ယူထားတာကိုး၊ အနိစ္စ ဒုက္ခ အနတ္တတွေ လဲထင်၊ တရားတွေလဲ ကြားပြီ။

| | |
|---|---|
| ၁- နံပါတ်ကိစ္စက | နားထောင် |
| ၂- နံပါတ်က | ကိုယ့်ပါးစပ်နဲ့ ကိုယ်ရွတ် |
| ၃- နံပါတ်က | စိတ်နဲ့ ပစ္စည်းပစ္စယုပ္ပန် အကြောင်းအကျိုးတွေ ဆင်ခြင် |
| ၄- နံပါတ်က | အနိစ္စ ဒုက္ခ အနတ္တရှု၊ ပစ္စည်းတရားရော၊ ပစ္စုပ္ပန် တရားရော၊ အကျိုးတရားရော၊ အကြောင်း တရား ရော၊ ရုပ်တရားရော၊ နာမ်တရားရော အားလုံး ဖြစ်ပြီးပျက်၊ အနိစ္စ အနိစ္စ ပဋ္ဌာစာရီတောင် ရဟန္တာ ဖြစ်သေးတာ၊ အရူးမလေး ဖြစ်တယ် မဟုတ်လား၊ အရူးမလေးလို့ တစ်မြို့လုံးက သမုတ် ထားတာ၊ နောက်ပိုင်းကျ ရဟန္တာဖြစ်တယ်နော်။ |

အေး အားလုံး ကြိုးစားနိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

http://www.dhammadpwnload.com

သာသနာတော်နှစ်(၂၅၅၃)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၇၁)ခုနှစ်၊ နယုန်လပြည့်ကျော် (၄)ရက် ခရစ်နှစ်(၂၀၀၉)ခု၊ ဇွန်လ(၁၁)ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက်မှော်ရုံ၊ ယနေ့ည တရားပွဲ အလှူရှင် မိဘနှစ်ပါး ဦးထိပ်ထားလျက် မောင်ဇော်မိုး(ခေတ္တ-ဂျပန်) ဖ၊ အိမ်နံပါတ် အေ-ဖ၊ ဝေဠုဝန်လမ်းကျယ်၊ စမ်းချောင်း၊

ဒီနေ့ ဈာနပစ္စည်း၊ ဒီနေ့ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ ၄-ပစ္စည်းတော့မှန်းထားပါတယ်။ ဝေထားတဲ့ စာရွက်လေး ကြည့်လိုက်ပါဦး၊ ဘုန်းဘုန်းတစ်ခေါက်ဖတ်ပြမယ်။

အရဟံ ဗဟိအန္တဇယံ သုဂတံ၊ အမိတံ ဝိရဇံ လလိတံ။

အတုလံ စရဏံ တိဘဝူပသမံ ယမကံ။

သုခဒံ သရဏံ ပဏာမာမိ ဇိနံ။

ကဲ ဖြေးဖြေးဆိုစမ်းပါ.... (သံပြိုင်) အရဟံ (ပ) ဇိနံ၊

http://www.dhammadpwnload.com



အရဟံ-ပူဇော်အထူးကို ခံယူထိုက်သော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

ဗဟိအန္တဇယံ-အတွင်းအပရန်ကို အောင်တော်မူသော ॥ ॥

သုဂတံ-ကောင်းသောစကားကို ဟောပြောတတ်သော ॥ ॥

ဆိုလိုက်ကြစမ်းပါဦး (သံပြိုင်) အရဟံ (ပ)·····ဟောပြောတတ်သော မြတ်စွာဘုရား ကို၊ ပဏာမာမိ၊ ရှိခိုးပါ၏။

အမိတံ-မနှိုင်းယှဉ်နိုင်သည့် တန်ခိုးပြာဋိဟာ ရှိတော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ ရှိခိုးပါ၏။

ဝိရဇံ-ကိလေသာကင်းတော်မူသော ॥

လလိတံ-တင့်တယ်သပ္ပါယ်တော်မူသော ॥

အတုလံ-အတုမရှိသော ॥

ကဲ ဆိုလိုက်စမ်းပါဦး (သံပြိုင်) အမိတံ (ပ) ····မြတ်စွာဘုရားကို၊ ပဏာမာမိ၊ ရှိခိုးပါ၏။

- ဂုဏ်တော် ၇-ပါး ရှိသွားပြီနော်။
- စရဏံ၊ အကျင့်စရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ ရှိခိုးပါ၏။
- တိဂုဘဂုသမံ-ဘုံ ၃-ပါး၌ ကိလေသာငြိမ်းအေးသော မြတ်စွာဘုရားကို၊ ပဏာမာမိ ရှိခိုးပါ၏။

http://www.dhammadpwnload.com



- တိ က-၃၊ ဘ၀ က-ဘ၀၊ ဥပသမ က-ကိလေသာငြိမ်းတာ

ယမကံ - ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာနဲ့ ပြည့်စုံသော မြတ်စွာဘုရားကို၊ ပဏာမာမိ၊ ရှိခိုးပါ၏။

ကဲ ဆိုလိုက်ပါဦး။ (သံပြိုင်)။ စရဏံ (ပ) ရှိခိုးပါ၏။

သုခဒံ - ချမ်းသာကို ပေးစွမ်းနိုင်သော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

သုခဆိုတာ ချမ်းသာ၊ ဒံ-ပေးစွမ်းနိုင်တယ်၊ သုခံ ဒဒါတီတိ သုခဒေါ။

သရဏံ - ကိုးကွယ်အားထားရာဖြစ်သော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။

ဇိနံ - မာရ်ငါးပါးကို အောင်မြင်သော ။ ။

ကဲ ဆိုလိုက်ကြ၊ သုခဒံ (ပ) ပဏာမာမိ၊ ရှိခိုးပါ၏။

အေး-ဒီဂါထာလေးကို မန္တလေး ရသေ့ကြီး ဦးခန္တီက အမြဲရှိခိုးသတဲ့၊ ရသေ့ကြီး ဦးခန္တီဆိုတာ အစက ဦးဖင်းလေးပေါ့၊ ရမည်းသင်းမြို့နားရွာတစ်ရွာက၊ ရမည်းသင်းမြို့ အရှေ့ဘက် ရှမ်းတောင်ကြီးပေါ်တက် တရားတွေကျင့်၊ နောက်ပိုင်း တရားတွေ ပေါက်ရောက်တယ် ဆိုပါတယ်။ တရားတွေ ပေါက်ရောက်တော့ ငါ သာသနာပြုမယ်။ ဒါပေမယ့် ဘုန်းကြီးဘ၀နဲ့ဆို ပိုက်ဆံတွေ ဘာတွေ ကိုင်ရတာ မတော်ဘူး၊ ရသေ့ဝတ်မယ် ဆိုပြီးတော့ ရသေ့ဝတ်၊ ရသေ့ဝတ်ပြီး မန္တလေး လာသတဲ့။

အဲဒီခေတ်က သာသနာပိုင်က တောင်ခွင်သာသနာပိုင်တဲ့၊ တောင်ခွင်

http://www.dhammadpwnload.com



ကျောင်းတိုက်က၊ အဲဒီဆရာတော်ကြီးဆီသွား၊ ဆရာတော်ဘုရား၊ တပည့်တော် ရသေ့ ဦးခန္တီပါဘုရား။ တပည့်တော် သာသနာပြုမလို့ပါ။ ဘုရားတွေ တည်မယ်၊ ကျောင်းတွေဆောက်မယ်၊ ဘုရားအို ကျောင်းအိုတွေ ပြင်မယ် ဘုရား။ စောင်းတန်းတွေ ဆောက်ပါ့မယ်၊ မန္တလေးတောင်ခြေမှာ နေရာလေး ၁-နေရာပေးပါလို့ လျှောက်တယ်။ ဦးခန္တီ ခင်ဗျားလဲ ကျုပ်အခုမှ မြင်ဘူးတာ၊ ခင်ဗျားဘယ်လောက်အစွမ်းသတ္တိရှိလို့ သာသနာပြုနိုင်မယ်၊ မပြုနိုင်မယ် မသိရဘူး၊ အဲဒီတော့ ခင်ဗျားအစွမ်းသတ္တိလေး ကျုပ်မြင်ရအောင် နဲနဲပြစမ်းပါ။ ဆရာတော် ဘာကြည့်ချင်တုံး၊ မေးသတဲ့၊ ကဲ-နက်ဖြန် သံဃာ ၅၀၀ ဆွမ်းကပ် ချင်တယ်၊ ကျွေးနိုင်ပါ့မလား၊ ကျွေးနိုင်ပါတယ်ဘုရား။ ၅၀၀ လဲ ကျွေးနိုင် တယ်၊ ၁၀၀၀ လဲ ကျွေးနိုင်ပါတယ်ဘုရား။ ကဲ ဒီလိုဆို သံဃာ ၅၀၀ ပင့်ထားလိုက်မယ်၊ ကျွေးပေတော့ ဦးဇင်းတွေ ကိုရင်တွေ သံဃာ ၅၀၀ စာရေးပြီး ပင့်ပေါ့။ ပင့်ပြီးတော့ တပည့်တော် အိပ်ဖို့နေရာလေး ၁-ခုပေးပါ ဘုရား ဆိုပြီး အခန်း ၁-ခန်း တောင်း၊ တောင်းပြီးတော့ သူ့ပစ္စည်းလေးတွေ ထား၊ ပုတီးစိပ်နေတယ်တဲ့။

ညနေလဲ ဆွမ်းချက်မဲ့သူ တစ်ယောက်မှ မလာသေး ဘူးတဲ့၊ ၉-နာရီ၊ ၁၀-နာရီလဲ မလာ၊ ၁-ချက်၊ ၂-ချက်လဲ မလာ၊ တစ်ယောက် မှ မလာဘူးတဲ့၊ ဒီတော့ ဆရာတော်ကြီးက ဦးခန္တီ တော့ ဒို့လိမ်ပြီနဲ့ တူတယ်၊ ဦးဇင်းတွေ ကိုရင်တွေလဲ ပင့်ထားပြီးဖြစ်၊ ကဲ ဖြစ်ချင်ရာဖြစ်ကွာ ဆိုပြီး ဒီတိုင်းထားတယ်၊ မနက် ၄-နာရီလောက်ကျတော့ သူက ကြေးစည်လေး ဒူဝေဝေနဲ့တီး အမျှဝေသတဲ့၊ အဲဒီကျမှ ဒကာ ဒကာမတွေ ဆွမ်းအုပ်တွေ၊

http://www.dhammadpwnload.com



တချို့က ရှက်ပြီးလာသတဲ့။ ဆွမ်းအုပ်တွေလာပြီ ဆိုပြီး ဦးဇင်းကိုရင်တွေက လှယ်သတဲ့၊ ဆွမ်းအုပ်ပေါင်း ၁၀၀၀-ကျော် သတဲ့၊ ပင့်ထားတာက ၅၀၀၊ ပိုတောင်နေသေးတယ်၊ အဲဒီတော့မှ သာသနာပိုင် ဆရာတော်ကြီးက ဦးခန္တီ ခင်ဗျား စွမ်းသဗျာဆိုပြီး မန္တလေးတောင်ခြေမှာ နေရာ ၁-နေရာ ပေးလိုက်သတဲ့။

အဲဒီလိုနဲ့ ဦးခန္တီက ဘုရားတွေတည်တယ်။ ကျောင်းတွေဆောက်တယ်။ မန္တလေး တောင်ရောက်ဖူးကြတယ်မဟုတ်လား။ စောင်းတန်းကြီးတွေ၊ သံစောင်းတန်းကြီးတွေနော်၊ ရန်ကင်းတောင်၊ မန်းစက်တော်တောင်၊ တစ်နိုင်ငံလုံး လျှောက်လုပ်တယ်၊ နိုင်ငံခြားကုမ္ပဏီတွေကတောင် ဦးခန္တီလိုချင်ရင် သွပ်တွေ၊ သံတွေ၊ ဘိလပ်မြေတွေ အကြွေးပေးတယ်၊ အဲဒါနဲ့ တစ်ခါတော့ ပစ်စာလေးတစ်စောင် ထောက်လှမ်းရေးဆီ ပစ်လိုက်သတဲ့၊ ဦးခန္တီ ရွှေတု၊ ငွေတု လုပ်နေပါတယ်။ ရွှေတု ငွေတု လုပ်ရင် လူသတ်မှုများလို ထောင် တစ်သက် ချနိုင်တယ်နော်။ အဲဒီတော့ ဦးခန္တီ ဖမ်းဖို့ ပြင်ဆင်နေကြတယ်။ ဦးခန္တီ ရွှေအတုတွေ လုပ်တယ်၊ တကယ်အစစ်မဟုတ်ဘဲနဲ့ အတုလုပ်တယ်ဆိုပြီး ပစ်စာပစ်တော့ ဖမ်းဖို့ရာ ပြင်ရော။

ဦးခန္တီကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေက သွားပြောတယ်၊ ဦးခန္တီ ခင်ဗျားကို ဖမ်းဖို့ လုပ်နေ ပြီ။ ထောက်လှမ်းရေးက ပြင်နေပြီ။ ဘာဖြစ်လို့တုန်း၊ ခင်ဗျား ရွှေတွေ ငွေတွေ အတုလုပ်တယ်လို့ သတင်းပို့တယ်၊ ဟာ ငါ ရွှေတွေ ငွေတွေ မလုပ်ပါဘူးကွ၊ ရွှေတွေ ငွေတွေ ဖြစ်တာ၊ ဖြစ်တာနဲ့ လုပ်တာ ဘာထူးတုန်း၊ ထူးတာပေါ့ကွ၊ နက်ဖြန် မင်းတို့ကို ပြမယ်၊ ထောက်လှမ်းရေး

http://www.dhammadpwnload.com



တွေလဲ ဖိတ်လိုက်၊ မဏ္ဍာပ်တွေထိုး၊ ဘောမှာ..စာလေး ရေးထားသတဲ့၊ ရသေ့ကြီး ဦးခန္တီ ရောက်နေပါတယ်။ ဘုရားတွေ ကျောင်းတွေ ဆောက်ဖို့ ကုသိုလ်ပါဝင်နိုင်ပါတယ် ဆိုပြီး။ စားပွဲပေါ်မယ် ငွေဖလားကြီး ၃-ခွက်လဲ တင်ထားသတဲ့။ အဲဒီမှာ လှူချင်တဲ့ ပုဂ္ဂိုလ်က လှူသွားတာပေါ့။ လူတွေက အများကြီး၊ ဦးခန္တီ ကြွလာသတဲ့ ဆိုတော့ တချို့က ပိုက်ဆံမပါဘူး၊ မပါတော့ လက်ကောက်တွေ ချွတ်လှူလိုက်၊ ခြေချင်းတွေ ချွတ်လှူလိုက်နဲ့၊ နားကပ်တွေ ချွတ်လှူလိုက်နဲ့ ငွေဖလားကြီး ၁-လုံး မကြာခင် ပြည့်သွားတာတဲ့။ ပိုက်ဆံ ပါတဲ့သူကတော့ ပိုက်ဆံတွေ ဒင်္ဂါးတွေ ရျောင်း, ရျောင်း နဲ့ ထည့်သွားကြ တာတဲ့၊ မကြာမီ အဲဒီ ၁-လုံးက ပြည့်၊ တချို့ ငွေစက္ကူပါတဲ့သူတွေက ငွေစက္ကူတွေထည့် အကုန်လုံး ပြည့်သွားတာတဲ့၊ ဖလားကြီး ၃-လုံးလုံး ပြည့်တယ်၊ ပြည့်မောက်နေတော့မှ ထောက်လှမ်းရေးတွေ ပြလိုက်တယ်။ ကဲ ကျုပ်ငွေလဲဖြစ်တယ်၊ ရွှေလဲဖြစ်တယ်၊ ရွှေတု ငွေတု မလုပ်ပါဘူး၊ အဲဒီတော့မှ အထက်ဘုရင်ခံဆီ စာတင်လိုက်တော့ ဦးခန္တီက ရွှေဖြစ်တာ၊ ငွေဖြစ်တာ၊ လုပ်တာမဟုတ်ဘူး၊ အတုမဟုတ်ဘူး၊ အစစ်တွေ၊ အဲဒါနဲ့ သူ့ မဖမ်းတော့ဘူး။

နောက် စစ်ကိုင်းတောင်ရိုးက ဝါးချက်မင်းကျောင်းဆိုတဲ့ ဆရာတော်ကြီး ၁-ပါးရှိတယ်။ ဝါးချက်ဆိုတာ ဝတ်ချက်၊ ဆွမ်းဝတ် အမြဲချက်ရတယ်။ မင်းတုန်းမင်းကြီး၏ ငယ်ငယ်ထဲက သူ့ ဆရာတော်၊ မန္တလေးပင့်ပြီး ကိုးကွယ်ထား၊ ဆရာတော်ကြီး အသက်ကြီးတော့ ငါအသက် ကြီးပြီကွာ စာသင်တာ ရော၊ စာချတာရော များပြီကွာ၊ ကဲ တရားအားထုတ်တော့မယ်ဆိုပြီး စစ်ကိုင်းတောင်ရိုးသွား၊ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက် တရားအားထုတ်

http://www.dhammadpwnload.com



နေတာ၊ ဆွမ်းခံ တရားအားထုတ်၊ ကျောင်းလဲ မရှိဘူး၊ သစ်ပင်အောက်နေ၊ တစ်ခါတော့ မင်းတုန်းမင်းကြီးက သူ့ဆရာ သတိရလို့သွားတော့ မရှိဘူး၊ ဆရာတော်ကြီးက ဘယ်ကြွသွားတုန်း၊ စစ်ကိုင်းတောင်ရိုး တရားအားထုတ်သွားတယ်ဆိုတော့ လိုက်သွား၊ ဟာ ဆရာတော်ကြီးကျောင်းလဲ မရှိဘူး။ သစ်ပင်အောက်နေ၊ ဆွမ်းကလဲ ခံစားရ၊ အဲဒီနားက ရွာလေးကို ကဲ မင်းတို့ရွာက ထွက်တဲ့ မြေခွန်တော် လယ်ခွန်တော် ယာခွန်တော်တွေ ငါ့ဆီမပေးနဲ့၊ သူကြီးကယူပြီး ဟောဒီ ဆရာတော်ကြီးအတွက် အရုဏ်ဆွမ်း နေ့ဆွမ်းချက်၊ ဆွမ်းဝတ်ချက်ရလို့ ဝတ်ချက်ရွာလို့ ခေါ်သတဲ့။ ကြာတော့ ကာလရွေ့လျောပြီး ဝါးချက်ရွာလို့ ခေါ်ကြတယ်။ ဝါးတွေချက်စားတဲ့ အဓိပ္ပါယ်၊ အဲလို မဟုတ်ဘူး၊ ဘာဖြစ်လို့တုန်း၊ ဆွမ်းဝတ်ချက်လို့။ ဝတ်ချက်မင်းကျောင်း၊ ဘုရင်ကြီးက ကျောင်းဆောက်လှူလို့ မင်းကျောင်းခေါ်တယ်။ ဝတ်ချက်မင်းကျောင်း။

ဦးခန္တီက အဲဒီကျောင်းသွားသတဲ့။ ဝတ်ချက်မင်းကျောင်း ဆရာတော်ကြီးက ဦးခန္တီကြွလာတယ်ဟော့။ လဖက်ရည်တို့ အမြည်းတို့ လုပ်ကြပါဆိုပြီး ဒကာ ဒကာမတွေခိုင်းပြီး ကျွေးမွေးဧည့်ခံတယ်။ ပြီးတော့ ဆရာတော်ကြီးက ဦးခန္တီ-ခင်ဗျား နာမည်ကျော်တယ်ဗျာ၊ တစ်နိုင်ငံလုံးကျော်တယ်၊ တန်ခိုးရှိတယ်၊ စွမ်းတယ်ဆိုတာ ကျုပ် နားနဲ့တော့ ကြားပြီ၊ မျက်လုံးနဲ့မြင်ရအောင် ကျုပ်ပြစမ်းပါ။ ကြည့်ရအောင်၊ ဒီလိုဆို ၁-နာရီ ဆိုင်းပါဘုရားတဲ့၊ ၁-နာရီ ဘာကြာမှတ်လို့ ဆိုင်းမယ်ဗျာ။ ဒါနဲ့ ဦးခန္တီက ဘုရားရှေ့ နေကထိုင်လေးခင်းပြီး ပုတီးစိပ်သတဲ့၊ ၄၅-မိနစ်ရှိတော့ တပည့်တော် ပုတီးစိပ်ခဲ့ပါပြီဘုရား။ ခင်ဗျား ပုတီးစိပ်လဲ ဘာမှ မထူးပါဘူး၊ ခုနလဲဒါပဲ၊ ခုလဲ ဒါ၊

http://www.dhammadpwnload.com



ဘာထူးလဲ၊ ခင်ဗျားအစွမ်းမပေါ်ဘူး၊ ဆရာတော် တပည့်တော် ၁-နာရီဆိုင်းပါလို့ပြောတယ် လေ။ ၁-နာရီမှ မရှိသေးဘဲ၊ ၄၅-မိနစ်ပဲရှိသေးတယ်။ ၁၅-မိနစ်လိုပါသေးတယ်။ ၁၅-မိနစ်တော့ ဆိုင်းပါဦးလို့ ပြောသတဲ့။

ကဲ ဆိုင်းပါ့ ဆိုင်းပါ့။ ၁၅-မိနစ်လောက်ကြာတော့ လူတစ်ယောက်၊ ခေါင်းပေါင်းစ နဲ့ တောင်ရှည်ပုဆိုးနဲ့ တိုက်ပုံအင်္ကျီနဲ့ တကယ့် မင်းညီမင်းသားကြီး ကျနေတာပဲ၊ လာသတဲ့။ ရသေ့ကြီး ဦးခန္တီ လှူချင်လို့ပါဘုရား၊ ဟောဒါ ရသေ့ကြီး ဦးခန္တီပါပဲဗျား။ ဒါနဲ့ အထုပ်တစ်ထုပ် လှူသွားသတဲ့၊ အထုပ်ဖြေကြည့်လိုက်တဲ့အခါ ရွှေဒင်္ဂါး ၁၀၈-ပြား ပါသတဲ့နော်။ ဦးခန္တီက လျှောက်သတဲ့၊ ကဲ တပည့်တော်အစွမ်း၊ မြင်ပြီမဟုတ်လားဘုရား။ တပည့်တော် သာသနာပြုနေတာ တစ်ခါတလေ ပိုက်ဆံတစ်ပြားမှ မရှိပါဘူးဘုရား။ ပုတီးစိပ်လိုက်ရင် လိုချင်တာ အကုန်ရပါဘုရား။ ဒါနဲ့ သာသနာပြုတာပါလို့ ပြောသတဲ့။

ဝတ်ချက်မင်းကျောင်း ဆရာတော်ကြီးက ဦးခန္တီ ခင်ဗျား လက်တွေ့ပြသလို ကျုပ်လဲ လက်တွေ့ပြအုံးမယ်ဆိုပြီး ပုတီးသွားစိပ်သတဲ့၊ ခင်ဗျားလိုပဲ ၁-နာရီဆိုင်းဗျို့လို့ ပြောသတဲ့၊ ၄၅-မိနစ်ပြည့်တော့ သူကလဲ ထလာ၊ ခဏလောက်ကြာတော့ လူ ၂-ယောက် ဟောဒီလောက် တစ်ဖက်သာသာ နှစ်ဖက်လောက်ရှိတဲ့ အထုပ်ကြီးတစ်ထုပ် ထမ်းချလာတာ။ ရှေ့ကတစ်ယောက်၊ နောက်ကတစ်ယောက်၊ အလယ်ခေါင် အထုပ်ကြီး ထမ်းဝင်ချလာတာ။ ဝတ်ချက်မင်းကျောင်းဆရာတော်ကြီး လှူချင်လို့ပါဘုရားဆိုပြီး အဲဒီအထုပ်ကြီး လှူသတဲ့၊ ဖွင့်ကြည့်လိုက်တော့ သင်္ကန်းအစုံ ၁၀၈-စုံတဲ့နော်၊ ကဲ ခင်ဗျားလိုပဲ

http://www.dhammadpwnload.com



ကျုပ်လဲသာသနာပြုနေတာပါလို့ ပြောသတဲ့၊ ဒါနဲ့ ခင်ဗျား ပုတီးစိပ်တာ ဘာစိပ်တာတုန်း၊ ဘာစိပ်တာလဲဆိုရင် ခု ဝေထားတဲ့စာရွက် "အရဟံ ဗဟိအန္တဇယံ (ပ) ပဏာမာမိ ဇိနံ။ ပုတီး ၁-လုံးချလိုက်တာပေါ့၊ အဲဒီလို ၁၀၈-လုံးချလိုက်၊ ၄၅-မိနစ် လောက်ကြာတယ်၊ အဲဒါစိပ်ပါတယ်ဆိုတော့ ဟာ-ကျုပ်ကလဲ အဲဒါစိပ်တာ၊ သူတို့ ၂-ယောက် စိပ်တာချင်း တူနေကြတယ်။ အဲဒီတော့ တချို့ပုဂ္ဂိုလ်တွေက နေသိဒ္ဓိပေါက်တယ်၊ လိုချင်တာ ရတယ်လို့ ဆိုပါတယ်။ အဲဒါလေးလဲ စိပ်ကြပါဗျာနော်၊ ကဲ တစ်ခေါက်လောက် ဆိုစမ်းပါဦး။

(သံပြိုင်)  အရဟံ...(ပ)....ပဏာမာမိ ဇိနံ။ အဲဒါ နေသိဒ္ဓိဂါထာတဲ့၊ ရသေ့ကြီး ဦးခန္တီတို့၊ ဝါးချက်မင်းကျောင်းဆရာတော်တို့ တစ်သက်လုံး စိပ်သွားတဲ့ ဂါထာလေးပေါ့ဗျာ။ နော်။ ရှေ့ရှေ့ဆရာတော်တွေလဲ ရေးသွား ကြတယ်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေထဲတော့ ဒီဂါထာလေး မတွေ့မိဘူးနော်၊ မတွေ့လဲ အစွမ်းသတ္တိရှိရင် ပြီးတာပဲ၊ အစွမ်းသတ္တိလိုရင်း ပါပဲ။ ကဲ သွားကြစို့။

ဈာနပစ္စယောတိ ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာန ပစ္စယေန ပစ္စယော။ ၁-ဝါကျထဲတင်ပဲ။ ဆိုလိုက်စမ်းပါဦး-

(သံပြိုင်)  ဈာန ပစ္စယောတိ (ပ) ပစ္စယော။

ဈာနင်္ဂါနိ၊ သူကကတ္တား၊ ဈာန်အင်္ဂါ ၅-ပါးတို့သည်၊ ဈာနင်္ဂါနိအရ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၅-ပါး၊ အဲဒီ ၅-ပါးက ပစ္စည်းတရား၊ ဈာနသမ္ပယုတ္တကာနံ ဈာန် ၅-ပါးနဲ့ယှဉ်တဲ့ စိတ်စေ

http://www.dhammadpwnload.com



တသိက် တွေက ပစ္စယုပ္ပန်တရား၊ တံသမုဋ္ဌာနာနဋ္ဌ ရူပါနံ ဒါက စိတ္တဇရုပ် တရား၊ ဈာန်အင်္ဂါ ၅-ပါးနဲ့ယှဉ်တဲ့ စိတ်စေတသိက်ရယ်၊ စိတ္တဇရုပ်ရယ်၊ ဒီနာမ် ရုပ် ၂-ပါးက ပစ္စယုပ္ပန်။ ဈာနပစ္စယေန ပစ္စယော၊ ဈာနပစ္စယသတ္တိဖြင့်၊ ကပ်၍ ရှုတတ်သော သတ္တိဖြင့် ကျေးဇူးပြု၏။

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ၊ အဲဒါကပ်၍ရှုတတ်တယ်၊ ကြည့်တယ် ရှုတယ်၊ သာမညလေးကြည့်တာက တစ်မျိုး၊ သေချာစူးစိုက် ကြည့်လိုက်တာ တစ်မျိုးရှိတယ်။ အေး၊ ဒီတရားတွေက သေချာစူးစိုက် ရှုတတ်တဲ့ တရားမျိုး၊ ဘုန်းဘုန်းတော့ ဦးဇင်း ၁-ပါးက လာပြောတယ်၊ ဟိုကောင်မလေးက တပည့်တော်ကို အပျိုကြည့်ကြည့်သွားတယ် ဘုရားတဲ့။ အပျိုကြည့်ဆိုတာ ရှိသေးလား၊ ရှိတယ်ဘုရား၊ ပြောစမ်းပါဦး၊ ဘယ်လိုကြည့် တာလဲ၊ ဒီလိုကြည့်တာပါဘုရား။ အော်-သူ့ဟာသူ ကြည့်သွားတာ မင်းက အပျိုကြည့် ကြည့်တယ်လို့ ထင်သလား။ ဒီက ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတို့လဲ ကပ်၍ ရှုတတ်တယ်၊ သာမညရှုတာ မဟုတ်ဘူး၊ ကြည့်တာ မဟုတ်ဘူး၊ ကျေးဇူးပြုပြီး စူးစိုက်ပြီး ကြည့်တာနော်။ အေး စူးစိုက်ရှုတတ်တဲ့ တရား ၅-ပါးတဲ့။ ဒါက ပဋ္ဌာန်းမှာလာတဲ့ ဈာန်၊ ရူပါဝစရ၊ အရူပါဝစရမှာ လာတဲ့ဈာန်က တစ်မျိုး၊ ပဋ္ဌာန်းလာဈာန်က ဒီဈာန်က ရူပဝစရ အရူပါဝစရ လောက် တန်းမမြင့်ဘူး၊ သာမညလောက်လေးပဲ၊ ဒီစာအုပ်လေးပဲကြည့်၊ စူးစိုက် ကြည့်လိုက်ရင် ဈာနပစ္စည်း၊ ဈာနပစ္စည်းခေါ်တယ်။

ရှေ့တုန်းက ကိုရင်လေး ၁-ပါး၊ ဆရာတော်ကြီး ၁-ပါး အတူနေတယ်၊ ကိုရင်လေးကိုလဲ ဈာန်ရအောင် သင်ပေးထားတယ်နော်။ ကိုရင်လေးလဲ

http://www.dhammadpwnload.com



စူးစိုက်ဖန်များလာတော့ ရှာန်တွေရ၊ အဲဒါပြီးမှ မြေလှိုးမိုးပျံနိုင်တဲ့ တန်ခိုးအဘိညာဉ်တွေရအောင် လေ့ကျင့်ရတယ်၊ မိုးပျံ မြေလှိုးလဲ ရသတဲ့။ တစ်ခါတလေ ကောင်းကင်ပျံလိုက်၊ တစ်ခါတလေ မြေကြီးထဲလှိုးလိုက်၊ တစ်ခါတလေ ရေထဲငုပ်သွားလိုက်၊ ပြတယ်၊ ပြတော့ ဆရာတော်ကြီးက ကိုရင်လေး- မင်း ဒီလို ဈာန်မကစားနဲ့၊ ဈာန်ကစားရင် ကဏ်းမနဲ့ ညားတတ်တယ်ဗျာ။ သူက သဘော မပေါက်ဘူး။ ဆရာတော်ကြီးစကား နားမထောင်ဘူး၊ ဒီလိုပဲ ဟိုရွာသွားလိုက်၊ ဒီရွာ သွားလိုက်၊ ဟိုမြို့သွား၊ ကောင်းကင်ပျံပျံသွားတယ်၊ တစ်ခါတော့ ကောင်းကင်ကပျံသွားတုန်း အောက်က လယ်စိုက်နေတဲ့ ခလေးမလေးတွေ ပြိုင်တူသီချင်းတွေ ဆိုနေကြတယ်။ အဲဒီ သီချင်းသံလေး အာရုံပြုပြီး သူကဈာန်လျှော့သွားတာ၊ ဈာန်လျှော့သွားတော့ ငှက်ကလေးများကို ဝှန်းဒိုင်းတော့ မကျဘူး၊ ဖြေးဖြေးလေး ခလေးမလေးတွေနား သွားကျတယ်။ အို ဒီကိုရင်လေး ကောင်းကင်က ကျလာတယ်၊ ဘာလို့ပါလိမ့်၊ ဒီတော့ ကိုရင်လေးက သူ့ကို ချစ်ကြောင်းပြောသတဲ့၊ ဘေးက ခလေးမလေးတွေကလဲ ခုပဲယူလိုက်ပါလို့ ပြောသတဲ့။

အဲဒါနဲ့ သူ့ကို ယူလိုက်ကော၊ ကဲ ဘာလုပ်တတ်တုန်း၊ ဘာမှ မလုပ်တတ်ဘူး၊ ဒါနဲ့ ရက်ကန်းရက် သင်ပေးတယ်၊ သူက ရက်ကန်းရက်တယ်။ မိန်းမက ထမင်းလာပို့၊ တစ်ခါတော့ နောက်ကျနေတာနဲ့ စိတ်တိုပြီး လွန်းနဲ့ ပစ်လိုက်တာ မိန်းခလေး မျက်လုံးမှန်ပြီး ကဏ်းသွားတယ်။ အဲဒီတော့မှ အော်ငိုသတဲ့၊ မင်းကွာ ခုမှ အော် ငိုနေလို့ ဘာဖြစ်တော့မှာတုန်း၊ အဲဒါကြောင့် ငိုတာမဟုတ်ပါဘူးကွာ၊ ငါ့ဆရာက မင်း ဈာန်မကစားနဲ့၊ ဈာန်ကစားရင်

http://www.dhammadpwnload.com



ကဏ်းမနဲ့ ညားတတ်တယ်ဆိုလို့ ခုမှ ဟုတ်နေတာကွ၊ ငါ သံဝေဂရလို့ပါလို့ ပြောသတဲ့နော်။ အဲဒါက ရူပါဝစရ၊ အရူပဝစရဈာန်၊ ဒီဈာန်က အဲလို ဈာန်မျိုး မဟုတ်ဘူးနော်။ ကပ်၍ ရှုတတ်တဲ့ စူးစိုက်ပြီး အာရုံရှုတတ်တဲ့သဘောလေးကို ဈာန။

"စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟု ခေါ်ဆိုရ" လယ်တီဆရာတော်ကြီးက အေး-အာရုံ ၁-ခုကို စူးစိုက်ရှုတာကို ဈာန်လို့ ခေါ်တယ်။ အဲဒီဈာန်က ဝိတက်, ဝိစာရ, ပီတိ ဝေဒနာ ဧကဂ္ဂတာ၊ ၅-ခု၊ လူတွေလဲ အမေ့ဗိုက်ထဲ ပဋိသန္ဓေနေ၊ အစတော့ နှမ်းစေ့လောက်လေးပေါ့။ အဲဒီက တဖြေးဖြေးကြီးလာတော့ လက်မလောက်ရှိလာပြီ ထားပါတော့။ လက်မလောက် ရှိလာတော့ ဖုလေး ၅-ခု ပေါ်လာတာ၊ ဈာန်အင်္ဂါ ၅-ခု ပေါ်သလို အသားတုံးက ဖုလေး ၅-ခု ပေါ်လာတယ်။ ဖုလေး ၁-ခုက ခေါင်း ဖြစ်သွားတယ်။ နှစ်ခုက လက် ၂-ဖက်၊ ကျန်တဲ့ဖုလေး ၂-ခုက ခြေထောက်ဖြစ်သွားတာ၊ ဒီလဲ ဈာန်ရချင်လာပြီဆိုရင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ၊ အဲဒါက အားသန်ပြီး ဖုလေးဖြစ်လာတာ၊ အဲဒီစိတ် စေတသိက်တွေထဲမှာ ဒီ ၅-ခုက ခေါင်းဆောင်သွားလို့ ဈာနပစ္စည်း၊ ဒီတရား ၅-ခုက ကျေးဇူးပြုတယ်၊ ကျန်တဲ့တရားတွေက ဈာနပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ မိုးပျံမြေလျှိုးတဲ့ ဈာန်မဟုတ်ဘူး၊ သဘောပေါက်ထားနော်၊ ပြီးတော့မှ-

မဂ္ဂပစ္စယောတိ မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော၊ ဆိုလိုက်စမ်းပါ။

(သံပြိုင်) မဂ္ဂပစ္စယောတိ (ပ) ပစ္စယော။

http://www.dhammadpwnload.com



မဂ္ဂဆိုတာ လမ်းခရီး၊ လမ်းခရီးက ၃-ကြောင်း ဖြစ်မယ်ပေါ့၊ တစ်ခုသောက် လမ်းခရီး က အပါယ်သွားတဲ့ လမ်းခရီး၊ တစ်ခုသော လမ်းခရီးက လူ့ဘုံနတ်ဘုံ ဗြဟ္မာဘုံသွားတဲ့ လမ်းခရီး၊ တစ်ခုသော လမ်းခရီး က နိဗ္ဗာန်သွားတဲ့ လမ်းခရီး၊ အေး အကုသိုလ်မဂ္ဂင်တွေက အပါယ်ပို့တဲ့လမ်းတဲ့၊ ကုသိုလ်မဂ္ဂင် ၈-ပါးဆိုတာ...သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ အဲဒီမဂ္ဂင် ၈-ပါးက လူ့ပြည်ရောက် အောင်၊ နတ်ပြည် ဗြဟ္မာပြည်ရောက်အောင် လောကီမဂ္ဂင်တွေက ပို့သတဲ့၊ လောကုတ္တရာ မဂ်စိတ်နဲ့ယှဉ်တဲ့ မဂ္ဂင် ၈-ပါးကတော့ နိဗ္ဗာန်ကို ပို့တယ်နော်၊ အကုသိုလ်ဒိဋ္ဌိက ၄-ပါး၊ သမ္မာဒိဋ္ဌိက အကုသိုလ်လို့ မရှိဘူး။ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ၊ မိစ္ဆာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိနေရာက၊ မိစ္ဆာဒိဋ္ဌိပေါ့နော်။ သူက အကုသိုလ်ကိုး၊ အကုသိုလ်ဆိုတော့ သမ္မာဒိဋ္ဌိ မဖြစ်ဘူး၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ၊ အဲဒီ ၄-ခုက အပါယ်ဘုံ ပို့မှာ။

အပါယ်ဘုံပို့မယ့် မဂ္ဂင်က ၄-ခု၊ လူ့ဘုံဗြဟ္မာဘုံ နတ်ဘုံကိုပို့မယ့် မဂ္ဂင်က ၈-ခု၊ နိဗ္ဗာန်ပို့တာကျတော့ လောကုတ္တရာမဂ္ဂင်၊ ဒီလိုသွားမှာ၊ မဂ္ဂပစ္စည်း၊ နိဗ္ဗာန်မရောက်မီ ဒို့သူငါ အားလုံး အားထုတ်နေတဲ့ မဂ္ဂင်ကျ ၈-ပါး ပြိုင်တူမရှိဘူး၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာ ဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဘယ်နှစ်ခုရတုန်း၊ ၅-ခုပဲရတယ်၊ အဲဒီ ၅-ခုက တစ်ပြိုင်တည်း ရတယ်။ ကျန်တဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ၃-ခုက ၁-ခု ဖြစ်တဲ့အခါ ကျန် ၂-ခု မဖြစ်ဘူး၊ ဥပမာ သမ္မာဝါစာ၊ စကားကောင်းကောင်း

http://www.dhammadpwnload.com



ပြောနေရင် သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဖြစ်ဘူး ဟုတ်လား။ သမ္မာကမ္မန္တ အလုပ်ကောင်းကောင်း လုပ်နေရင် စကားပြောလို့ မဖြစ်ဘူး၊ ၁-ခုဖြစ်ရင် ကျန်တဲ့ ၂-ခု မဖြစ်ဘူး၊ အဲဒီလိုကွာတယ်၊ အဲဒီ ၃-ခုက အကုသိုလ်မဂ္ဂင် မရှိဘူး၊ အကုသိုလ်မဂ္ဂင်က ၄-ခုပဲရှိတယ်။ ကုသိုလ်မဂ္ဂင်က ၈-ခု၊ ၈-ခု ပေမယ့် ၅-ခုပဲ တစ်ပြိုင်နက် ဖြစ်တယ်။ အဲဒီလို မှတ်လိုက်နော်။

လောကုတ္တရာမဂ္ဂင်၊ ဥပမာ-သစ္စာ ၄-ပါးရှိတဲ့အခါမယ် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလို့ ရှိတယ်မဟုတ်လား၊ မဂ္ဂသစ္စာဆိုရင် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ၈-ပါးလုံးဆိုရင် လောကုတ္တရာမဂ်မှာဖြစ်တယ်။ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် မဂ် ၄-ပါးမှာရှိရင်တော့ မဂ္ဂင် ၈-ပါးလုံးရတယ်။ မဂ္ဂသစ္စာ၊ ခုလို တရားအားထုတ်နေမယ်၊ ပဋ္ဌာန်းတရားလိုက်နေမယ်ဆိုရင်တော့ ၅-ပါးပဲ ဖြစ်မယ်။ ဘယ်ဟာတုန်း သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဒီ ၅-ပါးသည် မဂ္ဂသစ္စာ၊ လောကီမဂ္ဂသစ္စာပေါ့နော်။ ခုလို ထိုင်နေတဲ့အခါ ညောင်းတယ်မဟုတ်လား။ ဒီခန္ဓာကိုယ်ကြီးက ဒုက္ခလား၊ သုခလား...(ဒုက္ခပါဘုရား)။ အေး ဒုက္ခသစ္စာ၊ ညောင်းညာ ကိုက်ခဲနေတယ်၊ ဆာလောင်နေတယ်၊ အဲဒါတွေဟာ ဒုက္ခသစ္စာ၊ သူ့ကို ဘယ်သူက ဒုက္ခဖြစ်အောင် ဒုက္ခ ပေးနေတာလဲဆိုတော့ လောဘဆိုတဲ့ တဏှာက၊ လောဘဆိုတဲ့ တဏှာကို သမုဒယသစ္စာလို့ ခေါ်တယ်၊ ခုလို စာတွေသင်နေတယ်၊ ပဋ္ဌာန်းတွေ တက်နေတယ်၊ ဝိပဿနာရှုနေတယ်ဆိုရင် အဲဒီ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ၅-ခုက မဂ္ဂသစ္စာ၊

http://www.dhammadpwnload.com



အဲဒီလို ရှုနေတဲ့အခါ ကိလေသာ မဖြစ်ဘူး။ ကိလေသာ ချုပ်ငြိမ်းနေတာကို နိရောဓသစ္စာလို့ ခေါ်တယ်။ အဲဒါ တကယ့်လောကုတ္တရာသစ္စာ မဟုတ်သေးဘူးနော်။ ဒါပေမယ့် အဲဒီ လောကီ သစ္စာ ၄-ပါးကနေ တဖြေးဖြေး တက်သွားမှ လောကုတ္တရာသစ္စာရောက်တာ၊ ဒါလေးလဲ အထင်မသေးရဘူး ပေါ့နော်။

အကုသိုလ်ကျ မဂ္ဂသစ္စာ မပွားရဘူး၊ ပွားရင် ကိုယ် ဒုက္ခရောက်မှာပေါ့၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ ဒါတွေ ပွားဖြစ်ရင် အပါယ်ရောက်မှာ၊ အပါယ်မဂ္ဂင်၊ ပဋိဂိကလို့ခေါ်တဲ့ မဂ် ၅-ပါးပွါးမှ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံရောက်မယ်။ လောကုတ္တရာမဂ္ဂင်တွေပွားရင် နိဗ္ဗာန် ရောက်မယ်၊ အဲဒီကိုရောက်စေတတ်တဲ့အတွက် ဒီတရားတွေကို မဂ္ဂင် တရားတွေ၊ ခုန ဝိတက်ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဆိုတဲ့ တရား ၅-ပါးက သမာဓိ ရင့်လာပြီဆိုရင် ဖုကြီးတွေ ထွက်လာသလို သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဒီတရား ၅-ပါးက ဖုကြီး ၅-ခု ဖြစ်လာပြီး ကျေးဇူးပြုနေတာနော်။ နိဗ္ဗာန် မရောက်မီ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ ရောက်အောင် ပို့ပေးမယ့် တရားတဲ့၊ မဂ္ဂပစ္စည်း၊ ပြီးတော့မှ-

**သမ္ပယုတ္တပစ္စည်း**၊ သမ္ပယုတ္တပစ္စည်းကလဲ လွယ်ပါတယ်။ ဟို သဟဇာတတုန်းက စတ္တာရော ခန္ဓာ အရူပိနော အညမည် သဟဇာတ ပစ္စယေန ပစ္စယော လိုပဲ။ စတ္တာရော ခန္ဓာ အရူပိနော အညမည် သမ္ပယုတ္တ ပစ္စယေန ပစ္စယော၊ သဟဇာတပစ္စယေန နေရာမယ် သမ္ပယုတ္တ ထည့်လိုက် ရုံပဲ။ စတ္တာရော ခန္ဓာ အရူပိနော အရ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊

http://www.dhammadpwnload.com



သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဒီခန္ဓာ ၄-ပါးက ဘုန်းဘုန်းထိုင်နေတဲ့ ကုလားထိုင်ကြီးက ခြေထောက် ၄-ချောင်းပါသလိုပဲ၊ ၁-ချောင်းနဲ့ ၁-ချောင်း ကျေးဇူးပြုတည်ရပ်နေသလို နာမ်ခန္ဓာ ၄-ပါးက ခြေထောက် ၄-ချောင်း၊ အဲဒီသဘော၊ နာမ်တရားတွေက သူတို့နဲ့ ထောက်ပံ့ပြီး ကျေးဇူးပြု၊ အချင်းချင်း တည်ရှိနေကြတယ်။ ကဲ ဆိုစမ်းပါဦး-

(သံပြိုင်) သမ္ပယုတ္တပစ္စယောတိ စတ္တာရော ခန္ဓာ (ပ) အညမည ပစ္စယေန ပစ္စယော။

ပစ္စည်းကလဲ စိတ်စေတသိက်၊ ပစ္စယုပ္ပန်ကလဲ စိတ်စေတသိက်၊ ဝေဒနာက္ခန္ဓာ ပစ္စည်းယူရင် ကျန်တဲ့ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာက ပစ္စယုပ္ပန်၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ၃-ပါး ပစ္စည်းယူလိုက်ရင် ဝေဒနာက္ခန္ဓာက ပစ္စယုပ္ပန်ပေါ့၊ ဟုတ်လား။ ဝေဒနာနဲ့ သညာ ၂-ပါးကို ပစ္စည်းယူလိုက်ရင် သင်္ခါရနဲ့ ဝိညာဏ်က ပစ္စယုပ္ပန်၊ ၁-ပါး ပစ္စည်းယူရင် ၃-ပါး ပစ္စယုပ္ပန်၊ ၃-ပါး ပစ္စည်းယူရင် ၁-ပါး ပစ္စယုပ္ပန်၊ ၂-ပါး ပစ္စည်းယူရင် ၂-ပါး ပစ္စယုပ္ပန်၊ အဲလို အချင်းချင်း ကျေးဇူးပြုတယ်၊ အပြန်အလှန် ကျေးဇူးပြုတယ်၊ ပြီးရော ပြီးတော့မှ-

ဝိပ္ပယုတ္တပစ္စယောတိ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော (တစ်ဝါကျ) ပြီးတော့မှ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော၊ ဟောလိုက် စမ်းပါဦး၊ (သံပြိုင်) ဝိပ္ပယုတ္တပစ္စယောတိ (ပ) ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

ရုပ်တရားတို့က နာမ်တရားတို့အား ဝိပ္ပယုတ္တသတ္တိနဲ့ ကျေးဇူးပြုတယ်၊

http://www.dhammadpwnload.com



ပထမဝါကျ၊ ဒုတိယဝါကျတော့ နာမ်တရားတို့က ရုပ်တရားတို့အား ဝိပ္ပယုတ္တသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အကျဉ်းလေး ဟောလိုက်တာ၊ ဘုန်းဘုန်းက နဲနဲလေး အကျယ်ချဲ့ပြပါ့မယ်။

ရူပိနော၊ ရုပ်တရားတို့ဆိုတာ ပဋိသန္ဓိက္ခဏေ နာမရူပံမှာ ရူပံလေးပါတယ်၊ အဲဒီ ရုပ်တရား၊ ပဋိသန္ဓေနေတဲ့အခါ ပဋိသန္ဓေစိတ်လေးက နာမ်တရား၊ ဟဒယဝတ္ထုလေးက ရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရားအချင်းချင်း ကျေးဇူးပြုတယ်ဆိုတာ ရုပ်တရား နှလုံးသားကို ပစ္စည်းယူရင် ပဋိသန္ဓေစိတ်က ပစ္စယုပ္ပန်၊ ပဋိသန္ဓေစိတ် ပစ္စည်းယူရင် ဟဒယဝတ္ထုက ပစ္စယုပ္ပန်၊ အဲဒီတော့ ဒီမှာ ရူပိနော ဓမ္မာအရ ဘယ်သူယူရမတုန်း၊ ဟဒယဝတ္ထုရုပ်တရားပေါ့၊ ရူပိနော ဓမ္မာအရ ဟဒယဝတ္ထုကပစ္စည်း၊ အရူပီနံ ဓမ္မာနံအရ ပဋိသန္ဓေစိတ်က ပစ္စယုပ္ပန်၊ သူတို့က ပြိုင်တူသာ ဖြစ်တာ မယှဉ်ဘူးတဲ့၊ ရုပ်နဲ့နာမ်နဲ့ ဆိုတော့ မယှဉ်ဘူး၊ ဝိပ္ပယုတ္တ၊ မယှဉ်တဲ့သတ္တိနဲ့ ကျေးဇူးပြုတယ် မရောဘူးတဲ့၊ ဒါက သဟဇာတဝိပ္ပယုတ်ကိုး။

သဟဇာတ ပစ္စည်းမှာ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော၊ အဲဒီမယ် စိတ်စေတသိက်တရားတို့က ပစ္စည်း၊ ဘုန်းဘုန်း တရားဟောနေတယ်ဆိုရင် ဘုန်းဘုန်းသန္တာန်မှာဖြစ်တဲ့ မဟာကုသိုလ်စိတ်စေတသိက်က ပစ္စည်း၊ ထွက်လာတဲ့အသံက ပစ္စယုပ္ပန်။ ဘုန်းဘုန်းသန္တာန်မှာဖြစ်တဲ့ စိတ်စေတသိက်တွေက နာမ်တရား၊ ထွက်လာတဲ့ အသံက ရုပ်တရား၊ နာမ်နဲ့ ရုပ်နဲ့ မယှဉ်တဲ့သတ္တိနဲ့ ကျေးဇူးပြုတာ၊ အဲဒီတော့ ၂-ခုပေါ့၊ ပဋိသန္ဓေအခါ ဟဒယဝတ္ထု၊ မျက်စိ နား နှာခေါင်း လျှာ ကိုယ်

http://www.dhammadpwnload.com



နှလုံးသား အဲဒီ ၆-ခုက ရုပ်တရား၊ ရူပိနော ဓမ္မာ အရ ၆-ခုသော တရားသည် ပစ္စည်း၊ ဒွေပဉ္စဝိညာဏ် ၁၀-နဲ့ မနောဓာတ် မနော ဝိညာဏဓါတ်တို့က ပစ္စယုပ္ပန်၊ နာမ်တရား၊ ပြန်ပြောလိုက်ဦးမယ်၊ ရူပိနော ဓမ္မာ အရ ပဋိသန္ဓေအခါဆိုရင် ရုပ်တရား ဟဒယဝတ္ထုပစ္စည်း၊ အရူပိနံ ဓမ္မာနံအရ ပဋိသန္ဓေဝိညာဏ် စိတ်က (ပစ္စယုပ္ပန်) နာမ်တရား၊ ရုပ်နဲ့နာမ် မယှဉ်တဲ့သတ္တိ၊ ဝိပ္ပယုတ္တသတ္တိနဲ့ ကျေးဇူးပြုတယ်။

ပဝတ္တိအခါကျတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ နှလုံးသား အဲဒီ ၆- ပစ္စည်း တရားတို့က ရူပိနော ဓမ္မာ အရနော်၊ ရူပိနောဓမ္မာအရ ၆-ခု၊ အဲဒီ ၆-ခုက ပစ္စည်း၊ အရူပိနံ ဓမ္မာနံ အရ ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓါတ် မနောဝိညာဏဓါတ်တို့က ပစ္စယုပ္ပန် နာမ်တရား၊ တရား ၆-ခုက ပစ္စည်း၊ နာမ်တရားတွေက ပစ္စယုပ္ပန်၊ အဲဒီတော့ နာမ်နဲ့ ရုပ်မို့လို့ ဝိပ္ပယုတ္တ မယှဉ်တဲ့သတ္တိနဲ့ ကျေးဇူးပြုတယ်။ နောက်ဝါကျက အရူပိနောဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ အရူပိနော အရ နာမ်တရားတို့သည်၊ နာမ်တရားဆိုတာ ပဋိသန္ဓေအခါကျတော့ ခုန ပဋိသန္ဓိက္ခဏေ နာမရူပံ၊ နာမအရ ပဋိသန္ဓေစိတ်ကလေးရတယ်၊ ပဋိသန္ဓိက္ခဏေ-ပဋိသန္ဓေနေတဲ့ခဏ၌၊ နာမရူပံ-နာမ်တရားနဲ့ ရုပ်တရားသည်၊ ပဋိသန္ဓေ စိတ်သည် နာမ်တရား၊ ပစ္စည်းတရား၊ ဟဒယဝတ္ထုသည် ရုပ်တရား၊ ပစ္စယုပ္ပန်တရား၊ အရူပိနော ဓမ္မာအရ ပဋိသန္ဓေစိတ် နာမ်တရား၊ ရူပီနံ ဓမ္မာနံ အရ ဟဒယဝတ္ထု ရုပ်တရား၊ ပဋိသန္ဓေ စိတ်ကပစ္စည်း၊ ဟဒယဝတ္ထုက ပစ္စယုပ္ပန်၊ နာမ်နဲ့ရုပ်မို့လို့ မယှဉ်တဲ့ ဝိပ္ပယုတ္တသတ္တိနဲ့ ကျေးဇူးပြုတယ်။ ဒီက ပဋိသန္ဓေခဏကိုး။

http://www.dhammadpwnload.com



ပဝတ္တိအခါကျတော့ စိတ္တစေတသိကာ မှော စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော၊ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ စိတ်စေတသိက်တွေက ပစ္စည်း၊ အရူပိနော အရ နာမ်တရား၊ ရူပီနံ မှောနံ စိတ္တဇရုပ်က ပစ္စယုပ္ပန်၊ ဘုန်းဘုန်း ယခု တရားဟောနေတဲ့အခါ ဘုန်းဘုန်းသန္တာန်မှာဖြစ်တဲ့ မဟာကုသိုလ်စိတ်စေတသိက်တွေက ပစ္စည်း၊ နာမ်တရား၊ ထွက်လာတဲ့အသံတွေက စိတ္တဇရုပ်၊ ရုပ်တရားက ပစ္စယုပ္ပန်။ နာမ်တရားက စိတ်ဓာတွေက ပစ္စည်း၊ ရူပီနံ မှောနံ အရ စိတ္တဇရုပ်က ပစ္စယုပ္ပန်၊ အဲဒါ နာမ်နဲ့ရုပ်မို့လို့ ဝိပ္ပယုတ္တပစ္စည်း၊ အဲဒီတော့ ၂-မျိုးစီပေါ့၊ ရူပိနော မှောအရ ဟဒယဝတ္ထုကပစ္စည်း၊ ပဋိသန္ဓေစိတ်က ပစ္စယုပ္ပန်၊ နောက်တစ်နည်း၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ဟဒယဝတ္ထုက ပစ္စည်း၊ ဒွေပဥ္စဝိညာဏ် စတဲ့တရားတွေက ပစ္စယုပ္ပန်၊ ၂-ခု။ ထို့အတူ အရူပိနောမှော အရလဲ ၂-ခု၊ ပဋိသန္ဓေစိတ်က၊ ရုပ်တရား ဟဒယဝတ္ထုအား ကျေးဇူးပြု။ ပဝတ္တိအခါကျတော့ စိတ်စေတသိက်တရားတွေက ပစ္စည်း၊ စိတ္တဇရုပ်တွေက ပစ္စယုပ္ပန်၊ ရုပ်နဲ့နာမ်မို့လို့ ဝိပ္ပယုတ္တပစ္စည်း၊ နာမ်၊ နာမ်ချင်းဆိုရင် သမ္ပယုတ္တပစ္စည်း၊ ကဲ ဆိုလိုက်စမ်းပါဦး။

(သံပြိုင်) ဝိပ္ပယုတ္တပစ္စယောတိ (ပ) ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အေး ဈာနပစ္စည်း၊ မဂ္ဂပစ္စည်း၊ သမ္ပယုတ္တပစ္စည်း၊ ဝိပ္ပယုတ္တပစ္စည်း၊ ၄-ပစ္စည်း ပြီးသွားပြီ၊ ကဲ ပဋ္ဌာန်းပါဠိတော်တွေ ရွတ်ဖတ်ရမှာ ကိစ္စက ၄-ခု၊ ၄-ခုစီ သွားရမှာကိုး၊ ပထမအဆင့်က- နားနဲ့ နားထောင်၊ ဒုတိယအဆင့်က ကိုယ့်ပါးစပ်နဲ့ ကိုယ်ရွတ်၊ တတိယ အဆင့်က စိတ်နဲ့ စဉ်းစား၊ ဒါက ပစ္စည်း၊ ဒါက ပစ္စယုပ္ပန်၊ စတုတ္ထအဆင့်က အဲဒီတရားသဘော တို့သည်

http://www.dhammadpwnload.com



ဖြစ်ပြီးပျက်သွားတာ အနိစ္စ၊ စိတ်စေတသိက် ရုပ်၊ နိဗ္ဗာန်၊ အခု နိဗ္ဗာန် မပါသေးဘူး၊ ဘယ်မှာပါခဲ့လဲဆိုတော့ အာရမ္မဏပစ္စည်းတုန်းက သဗ္ဗေ ဓမ္မာထဲ ပါခဲ့တယ်။ နိဗ္ဗာန် ဆိုတဲ့ စကားလုံးလေးမပါဘူး။ အတ္ထိပစ္စည်းမှာလဲ နိဗ္ဗာန် မပါဘူး၊ အတ္ထိရှိတယ်ဆိုတော့ နိဗ္ဗာန်က မရှိလို့လားလို့ မေးစရာရှိတယ်။

အတ္ထိပစ္စယော၊ ရှိတဲ့အနေနဲ့ ကျေးဇူးပြုတယ်၊ နိဗ္ဗာန်မပါဘူး၊ မပါတော့ နိဗ္ဗာန်က နတ္ထိပစ္စည်းလားလို့ အဲဒီလိုလဲ မဟုတ်ဘူး၊ ရှိတာက ၂-မျိုး၊ စိတ်စေတသိက်ရုပ်က တစ်မျိုး၊ နိဗ္ဗာန်က တစ်မျိုး၊ ရှိပုံချင်းမတူတတ်ဘူး၊ စိတ်စေတသိက် ရုပ်တို့က ဖြစ်ပေါ်လာလိုက်၊ ပျက်သွားလိုက်၊ ဥဒယဗ္ဗယ၊ ဥဒယဆိုတာ ဖြစ်ပေါ်လာလိုက်၊ ဝယဆိုတာ ပျက်သွားလိုက်နော်။ ဖြစ်ပေါ် လာတယ်ဆိုတာ ခုန်ဆွ ခုန်ဆွ သဘောလေး၊ ဥဒယ၊ ဥ-ဆိုတာ ဥဒ္ဓံ၊ ဝယ- ဆိုတာ ဖြစ်တာ၊ ဖြစ်ပြီးတော့ ပျက်သွားလိုက်၊ ပျောက်သွားပြန်ရော။

နောက်တစ်ခါဖြစ်ပြီးတော့ ပျက်သွားလိုက်၊ ပျောက်သွားလိုက်၊ အဲဒီလိုနဲ့ ရှိတာ သူက စိတ်၊ စေတသိက်၊ ရုပ်တို့သည် ဖြစ်ပြီး ပျောက်သွားတဲ့သဘော၊ နိဗ္ဗာန်က ဖြစ်လည်း မဖြစ်ဘူး၊ ပျောက်လည်း မပျောက်ဘူး၊ အဲလိုသဘောတဲ့၊ သဘောပေါက်လား၊ အေး-တစ်ခါတုန်းက ဒကာကြီးတစ်ယောက်က ဘုန်းဘုန်းတို့ မစိုးရိမ်ဆရာတော်ကြီးဆီကို လာမေးသတဲ့၊ ဆရာတော် နိဗ္ဗာန်ကို တပည့်တော် သဘောပေါက်အောင် ပြောစမ်းပါဘုရား။ နိဗ္ဗာန်က ဘယ်လိုတုန်း ဘုရား၊ အတ္ထိပစ္စည်းထဲလည်း မပါဘူး၊ သူက မရှိလို့လားဘုရား၊ သူက မေးသတဲ့နော်။ ဒကာကြီးက မေးတော့ ဆရာတော်ကြီးကလည်း စဉ်းစားရ ခက်နေတာပေါ့။ နက်ဖြန်ခါကျမှ လာခဲ့ကွာ၊ ငါစဉ်းစားထားလိုက်မယ်

http://www.dhammadpwnload.com



ပြောသတဲ့၊ ရက်ရွှေ့လိုက်တာပေါ့၊ နက်ဖြန်ခါကျတော့ အဲဒီ ဒကာကြီးက သွားရော၊ ဆရာတော်ကြီးက ဒီနေ့တော့ ငါ့ နိဗ္ဗာန်အကြောင်း ပြောတော့မှာပဲ ဆိုပြီးတော့ အားခဲပြီး သွားတယ်။

ဟိုကျတော့ ဆရာတော်ကြီးက ဘယ်လိုပြောတုန်းဆိုတော့-ဒကာကြီး ရာ ကျူပ်ကလည်း ဘုရားဆုပန်တာ၊ ဘုရားဆုပန်တော့ ဘုရားဖြစ်တဲ့အခါကျမှ ကျူပ်ဟောတော့မယ်၊ အဲတော့ ခင်ဗျား ကျူပ် ဘုရားဖြစ်တဲ့အချိန်သာ လာမေး လှည့်ပါဗျာ။ သူဘုရားဖြစ်အောင် စောင့်ရတော့မှာပဲ ဟုတ်လား။ နိဗ္ဗာန်ပြောဖို့ရာ သိပ်မလွယ်လှဘူးနော်။ နိဗ္ဗာန်ကို သဘောပေါက်ဖို့ရာ အတွက် ဖြစ်၊ ပျက်ကို ကြိုးစားရှုတဲ့။ ဖြစ်ပျက်တွေ မြင်မှ အော် မဖြစ် မပျက်တာက နိဗ္ဗာန်ကိုလို့ သဘောပေါက်တာနော်။

အရင်တုန်းက ဦးပေါ်ဦးကို ဘုရင်ကြီးက မေးတယ်လေ၊ ပေါ်ဦး ငါ နိဗ္ဗာန်အကြောင်း သိချင်တယ်ကွ၊ နိဗ္ဗာန်ကို မင်းဘယ်လို သဘောပေါက် တုန်း၊ နားလည်တုန်း ပြောစမ်း၊ မှန်လှပါ၊ ကျွန်တော် ငယ်ငယ်တုန်းက ပုံလေးတစ်ပုံ မှတ်မိတယ် ဘုရား၊ ဘာပုံတုန်း၊ ပြောစမ်းပါဦး၊ ကျွန်တော်မျိုး နန်းတော်ကနေပြီးတော့ ဒီလို ညီလာခံ အမတ်တွေ၊ ဘာတွေ ဝန်ကြီးတွေနဲ့ ညီလာခံ အစည်းအဝေး ကျင်းပတာတဲ့။ ပြီးတော့ သူက ပြန်သွားတာတဲ့။ မိုးလေးက ဖျောက်ဖျောက်နဲ့ ထီးကလဲ မပါဘူး။ အိမ်လေး ၁-အိမ် အောက် ဝင်မယ်ဆိုပြီး အိမ်လေး တစ်အိမ်အောက် ဝင်လိုက်သတဲ့၊ အဲဒီ အိမ်လေးပေါ်မှာ ညီအစ်မနှစ်ယောက်ကလဲ စကားပြောနေကြတယ်။ အမကြီးက ယောကျ်ား မရှိဘူး၊ ညီမလေးက ယောကျ်ားရှိတယ်၊ ညီမလေး၊ ညည်းတို့ ယောကျ်ား

http://www.dhammadpwnload.com



ယူတော့ ဘယ်လိုနေလဲ၊ ကောင်းတာပေါ့ အမကြီးရယ်၊ ကဲ ဘယ်လိုကောင်းတာလဲ ချိုသလား။ ချဉ်သလား၊ စပ်သလား၊ ငန်သလား၊ ချိုလဲမချိုဘူး၊ ချဉ်လဲမချဉ်ဘူး၊ ငန်လဲမငန်ဘူး၊ စပ်လဲမစပ်ဘူး။ ဒါဖြင့် ဘာကောင်းလဲအေ၊ ညည်းဥစ္စာ၊ အစ်မကြီးနှယ်၊ ဆေးလိပ်သောက်ဖူးတယ် မဟုတ်လား၊ မိုးလေးအေးအေး ဆေးလိပ်သောက် မှိန်းလိုက်ရရင် အလွန်ကောင်း၊ အဲလိုပဲတဲ့၊ ငါဖြင့် ညည်းပြောတာ သဘောမကျပါဘူးအေ၊ အစ်မကြီးက ပြောသတဲ့၊ ညီမလေးက စိတ်ကမရှည်ဘူး၊ အမကြီးရယ်၊ အစ်မကြီး လင်ရတော့ သိပါလိမ့်မယ်လို့ ပြောသတဲ့၊ အဲဒီလိုပဲ သူက စိတ်မရှည်တော့ဘူး၊ အရှင်မင်းကြီး အရှင်မင်းကြီး နိဗ္ဗာန်ရတော့ သိပါလိမ့်မယ်တဲ့၊ ဘုန်းဘုန်းမေးရင်လဲ အဲဒီအတိုင်း ပြောမှာနော်၊ နက်ဖြန်ကျတော့ အတ္တိပစ္စည်း၊ နိဗ္ဗာန်မပါ ပါပဲလားလို့ မေးနေမှာစိုးလို့ ဘုန်းဘုန်းက ကြိုတင်ပြီး ပြောထားရတာ။

ရှိပုံချင်းမတူသေးဘူး၊ စိတ် စေတသိက် ရုပ် ဒီ ၃-ပါးရှိပုံက ဖြစ်ပြီးတော့ ပျက်သွားတာ၊ နိဗ္ဗာန်က မဖြစ်မပျက်ဘဲ ရှိတဲ့တရား၊ ဟုတ်လား၊ ဖြစ်မှုပျက်မှု မရှိဘူး၊ ဒါမှ မသိသေးဘူးဆိုရင်တော့ နိဗ္ဗာန်ရရင် သိပါလိမ့်မယ်။ အဲလိုပဲ ပြောရမှာပဲနော်။ တရား ဆိုတာ ဒီလိုပဲ၊ တစ်နေ့ထဲ သိပါ့မလား၊ ဘုန်းဘုန်းတို့ ဒေါက်တာဘွဲ့တွေ ဘာတွေရ၊ ၁-နှစ် ၂-နှစ်ထဲ အားထုတ်လို့ ရပါ့မလား၊ မရဘူး၊ နှစ်ပေါင်းများစွာ အားထုတ်ရတာ၊ အကြာကြီး အားထုတ်တာ၊ အကြာကြီး အားထုတ်တာဆိုတာ လယ်တီဆရာတော်ကြီးက မန္တလေးမှာ စာတွေသင်တာ၊ အုပ်ရေ ၂၀-ကို ပါဠိတော်သင်ရိုးခေါ်တယ်၊ ပါဠိတော်အုပ်ရေက ၄၀-ရှိတယ်။ သင်ရိုး ၂၀-ပြီးသွားတော့ စာက မတတ်

http://www.dhammadpwnload.com



ဘူး၊ မတတ်တော့ ယောအတွင်းဝန် ဦးဖိုးလှိုင်၊ သူက လူပေမယ်လို့ အလွန်စာတတ်တယ်။ အင်္ဂလိပ်လိုလဲတတ်တယ်၊ သက္ကဋ တတ်တယ်၊ ပါဠိလိုတတ်တယ်၊ မြန်မာလို တတ်တယ်၊ ဘုန်းကြီးတွေ သူ့မမှီဘူး၊ အဲဒီတော့ လယ်တီဆရာတော်က ဦးဖိုးလှိုင်ဆီ သွားပြီး၊ ဒကာကြီး ကျုပ်သင်ရိုး ပါဠိတော်စာအုပ် ၂၀ ကုန်ပြီဗျာ။ စာမတတ်ပဲ ဖြစ်နေတယ်။ စာတတ်အောင် ဘယ်လိုလုပ်ရမတုန်းလို့ ပြောသတဲ့၊ စာတတ်ချင်ရင် လူရေးတဲ့စာမကြည့်ရဘူး၊ လူရေးတဲ့စာ မကြည့်လို့ ဘာကြည့်ရမှာလဲ ဒကာကြီးရာ၊ ဦးဇင်းလေးနှယ် အဋ္ဌကထာတွေ၊ ဋီကာတွေ၊ ယောဇနာတွေ၊ နိဿယတွေဆိုတာ လူရေးတာ၊ ပါဠိတော်က လူရေးတာမဟုတ်ဘူး။ ဘုရားဟောတာ၊ ဘုရားဟောတွေကို အကုန်ကြည့်ရတယ်။ ကိုယ်တော်ကြည့်ပြီးပြီလား၊ မကုန်သေးဘူး ဒကာကြီး၊ အုပ်ရေ ၂၀-ကျန်သေးတယ်။ ကြည့်အုံး။

ဒီတော့ တစ်အုပ်ပြီးတစ်အုပ် ဆက်ကြည့်လိုက်တာပေါ့။ ဆက်ကြည့်လိုက်တော့ ကုန်သွားရော၊ အဲ ဆရာကြီးဆီသွား။ ဆရာကြီး ခင်ဗျား ပြောတဲ့အတိုင်းကြည့်တာ ပါဠိတော် အုပ်ရေ ၄၀-ကုန်ပြီ။ စာမတတ်ဘူးဗျာ။ ဟာ-အဲဒီလို ဆိုရင် ဦးဇင်းလေး၊ ပါဠိတော်အုပ်ရေ ၄၀-ရှိတယ်၊ အဋ္ဌကထာ ၅၁-အုပ်ရှိတယ်။ သူ့ပါဠိတော်နှင့် သူ့အဋ္ဌကထာ တွဲတွဲပြီးကြည့်၊ ၉၁-အုပ်ပေါ့နော်။ ၉၁-အုပ် ကုန်ပြီဆိုတော့ သွားပြန်ရော၊ မတတ်သေးဘူးဗျာ၊ အဲလိုဆို ဋီကာ ၃၇-အုပ်ရှိတယ်၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ၃-အုပ် ၃-အုပ်တွဲတွဲပြီး ကုန်အောင်ကြည့်၊ ဒါနဲ့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေကို တွဲကြည့်၊ ကုန်ရော၊ ဒကာကြီးဆီသွား၊ ဒကာကြီး ပြောတဲ့အတိုင်း ပါဠိတော်၊

http://www.dhammadpwnload.com



အဋ္ဌကထာ၊ ဋီကာကုန်ပြီဗျာ၊ စာမတတ်ဘူး၊ ဟာ ဒီလိုဆိုရင် ပုဒ်တစ်ပုဒ် ထုတ်လိုက်၊ အဲဒီ ပါဠိတော်ပုဒ်ကို အဋ္ဌကထာနည်းနှင့် ဖွင့်ပြလိုက်၊ ဋီကာနည်းနှင့် ဖွင့်ပြလိုက်၊ ဖွင့်တတ်ပြီလား၊ ဖွင့်တတ်ရင် စာတတ်ပြီ၊ မဖွင့်တတ်ရင် ထပ်ကြည့်၊ ဒါနဲ့ ဖွင့်တတ်သွားတယ်။

ဒါကြောင့် လယ်တီဆရာတော်ရေးတဲ့ စာတွေက သိပ်ကြည်ညိုစရာ ကောင်းတယ်၊ သူကိုယ်တိုင်က အဋ္ဌကထာ ဋီကာဆရာကြီးနော်၊ ဝိဇ္ဇာမဂ္ဂဒီပနီ ဆိုတဲ့ စာအုပ်ထဲ ဝိဇ္ဇာဆိုတဲ့ စာလုံးလေးထုတ်ပြီး စာအုပ်တစ်အုပ်ဖြစ်အောင် ရေးတာနော်၊ အဲဒီလို တဖြေးဖြေးတော့ တတ်သွားတာပေါ့၊ ခုလဲ ဘုန်းဘုန်း ဒီတစ်ခေါက်သင်၊ နောက်တစ်ခေါက် အကြောင်းညီညွတ်တော့ ထပ်တက်သေး တာပေါ့။ ဘုန်းဘုန်းလဲ ဆရာ့ဆီမှာ ခုနစ်ခေါက်တက်တယ်၊ ချတာကတော့ များပြီ၊ ခေါက်ရေ ၂၀-လောက်တော့ရှိပြီ၊ အဲဒီလို တဖြေးဖြေး ဉာဏ်က ရင့်ရင့်လာတော့ နောက်ပိုင်း မဂ်ဖိုလ်ရချင်တော့ ဒီလောက်လေးနဲ့ ရသွား တာပေါ့၊ ကဲ ကြိုးစားကြပြီး မဂ်ဖိုလ်နိဗ္ဗာန် လက်ဖျစ်တစ်တွတ်အတွင်း ရကြပါစေဗျာ။ ။

သာဓု သာဓု သာဓု

http://www.dhammadpwnload.com

သာသနာတော်နှစ်(၂၅၅၃)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၇၁)ခုနှစ်၊ နယုန်လပြည့်ကျော် (၅)ရက် ခရစ်နှစ်(၂၀၀၉)ခု၊ ဇွန်လ(၁၂)ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံ၊ ယနေ့ည တရားပွဲ အလှူရှင် ဦးဇော်ဝင်း၊ ဒေါ်ခင်စန်းရင်၊ အမှူးထား၍ သား-စိုင်းအောင်ဇော်ဦး၊ သမီး- မတင့်တင့်ဇော်(ခေတ္တဂျပန်)၊ ဇော်ဝင်းလှကြက်၊ ကြည့်မြင်တိုင် ညဈေး

ဘုန်းဘုန်း နေသိဒ္ဓိဂါထာလေးလဲ မနေ့ကပေးထားခဲ့ပြီနော်၊ မနေ့က နေသိဒ္ဓိဂါထာ ပေးလို့နဲ့တူတယ်၊ ဒကာတစ်ဦး ဘုန်းဘုန်းကို ၅-သိန်းလှူတယ်။ ဒကာ ၁-ဦးက ၃-သိန်း လှူတယ်၊ ဒီကလဲ လှူတယ်ဆိုတော့ မနေ့က ၉-သိန်းလောက်ရတယ်။ ငါတော့ နေသိဒ္ဓိ ပေါက်ပြီနဲ့ တူတယ်လို့နော်။ ဘုန်းဘုန်းက ဒီဥစ္စာတွေကို လိုအပ်လို့ ပြောတာ မဟုတ်ပါဘူး။ ရှေးရှေး ဆရာတော်ကြီးတွေ အဆက်ဆက် ပဋ္ဌာန်းတရားကို ကြိုးစားချပို့ကြတယ်။ ဘာဖြစ်လို့ ကြိုးစားချပို့ကြသလဲဆိုတော့ သာသနာကွယ်မဲ့အစဥ်မယ် ဝိနည်းပိဋက၊ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋက ပိဋကသုံးပုံ ရှိတဲ့အနက်

http://www.dhammadpwnload.com



အဘိဓမ္မာပိဋကတ်က စ,ကွယ်မှာတဲ့။ အဘိဓမ္မာပိဋကမှာလဲ ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းဆိုတဲ့ အဘိဓမ္မာ ၇-ကျမ်းရှိတဲ့အနက် ပဋ္ဌာန်းကျမ်းက စ,ကွယ်မှာတဲ့နော်။

ပဋ္ဌာန်းပြီးတော့ ယမိုက် ဒီလိုနောက်ပြန်ကွယ်သွားမှာကိုး၊ အဲဒီတော့ ဒို့လက်ထက် ဒို့ရှိတုန်း ပဋ္ဌာန်းမကွယ်စေရဘူးဆိုတဲ့ ရည်ရွယ်ချက်နဲ့ မစိုးရိမ်ဆရာတော်ကြီးတို့ စတဲ့ အဘိဓမ္မာတတ်တဲ့ ဆရာတော်ကြီးတွေ ကြိုးစားပြီး ပဋ္ဌာန်းချကြတယ်နော်။ ဆရာတော်ကလဲ မစိုးရိမ်ဆရာတော်ကြီးဆီ ငယ်ငယ်ကိုရင်ထဲက ပဋ္ဌာန်းဆိုတာ၊ ဆရာတော်ကြီးက တစ်ပါးထဲပဲ ချပေးတယ်။ အဲဒီလိုနဲ့ ဆရာတော် ပဋ္ဌာန်းတွေ တတ်မြောက်လာတယ်။ ရှေ့ဆရာတော်ကြီးတွေ ပဋ္ဌာန်းချသလို ငါလဲချမယ်၊ ငယ်ငယ်လေးထဲက ချ၊ ကိုရင်လေးတွေနဲ့ဆိုကြ၊ ဆရာတော် ပဋ္ဌာန်းချတယ်ဆိုရင် ၁၀၀၊ ၂၀၀၊ ၃၀၀ လိုက်ကြပါတယ်။ ကြည့်မြင်တိုင်က သာစုကျောင်းတိုက်က စာချပါအုံးဆိုလို့ ချတာ တပည့် ၆၀၀ လောက် ရှိတယ်နော်။ ပဋ္ဌာန်းလိုက်တဲ့ တပည့်တွေလဲရှိတယ်၊ အခု တိပိဋကဓရ တပည့် ၇-ပါးရှိပြီ။ ပိဋကသုံးပုံ၊ သူတို့ပဋ္ဌာန်းမယ် ခက်နေတာ၊ ဘုန်းဘုန်းချပေးလိုက်တော့ သူတို့အောင်သွားကြပါတယ်။

အဲသလို ပဋ္ဌာန်းတရားတော်တွေ မကွယ်ပရအောင် ဒို့ဒကာ ဒကာမတွေလဲ ကြိုးစားရွတ်ဖတ်ကြမယ်ဆိုရင် နတ်တွေ ဗြဟ္မာတွေ လာကြမယ်။ နတ်တွေ ဗြဟ္မာတွေ လာကြလို့ မွေးပြီဆိုရင် စံချိန်ကိုက်ပြီ၊ မမွေးသေးရင် ရွတ်အုံး၊ စံချိန်နဲ့နဲ လိုသေးတယ်နော်။ မွေးတာကောင်းတာပေါ့၊ ပုပ်အက်ပြီး

http://www.dhammadpwnload.com



လာရင်လဲ မကြောက်နဲ့၊ တစ္ဆေတွေ သရဲတွေ လာကြတာ။ တစ္ဆေသရဲတွေက သိပ်တရားနာချင်လို့တော့ မဟုတ်ဘူး၊ အမျှလိုချင်လို့၊ အဲဒီ ပုဂ္ဂိုလ်တွေကိုလဲ အမျှဝေရတယ်။ အမျှဝေတဲ့အတွက် တစ္ဆေတွေ သရဲတွေလဲ မကောင်းတဲ့ ဘဝက ကျွတ်လွတ်သွားတာပေါ့။ ကိုယ်လဲကုသိုလ်ရ၊ သူတို့လဲ ကုသိုလ်ရ။

ဘုန်းဘုန်း တစ်ခါပြောဖူးတယ် ထင်ပါတယ်။ အတ္တိပစ္စည်းက သိပ်မခက်တော့ပါဘူး၊ နဲနဲလေး အဲဒီအကြောင်းလေး ပြောအုံးမယ်။ ဘုန်းဘုန်း ကမ္ဘာအေးမယ်၊ ဝိနည်းမိုရ်တရား ဆုံးဖြတ်တဲ့ အလုပ်လုပ်နေတော့ ကရင်ပြည်နယ်၊ ဘားအံနားလေးက ထုံးအိုင်ဆိုတဲ့ ရွာလေး တစ်ရွာရှိတယ်။ ထုံးအိုင်မယ် ကျောင်းထိုင်တဲ့ ဆရာတော်က ဦးကဝိန္ဒတဲ့၊ ရွှေဘိုသား၊ ဆရာတော်တို့နဲ့အတူ ဝိနည်းတွေ ဆုံးဖြတ်၊ တပည့်တော်ဘုရား တစ္ဆေသရဲတွေ မြင်ချင်တာ၊ အရှင်ဘုရားမြင်ဘူးလားလို့ ဆရာတော်က သူ့ကို မေးတယ်။ မြင်ဘူးပါ့ဘုရား၊ မြင်ဘူးရင် ပြောပြစမ်းပါ၊ ဘယ်လိုမြင်တာတုန်း။

သူကျောင်းထိုင်နေတဲ့ ထုံးအိုင်ရွာကို တစ်နေ့တော့ အာဂန္တုဘုန်းကြီး ၁-ပါး ကြွလာတယ်တဲ့၊ အာဂန္တုဘုန်းကြီးက ၇-ရက်လောက် တည်းပါရစေလို့ ခွင့်တောင်းသတဲ့၊ သူကလဲ သူတို့ဘုန်းကြီး ပျံလွန်တော်မူတာ မကြာသေးတော့ အရှင်ဘုရား၊ သက်တော် ဝါတော်ကလဲ ကြီး၊ တပည့်တော်တို့ကျောင်း တစ်သက်လုံး နေချင်နေဘုရား။ တပည့်တော်တို့ကျောင်း ဆွမ်းတွေ ဘာတွေလဲ အလွန်ပေါ။ ဘာမှ မပူပါနဲ့ဘုရား၊ တပည့်တော်တို့ ဆရာသမားအနေထားပြီး ပြုစုပါ့မယ်။ နေပါဘုရား၊ တပည့်တော်က ၇-ရက်ပဲ နေမှာပါဘုရားလို့ ပြောသတဲ့။ ဒါနဲ့ ကုတင်တွေ၊ ခြင်ထောင်တွေပေး၊ အခန်း ၁-ခန်းပေး

http://www.dhammadpwnload.com



လိုက်တယ်တဲ့။ နောက် ၂-ရက်၊ ၃-ရက်လောက်ကြာတော့ ကပ္ပိယကြီးက လာလျှောက်တယ်၊ ဆရာတော်ဘုရား၊ ဒီဘုန်းကြီး မထားနဲ့ဘုရားတဲ့။ ဘာလို့တုန်းကွ၊ ညည ရွာထဲ အိမ်လျှောက်လည်တဲ့ ဘုရား၊ မနက် ၄-နာရီလောက်မှ ပြန်ပြန်လာတယ်၊ မတော်တာတွေ လုပ်တယ်နဲ့ တူတယ်။ နေပါဦးကွာ၊ ငါမေးကြည့်ပါဦးမယ်ဆိုပြီး အာဂန္တုဘုန်းကြီးခေါ် အရှင်ဘုရား ညည ရွာထဲလျှောက်လျှောက် လည်တယ်ဆိုတာ ဟုတ်သလား၊ မဟုတ်ပါဘူး ဘုရား၊ မနက် ၄-နာရီမှ ပြန်ပြန်ရောက်တယ်ဆိုပဲ ဟောဒီ ကပ္ပိယကြီးက ပြောတယ်၊ တပည့်တော် တရားဟော သွားတာဘုရား၊ ဟာ-တရားဟောသွားတာဆိုလဲ လော်စပီကာသံတွေ မကြားပါလား၊ တပည့်တော် တရားပွဲက အဲလိုမပါပါဘူး ဘုရား၊ ကန်တော့ပွဲလဲ မပါဘူး၊ အုန်းပွဲ ငှက်ပျောပွဲလဲ မပါဘူးဘုရား။ ဘယ်သွားဟောလဲ ရွာထဲဟောရင် ကြားရမှာပေါ့၊ တပည့်တော်က လူတွေ ဟောတာ မဟုတ်ပါဘူး၊ တစ္ဆေတွေ၊ သရဲတွေကို ဟောတာ။

ဟာ အရှင်ဘုရားမြင်သလား၊ မြင်ပါတယ်ဘုရား၊ မြင်ပါတယ်၊ တပည့်တော် မြင်ချင်လိုက်တာဘုရား၊ ငယ်ငယ်ကထဲက မြင်ချင်တာ၊ ဒီလိုဆို ၇-ရက်လောက် တပည့်တော် ဘယ်လိုဟောတယ်ဆိုတာ ကြည့်ပေါ့တဲ့။ အရှင်ဘုရား၊ အဲဒီအခါကျ မြင်ပါလိမ့်မယ်။ တပည့်တော် သင်္ချိုင်းကုန်း မလိုက်ရဲဘူးဘုရား။ သင်္ချိုင်းကုန်း မလိုက်ရဲရင် ဒီနေ့ ညနေ အရှင်ဘုရား ဟောချင်တဲ့နေရာ ကြည့်သာဟောဆိုပြီး သွားကြည့်ကြတယ်။ အဲဒီမှာ ပဲခင်းတွေ၊ ပြောင်းခင်းတွေ ပြီးနေလို့ မြေကွက်ချည်း ဖြစ်နေတာကိုး၊ ဒီနေရာလေးဆို ဟောရဲတယ်ဘုရား။ ကဲ ဒီလိုဆို စည်းဝိုင်းမယ် ဆိုပြီး ၁-

http://www.dhammadpwnload.com



ကော၊ ၂-ကေလောက် ၂-ပါးပတ်ပြီး ဝိုင်းလိုက်တယ်။ ဝိုင်းပြီးတော့ ရွာစောင့်နတ်ကို ပြောသတဲ့၊ အသင်ရွာစောင့်နတ်ကြီး၊ ညကျ ကျွန်ုပ် တစ္ဆေသရဲတွေကို တရားဟောမယ်။ ဒီနားမှာရှိတဲ့ တစ္ဆေတွေ သရဲတွေကို ဒီနေရာကို ပို့ပေးပါလို့ ပြောသတဲ့။

ပြောပြီး ပြန်လာ၊ ညကျတော့ ဒီလိုအချိန်လောက်ထားပါတော့၊ ဦးဇင်းတွေ ကိုရင်တွေ စာ စောစောအံဟော့၊ အော်-အံကြဟော့ဆိုပြီး အော်အံခိုင်း၊ ၈-နာရီခွဲလောက်ကျတော့ တော်ပြီ။ ဒီနေ့ စောစောအိပ်ကြဟော့၊ ဦးဇင်းတွေ ကိုရင်တွေ အိပ်ခိုင်းပစ်ခဲ့တယ်။ သူတို့ ၂-ပါးထဲ ထွက်လာတယ်။ ထွက်လာတော့ ခုနက စည်းဝိုင်းထားတဲ့နေရာ တစ္ဆေတွေ သရဲတွေက ရောက်လို့တဲ့၊ တစ္ဆေတွေ သရဲတွေကတော့ ရောက်ပြီဘုရား၊ တပည့်တော်ကတော့ မမြင်ပါဘူး ဘုရား၊ ကိုယ်တော် မြင်တဲ့စိတ် မရှိသေးလို့ပါဘုရား။ ရောက်ပြီ ကဲ သီလပေးလိုက်၊ ဘယ်လို ပေးရမှာလဲ၊ လူတွေပေးသလိုပေးလိုက်၊ ကဲ မောင်တစ္ဆေတို့၊ မောင်သရဲတို့ ကန်တော့ကြဟော့၊ ကဲ-ဆုပေးလိုက်၊ ဆုပေး၊ လူတွေ ငါးပါးသီလပေးသလို သီလပေး၊ သီလပေးပြီးဆိုရင် တရားဟောလိုက်ပါဦးဘုရား။ ဘယ်လိုဟောရမှာတုန်း၊ ကိုယ်တော်ဟောတတ်သလိုသာ ဟောပေါ့၊ ဒါနဲ့ သူကလဲ အေး-မောင်တစ္ဆေတို့၊ မောင်သရဲတို့၊ မင်းတို့ အရင်ဘဝတုန်းက မကောင်းတာတွေလုပ်လို့ အကုသိုလ်တွေများလို့ တစ္ဆေဘဝ၊ သရဲဘဝ ရောက်နေတာ၊ အဲဒီတော့ ရောက်တဲ့ဘဝ၊ နောက်ထပ် အကုသိုလ်တွေ မများစေနဲ့၊ တစ်ယောက်နဲ့တစ်ယောက် မသတ်ကြနဲ့၊ မဖြတ်ကြနဲ့၊ သူများ ပစ္စည်းလဲ မခိုးကြနဲ့၊ ဒီလို ဟောတာပေါ့။

http://www.dhammadpwnload.com



ဟောပြီးတော့ တပည့်တော်တော့ မမြင်ပါဘူးဘုရားလို့ ဦးကဝိန္ဒက ပြောသတဲ့၊ ၁-ရက်ပဲ ရှိသေးတယ်ကိုယ်တော်။ နောက် ၁-ရက်ဟော၊ မမြင်သေးဘူးတဲ့၊ နောက် တတိယ ရက်ဟော၊ ရေးရေးတော့ မြင်တယ် ဘုရားတဲ့၊ လှုပ်တုတ် လှုပ်တုတ်နဲ့၊ သိပ်မထင်ရှားသေးဘူး၊ အေး အဲဒါဆို စလာတာ၊ နောက်မြင်တော့မှာ၊ စတုတ္ထရက် ဟောဖို့လဲ လာရော၊ တစ္ဆေတွေ သရဲတွေ မျိုးစုံပဲ၊ တချို့က ဆင်လောက်ကြီးတွေ၊ တချို့က လက်သီးဆုပ် လောက် အကောင်ငယ်လေးတွေ၊ အဲဒီလိုကြီးတဲ့ကောင်တွေကျတော့ သရဲသဘက်လို့ခေါ်ပြီး သေးတဲ့ ကောင်တွေကျတော့ မှင်စာလို့ အသူရကာယ် လို့ ခေါ်ကြတာတဲ့၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်၊ တစ္ဆေတွေ သရဲတွေက ပြိတ္တာတွေပေါ့၊ လက်သီးဆုပ်လောက်လေးတွေ၊ ကြောင်လောက်လေးတွေ၊ ကြွက်လောက်လေးတွေက အသူရကာယ်ပေါ့၊ မှင်စာလို့လဲ ခေါ်တယ်။ ဦးကဝိန္ဒကလဲ ဟော၊ ၇-ရက်ဟောပြီးတော့ တပည့်တော် ဟိုဘက်ရွာက လာပင့်နေပြီ ဘုရား သွားတော့မယ်။

တစ္ဆေတွေလဲ သူတို့ သူတို့ချင်း သိတယ်တဲ့၊ ဒီဘက်ရွာကပြီးရင် ဟိုဘက်ရွာက တစ္ဆေတွေက လာပင့်ကြတာတဲ့၊ ဟိုဘက်ရွာသွား။ သူက တစ်နိုင်ငံလုံး တစ္ဆေတွေ သရဲတွေချည်း သင်္ချိုင်းကုန်းလိုက်ဟောတာ၊ တစ္ဆေတွေ သရဲတွေကို သနားလွန်းလို့ ဒီကောင်တွေ ဒုက္ခရောက်နေတယ်၊ အဲလိုနဲ့ တချို့ တရားနာရင်း ပျောက်ပျောက်သွားတာတဲ့၊ သူက ပြတယ်၊ ဟိုနားက ကောင် မရှိတော့ဘူး၊ အဲဒါ ကျွတ်သွားတာ၊ လူ့ဘုံ နတ်ဘုံ ရောက်သွား တာ၊ အဲဒီလို တစ္ဆေတွေအကြောင်း စာရေးဆရာတစ်ယောက်ကို ပြောပြ

http://www.dhammadpwnload.com



လိုက်တယ်၊ စာရေးဆရာက စာရေးပြီး မဂ္ဂဇင်းထဲထည့်လိုက်၊ လာကြတယ်။ ဆရာတော်ဆီ၊ အဲဒါ တကယ်လား ဘုရားတဲ့။ အရှင်ဘုရား ကြားဖူးနားဝနဲ့ ဘယ်လိုလုပ် ရေးတာလဲဆိုတော့ ဦးကဝိန္ဒပါဗျာ၊ သူပြောတာပါဆိုတော့ ဦးကဝိန္ဒဆီ သွားမေးကြ။ ဦးကဝိန္ဒကလဲ ဇန်းမော်ဆရာတော်ပြောတာ တစ်လုံးမကျန် မှန်ပါ့ဗျားလို့ ပြောသတဲ့။

ပြောလိုရင်းက ဒီလိုမကောင်းတဲ့ဘဝရောက်နေရင် ဒီလို စာကောင်းပေကောင်းတွေ ဘယ်သင်နိုင်မှာတုန်း၊ အေး-ဒို့ကံကောင်းတယ်၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော၊ ဘုရားပွင့်တဲ့အချိန် ရခဲတယ်။ မနုဿတ္တဘာဝေါ ဒုလ္လဘော၊ လူအဖြစ်ရခဲ၊ မြန်မာနိုင်ငံမှာလူဖြစ်ရ၊ ဗုဒ္ဓဘာသာလဲ ဖြစ်ရ၊ ကောင်းတယ်၊ ပဗ္ဗဇိတဘာဝ ဒုလ္လဘာ၊ ရှင်ရဟန်းအဖြစ်လဲ ရခဲ၊ ဒါကြောင့် မြန်မာပြည်က လူတွေ ဒုလ္လဘရဟန်းဝတ်ကြတာနော်။ သဒ္ဓါသမ္ပတ္တိဘာဝေါ ဒုလ္လဘော၊ ဘုရားသာသနာ ယုံကြည်မှု ရခဲတဲ့ သဒ္ဓါတရားတွေရ၊ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ၊ အခုလို ပဋ္ဌာန်းတရားတော်တွေ နာဖို့ ပိုခဲယဉ်းတယ်၊ ရခဲတယ်၊ အေး ဝမ်းမြောက်ဝမ်းသာ ကြိုးစားကြ၊ ဒီနေ့ နက်ဖြန် သဘက်ဆို ပြီးပြီမဟုတ်လား။ အေး ဒီနေ့ အတ္ထိပစ္စယော။ စာမျက်နှာဘယ်လောက် ရောက်သွားပြီတုန်း။ (၂၅-ပါဘုရား)။ စာမျက်နှာ ၂၅-ရောက်ပြီတဲ့။ အတ္ထိက ၅-မျိုးရှိတယ်။ ဒီမယ် မြတ်စွာဘုရားဟောတာကတော့ သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ ၂-မျိုးပဲဟောတယ်။ ဒါ သာဝသေသဒေသနာလို့ ခေါ်တယ်။

သဟဇာတတ္ထိက သဟဇာတတုန်းက ဟောခဲ့တဲ့အတိုင်း ရှေ့ငါးဝါကျပေါ့-စတ္တာရော ခန္ဓာ အရူပိနော အညမည့် အတ္ထိပစ္စယေန ပစ္စယော ၁-ဝါကျ

http://www.dhammadpwnload.com



စတ္တာရော မဟာဘူတာ ။ ။ ၂-ဝါကျ

ညြက္ကန္တိက္ခဏေ နာမရူပံ ။ ။ ၃-ဝါကျ

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ။ ၄-ဝါကျ

မဟာဘူတာ ဥပါဒါရူပါနံ ။ ၅-ဝါကျ

ဒါကို သဟဇာတအတိုင်းမို့လို့ သဟဇာတတ္တိလို့ ခေါ်တယ်။ ပစ္စည်းနဲ့ ပစ္စယုပ္ပန်၊ ပြိုင်တူ၊ သဟ-က အတူ၊ ပြိုင်တူ၊ ဇာတ-က ဖြစ်တာ၊ ပစ္စည်း ပစ္စယုပ္ပန် ပြိုင်တူဖြစ်တဲ့တရား ၅-ဝါကျ။ အဲဒါလေး ဟောလိုက်စမ်းပါဦး။

(သံပြိုင်) အတ္ထိပစ္စယောတိ စတ္တာရော ခန္ဓာ (ပ) ပစ္စယေန ပစ္စယော။

ဒါက သဟဇာတတ္တိ၊ ၅-ဝါကျ၊ ဟိုဘက်ကျတော့ ပုရေဇာတတ္တိလို့ ခေါ်တယ်။ ပုရေဇာတ ပစ္စည်းတရားက အရင်ဖြစ်နှင့်ပြီး ပစ္စယုပ္ပန်တရားက နောက်မှ ဖြစ်တာနော်။ အဲဒီမယ် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ် ၅-ခု၊ အဲဒါက ဝတ္ထုပုရေဇာတ၊ တကယ်ကျ ၆-ခုပေါ့၊ နောက်ဆုံးဝါကျက-

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊ တံ ရူပံ မနော ဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, နှလုံးသား, ဝတ္ထုရုပ် ၆-ခု၊ ဒါက ပုရေဇာတတ္တိ၊ ပုရေ ဆိုတာ ရှေ့က၊ ဇာတဖြစ်တဲ့၊ အတ္ထိရှိတဲ့တရား၊ ပစ္စည်းတရားက အရင် ဖြစ်တယ်။ ရှေ့ဦး ဖြစ်နှင့်တယ်၊ ပစ္စယုပ္ပန်တရားက နောက်မှ ဖြစ်တယ်။

http://www.dhammadpwnload.com



အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စိတ် ၄-ခု အရင် ဖြစ်နှင့်တယ်၊ အတီတဘဝင်နှင့် စက္ခုပသာဒ မျက်လုံးလေးက ဖြစ်တယ်။ အဲဒီမျက်လုံးလေးက စိတ္တက္ခဏ ၄-ချက်ဖြစ်ပြီးမှ မြင်စိတ်ကလေးက စက္ခုဝတ္ထုပေါ် မှီပြီးဖြစ်တာ၊ စက္ခုဝတ္ထု ဆိုတဲ့ ပစ္စည်းက အရင်ဖြစ်နှင့်လို့ ပုရေဇာတ၊ ရှိလဲရှိနေသေးလို့၊ မချုပ်ပျက်သေးဘူး၊ အဲဒါကြောင့်မို့ အတ္ထိ၊ ပုရေဇာတ-အတ္ထိ၊ ပုရေဇာတတတ္ထိ၊ ဘယ်နှစ်ခုရှိပြီလဲ၊ ၆-ခု၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ဟဒယဝတ္ထု၊ ဘုန်းဘုန်းတစ်ခေါက် ဖတ်ပြမယ်၊ ကြည့်ပါဦး၊

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော (၁-ဝါကျ၊ မျက်စိနဲ့ မြင်စိတ်)

သောတာယတနံ သောတဝိညာဏဓာတုယာ ။ ။

နားနဲ့ ကြားစိတ်၊ နားကပစ္စည်း၊ ကြားစိတ်က ပစ္စယုပ္ပန်

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ ။ ။

နှာခေါင်းနဲ့ နံစိတ်၊ နှာခေါင်းကပစ္စည်း၊ အရင်ဖြစ်နှင့်လို့ ပုရေဇာတတ္ထိ၊ နောက် နံစိတ်က နောက်မှဖြစ်တယ်၊ ပစ္စယုပ္ပန်တရား၊

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ

လျှာက ပစ္စည်းတရား၊ လျက်စိတ်လေးက ပစ္စယုပ္ပန်တရား၊ လျှာကရုပ်တရား၊ လျှက်သိစိတ် က နာမ်တရား၊ လျှာက အရင်ဖြစ်နှင့်နေလို့မို့ ပုရေဇာတတ္ထိ။

ကာယာယတနံ ကာယဝိညာဏဓာတုယာ ။

http://www.dhammadpwnload.com



ကိုယ်လို့ခေါ်တဲ့ ကာယပသာဒရုပ်က ပစ္စည်းတရား၊ ထိသိစိတ်က ပစ္စယုပ္ပန် တရား၊ ကာယ ပသာဒရုပ်က ရုပ်တရား၊ ထိသိစိတ်က နာမ်တရား၊ ကာယ ပသာဒရုပ်က အရင်ဖြစ်နှင့်လို့ ပုရေဇာတတ္တိ။ ပြီးတော့မှ ဟဒယဝတ္ထုသွားရမှာ။

ယံ ရူပံ နိဿာယ (ပ) အတ္ထိပစ္စယေန ပစ္စယော။ ဟဒယဝတ္ထုပေါ်မှာ မနောဓါတ် ၃-ခု၊ မနောဝိညာဏဓါတ်၊ အရူပဝိပါက် ၄-ခုနတ်၊ ၇၂-ပါးသော နာမ်တရားတို့ ဖြစ်လာကြတယ်။ ဟဒယဝတ္ထုက ပစ္စည်းတရား၊ မနောဓါတ်၊ မနောဝိညာဏဓါတ်တို့က ပစ္စယုပ္ပန်တရား၊ ဟဒယဝတ္ထုက ရုပ်တရား၊ မနောဓါတ် မနောဝိညာဏဓါတ်တို့က နာမ်တရား၊ ရုပ်တရား အကြောင်းကြောင့် နာမ်တရားတွေဖြစ်ပြီးပျက်တယ်၊ အဲဒီ ၆-ဝါကျ ဖတ်လိုက်ကြပါဦး။

စက္ခာယတနံ (ပ) ...... အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ (ပ) ..... ။ ။

အေး အတ္ထိဆိုတာရှိ၊ ရှိဆိုတာ ဥပါဒ်ဋ္ဌီဘင်၊ အဖြစ်အပျက်၊ ရှိနေသေးတယ်၊ မနေ့က ရွတ်ခဲ့တဲ့စာတွေ၊ ဘုန်းဘုန်းရွတ်တဲ့အသံတွေ ဒီနေ့ ရှိသေးလား...(မရှိပါဘုရား)။ မနေ့က ဖြစ်ခဲ့တဲ့ ရုပ်တရားတွေက ဖြစ်ပြီး ပျက်သွားပြီ။ အတ္ထိပစ္စည်းမဟုတ်ဘူးနော်။ ဘုန်းဘုန်းရွတ်တဲ့ အသံတွေ မချုပ်ခင်၊ ဥပါဒ်ဋ္ဌီဘင် ဒီ ၃-ခု ခဏ္ဍဆိုရင် ဒါအတ္ထိပစ္စည်းတပ်တယ်နော်။ ချုပ်ပျက်သွားပြီဆိုရင် အတ္ထိပစ္စည်း မဟုတ်တော့ဘူး၊ ပြီးတော့မှ ဘာလာတုန်း။

ရူပါယတနံ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အာရုံ ၅-ပါး၊ ဆိုစမ်းပါ။

http://www.dhammadpwnload.com



(သံပြိုင်) အဆင်း (ပ) အတွေ့အထိ။

အဆင်း အသံ အနံ့ အရသာ အတွေ့အထိ၊ အဆင်းက မြင်စိတ်ကို ကျေးဇူးပြုတာ၊ သူက အာရမ္မဏပုရေဇာတတ္တိ၊ အာရုံဖြစ်ပြီး ကျေးဇူးပြုတာ၊ ခုန၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ကိုယ်တို့က အာယတန ရုပ်ဝတ္ထုကို မှီရာဖြစ်ပြီးတော့ ကျေးဇူးပြုတာနော်။ ဒီတရား ၅-ပါးက အာရုံဖြစ်ပြီး ကျေးဇူးပြုတာ၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ၊ ရူပါရုံကမြင်စိတ်အား ကျေးဇူးပြုတယ်၊ သဒ္ဒါရုံက ကြားစိတ်အား ကျေးဇူးပြုတယ်။ အနံ့တွေက နံစိတ်အား ကျေးဇူးပြုတယ်၊ အရသာတွေက လျက်စိတ်အား ကျေးဇူးပြုတယ်။ အတွေ့အထိက ထိသိစိတ်အား ကျေးဇူးပြုတယ်၊ ဒီ ၅-ခုက အာရမ္မဏပုရေဇာတတ္တိ။

အာရမ္မဏ က အာရုံ၊ ပုရေဇာတကလဲ ဖြစ်နှင့်နေတာ၊ စက္ခုပသာဒက အရင်ဖြစ်နှင့် နေသလို ရူပါရုံက အရင်ဖြစ်နှင့်နေတာ၊ အဲဒီ အရင်ဖြစ်နှင့်တဲ့ ရူပါရုံက မြင်စိတ်အား ကျေးဇူးပြုလိုက်တာ၊ အဲဒါကြောင့် အာရမ္မဏပုရေဇာတတ္တိ၊ ခုနတုန်းက ဝတ္ထုပုရေဇာတတ္တိ၊ ဝတ္ထုရုပ် ၆-ခု၊ အခုဟာက အာရုံ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ အာရုံ ၅-ပါး၊ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ဒါက အဆင်းက မြင်စိတ်အား ကျေးဇူးပြုပုံ၊

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ (ပ) ပစ္စယော၊ ဒါက အသံက ကြားစိတ်အား ကျေးဇူးပြုပုံ။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ (ပ) ပစ္စယာ၊ ဒါက အနံ့က

http://www.dhammadpwnload.com



နံ့စိတ်အား ကျေးဇူးပြုပုံ။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ (ပ) ပစ္စယော၊ ဒါက အရသာက လျက်သိစိတ်အား ကျေးဇူးပြုပုံ၊ အရသာ ၆-ပါး၊ အချို၊ အချဉ်၊ အငန်၊ အစပ်၊ အဖန်၊ အခါး ဘယ်အရသာကဖြစ်ဖြစ် အရင်ဖြစ်နှင့်ပြီး ကျေးဇူးပြုတာ၊ သူက အရင်ဖြစ်နှင့်ပြီး ကျေးဇူးပြုလို့ အာရမ္မဏ ပုရေဇာတတ္တိ။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏ ဓာတုယာ (ပ) ပစ္စယော။

ဒီ ၅-ခုလုံးက မနောဓါတ် ၃-ခုအား ကျေးဇူးပြုတယ်။ ခုနဟာကတော့ ရူပါရုံ အဆင်းက စက္ခုဝိညာဏ်စိတ် ၂-ခုအား၊ အသံက သောတဝိညာဏ်စိတ် ၂-ခုအား၊ အနံ့က ဃာနဝိညာဏ် နံ့စိတ် ၂-ခုအား၊ အရသာက လျက်သိစိတ် ၂-ခုအား၊ အတွေ့အထိက ထိသိစိတ် ၂-ခုအား၊ ပစ္စည်းတရားက ၅-ခု၊ အဆင်း အသံ အနံ့ အရသာ အတွေ့အထိ၊ ပစ္စယုပ္ပန် တရားက ၁၀-ခုပေါ့၊ မြင်စိတ် ၂-ခု၊ ကြားစိတ် ၂-ခု၊ နံ့စိတ် ၂-ခု၊ လျက်သိစိတ် ၂-ခု၊ ထိသိစိတ် ၂-ခု၊ အကြောင်းတရား ပစ္စည်းတရား ၅-ခု၊ အကျိုးတရား ပစ္စယုပ္ပန်တရား ၁၀-ခု။

ပြီးတော့ ဒီအာရုံ ၅-ပါးကလဲ မနောဓါတ်ကို ကျေးဇူးပြုတယ်တဲ့၊ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ အာရုံ ၅-ပါး၊ အဆင်းအသံအနံ့ အရသာ အတွေ့အထိ အဲဒါက ကတ္တား၊ မနောဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ၊ ပဋ္ဌာဒ္ဒါရာ ဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေး ဆိုတဲ့ မနောဓါတ် ၃-ခုအား၊ အတ္ထိပစ္စယေနပစ္စယော၊ ရှိတယ်ဆိုတဲ့ အကြောင်းပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အဲဒီတော့ ၆-ဝါကျ၊ အားလုံးဆိုလိုက်

http://www.dhammadpwnload.com



ကြပါဦး၊ (သံပြိုင်)ရူပါယတနံ စက္ခုဝိညာဏဓာတုယာ (ပ) ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ (ပ) ။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ (ပ) ။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ (ပ) ။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏ ဓာတုယာ(ပ) ။

ရူပါယတနံ (ပ) ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

အေး- အဲဒီတော့ အတ္ထိပစ္စည်း၊ ဒီမှာ ဘုရားဟောတာ အစ ၅-ဝါကျက သဟဇာတတ္ထိ၊ နောက် ၆-ဝါကျက ဝတ္ထုပုရေဇာတတ္ထိ၊ နောက် ၆-ဝါကျက အာရမ္မဏပုရေဇာတတ္ထိ၊ ၃-မျိုးဟောတယ်ပေါ့။

ပုရေဇာတ ၁-မျိုးထဲယူရင်တော့ ၂-မျိုးရှိမယ်ပေါ့။ သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပုရေဇာတကို နှစ်မျိုးခွဲလိုက်ရင် သဟဇာတတ္ထိ ၅-ဝါကျ၊ ဝတ္ထုပုရေဇာတတ္ထိ ၆-ဝါကျ၊ အာရမ္မဏပုရေဇာတတ္ထိ ၆-ဝါကျ၊ ၁၇-ဝါကျပေါ့နော်။ ပြီးတော့ အတ္ထိနဲ့ အဝိဂတ အတူတူပဲ၊ အတ္ထိပစ္စယေန နေရာမှာ အဝိဂတပစ္စယေနလို့ ထည့်ဟောလိုက်ရုံပဲ၊ တူရဲ့သားနဲ့ ဘာဖြစ်လို့ ဘုရားက ထပ်ဟောရတာတုန်းဆိုတော့ နတ်တွေ ဗြဟ္မာတွေ လာနာကြတော့ တချို့နတ် ဗြဟ္မာတွေက အတ္ထိပစ္စယေန ပစ္စယောလို့ ဟောမှ နားလည်ကြတယ်။ မဂ်ဖိုလ်နိဗ္ဗာန် ရကြတယ်တဲ့။ တချို့နတ်ဗြဟ္မာတွေကျတော့ အဝိဂတပစ္စယေန ပစ္စယောလို့ဟောမှ မဂ်ဖိုလ် နိဗ္ဗာန်ရတယ်တဲ့၊ တရားနာတဲ့ နတ်တွေ ဗြဟ္မာတွေက မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ အရေးကြီးတယ် မဟုတ်လား။ ဒါကြောင့် တူနေပေမယ့်

http://www.dhammadpwnload.com



အသံက မတူတဲ့အတွက် ထပ်ပြီး ဘုရားဟောပါတယ်တဲ့။

ဝေနေယျဇ္ဈာသယ-ဝေနေယျဆိုတာ ဆုံးမသင့်တဲ့ နတ်ဗြဟ္မာတို့၏၊ အဇ္ဈာသယ၊ အလိုဆန္ဒ၊ ကျွတ်ထိုက်တဲ့ နတ်ဗြဟ္မာတို့၏ အလိုဆန္ဒလိုက်ပြီး ထပ်ပြီးဟောပါတယ်တဲ့။ အဝိဂတပစ္စည်း ကျော်ကြည့်လိုက်ပါ။ နောက်ဆုံး ၂၄-နံပါတ် တွေ့တယ်နော်။

စတ္တာရော ခန္ဓာ အရူပိနော အညမည့် အဝိဂတပစ္စယေန ပစ္စယော၊ အဲလို ၅-ဝါကျ နောက်တစ်ခါ- စက္ခါယတနံ စက္ခုဝိညာဏဓာတုယာ စသည်ဖြင့် ဝတ္ထုပုရေဇာတပစ္စည်းက ၆-ဝါကျ၊ နောက် ရူပါယတနံ စက္ခုဝိညာဏဓာတုယာ အဲဒါကလဲ ၆-ဝါကျ။

ခုတစ်ခါကျတော့ အစဉ်အတိုင်း ဟောတာပေါ့။ သဟဇာတတ္တိ ၅-ဝါကျ အရင် ဟောလိုက်ပါဦး။

အဝိဂတပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမည့် အဝိဂတ ပစ္စယေန ပစ္စယော

စတ္တာရော မဟာဘူတာ ။ ။

ဩက္ကန္တိက္ခဏေ နာမရူပံ ။ ။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ။ ။

မဟာဘူတာ ဥပါဒါရူပါနံ ။ ။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ အဝိဂတ ပစ္စယေန ပစ္စယော

သောတာယတနံ သောတဝိညာဏဓါတုယာ ။ ။

http://www.dhammadpwnload.com



ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ အဝိဂတ ပစ္စယေန ပစ္စယော

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ ။ ။

ကာယာယတနံ ကာယဝိညာဏဓာတုယာ ။ ။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ ။ ။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ ။ ။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ ။ ။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ ။ ။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ ။ ။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ ဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

ကြားထဲမှာ နတ္ထိနဲ့ ဝိဂတ ကျန်သေးတယ်နော်။ နတ္ထိနဲ့ ဝိဂတတော့ နက်ဖြန်မှ ဆိုကြတာပေါ့။ ဒီမယ် ဘုန်းဘုန်းက နဲနဲလေးပြန်ပြောပြပါဦးမယ်။ အတ္ထိက သဟဇာတတ္ထိ၊ သဟဇာတနိဿယ, အတ္ထိ, အဝိဂတ ၄-ခုပဲ ဒီ ၅-ဝါကျတွေ ပါတယ်။ သဟဇာတပစ္စည်းမှာလည်း စတ္တာရော ခန္ဓာ အရူပိနော

http://www.dhammadpwnload.com



အညမည် သဟဇာတပစ္စယေန ပစ္စယော။ ပါတယ်မဟုတ်လား။ နိဿယကော ပါတယ်။ သဟဇာတနိဿယ၊ အတ္ထိလဲပါတယ်။ အဝိဂတလဲ ပါတယ်။ အဲဒီ ၄-ပစ္စည်းကို သဟဇာတ အကြီး ၄-ပစ္စည်းလို့ခေါ်တယ်။ အဲဒါ နာမည်ပေး တာက လယ်တီဆရာတော်ကြီးပေးခဲ့တာ။ လယ်တီဆရာတော်ကြီးဆို ပဋ္ဌာန်း တွေ ဘာတွေ မစ်ဒေးဗစ်ဆိုတာ အင်္ဂလန်ပါဠိအသင်းကြီးရဲ့ ဥက္ကဋ္ဌကြီး၊ ဒေးဗစ်ကျတော့ လယ်တီဆရာတော်ကြီးက ဒေဝီလို့ ပြန်တယ်။ မဒေဝီလို့ ခေါ်တယ်။ အဲဒီ ဒကာမကြီးတောင်းပန်တဲ့အတွက် ပဋ္ဌာနုဒ္ဒေသဒီပနီလို့ ရေးတယ်။ မစ္စဒေးဗစ်၊ တချို့ ရိုက်ဒေးဗစ်လို့ အသံထွက်ကြတယ်။ အခုလဲ အဲဒီအသင်းကြီး ရှိပါသေးတယ်။ အခုတော့ ဒေါက်တာမြွေသာမိတဲ့၊ သူက အောက်စဖို့တက္ကသိုလ်မှာ ပါမောက္ခကြီးဖြစ်နေတာ၊ ဘုန်းဘုန်းရေးထားတဲ့ ထေရီအပဒါနဒီပနီဆိုတဲ့ စာအုပ်ကိုလဲ ဒေါက်တာမြွေသာမိ ဦးဆောင်ပြီး ရိုက်ပါတယ်။ အင်္ဂလိပ်ရိုမန်စာလုံးနဲ့ရိုက်တယ်။

ဘုန်းဘုန်းက ပိုက်ဆံမကုန်ရပါဘူး၊ ဘုန်းဘုန်းတပည့် တိပိဋကရေ က ၁၆-သိန်း ထည့်တယ်၊ တိပိဋကနိကာယ အသင်းက ၁၅-သိန်းထည့်တယ်၊ ၃၁-သိန်း၊ ဒီထဲက စာအုပ် လိုချင်တဲ့ပုဂ္ဂိုလ်များရှိရင် ထေရဝါဒတက္ကသိုလ်၊ စာကြည့်တိုက်သွားအလှူခံရင် ရပါတယ်။ မပေးဘူးဆိုရင် ဘုန်းဘုန်းဆီ လာခဲ့တာပေါ့နော်။ ပေးလိုက်ပါလို့ ပြောရမယ်နော်။

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတကို ဘာလို့ခေါ်တုန်း၊ သဟဇာတအကြီးလို့ ခေါ်ပါတယ်။ သဟဆိုတာ အတူ၊ ဇာတ ဆိုတာ ဖြစ်တာ၊ ပစ္စည်းနဲ့ ပစ္စယုပ္ပန်အတူဖြစ်တာ၊ အကြီးဖြစ်လို့ သဟဇာတကြီး။

http://www.dhammadpwnload.com



အလတ်ကျတော့ အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ သဟဇာတ အလတ် ၄-ပစ္စည်းလို့ခေါ်တယ်။ အကြီး ၄-ပစ္စည်း၊ အလတ် ၄-ပစ္စည်း၊ ၈-ပစ္စည်းရှိသွားပြီ၊ ပြီးတော့မှ သဟဇာတအငယ်က ၇-ပစ္စည်း၊ အတိုချုပ်ဆိုရင် ဟေ၊ ဓိ၊ ကံ၊ ဟာ၊ ဣုံ၊ ဈာ၊ မဂ်၊ ဟေ ဆိုတာက ဟေတုပစ္စည်း၊ ဓိ-ဆိုတာ အဓိပတိပစ္စည်း၊ ကံ-ဆိုတာ ကမ္မပစ္စည်း၊ ဟာ-ဆိုတာ အာဟာရပစ္စည်း၊ ဣုံ-က ဣန္ဒြိယပစ္စည်း၊ ဈာ-က ဈာနပစ္စည်း၊ မဂ်က မဂ္ဂပစ္စည်း၊ အဲဒါတွေက နည်းလို့မို့ သဟဇာတအငယ်ပစ္စည်း၊ ၇-ပစ္စည်း၊ အေး၊ ပစ္စည်းနဲ့ ပစ္စယုပ္ပန် အတူဖြစ်တဲ့ ပစ္စည်းက ၁၅-ပစ္စည်း၊ အကြီး ၄-ပစ္စည်း၊ အလတ် ၄-ပစ္စည်း၊ အငယ် ၇-ပစ္စည်း၊ အဲဒီ ပစ္စည်း တရားတွေနဲ့လိုမို့၊ ဥပမာအားဖြင့် ဟေတုဆိုရင် ပစ္စည်းက ၆-ခုပဲရှိတယ်။

လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ-နည်းတယ် မဟုတ်လား၊ နည်းလို့ သဟဇာတအငယ်လို့ခေါ်တယ်။ အဓိပတိဆိုရင်လဲ ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာ ဓိပတိ၊ ဝီမံသာဓိပတိ ၄-ခုထဲ၊ ကံ-ဆိုရင် စေတနာတစ်ခုထဲပဲ၊ စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတနာဟာ ကမ္မပစ္စည်း၊ အဲဒီတော့ သူက တရားသဘောလေးက ၁-ခုထဲ၊ နည်းလို့ သူ့ကို သဟဇာတအငယ်၊ ဟာ-ကျလဲ ကာဗဠီကာရ အာဟာရ၊ ဒါဆို ပစ္စည်း၊ ပြီးတော့ ဖဿ, စေတနာ, ဝိညာဏ်၊ ဒီ ၃-ခုက နာမ်အာဟာရ ၃-ပါး၊ နည်းတယ်၊ နည်းတဲ့ အတွက် သဟဇာတအငယ်။

ဣုံ-ကျတော့ ဝတ္ထုပုရေဇာတိန္ဒြိယ၊ သူလဲနည်းတာပဲ၊ မျက်စိ နား နှာခေါင်း လျှာ ကိုယ် ၅-ခု၊ ပြီး ရူပဇီဝိတိန္ဒြိယံ သူလဲ ၁-ခုပဲ၊ ပြီးတော့မှ

http://www.dhammadpwnload.com



နာမ်က္ခန္ဓတရားကိုယ် ၈-ပါး၊ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ သူလဲနည်းတယ်၊ အဲဒါကြောင့် သဟဇာတအငယ်၊

ဈာ-ကျတော့၊ ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ ၅-ခုထဲပဲ၊ နည်းတာပဲ၊

မဂ္ဂ-ကျတော့ မဂ္ဂင်တရားကိုယ် ၉-ပါး၊ ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, ဒိဋ္ဌိ ၉-ခု၊ အဲဒါလဲ နည်းတယ်ပေါ့၊ နည်းတဲ့အတွက် သဟဇာတအငယ်၊

အဲဒီလို သဟဇာတ အကြီး၊ အလတ်၊ အငယ်လို့ နာမည်ပေးတာ လယ်တီဆရာတော်ကြီးက ပေးတာ၊ သဟဇာတအကြီး ၄-ပစ္စည်း၊ ပြန်ရေလိုက်ပါဦး၊ သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ၊ အလတ် ၄-ပစ္စည်းက အညမည ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ၊ အငယ် ၇-ပစ္စည်း၊ ဟေ၊ ဓိ၊ ကံ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်။ ဟေတု၊ အဓိပတိ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဒါကို သဟဇာတ အငယ် ၇-ပစ္စည်း၊ ပေါင်းလိုက်တော့ သဟဇာတ ၁၅-ပစ္စည်း၊ တိုတိုရေပါဆိုရင် အကြီး ၄-ပစ္စည်း၊ အလတ် ၄-ပစ္စည်း၊ အငယ် ၇-ပစ္စည်း ဆရာတော်ကြီးက အဲသလို ခွဲထားတယ်နော်။

ပဋ္ဌာန်း ၂၄-ပစ္စည်းရှိပေမယ့်လို့ အကျဉ်းချုံးလိုက်ရင် ၄-ပစ္စည်းပဲ ရှိတယ်။ အာရမ္မဏူပ နိဿယကမ္မတ္ထိတဲ့၊ အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ၊ ၂၄-ပစ္စည်းကို များတယ်၊ အကျဉ်းချုံးပြစမ်းပါလို့ဆိုရင် ၄-ပစ္စည်းပဲ ရှိတယ်။ ဘာတဲ့ အာရမ္မဏ ဥပနိဿယ ကမ္မ အတ္ထိ။

http://www.dhammadpwnload.com



အခုအတ္တိဆိုတော့ သဟဇာတတ္တိ၊ ၁၅-ပစ္စည်းပါသွားတာပေါ့၊ မနေ့က ပြောခဲ့တဲ့ အတိုင်း၊ အတ္တိဆိုတာ ရှိ၊ ဘယ်လို ရှိတာတုန်း၊ ဥဒယဗ္ဗယအနေနဲ့ ရှိတာ၊ ဥဒယဆိုတာ ဖြစ်ခြင်း၊ ဝယ-ဆိုတာပျက်ခြင်း၊ ဖြစ်ခြင်း၊ ပျက်ခြင်းရှိတဲ့ တရားကို အတ္တိတရား၊ နိဗ္ဗာန်မပါဘူး၊ စိတ် စေတသိက် ရုပ် ဒီ ၃-ခုကို အတ္တိပစ္စည်း ခေါ်တယ်၊ အတ္တိပစ္စည်းမှာ နိဗ္ဗာန်မပါလို့ တချို့က နိဗ္ဗာန်မရှိဘူးလို့ ပြောကြတယ်။ ဟုတ်ကဲ့လား၊ မဟုတ်ဘူး၊ နိဗ္ဗာန်က ရှိတာပေါ့။ ရှိပေမယ့် မတူဘူး၊ အတ္တိပစ္စည်းထဲပါတဲ့ စိတ်စေတသိက်ရုပ်၊ သူတို့က ဖြစ်ပြီးပျက်သွားတဲ့ အနေနဲ့ ရှိတာ။ နိဗ္ဗာန်က မဖြစ်မပျက်ဘဲရှိတာ၊ အဲသလိုကွာတယ်။

နိဗ္ဗာန်ပြောဖို့ သိပ်မလွယ်ဘူး၊ မစိုးရိမ်ဆရာတော်ကြီး ပြောတာ ဘယ်လိုတဲ့၊ သူ ဘုရား ဖြစ်တဲ့အခါကျတော့ လာမေးပါကွာ၊ သူ့ဒကာကို ပြောလိုက်တာ၊ မင်းလဲ နိဗ္ဗာန်မမြင်သေးဘူး၊ ငါလဲ မမြင်သေးဘူး၊ မမြင်တဲ့သူ အချင်းချင်း ပြောနေလို့ မဖြစ်သေးဘူးကွာ၊ ငါ ဘုရားဆု ပန်ထားတာ။ ငါဘုရားဖြစ်တဲ့အခါကျတော့ လာမေးပါ၊ ဘုန်းဘုန်းက အဲလိုမပြောပါဘူး။ ဘုန်းဘုန်းက ရှိဆိုတဲ့ ဥစ္စာ ၂-မျိုး၊ ရှိပုံက စိတ်စေတသိက် ရုပ် ပရမတ္ထတရား ၃-ပါးရဲ့ ရှိပုံက ဖြစ်ပျက်ပြီးတော့ရှိတာ၊ နိဗ္ဗာန်က မဖြစ်မပျက်ဘဲရှိတာ၊ နိဗ္ဗာန်က မဖြစ်မပျက်ဆိုတော့ ခက်နေတာပေါ့၊ တစ်ခါမှလဲ မမြင်ဖူးဘူး၊ အိပ်မက်ထဲတောင် မြင်ဖူးတာ မဟုတ်ဘူး၊ သံသရာတစ်လျှောက်လုံး အပြောရ အဆိုရခက်ပါတယ်၊ အဲဒီတော့ နိဗ္ဗာန်မြင်အောင် ဘယ်လို လုပ်ရမတုန်းဆိုတော့ မြတ်စွာဘုရားက ဖြစ်ပျက်ရှုတဲ့။

ဖြစ်ပျက်မြင်လာမှ အော် မဖြစ်မပျက်တာ နိဗ္ဗာန်ကိုးလို့ သဘောပေါက်လာတာ၊ နောက်ပိုင်းကျ သဘောပေါက်ရုံမကဘူး၊ တရားသဘောက တွန်းတဲ့

http://www.dhammadpwnload.com



သဘောရှိတယ်။ သံလိုက်တွန်းတဲ့ သံလိုက်ဆွဲတဲ့ သံလိုက် ၂-မျိုးရှိတယ် မဟုတ်လား၊ တရားသဘော။ မဂ္ဂပစ္စည်း၊ ဝိပဿနာတွေက တွန်းတဲ့သဘော ဘယ်လိုတွန်းတဲ့ သဘောရှိလဲဆိုရင် နိဗ္ဗာန်ဘက် တွန်းပေးတာ။ အားလဲကောင်း လာရော၊ တွန်းတဲ့အခါကျတော့ နိဗ္ဗာန်ဘက်ကျသွားတာ၊ ဖြစ်ပျက်တဲ့ အာရုံကနေ မဖြစ်မပျက်တဲ့ အာရုံဘက်ကျသွားတာ၊ အဲဒါတရားထူးတယ်၊ တရားကူးတယ် ခေါ်တယ်၊ ဖြစ်ပျက်အာရုံကနေ မဖြစ်မပျက်တဲ့အာရုံဘက် ကူးသွားတာ၊ ကူးသွားအောင် ဘယ်သူမှ မတတ်နိုင်ဘူး၊ ဖြစ်ပျက်ပဲ ရှုလို့ ဘုရားက ဟောရတာ၊ ဘုရားက ရောက်စေလို့ ဖြစ်ပါသလား၊ ဘုရားလဲ မတတ်နိုင်ဘူး၊ မြတ်စွာဘုရားက စေပိုင်တဲ့အလုပ်လုပ်တာ မဟုတ်ဘူး၊ လမ်းကိုသာ ညွှန်ပြလိုက်တာ၊ မဂ္ဂပစ္စည်း၊ သောတာပတ္တိ၊ သောတ-ဆိုတာ အလျဉ်ကြောကြီး၊ ရေအလျဉ်ကြောကြီးတွေ ရှိတယ်မဟုတ်လား၊ ရေကြောတွေ မြေကြောတွေ၊ မြစ်ထဲရှိတဲ့ ရေက ပင်လယ်ဘက် စီးသွားတော့ ရေကြောကြီး မဟုတ်လား၊ စီးနေတဲ့ရေကြောကြီးထဲ ရောက်သွားရင် ပင်လယ်ဘက် ရောက်သွားတာ။

ဒီကလဲ ဖြစ်ပျက်ရှုနေတဲ့ ဝိပဿနာကလဲ နိဗ္ဗာန်ဘက်သွားနေတဲ့ အကြောကြီး၊ အဲဒီ သောတဆိုတဲ့ ဝိပဿနာရေအလျဉ်ကြောကြီးထဲ ရောက်သွားပြီဆိုရင် နိဗ္ဗာန်ရောက်တော့မှာ၊ သူက အနေးနဲ့အမြန်ပဲ၊ ဧရာဝတီ မြစ်ထဲ စီးနေတဲ့အကြောက တဖြေးဖြေး အောက်ဆင်းလာ၊ မန္တလေးက စစ်ကိုင်း၊ စစ်ကိုင်းက မြင်းခြံ၊ ပခုက္ကူ၊ ညောင်ဦး စသည်ဖြင့် နောက်ဆုံး ပင်လယ်ထဲ ရောက်တယ် မဟုတ်လား။ အေး အဲသလို တရားနာပရိသတ် တွေလဲ အခုတော့ သာမညပေါ့၊ ဖြစ်ပျက်၊ နောက် တဖြေးဖြေးကျဖြစ်ပျက်ခြင်း

http://www.dhammadpwnload.com



မတူဘူး၊ အားကောင်းလာတယ်၊ အားကောင်းလာတော့ တွန်းတဲ့အားကရှိတော့ နိဗ္ဗာန်ဘက်ကျအောင် တွန်းပေးလိုက်တယ်။

အဲသလို တွန်းပေးလိုက်တာ အာပတ္တိတဲ့၊ သောတာဆိုတာ မဂ်ဆိုတဲ့ ရေအလျဉ်ကြောကြီး၊ အာ-ဆိုတာ ပထမဦးစွာ အစောကြီး၊ ပတ္တိ-ဆိုတာ ရောက်သွားတာ၊ မဂ်ရေအလျဉ်ကြောကြီးကို အစဆုံး ရောက်သွားလို့ သောတာပတ္တိမဂ်လို့ ခေါ်တယ်နော်။ ပထမဆုံး နိဗ္ဗာန်ရောက်သွားတာပဲ၊ ပြီးတော့မှ နောက် တဖြေးဖြေးရောက်တာနော်။ အဲလောက်ဆိုရင် နိဗ္ဗာန်နဲ့ မှန်းမိလောက်ပြီ ထင်ပါရဲ့နော်။ တကယ်သိမှာက နိဗ္ဗာန်ရမှပဲ သိမှာပေါ့၊ ဒီလောက်ဆိုရင် မှန်းလို့တော့ ရပါပြီနော်၊ နိဗ္ဗာန်ကိုလဲ ဒို့ ဧကန္တရောက်မယ်၊ ဧကန္တရောက်မယ်ဆိုတာ ဒီစာတွေ သင်လိုက်တဲ့အတွက် ဘုရားနဲ့တွေ့လို့ မဂ်ဖိုလ်နိဗ္ဗာန်လဲကျလိုက်ရော ယခုသင်ထားတဲ့စာတွေက ကျေးဇူးပြုပြီး စာတွေ မသင်ဘဲနဲ့ တက်သွားတာ။

အဲဒါတွေက ပဋိသမ္ဘိဒါဉာဏ်ရတယ်လို့ခေါ်တယ်။ ဒီလို ပဋိသမ္ဘိဒါ ဉာဏ်ရအောင် ကျတော့ ပါရမီဖြည့်စဉ်တုန်းက သင်ထားရတယ်။ အဲသလို သင်တဲ့ပုဂ္ဂိုလ်မှ ရတာနော်၊ ဆရာတော်တို့ကတော့ ဧကန္တ ရမယ်လို့ တွက်ပါ တယ်။ ဥပမာအားဖြင့် ဆရာတော်တို့သိတယ်။ ဗုဒ္ဓေါပဲ ထားပါဦးတော့၊ သာမညပုဂ္ဂိုလ်သိဆိုရင် ဗုဒ္ဓေါဆိုဘုရား၊ ဆရာတော်တို့က အဲဒီလို မဟုတ်ဘူး၊ ဗုဒ္ဓေါဆိုရင် ဗုဓ-ဓါတ်၊ တ ပစ္စည်း၊ ဗုဓ ဓါတ်က သိ၊ တ ပစ္စည်းက တတ်၊ သိတတ်၊ ဗုဓ-ဓါတ်၊ သိ-ဆိုတာ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်၊ တတ်-ဆိုတာ အရဟတ္တမဂ်၊ သဗ္ဗညုတဉာဏ်ရှိတဲ့ ဘုရားဒြပ်၊ အဲလို

http://www.dhammadpwnload.com



တစ်ခုချင်းသိတယ်၊ အဲဒီလည်းပဲ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ် မရောက်မီ အောက်မဂ်၊ အောက်ဖိုလ်တွေ၊ အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ရပြီးတဲ့အခါကျ တရားသဘော အကုန်သိတဲ့ ဉာဏ်တွေ၊ နောက်နောက် ဘုရားဉာဏ်တော်တွေ အကုန်သိလာတာကိုး၊ အဲဒီလို နောက်တရားတွေက အကျိုးတရားတွေ၊ အဲသလို ဆရာတော်တို့ သဘောပေါက်ပါတယ်။ ဒီလို သဘောပေါက်တဲ့အတွက် အော် ငါနောက်ဘဝ ဘုရားနဲ့တွေ့ရင် ကေန္တ ပဋိသမ္ဘိဒါဉာဏ်ရမယ်လို့ တွက်တယ်။

အခု ပဋ္ဌာန်းလိုက်နေတဲ့ ပုဂ္ဂိုလ်တွေကလဲ ဒီလိုပဲ၊ ဘုရားနဲ့တွေ့ပြီဆိုရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရမယ်၊ အဲဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်က ကျေးဇူးပြုလိုက်တာ ပဋိသမ္ဘိဒါဉာဏ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်မှ ပဋိသမ္ဘိဒါဉာဏ်ရတာ၊ ရိုးရိုးပုထုဇဉ်တွေ မရဘူး၊ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိတို့လို ရပြီးသား၊ အရှင်အာနန္ဒာတို့ဆို သောတာပန်ပဲ၊ သောတာပန် ဖြစ်ပေမယ့် ပဋိသမ္ဘိဒါဉာဏ်ရတယ်၊ ပဋိသမ္ဘိဒါဉာဏ်မရတဲ့ ရဟန္တာတွေထက် စာတွေ ဘာတွေ တတ်တယ်၊ အေး-ဒို့ ပဋ္ဌာန်းလိုက်တဲ့ပုဂ္ဂိုလ်အားလုံး ဝမ်းသာကြ ရမယ်။ ဒို့ ကေန္တ ပဋိသမ္ဘိဒါ ဉာဏ်ရမယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်လဲ လွယ်လွယ် ကူကူရမယ်၊ အဲလိုရပြီးတော့ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန်ကို ရမယ်လို့ ယုံကြည် ပြီး ဒီနေ့ကစ နေ့တိုင်းနေ့တိုင်း ပဋ္ဌာန်းတရားကြီး ကြိုးစားရွတ်ဖတ်ပွားများ နိုင်ကြပါစေကုန်သတည်း။ ။

သာဓု သာဓု သာဓု

http://www.dhammadpwnload.com

**သာသနာတော်နှစ်(၂၅၅၃)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၇၁)ခုနှစ်၊ နယုန်လပြည့်ကျော် (၆)ရက် ခရစ်နှစ်(၂၀၀၉)ခု၊ ဇွန်လ(၁၃)ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက် မွှောရုံ၊ ယနေ့ည တရားပွဲ အလှူရှင် နှစ်ဖက်သော မိဘများ အမှူးထား၍ ဦးခင်မောင်မြင့်၊ ဒေါ်မိမိခိုင်၊ သမီး- မဝတ်ရည်ဦး၊ သား- မောင်စွမ်းထက်နိုင်၊ အမှတ်(၅)အောင်ချမ်းသာ(၃)လမ်း၊ အောင်ချမ်းသာ ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**

ဘုန်းဘုန်းတို့ ဒီနေ့ ၉-ရက်ရှိပါပြီ၊ ဒီနေ့ အပြီးသတ်ရင်လည်း ရပါပြီ။ မနက်ဖြန်ကျမှ အပြီးသတ်မှာပေါ့၊ ကြေငြာထားတဲ့အတိုင်း မနက်ဖြန်ကျတော့ မေးချင်တဲ့ပုဂ္ဂိုလ်များ ကလည်း စာရွက်ကလေးနဲ့ ရေးမှတ်ပြီး မေးတာပေါ့။ ဆရာတော်ဖြေပေးပါ့မယ်။

ဒီနေ့ ကျန်တာကတော့ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ ဟုတ်တယ်မလား၊ နတ္ထိ မရှိတာ မရှိတဲ့တရား၊ မရှိတဲ့တရားကလည်း ကျေးဇူးပြုတယ် ပေါ့နော်။ ဝိဂတပစ္စယော ကင်းသွားတဲ့ တရားကလည်း ကျေးဇူးပြုတယ်၊

http://www.dhammadpwnload.com



တကယ်ကျတော့ မရှိတာနဲ့ ကင်းပျောက်သွားတာ အတူတူပါပဲနော်။ နတ်တွေ၊ ဗြဟ္မာတွေက နတ္ထိပစ္စယေန ပစ္စယောလို့ ဟောမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရကြတယ်နော်၊ တချို့နတ်တွေ၊ ဗြဟ္မာတွေကြတော့ ဝိဂတပစ္စယော၊ ဝိဂတပစ္စယေန ပစ္စယော အဲလိုဟောလိုက်မှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရတယ်၊ ဆန္ဒအားလျော်စွာ အားလုံးမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရပါစေဆိုတဲ့သဘောနဲ့ မြတ်စွာဘုရားက ဒါ ပရိယာယ်အားဖြင့် ပုဂ္ဂလဇ္ဈာသယ၊ ဝေနေယျဇ္ဈာသယအရ ပုဂ္ဂိုလ်တို့ရဲ့ အလိုဆန္ဒအရ ဟောတာတဲ့၊ နတ္ထိပစ္စယောတိ သမနန္တရနိရုဒ္ဓါ၊ စိတ္တစေတသိကာ ဓမ္မာ၊ သူက ကတ္တား၊ အခြားမဲ့ချုပ်ပြီးသော စိတ်၊ စေတသိက်တရားတို့သည် သူက ပစ္စည်းတရား၊ စိတ္တစေတသိကာနံ ဓမ္မာနံ၊ ဖြစ်နေတဲ့စိတ်၊ စေတသိက် တရားတို့အား၊ ပစ္စည်းတရားကချုပ်ပြီးတဲ့ တရား၊ ပစ္စယုပ္ပန်တရားက အခု လောလောဆယ် ဖြစ်နေဆဲ ဖြစ်နေတုန်းတရားတို့အား၊ နတ္ထိပစ္စယေန၊ မရှိသောအကြောင်းသတ္တိဖြင့်၊ ပစ္စယော ကျေးဇူးပြုတတ်၏။

ဥပမာ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော-၇ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ဘဝင်၊ ဘဝင်၊ ဆိုကြည့်လိုက်ပါဦး။ (သံပြိုင်) အတီတဘဝင် (ပ) တဒါရုံ ၂-ကြိမ်၊ အေး အတီတဘဝင်စိတ်ကလေး ဥပါဒ်ဌီဘင်ဆိုဖြစ်ပြီးတော့ ပျက်သွားတယ်။ အဲဒီ ဖြစ်ပျက်သွားတဲ့ တရားလေးကို သမနန္တရ နိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာလို့ ခေါ်တယ်။ ဖြစ်ပြီးတော့ ချုပ်သွားတဲ့ စိတ် စေတသိက်တရားတို့သည် အတီတဘဝင်ပြီးတော့ ဘဝင်္ဂစလန ဖြစ်လာတာလို့ ဟုတ်တယ်မလား၊ အဲဒီ ဘဝင်္ဂစလနတရားတို့အား မရှိတဲ့ သတ္တိဖြင့် ကျေးဇူးပြုတယ်တဲ့၊ အေး အတီတဘဝင်က ချုပ်သွားပေမယ့်လို့ သူချုပ်သွားမှ နောက်စိတ်

http://www.dhammadpwnload.com



က ဖြစ်လို့ရတာကိုး ဘုန်းဘုန်းတို့ အဋ္ဌကထာတွေထဲမှာတော့ စကြာဝတေးမင်းကြီး နတ်ရွာစံသွားတော့ သူ့သားတော်မင်းဖြစ်တယ် မဟုတ်လား။

စကြာဝတေးမင်းကြီး နတ်ရွာစံသွားတော့ အဲဒါက သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ၊ အခြားမဲ့ ချုပ်သွားတဲ့ ပျက်သွားတဲ့ နတ်ရွာစံသွားတဲ့ တရားတို့သည် နောက်ထပ် အတီတဘဝင် ပြီးတော့ ဘဝင်္ဂစလန တရားတို့အား နတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုတယ်။ မရှိတဲ့ ပစ္စည်းဖြင့် ကျေးဇူးပြုတယ်၊ မရှိတဲ့ အနေနဲ့ ကျေးဇူးပြုတယ်။ သူက မရှိလိုက်မှ နောက်ထပ် ဘဝင်္ဂစလနက ဖြစ်လို့ရတာကိုး၊ စကြာဝတေးမင်းကြီး ရှိနေရင် သူ့သားတော်မင်းဖြစ်နိုင်ပါ့မလား။ စကြာဝတေးမင်းကြီး နတ်ရွာစံသွားတော့ ချုပ်သွားမှ အဲဒီ စကြာဝတေးမင်းကြီးက မရှိတဲ့အနေဖြင့် သူ့သားတော်အား ကျေးဇူးပြုတယ်။ ဥပမာကတော့ ရုပ်တရားကြီးတွေပေါ့။ ဥပမေယျကတော့ နာမ်တရားတွေ၊ ဘဝင်္ဂစလန ဖြစ်ပျက်သွားတဲ့အခါကျတော့လည်း၊ ဘဝင်္ဂစလနပြီးတော့ ဘဝင်္ဂုပစ္ဆေဒဆိုတာဖြစ် ဘဝင်္ဂစလနသည် ပစ္စည်းချုပ်သွားလို့၊ ပြီးတော့ ဘဝင်္ဂုပစ္ဆေဒသည် ပစ္စယုပ္ပန်၊ ဘဝင်္ဂုပစ္ဆေဒ ပြီးတော့ ဘယ်သူဖြစ်တုန်း၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ချုပ်ပျက်သွားတဲ့ ဘဝင်္ဂုပစ္ဆေဒသည် နတ္ထိပစ္စည်း၊ ပဉ္စဒွါရာဝဇ္ဇန်းသည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်။

နောက် ပဉ္စဒွါရာဝဇ္ဇန်းသည် ချုပ်သွားပြန်တော့ သူက ဥပါဒ်ဋ္ဌီဘင် ဆို ချုပ်ပျက်သွား၊ အဲဒီချုပ်ပျက်သွားတဲ့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် နတ္ထိပစ္စည်း၊ ဘယ်သူက ပစ္စယုပ္ပန်တုန်း၊ စက္ခုဝိညာဏ်သည် ပစ္စယုပ္ပန်၊ စက္ခုဝိညာဏ် ကလည်း ဥပါဒ်ဋ္ဌီဘင်ဆိုပျက်သွားတယ်။ အဲဒီ ပျက်သွားချုပ်သွားတဲ့ စက္ခုဝိညာဏ်စိတ်သည် နတ္ထိပစ္စည်း၊ စက္ခုဝိညာဏ်ပြီးတော့ ဘာစိတ်ဖြစ်တုန်း၊

http://www.dhammadpwnload.com



သမ္ပဋိစ္ဆိုင်း၊ သမ္ပဋိစ္ဆိုင်းသည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ သမ္ပဋိစ္ဆိုင်းသည် နတ္ထိပစ္စည်း၊ သူကလည်း ချုပ်ပျက်သွားတယ်၊ သမ္ပဋိစ္ဆိုင်းပြီးတော့ ဘာစိတ်ဖြစ်မှာတုန်း၊ သန္တီရဏ၊ ဖြစ်ပေါ်လာတဲ့ သန္တီရဏသည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ သန္တီရဏစိတ်ကလည်း ဥပါဒ် ဋ္ဌီဘင် ဆို ဖြစ်ပြီးချုပ်ပျက်သွား၊ အဲဒီ ချုပ်ပျက်သွားတဲ့ သန္တီရဏစိတ်သည် နတ္ထိပစ္စည်း သန္တီရဏပြီးတော့ ဘာလာတုန်း။ ဝုဋ္ဌော၊ ဝုဋ္ဌောဆိုတဲ့စိတ်ကလေးသည် ဖြစ်လာတယ်။ အဲဒီ ဖြစ်လာတဲ့ ဝုဋ္ဌောစိတ်သည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ ဝုဋ္ဌောစိတ်ကလည်း တစ်ခါ ဥပါဒ်ဋ္ဌီဘင်ဆို ဖြစ်ပျက်သွား၊ အဲဒီ ချုပ်ပျက်သွားတဲ့ ဝုဋ္ဌောစိတ်သည် နတ္ထိပစ္စည်း၊ ဘယ်သူက ပစ္စယုပ္ပန်တုန်း၊ ပဌမဇော၊ ဇော ခုနစ်ကြိမ်ရှိပေမယ်လို့ ခုနစ်ကြိမ်လုံး ပစ္စယုပ္ပန်မဟုတ်ဘူး။ သူက သူနဲ့ ကပ်ရက်တင် ကျေးဇူးပြုတာနော်။ သူနဲ့ကပ်ရက်က ဘယ်သူတုန်း၊ ပဌမဇော၊ ပဌမဇောစိတ်သည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ ပဌမဇောစိတ်သည် နတ္ထိပစ္စည်း၊ ဘယ်သူက ပစ္စယုပ္ပန်တုန်း၊ ဒုတိယဇောသည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်။

ဆိုလိုက်စမ်းပါဦး(သံပြိုင်) ဒုတိယဇောသည် နတ္ထိပစ္စည်း၊ တတိယဇောသည် နတ္ထိ ပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ တတိယဇောသည် နတ္ထိပစ္စည်း၊ စတုတ္ထဇောသည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ စတုတ္ထဇောသည် နတ္ထိပစ္စည်း၊ ပဉ္စမဇောသည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ ပဉ္စမဇောသည် နတ္ထိပစ္စည်း၊ ဆဋ္ဌမဇောသည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ ဆဋ္ဌဇောသည် နတ္ထိပစ္စည်း၊ သတ္တမဇောသည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ သတ္တမဇောသည် ပစ္စည်း။ ပဌမတဒါရုံသည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ ပဌမတဒါရုံသည် နတ္ထိပစ္စည်း၊ ဒုတိယတဒါရုံသည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ ဒုတိယတဒါရုံသည် နတ္ထိပစ္စည်း၊ ပဌမဘဝင်သည်

http://www.dhammadpwnload.com



နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ အေး ဘဝင်တွေ သိန်းသိန်းကုဋေရှိသော်လည်းပဲ ရှေးဘဝင်စိတ်သည် နတ္ထိပစ္စည်း၊ နောက်ဘဝင်စိတ်သည် နတ္ထိပစ္စည်းရဲ့ ပစ္စယုပ္ပန်၊

အဲတော့ အတိုချုပ်ကတော့ ချုပ်သွားတဲ့ ရှေးစိတ် စေတသိက်က ပစ္စည်း၊ နောက် ဖြစ်ပေါ်လာတဲ့ စိတ်စေတသိက်က ပစ္စယုပ္ပန်၊ သဘောပေါက်တယ် မဟုတ်လား၊ အေး ဖတ်လိုက်စမ်းပါ၊ နတ္ထိပစ္စယောတိ။ (သံပြိုင်) သမနန္တရနိရုဒ္ဓါ…(ပ) နတ္ထိပစ္စယေန ပစ္စယော။

အေး ရှေးစိတ်သည် ပစ္စည်း၊ ရှေးစိတ်က ချုပ်ပြီးသွားမှ ပျက်သွားတဲ့ တရားကမှ ပစ္စည်း၊ နောက်ဖြစ်ပေါ်နေဆဲ တရားက ပစ္စယုပ္ပန်၊ ပစ္စည်းတရား အတိတ်၊ ပစ္စယုပ္ပန်တရားက ပစ္စယုပ္ပန်၊ ပျက်သွားတာနဲ့ ချုပ်သွားတာ အတူတူပဲ၊ မူလဋီကာဆရာကြီးကတော့ နဲနဲလေး ကွာတယ်တဲ့၊ ဘယ်လိုလေး ကွာလဲဆိုရင် နတ္ထိမရှိတာက ဥပါဒ်, ဋ္ဌီ, ဘင် ၃-ခုလုံး မရှိတာပေါ့လေ။ ဥပါဒ်လဲ မရှိဘူး၊ ဋ္ဌီလဲ မရှိဘူး၊ ဘင်လဲမရှိဘူး၊ အဲဒါ မရှိတာ၊ ကင်းတာဆိုတာ ကတော့ ဘင်လေးက ထင်ရှားတယ်တဲ့၊ ဟုတ်လား၊ ဥပါဒ် ဋ္ဌီ ဘင်မှာ ဘင်က ထင်ရှားတယ်၊ အဲလို မူလဋီကာဆရာကြီးက ပြောတယ်။

မြတ်စွာဘုရားဟောလိုရင်းကတော့ မဂ်ဖိုလ်နိဗ္ဗာန်ရအောင် တရားနာနေတဲ့ ဗြဟ္မာတွေမယ် တချို့က နတ္ထိပစ္စယေန ပစ္စယော ဆိုမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတယ်၊ သူတို့က အဲဒီ စကားလုံးကို သဘောပေါက်တယ်၊ တချို့နတ်တွေ ဗြဟ္မာတွေက ဝိဂတပစ္စယေန ပစ္စယော ဆိုမှ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရသတဲ့၊ အဲဒီတော့ အကုန်လုံးရအောင် မကျန်ရအောင် မြတ်စွာဘုရားက ဟောလိုက်တာပေါ့။

http://www.dhammadpwnload.com



ဝိဂတပစ္စယောတိ သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိ ကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။ ကဲ ဖတ်လိုက်စမ်းပါဦး (သံပြိုင်) ဝိဂတပစ္စယောတိ (ပ) ပစ္စယော။

မနေ့က သဟဇာတပစ္စည်း ၁၅-ပစ္စည်း ပြောခဲ့တယ်။ ဒီနေ့ အနန္တရ ၇-ပစ္စည်း ပြောပါမယ်။ အနန္တရ, သမနန္တရ နတ္ထိ ဝိဂတ၊ ဒီမှာ ၄-ခု၊ အတူတူပဲ၊ အနန္တရဆိုတာလဲ ရှေ့ချုပ်သွားတဲ့ စိတ်စေတသိက်တရားက ပစ္စည်း၊ နောက်ဖြစ်ပေါ်လာတဲ့ ဘဝင်္ဂစလန စတဲ့ နောက်ဖြစ်ဆဲ စေတသိက်တို့က ပစ္စယုပ္ပန်၊ အနန္တရ, သမနန္တရ, နတ္ထိဝိဂတ, ၄-ပစ္စည်း၊ နောက် ဥပနိဿယ အနန္တရူပနိဿယလို့ ရှိသေးတယ်။ ပဋ္ဌာဝါရကျတော့ ဟောတယ်၊ အနန္တရရဲ့ တူတဲ့ ဥပနိဿယ၊ အဲဒီတော့ ပေါင်းလိုက်ရင် အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ၊ အဲဒါ အနန္တရကြီး ၅-ပစ္စည်းလို့ခေါ်တယ်။ လယ်တီဆရာတော် ပေးထားတာနော်။ အနန္တရကို အကြီးအလတ်အငယ်လို့ ၃-မျိုး ခွဲမှာပေါ့နော်။ အနန္တရအကြီးက ၅-ပစ္စည်း၊ ဆိုလိုက်စမ်းပါ။ (သံပြိုင်) အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိဝိဂတ၊ အေး-စိတ်စေတသိက် အကုန်ပေါ့၊ သူက စိတ် ၈၉-ခု၊ စေတသိက် ၅၂-ခု၊ ဒါပေမယ်လို့ ကြားထဲတော့ မခြားရဘူး၊ ရှေ့စိတ်စေတသိက်ကပစ္စည်း၊ နောက်စိတ်စေတသိက်က ပစ္စယုပ္ပန်၊ ၅-ပစ္စည်း

အလတ်ကတော့ အာသေဝန၊ အာသေဝနကျ ဇောချည်းပဲ၊ ပထမဇော သည် အာသေဝန ပစ္စည်း၊ ဒုတိယဇောသည် အာသေဝနပစ္စည်းရဲ့ ပစ္စယုပ္ပန်။ ပေယျာလ-သွားလိုက်၊ ဆဋ္ဌ ဇောသည် အာသေဝနပစ္စည်း၊ သတ္တမဇောသည် အာသေဝနပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ သူကနည်းတယ်ပေါ့၊ စိတ်ကုန်၊ စေတသိက်ကုန် မဟုတ်တဲ့အတွက် သူ့ကို အနန္တရအလတ်ခေါ်တယ်။ ၁-ပစ္စည်း၊ ပေါင်းလိုက်

http://www.dhammadpwnload.com



ရင် ၆-ပစ္စည်း၊ အနန္တရ၊ သမနန္တရ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ၊ အဲဒါကို အနန္တရအလတ် ၆-ပစ္စည်းခေါ်တယ်။ အကြီးက ၅-ပစ္စည်း၊ အလတ်က ၆-ပစ္စည်း၊ အငယ်ကလဲ ၆-ပစ္စည်း။ အငယ်က အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ၊ ကမ္မပါတယ်။

ဝီထိလေးချပြပါဦးမယ်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ မဂ်ဇော ၁-ကြိမ်၊ ဖိုလ်ဇော ၂-ကြိမ်၊ ဘဝင်၊ ဘဝင်၊ ဆိုကြည့်စမ်းပါ။ (သံပြိုင်)။ ဘဝင်္ဂစလန (ပ) ဘဝင်၊ ဘဝင်။ အေး-မဂ်ရချင်တော့ အဲလိုဖြစ်လာတာတဲ့၊ ဘဝင်္ဂစလန၊ ဘဝင်လေး လှုပ်သွားတယ်၊ ဒိတ်ကနဲ၊ အဲလို ဖြစ်သွားတယ်။ မဂ်ရတဲ့သူတွေ ဘာတွေ မင်းတို့ ဘယ်လိုဖြစ်သွားလဲ၊ ဒိတ်ကနဲ ဖြစ်သွားတယ်တဲ့၊ အဲဒါ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ဘဝင်ပြတ်သွားတယ်၊ ပြီးတော့ မနောဒွါရာဝဇ္ဇန်းလေး ပေါ်လာတယ်။ ပြီးတော့ ပရိကံ ဥပစာ အနုလုံ၊ ပရိကံ ဆိုတာ အနိစ္စ ဒုက္ခ အနတ္တလို ရှုနေတဲ့ ပရိကံပေါ့။ ဥပစာ ဆိုတာ နီးလာပြီပေါ့၊ မဂ်ဖိုလ်ရဘို့ နီးလာပြီ။

အနုလောမဆိုတာ လျော်ကန်လာတယ်။ ပြီးတော့မှ ဂေါတြဘူ၊ ဂေါတ္တ-ဆိုတာ အနွယ်၊ ဘူ ဆိုတာ ဖြတ်လိုက်တာ။ ပုထုဇဉ်အနွယ်ကို ဖြတ်လိုက်တဲ့ စိတ်၊ ဂေါတြဘူ၊ နိဗ္ဗာန်ကို သူစမြင်လိုက်တာပဲ၊ ဘဝသံသရာ တစ်ခါမှ နိဗ္ဗာန်ကို မမြင်ဘူး၊ အိပ်မက်တောင် မမက်ဖူးတဲ့ နိဗ္ဗာန်ကို ဂေါတြဘူ စမြင်လိုက်တာ။ ဂေါတြဘူက နိဗ္ဗာန် အရင်စမြင်ပြီးမှ နိဗ္ဗာန်မြင်ပြီဟေ့လို့ အလံလေး ချိုးပြလိုက်သလိုပေါ့။ အဲဒီကျ မဂ်ဉာဏ် ပေါ်လာတယ်။ မဂ်ဉာဏ်ပြီးမှ ဖိုလ်ဇော ၂-ကြိမ်ဖြစ်တယ်။ အဲဒီမဂ်ဇောထဲမှာပါတဲ့ စေတနာ

http://www.dhammadpwnload.com



စေတသိက်လေးကပစ္စည်း၊ ပဌမဗိုလ်ဇောစိတ် စေတသိက်က ပစ္စယုပ္ပန်၊ အနန္တရကမ္မပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ ကြားထဲဘာမှ မခြားဘူး၊ မဂ်ဇောထဲပါတဲ့ စေတနာလေးက နာနာက္ခဏိက ကမ္မပစ္စည်း၊ ဖိုလ်ဇောက နာနာက္ခဏိက ကမ္မပစ္စည်းရဲ့ ပစ္စယုပ္ပန်၊ ဘာမှ မခြားတဲ့အတွက် ခုန အနန္တရ ၅-ပစ္စည်း လိုက်လိုက်လာတာ။ အနန္တရသမနန္တရ ဥပနိဿယ ကမ္မနတ္ထိ ဝိဂတ။ ၆-ပစ္စည်း၊ အဲဒါက နည်းလို့၊ ပစ္စည်းတရားက မဂ်ထဲမှာပါတဲ့ စေတနာလေး။ ပစ္စယုပ္ပန်က ပထမဖိုလ်ဇောလေး၊ ဒုတိယမပါဘူး၊ အဲလို ကြားမခြားတဲ့အတွက် အနန္တရ နာနာက္ခဏိကကမ္မ။

ဟိုတချို့စေတနာရှေ့ကျတော့ ဘုရင့်သမီးတော်လေး မုန့်ညှင်းဆီလေး လှူတာကျ ကမ္ဘာပေါင်း ၂၀ အသင်္ချေကျော်ပြီးမှ ဒီဘက်အကျိုးပေးတာ၊ အဲဒါကြောင့် နာနာက္ခဏိက ကမ္မပဲ၊ ဒါပေမယ့် မဂ်နဲ့ဖိုလ်နဲ့ကျတော့ တစ်ခါထဲ တန်းအကျိုးပေးလိုက်တာ၊ ကြားထဲ စက္ကန့်ပိုင်းလောက်တောင် မရှိတတ်ဘူးနော်၊ စက္ကန့်ရဲ့ အပုံ ၁၀၀၊ ၂၀၀ လောက်မှ တစ်ပုံလောက် ရှိမှာပေါ့။ အဲဒီလောက် မြန်မြန်လေး အကျိုးပေးလိုက်တာ။ တရားတော်ရဲ့ဂုဏ်ကျတော့ အကာလိကော၊ သင်္ချေ ၂၀ တွေ ဘာတွေ ခြားနေတာမဟုတ်ဘူး။ မဂ်ဇောပြီးလိုက်ရင် ဖိုလ်ဇော၊ တန်းရောက်လာတာ၊ စက္ကန့်ပိုင်း၊ အဲဒါ အနန္တရကမ္မပစ္စည်း၊ အဲဒီတော့ အနန္တရမျိုးသည် အားလုံးပေါင်းရင် ၇-ပစ္စည်းပေါ့၊ ဘုန်းဘုန်းရေပြအုံးမယ်။ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ၊ ဒါက အနန္တရကြီး၊ အကြီး ၅-ပစ္စည်း၊ အလတ်ကျတော့ အာသေဝနထည့်၊ အငယ်ကျတော့ ကမ္မထည့်၊ ပေါင်းလိုက်ရင် ၇-ပစ္စည်း၊ ရေပြအုံးမယ်၊ အနန္တရသမနန္တရ ဥပနိဿယ အာသေဝန ကမ္မ နတ္ထိဝိဂတ၊ အနန္တရမျိုး ၇-ပစ္စည်း၊ သဟဇာတမျိုးက

http://www.dhammadpwnload.com



၁၅-ပစ္စည်း၊ အေး အနန္တရမျိုး သဘောပေါက်မှ တရားတော်ရဲ့သဘော အကာလိကော အခါမလင့် အကျိုးပေးတတ်တယ်ဆိုတာ သဘောပေါက် မှာနော်။

အခါမလင့်ဆိုတာ တစ်စက္ကန့်မကြာဘူး၊ အေး ကြားမခြားဘဲ မဂ်က ဖိုလ်ကို တန်းအကျိုးပေးနိုင်တယ်တဲ့၊ အဲဒီ အနန္တရ နာနာက္ခဏိက ကမ္မပစ္စည်း သည် အခြား တရားတွေမှာ မရှိဘူး၊ မဂ်မှာပါတဲ့ စေတနာမှာသာ ရှိတာနော်၊ အေး-သောတာပတ္တိမဂ်မှာပါတဲ့ စေတနာက သောတာပတ္တိဖိုလ်အား အနန္တရ ကမ္မသတ္တိနဲ့ ကျေးဇူးပြုတယ်၊ ထို့အတူ သကဒါဂါမိမဂ်မှာပါတဲ့ စေတနာက သကဒါဂါမိပထမဖိုလ်အား နာနာက္ခဏိကကမ္မသတ္တိနဲ့ ကျေးဇူးပြုတယ်။ အနာဂါမိမဂ်မှာပါတဲ့ စေတနာက အနာဂါမိပထမဖိုလ်အား နာနာက္ခဏိက ကမ္မသတ္တိနဲ့ ကျေးဇူးပြုတယ်။ အရဟတ္တမဂ်ထဲပါတဲ့ စေတနာက အရဟတ္တ ဖိုလ်အား နာနာက္ခဏိက ကမ္မသတ္တိနဲ့ ကျေးဇူးပြုတယ်။

မဂ် ၄-ပါးမှာပါတဲ့ စေတနာကပစ္စည်း၊ ဖိုလ် ၄-ပါးမှာပါတဲ့ စိတ်စေတသိက်တရားက ပစ္စယုပ္ပန်၊ ရှေ့ပစ္စည်းတရားက နောက်ပစ္စယုပ္ပန် တရားအား ၆-ပစ္စယသတ္တိတဲ့၊ အနန္တရ သမနန္တရ ဥပနိဿယကမ္မ နတ္ထိဝိဂတ၊ ဟုတ်ကဲ့လား၊ အကြီး၊ အလတ်၊ အငယ်၊ သဘောပေါက်တယ်နော်... (မှန်လှပါဘုရား)။ အကြီး၊ အလတ်၊ အငယ် ဆိုတော့ ဒီပြင်ဟာ သဘော ပေါက်မှာစိုးရတယ်၊ မန္တလေး ပိုးထည်ဆိုင်ထဲကို ဦးဇင်း ၃-ပါးက ဝင်သွား သတဲ့၊ ဦးဇင်းတွေလဲ ဦးဇင်းငယ်တွေဆိုတော့ သင်္ကန်းအကောင်းစားတွေ၊ ပိုးသင်္ကန်းတွေ၊ ဖဲသင်္ကန်းတွေ နေမှာပေါ့၊ ဟိုကျတော့ ဆိုင်မှာရောင်းနေတာလဲ ညီအစ်မ ၃-ယောက်တဲ့၊ သူတို့က ဦးဇင်းတွေဆီက ဘယ်လိုလုပ် ချူရမလဲလို့

http://www.dhammadpwnload.com



စဉ်းစားနေတာပေါ့လေ။

ဦးဇင်းတို့ ကြွပါဘုရား၊ ကော်ဖီလေး ဘာလေး သောက်ပါဦး ဘုရားဆိုပြီး ကော်ဖီ တိုက်တယ်၊ ဟောဒါ လှူယ်အိပ်တွေပါဘုရား၊ ဟောဒါက အကြီး၊ ဒါက အလတ်၊ ဒါက အငယ်၊ ဦးဇင်းတို့ အကြီးကြိုက်သလား၊ အလတ်ကြိုက်သလား၊ အငယ်ကြိုက်သလားဘုရား၊ ကြိုက်တာရပါတယ် ဘုရား၊ အဲ ဦးဇင်းတွေက သဘောကျ၊ ဦးဇင်းတွေ လွယ်အိပ်ထဲပါတဲ့ ပိုက်ဆံ တွေ ကုန်တာပဲ၊ ဟုတ်လား၊ သူတို့က အကြီး၊ အလတ်၊ အငယ်ကတစ်မျိုး၊ အခု အနန္တရ အကြီးအလတ် အငယ်က တစ်မျိုးပေါ့၊ အနန္တရအကြီးက စိတ်ကုန်၊ စေတသိက်ကုန်၊ အနန္တရအကြီးက ၅-ပစ္စည်း၊ အနန္တရသမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ၊ အဲဒီ ၅-ပစ္စည်းက ရှေ့ပစ္စည်းတရား၊ နောက် ပစ္စယုပ္ပန်တရား စိတ် ၈၉၊ စေတသိက်ဒွေပညာသ၊ အကုန်။

ဒါပေမယ့်လို့ ရဟန္တာကျတော့ ရဟန္တာတို့၏ စုတိစိတ်ကြဉ်လို့ ဆိုရတယ်။ ဘာကြောင့် ကြဉ်ရသလဲဆိုရင် ရဟန္တာများ ပရိနိဗ္ဗာန်ပြုပြီဆိုရင် နောက်ထပ် ပဋိသန္ဓေ ရှိသေးလား… (မရှိပါဘူးဘုရား)။ အေး မရှိတော့ဘူး၊ ကျန်တဲ့ ပုထုဇဉ်တွေ၊ သောတာပန်တွေ၊ သကဒါဂါမ်တွေ၊ အနာဂါမ်တွေကျ စုတိစိတ်ပြီးရင် ပဋိသန္ဓေ လာတာ၊ စုတိစိတ်သည်ပစ္စည်း၊ ပဋိသန္ဓေစိတ်သည် ပစ္စယုပ္ပန်၊ အဲလိုလာတယ်၊ ရဟန္တာကျတော့ ပရိနိဗ္ဗာန် စုတိစိတ်လဲကျလိုက်ရော နောက်ထပ် ပဋိသန္ဓေ မလာတော့ဘူး၊ ချုပ်ငြိမ်းသွားတယ်၊ အနုပ္ပါဒနိရောဓ လို့ခေါ်တယ်။ ထပ်မဖြစ်တော့ဘဲ ချုပ်ငြိမ်းသွားတာ။ အဲဒါကြောင့် ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော စိတ်တစ်ခုယုတ် ၈၀၊ စေတသိက်ဒွေးပညာသက ပစ္စည်း၊ ပစ္စယုပ္ပန်ကျတော့ ရဟန္တာတို့၏ စုတိနှင့်တကွ နောင်ဖြစ်တဲ့ စိတ်တစ်ခုယုတ်

http://www.dhammadpwnload.com



၉၀၊ စေတသိက် ဒွေးပညာသ စိတ်စေတသိက်တွေ အကုန်ဖြစ်တဲ့အတွက် အနန္တရအကြီး။

အလတ်ကျတော့ ဇောတင်၊ ဇော ၅၅-ပါးသာဖြစ်လို့ အလတ်၊ အနန္တရ အလတ်၊ အငယ်ကျတော့ မဂ်ဇော ၄-ခုမှာသာရှိတဲ့ စေတနာက ပစ္စည်း၊ စေတနာလေး ၁-လုံးထဲ၊ ပစ္စယုပ္ပန်ကလဲ ပထမဖိုလ်ဇောလေးတင်၊ ဒုတိယ ဖိုလ်ဇော စသည်မပါဘူး၊ ရှေ့မဂ်ဇော ၄-ခုမှာပါတဲ့ စေတနာက ပစ္စည်း၊ နောက် ကြားမရှိတဲ့ ဖိုလ်ဇော ၄-ခုက ပစ္စယုပ္ပန်၊ ပစ္စည်းပစ္စယုပ္ပန် နည်းတဲ့ အတွက် အနန္တရအငယ်လို့ ခေါ်တယ်။ အနန္တရ အကြီး ၅-ပစ္စည်း ပြန်ဆိုပြပါဦး။

(သံပြိုင်) အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိဝိဂတ။ အလတ် ၆-ပစ္စည်း၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ။ အငယ် ၆-ပစ္စည်း။ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ အဲဒီတော့ အနန္တရမျိုး ပြီးရောပေါ့။

အနန္တရမျိုး ၇-ပစ္စည်း၊ အနန္တရကြီး ၅-ပစ္စည်းထဲကို အာသေဝနနဲ့ ကမ္မထည့်လိုက်တာပေါ့။ ပြီးတော့မှ ပုရေဇာတ။ ပုရေဇာတ က ဝတ္ထု ပုရေဇာတ အာရမ္မဏပုရေဇာတ ၂-မျိုး။

အာရမ္မဏပုရေဇာတကျတော့ အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ၊ ၄-ပစ္စည်း ပြိုင်တယ်၊ အာရမ္မဏမျိုး၊ သူ့ကျတော့ အငယ်ထဲက သွားတယ်ပေါ့။ ဆိုစမ်းပါဦး။

(သံပြိုင်) အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ။

အေး-ပါဋ္ဌိတော်က

http://www.dhammadpwnload.com



ရူပါယတနံ စက္ခုဝိညာဏဿ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။ အဆင်း အသံ အနံ့ အရသာ အတွေ့အထိ သဘော၊ အာရုံ ၆-ပါး၊ အာရုံ ၆-ပါးပေမယ်လို့ နောက်ဓမ္မာရုံကျတော့ အကုန်မဟုတ်တတ်ဘူး။ ပစ္စုပ္ပန်နိပ္ဖန္နရုပ်၊ အခုဖြစ်ဆဲရုပ်ပေါ့၊ ရူပါရုံဆိုလဲ မနေ့ကဟာ ခု မျက်စိဖွင့်ကြည့်လိုက်စမ်းပါ။ ဖွင့်ကြည့်လိုက်၊ အခုကြည့်လို့ ရပါ့မလား...(မရပါဘူးဘုရား)။ နက်ဖြန်ဖြစ်မယ့် ရူပါရုံတွေကြည့်ရင်ကော မရဘူး၊ အတိတ်အာရုံတွေ အနာဂတ်အာရုံတွေ မျက်စိနဲ့ ကြည့်လို့မရဘူး၊ ယခုဖြစ်ဆဲဆဲ ပစ္စယုပ္ပန်အာရုံသာ ရတာနော်။ အသံလဲ ထိုနည်းတူပဲ၊ အတိတ်က ဖြစ်ခဲ့တဲ့ အသံတွေ နားထောင်လို့ မရဘူး၊ နက်ဖြန်ဖြစ်မယ့် အသံတွေလဲ ဒီနားနဲ့နားထောင်လို့ မရဘူး၊ ပစ္စုပ္ပန် အသံသာရတာ၊ ပစ္စုပ္ပန်ဆဲဆဲ၊ ယခုဖြစ်တဲ့ အသံတွေရတယ်။

ရူပါရုံသည် ပစ္စည်း၊ မြင်စိတ်သည် ပစ္စယုပ္ပန်၊ သဒ္ဒါရုံသည် အာရမ္မဏ ပစ္စည်း၊ ကြားစိတ်သည် ပစ္စယုပ္ပန်၊ အနံ့သည်ပစ္စည်း၊ နံစိတ်သည် ပစ္စယုပ္ပန်၊ အရသာသည် ပစ္စည်း၊ လျက်သိစိတ်သည် ပစ္စယုပ္ပန်၊ အတွေ့အထိသည် ပစ္စည်း၊ ထိသိစိတ်သည် ပစ္စယုပ္ပန်၊ အဆင်း အသံ၊ အနံ့ ၊အရသာ၊ အတွေ့အထိ တစ်နည်းအားဖြင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ ဖောဋ္ဌဗ္ဗာရုံသည် ရုပ်တရား၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်သိစိတ်၊ ထိသိစိတ်သည်နာမ်၊ နာမ်တရား ရုပ်တရားကွဲသွားတော့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ဒီတိုင်းနေတဲ့ခါ ကိုယ့်ဟာကိုယ် ခွဲထားရင် ရတာပဲ၊ နာမရူပ ပရိစ္ဆေဒဉာဏ်၊ သေချာပေါက်ရပြီ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ၅-ပါးက ပစ္စည်းတရား၊ အကြောင်းတရား၊ မြင်စိတ် ကြားစိတ်၊ နံစိတ်၊ လျက်သိစိတ်၊ ထိသိစိတ် ၁၀-ပါးက ပစ္စယုပ္ပန် တရား၊ အကျိုးတရား၊ အကြောင်း ၅-ပါးကြောင့် အကျိုး ၁၀-ပါးဖြစ်တယ်။

http://www.dhammadpwnload.com



အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ သိလိုက်တော့ ပစ္စယပရိဂ္ဂဟဉာဏ်၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဒီဉာဏ် ၂-ပါးရရင်ပဲ အပါယ် တံခါး ပိတ်တယ်လို့ ဆိုပါတယ်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာက ဒီဉာဏ် ၂-ပါးနဲ့ပြည့်စုံရင် စူဠသောတာပန်၊ ဂတိမြဲတယ်၊ ဂတိမြဲတယ်ဆိုတာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်မကျတော့ဘဲ လူ့ဘုံ၊ နတ်ပြည် ၆-ထပ်၊ ဒီ ၇-ဘုံပဲ ရောက်တယ်တဲ့။ အဲဒီတော့ ဒီ ၂-ခုနဲ့ပဲ တော်တော် တန်ကြေးရှိပါတယ်။ ရှိရဲ့မဟုတ်လား။ ဘုန်းဘုန်း ငယ်ဆရာတော်က ပြောတယ်။ တစ်ခုခုလုပ်ပြီးရင် မင်းဒါ သေသေချာချာမှတ်ထားဗျ။ လူတိုင်းမသိဘူး၊ တစ်ထောင်တန်တယ် ဗျာတဲ့၊ တကယ်ကျ တစ်ထောင်မက တန်ပါတယ်နော်၊ တစ်ထောင်က ဘာလုပ်လို့ ရတာမှတ်လို့၊ အခု အပါယ်တံခါးတောင် ပိတ်သွားတာနော်။

ပြီးတော့ ဒါနဲ့တင် တင်းတိမ်မနေရဘူး၊ အကြောင်းတရားကော၊ အကျိုးတရားကော၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံ ၅-ပါးအကြောင်းတရားတွေလဲ ဖြစ်ပြီး ပျက်သွားတယ်။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်စိတ်၊ ထိသိစိတ်တွေလဲ ခဏလေး အတွင်း ဖြစ်ပျက်သွားတယ်။ အနိစ္စ၊ အနိစ္စ သဘောပေါက်ရင် ဒုက္ခ အနတ္တလဲ ဆက်ပြီး သဘောပေါက်တာနော်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ၃-ချက်မှာ အနိစ္စ က လိုရင်းပဲ၊ အနိစ္စ သဘောပေါက်ရင် နိဗ္ဗာန်လမ်း ရောက်ပြီ။ ဟိုဘက်တွန်းပြီ သူက၊ အလွန်အဖိုးတန်တယ်။ အနိစ္စလေး သိလိုက်ရင် အဲဒီဝိပဿနာဉာဏ်က နိဗ္ဗာန်ဘက်ပို့တာတဲ့၊ အနေးနဲ့အမြန်ရောက်တော့မှာ၊ အဲဒါကြောင့် နိဗ္ဗာန်ရောက်အောင် ဘယ်သိမှာလဲ၊ သာမညပုဂ္ဂိုလ်တွေ နိဗ္ဗာန်ရှိမှန်းလဲ မသိဘူး၊

http://www.dhammadpwnload.com



နိဗ္ဗာန်ရောက်အောင် ဘယ်လိုလုပ်ရမှန်းလဲ မသိဘူးနော်။ ဘာသာခြားတွေ မပြောနဲ့၊ ဗုဒ္ဓဘာသာတွေတောင် တချို့ မသိဘူး၊ နိဗ္ဗာန်ရောက်အောင် ဘယ်လို လုပ်ရမယ်၊ ဘယ်ဟာ ဖောက်ချရမယ်၊ ဘယ်ဟာလိုရင်း၊ ဒါသိဖို့လိုတယ်နော်။

ရှေ့ ၂-ခုက ကျေနေရမယ်၊ ဒီဟာကနာမ်တရား၊ ဒီဟာက ရုပ်တရား၊ နာမ်တရား ရုပ်တရား၊ ရနေရမယ်၊ ဒီတရားက အကြောင်းတရား၊ ဒီတရားက အကျိုးတရား၊ ဒီတရားက ပစ္စည်းတရား၊ ဒီတရားက ပစ္စယုပ္ပန်တရား၊ အကြောင်းကြောင့် အကျိုးဖြစ်တာ၊ ဘယ်တန်ခိုး ဖန်ဆင်းရှင်ကမှ ဖန်ဆင်းလို့ ဖြစ်တာ မဟုတ်ဘူး၊ အဲဒီလို သဘောပေါက်လိုက်ရင် နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဒီဉာဏ် ၂-ပါး ရရင်တောင်မှ စူဠသောတာပန်ဖြစ်ပြီ၊ အဖိုးတန်ပြီ၊ အဲဒီလောက်နဲ့ မနေရဘူး၊ ဒီတရားတွေသည် ဖြစ်ပြီး ပျက်နေတာ၊ တစ်ခါ ပြောပြီးပြီ မဟုတ်လား၊ ဆဋ္ဌသင်္ဂါယနာခေတ်တုန်းက ရုရှားပြည် သိပ္ပံပညာရှင်အဖွဲ့က မြန်မာပြည်ကို လေယာဉ်ပျံတစ်စင်း ပို့လိုက်တယ်။ ကျုပ်တို့ ရုရှားပြည်မှာ သိပ္ပံပညာ ဘယ်လောက် ထွန်းကားတယ်ဆိုတာ လိုက်လေ့လာကြည့်ပါဆိုပြီး ဘုန်းကြီး ၅-ပါး၊ လူ ၅-ယောက်ဖိတ်တယ်၊ ဘုန်းကြီး ၅-ပါးထဲက နေရင်း ဦးကောဝိဒတို့ ခေါင်းဆောင်ပြီး ငါးပါး၊ လူထဲက တရားဝန်ကြီး ဦးချန်ထွန်း ခေါင်းဆောင်ပြီး ၅-ယောက်၊ လိုက်သွားကြတယ်။

ဟိုကျတော့ ဓါတ်ပုံတွေ၊ ဗွီဒီယိုတွေ ရိုက်တယ်၊ ထမင်းစားပွဲတွေ၊ ဟောပြောပွဲတွေ ရိုက်ရိုက်ပြတယ်၊ နောက်ရက်တွေလဲ ရိုက်ရိုက်ပြီး ညည ပြတယ်၊ အဲဒီတော့ တရားဝန်ကြီး ဦးချန်ထွန်းကပြောတယ်။ ပြမနေပါနဲ့ဗျာ၊ အဲဒါတွေ ကျုပ်တို့သိတယ်။ ခင်ဗျားတို့ထက်တောင် ကောင်းအောင် ရိုက်တတ်

http://www.dhammadpwnload.com



တယ်။ ကျုပ်တို့ဗမာလူမျိုးတွေ၊ အဲလိုပြောတော့ နေပါအုံးလေ၊ ရှေ့ဆက်ကြည့်ပါဦး၊ ဟိုကလူတွေကလည်း စိတ်မဆိုးပါဘူး ပြောတယ်တဲ့။ သူတို့က လက်ညှိုးလေး ထောင်ပြပြီး အဲဒီ လက်ညှိုးလေးကြည့်ပါဗျာ ဆိုပြီး လက်ညှိုးလေး ထောင်ပြတယ်။ ဒါ လက်ညှိုးပဲ ဘာထူးလဲဗျ၊ ရှေ့ဆက်ကြည့်ပါအုံး။

လက်ညှိုးလေးကို ပုံကြီးချဲ့လိုက်တာတဲ့၊ လက်ညှိုးလေးက တဖြေးဖြေး ကြီးကြီး၊ တုတ်တုတ်ကြီး ဖြစ်လာတာတဲ့၊ နောက်ကျတော့ လက်ညှိုးလေး ပျောက်သွားပြီ အစက်အပျောက်လေးတွေပဲရှိတော့တယ်တဲ့၊ အစက်အပြောက် လေးတွေ၊ အင်္ဂလိပ်လို ဆဲလ် ခေါ်တယ်၊ ပါဠိလို ကလာပလို့ ခေါ်တယ်။ ဆဲလ် ကလာပ်စည်းလေးတွေက ငြိမ်နေတာ တစ်ခုမှ မရှိဘူးတဲ့။ လှုပ်လှုပ် လှုပ်လှုပ်နဲ့ ဖြစ်ပျက်နေကြတာတဲ့၊ အဲလိုပဲ လက်သန်းလေးရိုက်ပြ၊ လက်ခလယ် လေး ရိုက်ပြ၊ လက်မလေးရိုက်ပြ၊ ခေါင်း၊ ခြေထောက်၊ အကုန်လုံးရိုက်ပြ၊ တစ်ခုစီရိုက်ပြီး ပုံကြီးချဲ့ပြ၊ လက်ညှိုးလေးလဲ မရှိဘူး၊ လက်ခလယ်လေးလဲ မရှိဘူး။ လက်သန်းလဲ မရှိဘူး၊ အပြောက်ကလေးတွေပဲရှိတယ်။ ဆဲလ်လေး တွေလည်း မငြိမ်ဘူး၊ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဖြစ်ပျက်နေကြတာနော်။ လူတွေလား ဆိုတော့ ခွေးတွေ၊ ဝက်တွေ၊ ကြက်တွေ၊ နွားတွေ၊ ကျွဲတွေ ပုံကြီးရိုက်ပြ၊ အပြောက်ကလေးတွေ၊ အစက်ကလေးတွေပဲ ရှိတယ်နော်။ သက်ရှိလားဆိုတော့ သက်မဲ့ဖြစ်တဲ့ စားပွဲတွေ၊ ခါတ်ဘူးတွေ၊ ကုလားထိုင်တွေ ရိုက်၊ ပုံကြီးချဲ့ပြ လိုက်ရင် သူတို့လဲ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဖြစ်ပျက်နေကြတာပဲ။ မဖြစ်မပျက်ဘဲ ငြိမ်နေတဲ့တရား ကမ္ဘာပေါ်မှာ ဘယ်နေရာမှ မရှိဘူးဗျာ။ ခင်ဗျားတို့ ဂေါတမဗုဒ္ဓ ဟောကြားတဲ့ သဗ္ဗေ သင်္ခါရာ အနိစ္စာ ဆိုတာ ကျုပ်တို့ သဘောပေါက်တယ်လို့ ပြောသတဲ့။

http://www.dhammadpwnload.com



သူတို့ကတော့ ရုပ်တရားတွေပေါ့နော်။ ဘုန်းဘုန်းတို့ကတော့ ရုပ်တရားတွေရော၊ စိတ်စေတသိက် နာမ်တရားတွေရော၊ အားလုံးသော ရုပ်နာမ်တရားတို့သည် မိနစ်မစဲ စက္ကန့် မစဲ ဖြစ်ပြီးပျက်နေကြတယ်။ အနိစ္စ၊ အဲဒါတွေက ဘေးတွေပေါ့၊ ဘေးတွေ ချဲ့လိုက်တာ၊ နောက်ပိုင်း မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင်ကျတော့ ကိုယ့်ကိုထဲကိုယ်စိုက်လိုက်ရတယ်။ တရားရှာ ကိုယ်မှာတွေ့တယ်တဲ့။ ကိုယ့်ခန္ဓာတစ်ခု၊ အားလုံးသဘောပေါက်လိုက်ပြီ ခန္ဓာကိုယ်ထဲ စိုက်ရှုလိုက်ရင် လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဖြစ်ပျက်နေတာမြင်ရင် ဟုတ်ပြီ၊ ကိုယ့်ခန္ဓာကိုယ် မြင်သလို သူများခန္ဓာကိုယ်လဲ ဒီအတိုင်းပဲ၊ သတ္တဝါဖြစ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ရုပ်နာမ်တွေ ဖြစ်ပျက်သလို သတ္တဝါမဟုတ်တဲ့ ရေမြေတောတောင်တွေလဲ ဒီတိုင်းပဲ။ ကိုယ့်ခန္ဓာကိုယ်သိရင် တစ်လောကလုံး အကုန်သိတယ်၊ အဲဒါကြောင့် ပဋ္ဌာန်းတရား ၂၄-ပစ္စည်း သင်လိုက်ရရင် ဟောဒီမြန်မာနိုင်ငံ မှာ ရှိတဲ့ ရုပ်နာမ်တွေ၊ နိုင်ငံခြားမှာရှိတဲ့ ရုပ်နာမ်တွေ၊ ဒီပြင် တစ်ကမ္ဘာလုံးမှာရှိတဲ့ ရုပ်နာမ်တွေ၊ အကြောင်းကြောင့် ဖြစ်ပျက်နေတဲ့ တရားတွေလို့ သဘောပေါက်ပါတော့။

ဒီစကြဝဠာမယ်ရှိတဲ့ ရုပ်နာမ်တွေ ဖြစ်ပျက်သလို ဟိုဘက်က စကြဝဠာတွေလဲ ဒီအတိုင်းပဲ၊ စကြဝဠာတွေက တစ်ထောင်အုပ်စုတွဲ စကြဝဠာ၊ တစ်သောင်းအုပ်စုတွဲ စကြဝဠာ၊ တစ်သန်းအုပ်စုတွဲ စကြဝဠာ၊ ကုဋေတစ်သိန်းအုပ်စုတွဲ စကြဝဠာ၊ အနန္တစကြဝဠာလို့ စကြဝဠာ ၅-မျိုးရှိတယ်။ တစ်ထောင်အုပ်စုတွဲ စကြဝဠာဆိုတာ မြေစကြဝဠာလိုပေါ့၊ စကြဝဠာ တစ်ထောင်၊ အဲဒါက သာဝကတွေရဲ့အရာ၊ သာဝကတွေအရာဆိုတာ အရှင်သာရိပုတြာတို့၊ အရှင်မောဂ္ဂလာန်တို့၊ အရှင်အနုရုဒ္ဓါတို့ တန်ခိုးနဲ့

http://www.dhammadpwnload.com



ချာန်ဝင်စားပြီးတော့ စကြဝဠာတစ်ထောင်အတွင်း ကြားစေ၊ ငါဟောတဲ့ အသံတွေ ကြားစေ၊ ငါ့ရုပ်ပုံသဏ္ဍာန်လဲ မြင်စေလို့ ဒီလို အဓိဋ္ဌာန်နဲ့ ဟောလိုက်ရင် စကြဝဠာတစ်ထောင်အတွင်းမှာရှိတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေ အားလုံး အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓါတို့ရဲ့ ရုပ်ပုံလဲမြင်ရတယ်၊ အသံလဲ ကြားရတယ်။ အဲဒါ စကြဝဠာတစ်ထောင်သည် အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန်စတဲ့ သာဝကတို့အရာတဲ့၊ ဟုတ်ပြီလား။

တစ်သောင်းဆိုတာ မင်္ဂဖိုလ်နိဗ္ဗာန်ရတဲ့ စကြဝဠာက တစ်သောင်းပဲ ရှိတယ်တဲ့၊ တစ်သောင်းပြင်ဘက်မှာရှိတဲ့ စကြဝဠာတွေက သတ္တဝါတွေကျ မင်္ဂဖိုလ်နိဗ္ဗာန် မရကြဘူးတဲ့၊ မြတ်စွာဘုရား တရားဟောတယ်၊ ဗြဟ္မာပြည် သွားဟောတယ်၊ တာဝတိံသာတက်ပြီး အဘိဓမ္မာ တရားတွေ ဟောတယ်၊ ဟောတာလဲ စကြဝဠာတစ်သောင်းက ပုဂ္ဂိုလ်တွေသာ မင်္ဂဖိုလ် ရကြတယ်။ စကြဝဠာတစ်သောင်းက လာတဲ့ နတ်တွေ ဗြဟ္မာတွေ မင်္ဂဖိုလ်ရတာ၊ မင်္ဂဖိုလ်ရတဲ့ စကြဝဠာကို ပြောပါဆိုရင် တစ်သောင်း၊

တစ်သန်းဆိုတာ ရှင်ပစ္စေကဗုဒ္ဓါများ တရားဟောလိုက်ရင် စကြဝဠာတစ်သန်း အတွင်းမှာရှိတဲ့ နတ်ဗြဟ္မာတွေအားလုံး ရှင်ပစ္စေကဗုဒ္ဓါတွေကို မြင်လဲမြင်ရတယ်၊ ဟောတဲ့ အသံကို ကြားလဲကြားရတယ်။ စကြဝဠာတစ်သန်းသည် ရှင်ပစ္စေကဗုဒ္ဓါတို့ရဲ့ အရာ။

ကုဋေတစ်သိန်းဆိုတာ မြတ်စွာဘုရားဟောလိုက်ရင် ကုဋေတစ်သိန်း ကြားရတယ်။ ဘုရားသခင်၊ ဥပမာ၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်က တရားသာ ဟောနေတာ၊ ဘုရားသခင်က ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်က ဟိုစကြဝဠာ ရောက်နေရင် ဘုရားသခင်က အဓိဋ္ဌာန်ထားတာ၊ ငါ့ရဲ့အသံကို ဘယ်စကြဝဠာ

http://www.dhammadpwnload.com



မှာရှိတဲ့ပုဂ္ဂိုလ် မြင်စေ ကြားစေဆိုရင် အဲဒီပုဂ္ဂိုလ် ကြားသွားတာ၊ စကြဝဠာ ပေါင်း ဘယ်လောက်ကြားအောင် ဟောနိုင်တုန်း။ ကုဋေတစ်သိန်း ကြားအောင် ဟောနိုင်တယ်၊ ကုဋေတစ်သိန်းမြင်အောင် ဟောနိုင်တယ်။ အဲဒါ ဘုရားအရာ။ ဒီဘက်ကျတော့လဲ ကုဋေတစ်သိန်းအုပ်စုတွဲ ၁-တွဲ။ ဟိုဘက်လဲ ကုဋေ တစ်သိန်းအုပ်စုတွဲ ၁-တွဲ၊ ဟိုဘက်လဲ ၁-တွဲ၊ ဒီလို ကုဋေတစ်သိန်းအုပ်စုတွဲ တွေ အများကြီးကို အနန္တစကြဝဠာလို့ ခေါ်တယ်။

အခု အမေရိကန်ပြည်မှာ အကြီးကြီးပေါ့။ ပေ ၂၀၀-၃၀၀ရှိတဲ့ အချင်း ကလဲ ပေ ၂၀၊ ၃၀၊ ကျယ်တဲ့ မှန်ပြောင်းကြီးတွေ ထောင်ပြီး ကြည့်တယ်။ အဲဒီလို ကုဋေတစ်သိန်း အုပ်စုပေါင်း စကြဝဠာ ၄၀၀ တွေ့သတဲ့။ တကယ်ကျ ၄၀၀ ဘယ်ကမလဲ၊ သူတို့ မှန်ပြောင်း မမှီလို့ပေါ့။ အဲလောက် အတွင်းမှာရှိတဲ့ ရုပ်တရား နာမ်တရားတွေ ၂၄-ပစ္စည်းထဲ အကုန်ဝင်တယ်။

ဒို့ အခုသင်လိုက်ရတယ်ဆိုရင်ဘဲ အနန္တစကြဝဠာမှာရှိတဲ့ အနန္တသတ္တဝါ တွေ ရုပ်နာမ်ဖြစ်ပျက်နေပုံ၊ ကုဋေတစ်သိန်းအုပ်စုတွဲ၊ တစ်သန်းအုပ်စုတွဲ၊ ဗ[illegible] ဘင်းအုပ်စုတွဲ၊ တစ်ထောင်အုပ်စုတွဲ သတ္တဝါတွေ ဖြစ်ပျက်နေပုံကိုသိပြီး၊ ဒီတိုင်းဖြစ်ပျက်နေကြတာ၊ အဲဒါတွေ ဆုံးပါ့မလား၊ မဆုံးဘူး၊ ဒီအတိုင်းပဲ ဖြစ်ပျက်နေကြတာ၊ ဖြစ်လို့ပျက်လို့ မဆုံးနိုင်ဘူး၊ နိဗ္ဗာန်ကျမှ ဆုံးမှာတဲ့၊ နိဗ္ဗာန်ကျတော့ ရုပ်နာမ်တရားတွေ ပြိုင်တူချုပ်သွားတာ ဖြစ်ပျက်တွေ ချုပ်သွားတာ၊ အေး၊ နိဗ္ဗာန် ချုပ်ငြိမ်းတယ်ခေါ်တယ်။

ကဲ-တရားနာ ပရိသတ်အပေါင်း၊ ဒီလိုချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို အာရုံပြုပြီး မျက်မှောက် ပြုနိုင်ကြပါစေ။ အနုပ္ပါဒနိရောဓသဘောဖြင့် ရဟန္တာပုဂ္ဂိုလ်များလို အနုပ္ပါဒနိရောဓခေါ်တ်ဖြင့် ငြိမ်းအေးကြပါစေကုန်သတည်း။ ။

သာဓု သာဓု သာဓု

http://www.dhammadpwnload.com

သာသနာတော်နှစ်(၂၅၅၃)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၇၁)ခုနှစ်၊ နယုန်လပြည့်ကျော် (၇)ရက် ခရစ်နှစ်(၂၀၀၉)ခု၊ ဇွန်လ(၁၄)ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံ၊ ယနေ့ည တရားပွဲ အလှူရှင် ဖခင်ကြီး ဦးဘတင်၊ မိခင်ကြီး ဒေါ်ကြင်မြ၊ သား-ဗိုလ်မှူးကြီးဝမ်းမောင်(ငြိမ်း) ဇနီးဒေါ်ညွန့်ညွန့်စိန်၊ မြေး-မင်းဇာနည်၊ မောင်မြတ်နိုး မိသားတစ်စုတို့က မတည်လှူတယ်၊ အမှတ်၊ ၅၀၊ သီရိလမ်း၊ စမ်းချောင်း။

ဒီနေ့ ၂၄-ပစ္စည်းက ကုန်ပါပြီ။ အမျိုးလေး နည်းနည်းပြောအုံးမယ်ပေါ့။ အမျိုးက သဟဇာတမျိုး ၁၅-ပစ္စည်း ပြောပြီးပြီ၊ အနန္တရမျိုး ၇-ပစ္စည်း၊ ပြောပြီးပြီ၊ နောက်တစ်ခါ ဝတ္ထုပုရေဇာတမျိုး၊ ဝတ္ထုက ၆-ခု၊ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယ ဝတ္ထု၊ ဟဒယဝတ္ထု၊

http://www.dhammadpwnload.com



ဝတ္ထုရုပ်လို့ခေါ်တယ်၊ မြန်မာလိုဆိုရင်တော့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, နှလုံး။ အဲဒီရုပ်တရား ၆-ခုက ပစ္စည်း၊ အရူပဝိပါက် ၄-ခုကြဉ်စိတ် ၈၅-ခုက ပစ္စယုပ္ပန်။ တစ်ခုချင်းဆိုရင်တော့ မျက်စိကပစ္စည်း၊ မြင်စိတ် ၂-ခုက ပစ္စယုပ္ပန်၊ နားကပစ္စည်း၊ ကြားစိတ် ၂-ခုက ပစ္စယုပ္ပန်၊ နှာခေါင်းက ပစ္စည်း၊ နံစိတ် ၂-ခုက ပစ္စယုပ္ပန်၊ လျှာကပစ္စည်း၊ လျက်သိစိတ် ၂-ခုက ပစ္စယုပ္ပန်၊ ကိုယ်ကပစ္စည်း၊ ထိသိစိတ် ၂-ခုက ပစ္စယုပန်၊ ဒီအထိ ရုပ်ဝတ္ထု ၅-ခုက ပစ္စည်း၊ နာမ်က ၁၀-ခုက ပစ္စယုပ္ပန်ပေါ့။

မြင်စိတ် ၂-ခု၊ ကြားစိတ် ၂-ခု၊ နံစိတ် ၂-ခု၊ လျက်သိစိတ် ၂-ခု၊ ထိသိစိတ် ၂-ခု၊ သူတို့ ၂-ခုစီမို့လို့ ဒွေးပဉ္စဝိညာဏ် ၁၀-လို့ခေါ်တယ်။ အဲဒီ ဒွေးပဉ္စဝိညာဏ် ၁၀-က ပစ္စယုပ္ပန်၊ ရုပ်ကပစ္စည်း၊ နာမ်ကပစ္စယုပ္ပန်။

ရုပ်တရားက အရင်ဖြစ်နှင့်နေလို့ ပုရေဇာတပစ္စည်း၊ ဟဒယဝတ္ထု ကတော့ အရူပ ၄-ဘုံမှာ ရုပ်ဘာမှမရှိတဲ့အတွက် အရူပဝိပါက်စိတ်တွေက ဟဒယဝတ္ထုကို မမှီဘူး၊ မမှီဘဲနဲ့ အရူပါဝစရဘုံမှာ ဖြစ်တယ်။ ကျန်တဲ့ စိတ်တွေကတော့ ဟဒယဝတ္ထုကို မှီပြီး ဖြစ်တယ်ပေါ့နော်။ ဒီကျတော့ ပုရေဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ အဲဒါအကြီးငါးပစ္စည်း လို့ ခေါ်တယ်။ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ အဲဒါ ဝတ္ထုပုရေဇာတ နိဿယ ၅-ပစ္စည်း၊ တကယ်လို့ ဟဒယဝတ္ထုမပါဘူးဆိုရင် တော့ ဣန္ဒြိယထည့်ပြီး ၆-ပစ္စည်း၊ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ အဲဒီကျတော့ ပဉ္စဝတ္ထုလို့ ခေါ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ဒီ ၅-ခုက ပစ္စည်း။ ဒွေးပဉ္စဝိညာဏ် ၁၀-က ပစ္စယုပ္ပန်၊

http://www.dhammadpwnload.com



ပစ္စည်းတရားက ၅-ခု၊ ပစ္စယုပ္ပန်တရားက ၁၀-ခု၊ အဲဒီမှာ မျက်စိက မြင်စိတ်ကို အစိုးရတယ်။ ဒါကြောင့် ဣန္ဒြိယသတ္တိနဲ့ ကျေးဇူးပြုတယ်။ နားက ကြားစိတ်ကို၊ နှာခေါင်း က နံစိတ်ကို၊ လျှာက လျက်စိတ်ကို၊ ကိုယ်က ထိသိစိတ်ကို အစိုးရတယ်။ အဲဒီလို အစိုးရတဲ့ သဘောရှိလို့ သူ့ကို ဣန္ဒြိယ ပစ္စည်း၊ ပစ္စည်းပြိုင်စမ်းပါဆိုရင် ၆-ပစ္စည်းပြိုင်တယ်၊ ရေလိုက်စမ်းပါ၊ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ။

မျက်စိက ကြည့်လိုက်ရင်မြင်တယ်၊ မြင်တယ်ဆိုရင် မျက်စိက ၆-ပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်။ ဘုန်းဘုန်းပြောနေတဲ့ အသံတွေ ကြားတယ်။ နားက ကြားစိတ်ကို ၆-ပစ္စယ သတ္တိနဲ့ ကျေးဇူးပြုတယ်။ နှာခေါင်းက နံစိတ်ကို ၆-ပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်။ မြင်တဲ့အခါလဲ ပဋ္ဌာန်းပစ္စည်းတွေ ရတယ်။ ကြားတဲ့အခါလဲရ၊ နံတဲ့အခါလဲရ၊ စားတဲ့အခါလဲ အရသာမျိုးစုံ၊ လျက်စိတ်အား ၆-ပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်။ လျှာက ရုပ်တရား၊ လျက်သိစိတ်က နာမ်တရား၊ နာမရူပပရိစ္ဆေဒဉာဏ်၊ လျှာက အကြောင်းတရား၊ လျက်သိစိတ်က အကျိုးတရား၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ လျှာရော၊ လျက်သိစိတ်ရော၊ ခဏလေးအတွင်း စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း ပျက်သွားတဲ့အတွက် အနိစ္စ၊ ထို့အတူ ကိုယ်က ထိသိစိတ်အား ၆-ပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်။ အဲဒီ ထိသိစိတ်ကို ရှုရင်းလဲ မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပါတယ်။

ဘုရားလက်ထက် ကိုယ်တော်တွေ တရားအားထုတ်ကြ၊ တောထဲ တရားအားထုတ်တော့ ကျားက တစ်နေ့ ကိုယ်တော်တစ်ပါး တစ်ပါး ချီပြီး စားပစ်တာပေါ့၊ နောက်ပိုင်းကျတော့ ဒို့ကိုယ်တော်တွေ နည်းနည်းသွားတယ်

http://www.dhammadpwnload.com



တူတယ်၊ အန္တရာယ်တော့ ရှိပြီထင်တယ်၊ ကျားအချီခံရတဲ့ ကိုယ်တော်က ကျန်တဲ့ ကိုယ်တော်တွေ သမာဓိပျက်မှာစိုးလို့ တပည့်တော်ကို ကျားချီတယ်လို့ မအော် ဘူးတဲ့။ ကဲကွာ၊ သေရောဆိုပြီး အောင့်အီးသီးခံခဲ့တယ်။ မထေရ်ကြီးက ဥပုသ်နေ့ ဥပုသ်ပြုရင်း ဒို့သံဃာတွေ နည်းနည်းသွားတယ်လို့ ပြောတယ်တဲ့။ တစ်ခုခု အန္တရာယ်ရှိပြီ ထင်တယ်။ တကယ်လို့ အန္တရာယ်ရှိရင်အော်လိုက်၊ တုတ်တွေဘာတွေ ဆောင်ထား၊ ခြောက်လိုက်၊ တုံးတွေ ဘာတွေ ခေါက်လိုက်လို့ ပြောသတဲ့။

အဲဒီနေ့ကျ ကျားတစ်ကောင်ကလာ၊ ကိုယ်တော် ၁-ပါးကိုချီရော၊ ချီတော့ အဲဒီ ကိုယ်တော်က တပည့်တော်ကို ကျားချီပါပြီဘုရားလို့ အော်လိုက်တာပေါ့။ ဟာ ကိုယ်တော် တစ်ပါး ကျားချီလို့တဲ့ဆိုပြီး တုတ်တွေဆွဲပြီး လိုက်ကြ၊ ဟို အတော်ဝေးဝေးနေရာလေးရောက်တော့ ကျားက ချောက်ကြီး ဟိုဘက်ကမ်း ခုန်သွားလိုက်ရာ၊ ဒီဘက်က ကိုယ်တော်တွေ မလိုက်နိုင်တော့ဘူး၊ ကျားလို မခုန်နိုင်ဘဲကိုး၊ အဲဒီတော့ ငါ့ရှင်ရေ၊ တရားသာ နှလုံးသွင်းပေတော့၊ တပည့်တော်တို့ မလိုက်နိုင်တော့ဘူး၊ ချောက်ကြီးခြားနေပြီဆိုတော့ တင်ပါ့ဘုရား၊ တပည့်တော် တရားပဲ နှလုံးသွင်းပါတော့မယ်ဘုရား။ အဲ ကျားက ကိုယ်တော်ကို ပက်လက်လှန်ထား၊ ခြေဖဝါးက စ,စားသတဲ့၊ ခြေဖဝါးပြီး ခြေသလုံးစား၊ ခြေသလုံးပြီး ပေါင်၊ ပေါင်ပြီး ဗိုက်၊ အဲသလိုနဲ့ စားတာ၊ နှလုံးသားရောက်တော့ သေရော၊ မသေခင် သူ့ကို ကျားကကိုက်တော့ ကာယပသာဒရုပ် နာမှာပေါ့၊ လူဆိုရင် လုပ်ကြပါဦးနဲ့ အော်မှာပေါ့၊ သူကတော့ မအော်ဘူးတဲ့၊ ဝေဒနာတွေ အနိစ္စ အနိစ္စနဲ့ ရှုသတဲ့၊ အေး ကာယပသာဒရုပ်နဲ့

http://www.dhammadpwnload.com



ကျားရဲ့သွားတွေနဲ့ ထိခိုက်တဲ့အခါ ထိသိစိတ် ဒုက္ခဝေဒနာတွေ ပေါ်တာပေါ့။

ထိသိစိတ် ဒုက္ခဝေဒနာတွေကိုလဲ အနိစ္စ ဒုက္ခ အနတ္တလို့ ရှုတယ်။ နှလုံးသားလေး နားလဲရောက်ရော ရဟန္တာဖြစ်တယ်လို့ ဆိုပါတယ်။ ချမ်းသာတဲ့ ဖြစ်ပျက်လဲရှိ၊ ဆင်းရဲတဲ့ ဖြစ်ပျက်လဲရှိ၊ အားလုံး ဖြစ်ပျက်တရားတွေကို အနိစ္စ ဒုက္ခ အနတ္တလို့ရှု၊ ရှုရင်မဂ်ဖိုလ် နိဗ္ဗာန်ရောက်မယ်။

ကဲ-မေးထားတာလေးတွေ ဖတ်ကြည့်စမ်းပါဦး၊ အစဆုံးလေး ၁-ခုဖတ်ပါဦး။

မေး - ဘုရားတပည့်တော် ခြေတော်ဦးခိုက်၍ အောက်ဖော်ပြပါ အတိုင်း လျှောက်ထားပါတယ်-

ရဟန်းတော်များ ရွတ်ဖတ်ပူဇော်သည့် အသံမစဲ ပဋ္ဌာန်း ပါဠိတော်အကျယ်နှင့် လူပုဂ္ဂိုလ်များ ရွတ်ဖတ်သည့် ပါဠိတော် အကျဉ်း အကျိုးသက်ရောက်မှု အတိုင်းအတာ၊ ကွာခြားပုံ များကို သိလိုပါသဖြင့် ပြောကြားပေးတော်မူပါဘုရား။

ဖြေ - ဒါကတော့ အကျယ်နဲ့အကျဉ်း၊ အကျိုးတရားအနေနဲ့တော့ အတူတူပါပဲ၊ မြတ်စွာဘုရားက ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာလို့ ဒီလိုရှိတာကိုး၊ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓါတ် ၁၈-ပါး၊ အဲဒီတော့ ခန္ဓာငါးပါး၊ ငါးခုထဲဆိုတော့ မှတ်ရလွယ်တယ်ပေါ့၊ အာယတန ၁၂-ပါးဆိုတော့ နဲနဲလေး ကျယ်သွားတယ်ပေါ့။ ဉာဏ်လေးတဲ့ပုဂ္ဂိုလ်ဆို မရဘူးပေါ့။ ဓာတ် ၁၈-ပါး ဆို ပိုကျယ်သွားတယ်ပေါ့။ အဲသလို တချို့က

http://www.dhammadpwnload.com



နုန့်နှေးတဲ့ပုဂ္ဂိုလ်အတွက် ခန္ဓာ ဟောတာ၊ အလတ်စားပုဂ္ဂိုလ် ဆိုရင် အာယတန ၁၂-ပါး ဟောတာ၊ တော်တော် ဉာဏ်ထက် တဲ့ ပုဂ္ဂိုလ်ဆိုရင် ဓါတ် ၁၈-ပါးဟောတာ။ အကျဉ်း အကျယ်သာ ကွာပါတယ်။ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်က အကျယ် ပူဇော်ပေါ့။ ဉာဏ်မထက်တဲ့ ပုဂ္ဂိုလ်ကတော့ အကျဉ်းပဲ ရွတ်ဖတ်ပူဇော်၊ ဒီရွတ်ဖတ်ပူဇော်တဲ့ အခါ အဆင့် ၄-ဆင့် ရှိတာကိုး။

၁။ သူများဖတ်တာနားထောင်တဲ့ သုတဆိုတဲ့ နားကိစ္စ၊

၂။ ကိုယ့်ပါးစပ်နဲ့ကိုယ် ရွတ်ဖတ်တယ်၊ ဝစသာ ပရိစိတ၊ ဒုတိယအဆင့်

၃။ တတိယအဆင့်ကျတော့ ရုပ်နာမ်ပစ္စည်း ပစ္စယုပ္ပန် ခွဲတဲ့အဆင့်၊ မနသာ နုပေက္ခိတ၊ စိတ်နဲ့ခွဲတာ၊

၄။ နံပါတ်အဆင့်က အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ အဖြစ် အပျက်ရှုတာ၊ ဒီ ၄-ဆင့်ကို ရှုနိုင်ရင် အကျဉ်းပဲ ရွတ်ရွတ်၊ အကျယ်ပဲရွတ်ရွတ် အကျိုးပေးတူပါတယ်။ မဂ်ဖိုလ်နိဗ္ဗာန်ရပါတယ်။

ကဲ နည်းနည်းဆက်ပါဦး။

မေး - ပဋ္ဌာန်းပါဠိတော် ရွတ်ဖတ်နေတဲ့ အိမ်အနီးနားသို့ တစ္ဆေ သရဲများ မကပ်ရောက်နိုင်ဘူးလို့ သိရပါတယ်။ မှန်ပါသလား ဘုရား။

http://www.dhammadpwnload.com



ဖြေ - အဲဒါကတော့ ၂-မျိုးရှိပါတယ်။ ဘုန်းဘုန်းတို့ တစ္ဆေတွေ၊ သရဲတွေ၊ ပြိတ္တာတွေ၊ မှင်စာတွေက ဘုန်းဘုန်းရွတ်တဲ့အခါလဲ တစ်ခါတလေလာပါတယ်။ သူတို့လာတာ ဘယ်လိုလုပ်သိလဲ ဆိုရင် ခွေးတွေက စတယ်၊ ခွေးတွေအူပြီ၊ ရိုးရိုးအူတာဆိုရင် တစ်ကောင်တလေ အူတာ၊ တစ္ဆေတွေ သရဲတွေ လာပြီဆိုရင် ရှိသမျှ ခွေးတွေ ဝိုင်းအုံပြီး အကုန်အူတာ၊ အူရုံတင်မကဘူး၊ နံစော်ပြီး ပုပ်အက်လာတာ၊ အဲလိုဆိုရင် တစ္ဆေတွေ သရဲတွေ လာပြီး၊ ဘုန်းဘုန်းရွတ်တဲ့အခါ လာပါတယ်။ လာတာက သူတို့ အားကိုးလို့လာတာပါ။ ရွတ်ပြီးရင် အမျှဝေတာကိုး၊ နေ့တိုင်း အမျှဝေတာ၊ အဲလို အမျှကို သာခုခေါ်ဖို့ရာ သူတို့ လာကြတာနော်။

သာခုခေါ်ဖို့လာတာဖြစ်တဲ့အတွက် ပဋ္ဌာန်းရွတ်တဲ့ နေရာကို တစ္ဆေတွေ မလာဘူးဆိုတာ မဟုတ်ဘူး၊ လာတယ်၊ ခြောက်ဖို့၊ လှန့်ဖို့လာတာ မဟုတ်ဘူး၊ အမျှအတန်းလိုချင်လို့ သာခုခေါ်ချင်လို့လာတာ၊ အဲဒါကို ဒီနားရှိတဲ့ ပုဂ္ဂိုလ်တွေ မလာကြနဲ့လို့ မနေကြနဲ့လို့ မပြောလိုက်နဲ့ပေါ့။ သူတို့ ဝမ်းနည်းသွားမယ်။ အဲဒီတော့ လာလို့ရှိရင် ကဲ ကျွန်ုပ်ရွတ်ဖတ်တဲ့ ပဋ္ဌာန်းတရားတော် ကုသိုလ် စေတနာအဖို့ကို တစ္ဆေ သရဲ ပြိတ္တာ မှင်စာတို့အား အမျှပေးဝေပါ၏။ အားလုံးသော နတ်ဗြဟ္မာတွေအားလည်း အမျှပေးဝေပါ၏။ အားလုံးသော

http://www.dhammadpwnload.com



ပုဂ္ဂိုလ် သတ္တဝါအားလည်း အမျှပေးဝေပါ၏။ အမျှရ၍ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ အမျှဝေလိုက်ရင် တချို့ ကျွတ်တန်းဝင်သွားကြတယ်။ ကျွတ်တန်းဝင်တာ မဂ်ဖိုလ် နိဗ္ဗာန်တော့ ရတာမဟုတ်ဘူး၊ တစ္ဆေ သရဲဘဝက ကျွတ်သွား ပြီး လူ့ပြည်နတ်ပြည် ရောက်သွားမယ်ပေါ့နော်။ ထုံးအိုင်က ဦးကဝိန္ဒတို့ကို ဘုန်းဘုန်း ပြောခဲ့တာ မှတ်မိသေးတယ် မဟုတ်လား၊ ကဲ ဒီမယ် တရားဟောနေတယ်ဆိုရင် တစ္ဆေတွေ သရဲတွေ မြင်ရတယ်။ အချို့ ပျောက်ပျောက်သွားတယ်၊ အဲဒီ ကိုယ်တော်ကြီးက ဟိုဘက် တစ္ဆေကြီးတော့ ပျောက်သွားပြီ၊ အဲဒါ ကျွတ်သွားတာ၊ အဲလို ပြောပေးတယ်တဲ့၊ အဲဒါကြောင့် ပဋ္ဌာန်းရွတ်တဲ့နေရာကို တစ္ဆေတွေ သရဲတွေ လာကြတယ်။ လာတာ အားကိုးလို့ အမျှအတန်းလိုလို့လာတာ။ ကြောက်စရာ မဟုတ်ဘူး၊ ခြောက်လှန့်ဖို့ လာတာလဲ မဟုတ်ဘူး။

မေး - ပဋ္ဌာန်းပါဠိတော်ရွတ်ဖတ်ပြီး အိမ်ခြံဝင်းအတွင်း စည်းချကြ ပါတယ်။ စည်းချရင် လုံခြုံမှုရှိတယ်လို့ ယုံကြည်ကြပါတယ်။ မှန်ပါသလား။

ဖြေ - ဟေတုပစ္စယောဆိုရင် အရှေ့မြောက်ထောင့်၊ တနင်္ဂနွေ၊ အာရမ္မဏပစ္စယောဆို အရှေ့အရပ်၊ တနင်္လာ၊ အဓိပတိပစ္စယော ဆိုရင် အင်္ဂါ၊ အနန္တရပစ္စယောဆိုရင် ဗုဒ္ဓဟူး၊ ဒီလို လှည့်ပြီး ရွတ်လိုက်တယ်။ ၂၄-ပစ္စည်းဆိုတော့ ၈×၃ လီ ၃-ထပ်ဖြစ်

http://www.dhammadpwnload.com



သွားတာပေါ့နော်။ အဲဒါ ၂၄-ပစ္စည်းနဲ့ စည်းချတယ်ခေါ်တယ်။ အဲလို စည်းချတာက တဏှေသရဲတွေသာမက ကျန်တဲ့ ဘေးဥပါဒ်အန္တရာယ်တွေ မကပ်နိုင်အောင် စည်းချတာ၊ ကောင်းပါတယ်။ အဲလိုစည်းချတဲ့အတွက် တဏှေသရဲတွင်သာမက ကျန်တဲ့ ဘေးဥပါဒ်အန္တရာယ်တွေလဲ ကင်းပါတယ်။ ဘုန်းဘုန်းတို့ မန္တလေး ဗန်းမော်ကျောင်းတိုက်နားက ဒကာကြီး ၁-ယောက်၊ အဲဒီလိုပဲ ရွတ်ဖတ်တယ်၊ စည်းချတယ်၊ လှည်းကြီးအောက် အိပ်နေတာ သူက နွေရာသီ ပူလွန်းလို့ အိမ်ထဲမအိပ်ဘူး၊ ဓားပြတွေလာပြီးတိုက်၊ အိမ်မှာရှိတဲ့ လူတွေရိုက်နှက်သွား၊ ပစ္စည်းတွေယူသွား၊ အဲဒီလိုဖြစ်နေတာ၊ သူကတော့ ပဋ္ဌာန်းလေးစည်းချ၊ ပုတီးလေးစိပ်နေတာ၊ ဘဂဝါဂုဏ်တော် ပုတီးစိပ်နေတာ၊ ဘဂဝါ-ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားဆိုပြီး စိပ်နေတယ်။ ဓားပြတွေ သူ့မမြင်ဘူးတဲ့။ အဲဒါ ကိုယ်ပျောက်တဲ့အတတ်လို့ ခေါ်တယ်။ ကိုယ့်ကို တဏှေတွေ သရဲတွေ ဓားပြတွေ သူခိုးတွေ မမြင်စေချင်ဘူးဆိုရင် အဲဒီလို ၂၄-ပစ္စည်း စည်းချပြီး ဘဂဝါဂုဏ်တော် ပုတီးစိပ်ရင် ကိုယ်ပျောက်တဲ့အတတ် ဖြစ်ပါတယ်နော်။ ကဲ ဆက်ပါဦး။

မေး - တစ်ရွာထဲသား ၂-ယောက် ရန်ဖြစ်ကြပြီး အိမ်အသီးအသီး ပြန်ကြတယ်၊ တစ်ယောက်က ပဋ္ဌာန်းပါဠိတော်ရွတ်ဖတ်ပါ

http://www.dhammadpwnload.com



တယ်။ တစ်ယောက်က အခဲမကြေ ၍ ဓားဆွဲပြီး လိုက်လာရာ မတွေ့၍ ပြန်ခဲ့ပါတယ်။ စိတ်ပြေသွားတဲ့အခါ မင်းဘယ်ကို သွားနေလဲ၊ ငါ မင်းကိုသတ်ဖို့ လာသေးတယ်၊ ငါ ဘယ်မှ မသွား၊ ကွပ်ပစ်မှာပဲ ထိုင်နေတယ်။ ဒါဟာ ပဋ္ဌာန်းတန်ခိုးတော် ကြောင့် မမြင်ရတာ ထင်ပါတယ်၊ ဟုတ်ပါသလားဘုရား။

ဖြေ - ဟုတ်ပါတယ်။ ခုနအတိုင်းပဲနော်၊ သူက ကိုယ်ပျောက်အတတ် ခေါ်တယ်။ ကိုယ်မပျောက်လဲ ကိုယ့်ရန်သူတွေက မမြင်တော့ ဘူးနော်။ ကိုယ်ပျောက် တယ်တဲ့၊ ကိုယ်ပျောက်တဲ့အတတ်၊ ပြီးတော့ကော။

မေး - မိမိတို့အိမ်ဂေဟာမှာ အလှူဒါန တစ်ခုခု ရည်ရွယ်ပြီး ပြုလုပ်တဲ့အခါ သင်ထား သိရှိပြီး မကျွတ်မလွတ်သေးတဲ့ မိဘဆွေမျိုး မိတ်သင်္ဂဟများ သာဓုခေါ်ဆို လို၍ အနီးအနား ရောက်လာကြတယ်။ ပဋ္ဌာန်းပါဠိတော်များ ရွတ်ထားပါက အနားမကပ်နိုင်ဘဲ မေတ္တာပို့ အမျှပေးဝေမှုကို သာဓုမခေါ် နိုင်ကြဘူးလို့ သိရပါတယ်။ အဲဒါကြောင့် ပဋ္ဌာန်းပါဠိတော် မြတ် မရွတ်ပွားဖို့လိုပါသလား။

ဖြေ - အဲဒါက တစ္ဆေတွေ သရဲတွေ မလာအောင် အဲဒီစေတနာနဲ့တော့ မရွတ်ကောင်းဘူး၊ ကိုယ့်ဟာကိုယ် မြတ်စွာဘုရားတရားကို ပူဇော်တဲ့အနေနဲ့ ရွတ်ရင် တစ္ဆေတွေ သရဲတွေ လာလဲ လာပါ တယ်။ လာပြီး အမျှဝေရင် သူတို့လဲ ရပြီး အဲဒီပုဂ္ဂိုလ်တွေ

http://www.dhammadpwnload.com



ချမ်းသာပါတယ်။ ချမ်းသာတဲ့အတွက် ပဋ္ဌာန်းပါဠိတော်ကို ကြိုးစားရွတ်ပါ။ ရွတ်တဲ့အခါလဲ တစ္ဆေတွေ သရဲတွေ မလာနိုင်စေသတည်းလို့ မဆိုရဘူး၊ တစ္ဆေတွေ၊ သရဲတွေ၊ ပဋ္ဌာန်းတရားနာလာကြပါ၊ မင်းတို့လဲ ချမ်းသာပါစေ၊ အဲလို စေတနာနဲ့ ရွတ်ရတယ်။ အဲလိုဆို သူတို့လာကြတယ်။ လာလဲ ဘာမှ အန္တရာယ် မပြုဘူး၊ အားကိုးပြီးလာကြတာနော်။ တကယ်လို့ ကိုယ်က မလာစေချင်တဲ့၊ မလာနိုင်အောင် နတ်တွေက တားပေးပါဆိုရင် ဝမ်းနည်းပက်လက်ဖြစ်ပြီး ပြန်သွားကြတာနော်။ အဲဒီတော့ မကောင်းပါဘူး၊ မင်းတို့လာကြစေ၊ မင်းတို့ တရားလာနာကြ၊ အဲဒီလို တရားနာခိုင်းရင် ကောင်းပါတယ်။ လယ်တီဆရာတော်ကြီးအကြောင်း ပြောဘူးသေးလား၊ ထပ်ပြောလိုက်ပါဦးမယ်၊ လယ်တီဆရာတော်ဆိုတာ နာမည်ကျော်ပေါ့၊ မြန်မာနိုင်ငံမှာ၊ မုံရွာ။

လယ်တီဆရာတော်ကြီးက မန္တလေးမှာ စာတွေသင်၊ သင်လို့အကုန်လုံး တတ်မြောက်ပြီဆိုတော့ မုံရွာပြန်လာတယ်။ နေ့ခင်းစာချ၊ ညကျ သင်္ချိုင်းသွား တရားအားထုတ်၊ အဲဒီလို နေတော့ တစ္ဆေတွေ သရဲတွေ လာကြတာတဲ့၊ ဆရာတော်ကြီးကို အမျိုးမျိုးခြောက်တယ်၊ လှန့်တယ်၊ အေး မင်းတို့ကလဲ ခြောက်ဖို့ လှန့်ဖို့တာဝန်ရှိ ခြောက်ပေါ့ကွာ၊ ငါကတော့ တရားအားထုတ်ရမယ့် တာဝန်ရှိလို့ တရားအားထုတ်မှာ။ အဲလိုဆိုပြီး အားထုတ်တယ်။ နောက်ပိုင်းကျတော့ ယဉ်ကျေး

http://www.dhammadpwnload.com



လာသတဲ့၊ တစ္ဆေတွေ၊ သရဲတွေက၊ တချို့က ရှိခိုးတယ်။ အေး ဟိုကောင်လိမ္မာလာပြီ ဆိုစမ်း ဗုဒ္ဓသရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆရာတော်ကြီးက ချပေး၊ တစ္ဆေတွေက လိုက်လိုက်ဆိုသတဲ့၊ အဲလိုက်ဆိုတဲ့ ကောင်တွေ မကြာခင်ပျောက်သွားတာ၊ ပျောက်ပျောက်သွား တယ် ဆိုတာ လူ့ဘုံ နတ်ဘုံရောက်ရောက်သွားဘာ၊ အဲလို နေတော့ မုံရွာနားရှိတဲ့ တစ္ဆေတွေ ကုန်သလောက်နီးနီး ကျွတ်တမ်းဝင်ကြတယ်။

နောက် ဘေးကရွာက တစ္ဆေတွေပါ ခေါ်လာကြသတဲ့၊ သူတို့ကိုလဲ ဆုံးမပါဦးဘုရားလို့ ပြောကြသတဲ့၊ ဆိုဟေ့ ဟိုအကောင်၊ ဗုဒ္ဓသရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ အဲလိုနဲ့ သိမ်မွေ့လာ၊ နောက်ပိုင်း ကျတော့ တစ္ဆေပရိသတ် အကြီးကြီး များလာတာ။ လူပရိသတ် ထက်များသတဲ့၊ ဆရာတော်ဘုရား တပည့်တော်တို့ ဆုတောင်း မလို့ဘုရား၊ ဘာဆုတောင်းမှာတုန်း မင်းတို့က၊ ငါက ပေးနိုင် အုံးမှကိုးလို့ ပြောသတဲ့၊ ပေးနိုင်ပါတယ်ဘုရား၊ ပေးပါဦး ဘုရား၊ ပြောလေကွာ၊ မင်းတို့က ဘာဆုတောင်းမှာတုန်း၊ ဆရာတော် အမဲသား မစားပါနဲ့ဘုရား၊ မစားဘူးကွာ ပေးနိုင် တယ် အဲဒီဆု၊ ဆရာတော် မစားသလို ဆရာတော်တပည့် ကိုရင်တွေ၊ ဦးဇင်းတွေ၊ ဒကာဒကာမတွေ မစားအောင် ဟောပေးပါဘုရား၊ ဟောပေးမယ်ကွာ၊ ငါတရားဟောတတ်

http://www.dhammadpwnload.com



တယ်၊ အဲ ၂-ခု ရှိပြီ၊ နောက် ဘာလိုချင်သေးတုန်း။

လပြည့်နေ့တိုင်း လပြည့်နေ့တိုင်း တပည့်တော်တို့ကို အမဲသား တစ်ပိဿာနဲ့ ဆန်တစ်စိတ်ချက်ပြီး ကျွေးပါဘုရား၊ ခွေးမသားတွေ မင်းတို့တော့ အမဲသားစား၊ ငါတို့တော့ မစားရဘူးလားကွာ၊ တပည့်တော်တို့ ငတ်လွန်း ဆာလွန်းလို့ပါဘုရား၊ ဆရာတော်မှ မကျွေးရင် မစားရဘူးဘုရား၊ ကျွေးပါဘုရားဆိုပြီး ဝိုင်းတောင်းပန်ကြတာတဲ့၊ ကဲ အဲဒါဆိုရင် ငါဦးဇင်း ၁-ပါး၊ ကိုရင် ၁-ပါး၊ ကျောင်းသား ၁-ယောက်ခန့်ထားပြီးတော့ ဥပုသ်နေ့တိုင်း ည ၈-နာရီမှာ ကျွေးမယ်၊ လာကြ၊ ဒါပေမယ့် ငါ့ဦးဇင်းတွေ ကိုရင်တွေ ဒကာ ဒကာမတွေကို မခြောက်မလှန့်ရဘူးနော်လို့ ပြောသတဲ့၊ အရှင်ဘုရား တပည့်တော်တို့ ကူညီစောင့်ရှောက်မှာပါဘုရားလို့ ပြောသတဲ့။ အေး အဲဒါနဲ့ လယ်တီဆရာတော်ကြီး အမဲသား မစားတဲ့ တရားတွေ ဟောတယ်။ အခုအထိ မုံရွာလယ်တီကျောင်းတိုက်က ဘုန်းတော်ကြီးတွေ သူ့တပည့်တပန်းတွေက လပြည့်နေ့၊ ဥပုသ်နေ့ဆိုရင် တစ္ဆေတွေကျွေးတယ်၊ တစ္ဆေတွေ လာစားကြတယ်။ မခြောက်ပါဘူး၊ ကျေးဇူးတင်လွန်းလို့နော်၊ တပည့်တော်တို့ ဆာလွန်းလို့ပါ။ သူများတွေ လွှင့်ပစ်ထားတဲ့ ထမင်းလုံးလေးတွေ၊ ဟင်းဖတ်လေးတွေ လိုက်ကောက်စားရပါတယ်ဘုရား၊ တစ်ခါတလေ သူများထွေးပစ်တဲ့ တံတွေး

http://www.dhammadpwnload.com



တွေ၊ နှပ်တွေ၊ ချွဲတွေပဲ စားနေရပါတယ်ဘုရား။ တစ်ပတ် တစ်ခါ တစ်လတစ်ခါတော့ ကျွေးပါဘုရားလို့ ဝိုင်းတောင်း ပန်ကြတယ်နော်။ ကဲ ဆိုစမ်းပါဦး။

မေး - ဆရာတော်ဘုရား၊ သတ္တဝါတစ်ဦး စုတေခါနီးအချိန်တွင် ဟာဒယဝတ္ထုသည် စုတိအား ဝတ္ထုလည်းဖြစ်၊ အာရုံလည်းဖြစ်၊ ရှေးကလဲဖြစ်၊ မှီရာလဲဖြစ်ပုံ အကြောင်း၊ထို အင်္ဂါ ၄- ပါးပြည့်စုံကြဖို့အကြောင်းကို ရှင်းလင်းဟောကြား ပေးတော် မူပါဘုရား။

ဖြေ - အဲဒါကျ ဝတ္ထာရမ္မဏလို့ ခေါ်တယ်။ ဝတ္ထာရမ္မဏဆိုတာ ဝတ္ထု၊ အာရမ္မဏ၊ ဝတ္ထုက ဟာဒယဝတ္ထု၊ အာရမ္မဏ က အာရုံ၊ ရိုးရိုးနေတဲ့အခါ ယခုလိုနေတဲ့ အခါမျိုးဆိုရင် ဟာဒယဝတ္ထု ပေါ်မယ် စိတ်တွေကမှီပြီးတော့ ဖြစ်ရုံဖြစ်တာ၊ သူ့အာရုံ မပြုဘူး၊ သေခါနီးကျတော့ ရံခါမယ် တရားနှလုံးသွင်းတတ် တဲ့ ပုဂ္ဂိုလ်ဆိုရင် သိတယ်။ ဒီလို လက်ဖျား ခြေဖျားလေး တွေက စပြီးတော့ သွေးဆုတ်လာတယ်။ သွေးဆုတ်လာရင် အေးသွားတာ၊ အေးသွားရင် တချို့ကသိတယ်။ ငါ သေတော့ မယ်။ ခြေဖျားလေးတွေ လက်ဖျားလေးတွေ ကိုင်ကြည့်လဲ အေးလို့၊ နောက်ဆုံးပိတ်ကျတော့ ဟာဒယဝတ္ထုနေရာကျတော့ ဒုတ်ဒုတ်ဒုတ် ဆို ရပ်ပြီးသေသွားတယ်။

အဲဒီအခါမယ် တရားရှုတတ်တဲ့ ပုဂ္ဂိုလ်ကျတော့

http://www.dhammadpwnload.com



အေးတာလေးကစပြီး ခြေဖျားလေးတွေ၊ လက်ဖျားလေးတွေ အေးတာကစပြီး အနိဋ္ဌ ဒုက္ခ အနတ္တ ရှုလာတာ၊ ဟဒယဝတ္ထု လဲရောက်ရော၊ ဟဒယဝတ္ထုလေးကို မှီလဲမှီတယ်၊ ရှေ့က ဇောစိတ်ကလေးက ဟဒယဝတ္ထုကို အာရုံပြုတယ်။ သူက ဝိပဿနာ ရှုရင်းသေမှာကိုး၊ ဝိပဿနာရှုနေတော့ ဒီပြင် လက်တွေ ခြေတွေ ကိုယ်တွေက အာရုံလဲ ချုပ်နေပြီ၊ အာရုံ မပြုတော့ဘူး၊ နောက်ဆုံးပိတ်ကျန်တာက ဟဒယဝတ္ထု၊ အဲဒီ ဟဒယဝတ္ထု၊ ဒုတ် ဒုတ် ဒုတ် အဲဒါလေးအာရုံပြုပြီး ဖြစ်ပျက် ရှုတယ်။ အဲလို ရှုတဲ့အခါ ဟဒယဝတ္ထုက မှီရာလဲ ဟုတ်တယ်၊ မှီရာဆိုတာ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဒီ ၅-ချက်လဲ တတ်တယ်။ သူက အာရုံလဲဖြစ်လို့ အာရမ္မဏ ပစ္စည်းလဲ တတ်တယ်။ ဝတ္ထုအာရုံဖြစ်လို့၊ ဝတ္ထုက ၅ ပစ္စည်း၊ အာရုံက ၁ ပစ္စည်း၊ ၆ ပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်တဲ့၊ သဘောပေါက်တယ်နော်။

အဲလိုဥစ္စာ၊ ဘုန်းဘုန်းတို့ ဟံသာဝတီ၊ အရင်တုန်းက ပဲခူးပေါ့၊ ဟံသ ဆိုတာ ဟင်္သာ၊ ဝတီဆိုတာ ရှိတာ၊ ဟင်္သာရုပ် လေးတွေ ပဲခူးဘုရားကြီးနားလေးမှာ တွေ့တယ်မဟုတ်လား။ ဟင်္သာဖိုက အောက်ကဝပ်လို့၊ ဟင်္သာမလေး က အပေါ်က ဝပ်လို့၊ ဒါကြောင့် ပဲခူးဆိုရင် ယောကျ်ားတွေကို မိန်းမက နိုင်တယ်။ ဟုတ်လား၊ ဘာဖြစ်လို့လဲဆိုတော့ ဟင်္သာမက

http://www.dhammadpwnload.com



အပေါ်ကနေလို့တဲ့၊ ထားကြပါစို့. ဒါ လိုရင်းမဟုတ်ပါဘူး။

အဲဒီခေတ်တုန်းက ဘုန်းတော်ကြီးတွေ အငြင်းအခုံ ဖြစ်သတဲ့၊ ဟာဒယဝတ္ထုကို မှီလဲမှီတယ်၊ အာရုံလဲပြုတယ်။ သဘောကျပါတယ်။ အဲဒါ ဒါပေမယ့် သေခါနီးမှာဖြစ်သလား၊ မသေခင် ခုလိုချိန်မှာကော ကိုယ့်ဟာဒယဝတ္ထုကို အာရုံပြုရင် ဝတ္ထာရမ္မဏ မဖြစ်ဘူးလား၊ ငြင်းခုန်ကြတယ်၊ တချို့ကလဲ မဖြစ်ဘူး၊ တချို့ကလည်းဖြစ်တယ်။ ငြင်းကြခုန်ကြ၊ နောက်ပိုင်းကျ မဏ္ဍပ်ကြီးထိုး၊ ဘုရင့်ဆီရောက်တော့ ဒါဆို နတ်တွေပင့်မယ်ဆိုပြီး အုန်းပွဲ ငှက်ပျောပွဲတွေထိုး၊ နတ်တွေပင့်၊ ပင့်ပြီးတော့ သာသနာစောင့်နတ်များ၊ မြတ်စွာဘုရားသခင် တာဝတိံသာနတ်ပြည် ပဋ္ဌာန်းတရားဟောတုန်းက မှီလိုက်တဲ့ နတ်တွေ ကြွကြပါ။ ဟောဒီမှာ အငြင်းအခုန်ဖြစ်နေပါတယ်။

သေခါနီးမှာတော့ ဟာဒယဝတ္ထုလေးက အာရုံပြုပြီး သေတယ်။ ဝတ္ထာရမ္မဏ၊ သဘောကျပါတယ်။ မသေမီ ခုလိုအချိန်ကော ဟာဒယဝတ္ထု အာရုံပြုပြီး မဖြစ်ဘူးလား၊ ခင်ဗျားတို့ မှီလိုက်ရင်ပြောပါ။ တချို့နတ်တွေက ပူးပြီး ပြောသတဲ့၊ ပဝတ္တိအခါလဲ ဖြစ်ပါတယ်တဲ့။ ဒါပေမယ့် မြန်မာနိုင်ငံ အစဉ်အဆက် ဆရာတော်များကတော့ သေခါနီး အချိန်ကျမှ ဝတ္ထာရမ္မဏ ဖြစ်တယ်လို့ ယုံကြည်ကြတယ်နော်။

မေး - ပဋ္ဌာန်းရွတ်ဖတ်ပူဇော်လျှင် မရွတ်ဖတ်မီ မေတ္တာပို့ရသည်ဟု

http://www.dhammadpwnload.com



ကြားဖူးပါသည်။ မှန်မမှန် ဖြေကြားပေးစေလိုပါသည်ဘုရား။

ဖြေ - မေတ္တာသုတ်ကတော့ မေတ္တာပို့တာ ဘယ်အချိန်အခါမဆို ကောင်းပါတယ်။ မေတ္တာဆိုတာ အဆွဲဓါတ်ရှိတယ်၊ ဒေါသတွေဆိုတာ အတွန်းဓါတ်ရှိတယ်။ တွန်းကန်ပစ်လိုက်တာ၊ မေတ္တာပို့တယ်ဆိုရင် သတ္တဝါတွေက ကိုယ့်အပေါ် ညွတ်ပြီးတော့၊ ဥပမာ မာတာ ယထာ နိယံ ပုတ္တ မာယုသာ ဧကပုတ္တ မနုရက္ခေ၊ သားလေး ၁-ယောက်ထဲရှိတဲ့ အမေက ကိုယ့်သားလေးကို ယုယုယယ ချစ်ခင်သလို သတ္တဝါတွေအပေါ် ကိုယ့်သားလေးလို ကိုယ်သမီးလေးလို မေတ္တာပွားတယ်ဆိုတော့ ဓာတ်သဘာဝတွေက ပြန်တဲ့သဘောရှိတာကိုး၊ ပြန်တဲ့သဘောရှိတော့ သူက မေတ္တာအပွားခံရတဲ့ ပုဂ္ဂိုလ်တွေဆီက မေတ္တာပြန်လာတာပေါ့။ ပြန်လာတဲ့အတွက် ကိစ္စတွေ ချောမောပါတယ်။ အဲဒါကြောင့် မေတ္တာပွားတာဟာ ပဋ္ဌာန်းမရွတ်ခင်မှ မဟုတ်ပါဘူး။ ဘယ်ကိစ္စမဆို မေတ္တာပွားရင် ကောင်းပါတယ်။ ဘုန်းဘုန်းတို့ သိပ္ပံတွေထဲမယ် ကလေး ၁-ယောက်က တောထဲသွားတယ်လေ၊ သူက 'ဟေ' လို အသံလုပ်လိုက်တယ်။ တောထဲကလဲ 'ဟေ' လို့ အသံထွက်လာတယ်။ နောက်တစ်ခါ သူက ဆဲလိုက်တာ ဆဲလိုက်လဲ ဆဲတဲ့အသံထွက်လာတာ၊ ဒီကောင်ငါ့ကို စတာ၊ တွေ့ရင် လက်သီးနဲ့ ထိုးမယ်ဆိုပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား

http://www.dhammadpwnload.com



တာတဲ့၊

လိုက်ရှာမတွေ့၊ ဒါနဲ့ သီချင်းလေး ကောက်ဆိုလိုက်တယ်။ သီချင်းသံလေး ပြန်ထွက်လာတယ်။ ဒီကောင်သက်သက် ငါ့ကိုပြောင်တာပဲ၊ တွေ့ရင် ချမယ်ကွာဆိုပြီး လိုက်ရှာ၊ မတွေ့တာနဲ့ ပြန်လာ၊ အိမ်ကို မိုးချုပ်ခါနီးမှ ရောက်တယ်၊ ရောက်တော့ သူ့အဖေက ငါ့သား မင်းဒီနေ့ တယ်မိုးချုပ်ပါလား၊ ဘယ်သွားနေတာလဲ၊ မပြောပါနဲ့တော့ အဖေရာ၊ အကောင် တစ်ယောက်က ကျွန်တော့်ကို ပြောင်ပြောင်နေတာ၊ ကျွန်တော်က 'ဟေ' လို့ လုပ်လိုက်ရင် သူက 'ဟေ'လို့ ပြန်လုပ်တယ်။ ကျွန်တော် ဆဲလိုက်ရင် သူက ဆဲ၊ ပြန်ပြန် ပြောင်နေတာ အဖေရာ။

အော် အဲဒါ လူမဟုတ်ဘူး။ လူမဟုတ်ဘာလဲ၊ သူက သီချင်းတွေလဲ ဆိုတတ်တယ်၊ အဲဒါ ပဲတင့်သံခေါ်တယ် ငါ့သားရဲ့၊ ပဲ့တင်သံဆိုတာ ဘယ်လိုလဲ အဖေရဲ၊ ပြောစမ်းပါဦး၊ မင်း ဒီဘက်က 'ဟေ' ဆိုတဲ့အသံက ဟိုဘက်တောင်ကမ်းပါးယံဆီ သွားရိုက်လိုက်တာ၊ တောင်ကမ်းပါးယံက အသံက ဒီဘက်ပြန်လာတာ၊ လူမဟုတ်ဘူး၊ အသံက ဒီလိုပြန်တဲ့ သဘော ရှိတယ်။ ဥပမာ ဘောလုံးတစ်လုံးယူ၊ ဟောလို ပေါက်လိုက်ရင် ဒီပြန်လာတာ၊ အဲဒါ ရန်းပြန်တဲ့သဘောလို့ ခေါ်တယ်။ အသံတွေက ဒီလိုသဘောရှိတယ်။ အဲဒါ ပဲ့တင်သံ၊

http://www.dhammadpwnload.com



သူက ပဲ့တင်သံ၊ ပဲ့တင်သံနဲ့ အိပ်မပျော်ဘူးတဲ့၊ စဉ်းစားနေတာ၊ စဉ်းစားနေရင်းမတ်တတ်၊ အော် ပဲ့တင်သံ၊ ဒါတွေ အသုံးချရန် ဖြစ်မယ်၊ သူ စဉ်းစားပြီး ကြံလိုက်တာနဲ့ ဒီအသံတွေကို ပြန်လာအောင် လုပ်လိုက်တော့ တိတ်ရီကော်တာတွေ ဖြစ်လာတာ။

ဒီလို အသံတွေက ပြန်တဲ့သဘောရှိတယ်။ ရုပ်ဓါတ်တွေ ပြန်တဲ့ သဘောရှိသလို ကိုယ်က မေတ္တာဓါတ်ပွား လိုက်ရင် ဘာပြန်လာမတုန်း၊ မေတ္တာဓါတ် ပြန်လာတာ၊ ကိုယ်က အော်ဆဲလိုက်မယ်ဆိုရင် ဒေါသတွေ ပြန်လာမှာ၊ ဒါကြောင့် မေတ္တာပွားတာက ပဋ္ဌာန်းရွတ်တာတင်မက အားလုံး ကိစ္စပြီးပါတယ်။ ချောပါတယ်နော်။ မေတ္တာပွားပါ၊ ကဲ ဒီလောက်ပဲ။

မေး - ဟဒယဝတ္ထုရုပ်နှင့် ပတ်သက်၍ ဘုရားရှင် ဟော၊ မဟော၊ ဝတ္ထုရုပ်၏ တည်နေရာကို သိလိုပါသည်ဘုရား။

ဖြေ - အဲဒါတွေက အငြင်းအပွားတွေရှိတယ်၊ သိပ္ပံဆရာတွေက ဟဒယဝတ္ထုကို နှလုံးသားလို့ မယုံကြည်ဘူး၊ ဦးနှောက်လို့ ယုံကြည်တယ်။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ ယံ ရူပံ၊ အကြင် ရုပ်တရားကို၊ နိဿာယ- အမှီပြု၍၊ မနောဓာတု စ၊ မနောဓါတ် ၃-ပါး ဟူသော စိတ်စေတသိက်တရားတို့သည်လည်းကောင်း၊ မနောဝိညာဏ

http://www.dhammadpwnload.com



ဓာတု ၈၊ မနောဝိညာဏဓါတ် ၇၂-ပါးတို့သည်လည်းကောင်း၊ ဝတ္ထုန္တိ-ဖြစ်ကုန်၏။ အဲဒီမယ် မြတ်စွာဘုရားက ဟဒယဝတ္ထု လို့လဲ မဟောဘူး၊ ဦးနှောက်လို့လဲ မဟောဘူး။ အကြင် ရုပ်တရားကိုစွဲ၍ မနောဓာတ်၊ မနောဝိညာဏဓါတ်တို့ ဖြစ်တယ်။ ဒီလောက်ပဲ ဟောပါတယ်နော်။

ဒါပေမယ့် အဋ္ဌကထာ ဋီကာတွေကတော့ ဟဒယ ဝတ္ထုလို့ ဖွင့်ပါတယ်။ ခုခေတ် သိပ္ပံဆရာတွေကကြတော့ ဦးနှောက်လို့ ဆိုကြပါတယ်။ ဦးနှောက်ပျက်သွားတဲ့ ပုဂ္ဂိုလ် တွေ မမှတ်မိတော့ဘူး၊ မေ့တဲ့ပုဂ္ဂိုလ်တွေ တွေ့ဖူးကြလား၊ ဘုန်းဘုန်း တစ်ခါပြောခဲ့ဘူးလား၊ မတ္တရာအနောက်ဖက်နား ဥဒိန်ဆိုတဲ့ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီမှာ ဒေါ်သာအိဆိုတာ အသက် ၉၀-ကျော် ၁၀၀ နား နီးပြီ၊ တစ်ရွာလုံးက ဒေါ်သာအိ လို့ မခေါ်ဘူး။ အမေကြီးလို့ ခေါ်ကြတယ်။

ဒေါ်သာအိက ၉၀-ကျော်ဆိုတော့ သတိတွေ ဘာတွေ နည်းနည်း မေ့ချင်ပြီပေါ့၊ မိန်းကလေး ၁-ယောက်က တောသွားမလို့ သူတို့အိမ်ရှေ့ ဖြတ်သွား၊ ဒေါ်သာအိက နေပူစာလှုံ၊ အို အမေကြီး ဒေါ်သာအိ၊ နေကောင်းရဲ့လားလို့ မိန်းခလေးက နှုတ်ဆက်တယ်။ အမယ်လေး ငါ့သမီးလေး လာစမ်းပါအုံး၊ လာစမ်းပါအုံး၊ ကျေးဇူးတင်လိုက်တာအေ၊ ဘာလို့လဲ အမေကြီး ရဲ့၊ တစ်မနက်လုံး ငါ့နာမည်မေ့နေတာ၊

http://www.dhammadpwnload.com



ညည်းခေါ်လိုက်မှပဲ အော် ငါ့နာမည် ဒေါ်သာအိကိုးလို့ သိတယ်။ အဲဒီ ဥစ္စာ သိပ္ပံဆရာတွေ မေးကြည့်တယ်။ ဘာဖြစ်လို့ ဒီလောက်တောင် မေ့ရတာလဲလို့။

ကွန်ပျူတာများမှာ မင်မိုရီဆိုတာ ရှိတယ်တဲ့။ ဥပမာ၊ ဒီကွန်ပျူတာမှာ စာလုံးပေါင်း ၁-သန်း မှတ်နိုင်တယ်ဆိုရင် ၁-သန်းပြည့်သွားရင် နောက်ထပ် သွင်းလို့ မရတော့ဘူး၊ ပြည့်သွားတယ်၊ ဒီလိုပဲ ဦးနှောက်က တချို့က ၁-သန်း၊ တချို့က ၂-သန်း၊ ၁-ယောက်နဲ့ ၁-ယောက် မတူဘူး၊ ဒီထဲမယ် မင်မိုရီ ပြည့်ပြီဆိုရင် နောက်ထပ်မှတ်လို့ မရတော့ဘူး၊ အရင်မှတ်ထား တာတွေကရတယ်။ နောက်ထပ်ပြောရင် အဲဒီဟာတွေက ပျောက်ပျောက် သွားတယ်။

ဟဒယဝတ္ထုက ဘယ်သူမဆို ကိုယ့်လက်သီးဆုပ် လောက်ရှိတဲ့ နှလုံးရဲ့ အလယ်မယ်ရှိတာ၊ ဒါပေမယ့် အလုံး လိုက်ကြီးကို ခေါ်တာမဟုတ်ဘူး။ ဒီထဲမှာပါတဲ့ စိတ် စေတသိက်တို့ရဲ့ မှီရာကသာ ဟဒယဝတ္ထု၊ အလုံးလိုက်က အဆောက်အဦခေါ်တယ်၊ မျက်လုံးလဲ ဒီမျက်လုံးကြီး ထုတ်လိုက်ရင် သံပုရာသီးလုံးလောက် ရှိမယ်ပေါ့။ အဲဒီ မျက်လုံးကြီးပေါ်မှာ မြင်စိတ်ကမှီတာ မဟုတ်ဘူး၊ မျက်လုံး ထဲမှာ အဝန်းလေး၊ အဝိုင်းလေး လက်သဲခွံလောက်လေး ရှိတယ်မဟုတ်လား၊ အဲဒီမျက်နက်ဝန်းရဲ့ အလယ်ခေါင်

http://www.dhammadpwnload.com



တည့်တည့်လောက်မှာ စက္ကူပသာဒခေါ်တဲ့ သန်းခေါင်းလောက် ရုပ်လေးရှိတယ်။ အဲဒီ ရုပ်လေးပေါ်မှာ မြင်စိတ် ဖြစ်တယ်။ မှီတယ်။ ထို့အတူ ဟဒယဝတ္ထုကလဲ လက်သီးဆုပ်လောက် ရှိတဲ့ နှလုံးသားကြီး တစ်ခုလုံး မှီတာမဟုတ်ဘူး။ သူ့အလယ် ခေါင်မှာသွေးတွေ ရှိတယ်။ အဲဒီ သွေးတွေထဲမှာ ဟဒယဝတ္ထု မှီတာ၊ ဦးနှောက်သမားဆိုရင်လဲ ဦးနှောက်ထဲမှာ ဆဲလ်လေး တွေထဲမှာ မှီတာလို့ မှတ်ပါ။

မေး - ဟေတုပစ္စယော-၌ ဟေတုနှင့် ပစ္စယတို့ ကွဲပြားပုံကို သိလိုပါသည်ဘုရား။

ဖြေ - ဟေတုကို အဋ္ဌကထာတွေက မူလလို့ ဖွင့်တယ်၊ မူလဆိုတာ အမြစ်၊ သစ်ပင် ကြီးမှာ အမြစ်ရှိတယ်မဟုတ်လား၊ အဲသလိုပဲ စိတ်စေတသိက်တွေမှာ အမြစ် ရှိတယ်၊ ဟေတု-ဆိုတာ အမြစ်ဟောတယ်၊ အမြစ်က ၆-ခု၊ လောဘအမြစ်၊ ဒေါသ အမြစ်၊ မောဟအမြစ်၊ ဒါက အကုသိုလ်အမြစ် ၃-ပါး၊ ပြီးတော့ အလောဘအမြစ်၊ အဒေါသအဖြစ်၊ အမောဟအမြစ်၊ ဒါက ကုသိုလ်အမြစ် ၃-ပါး၊ ထို့အတူ ဝိပါက်ကြိယာ အမြစ်ကလဲ ၃-ပါး၊ တူနေတော့ ၆-ခု၊ ထားလိုက်ပါစို့။

ဟေတု-က အမြစ်၊ ပစ္စယ-က အကြောင်း၊ အမြစ် ဖြစ်ပြီးတော့ အကြောင်း၊ ဥပမာ-လောဘမူစိတ်လေးဖြစ်တယ်။ လောဘနဲ့ မောဟက အမြစ် ၂-ချောင်း၊ အောက်က နေတာ၊

http://www.dhammadpwnload.com



ပြီးတော့မှ အပေါ်က လောဘမူစိတ် ၈-ခုတို့၊ စေတသိက် ၂၀တို့၊ ဖြစ်ပြီးတော့ အပေါ်ယံက ပင်စည်တို့၊ အရွက်တို့ အကိုင်းတို့ ဖြစ်တာပေါ့နော်။

ဟေတုပစ္စယော၊ ဟေတု-က အမြစ်၊ ပစ္စယော-က အကြောင်း၊ အမြစ်ဖြစ်ပြီးတော့ အကြောင်းအနေနဲ့ ကျေးဇူးပြုတယ်။

မေး - ပဋ္ဌာန်း ၂၄-ပစ္စည်းနဲ့ တပည့်တော်တို့ မည်ကဲ့သို့ နေထိုင်ရမည်ကို ရှင်းပြပေးစေလိုပါသည်ဘုရား။

ဖြေ - ၂၄-ပစ္စည်း၊ ၂၄-နာရီ၊ အဲလောက် အာရုံပြုနိုင်ဖို့ သိပ်မလွယ်ပါဘူး၊ ဘုန်းဘုန်းက ဗန်းမော်တိုက်နေတယ်၊ ဗန်းမော်ဆရာတော်လို့ ခေါ်ကြတယ်။ အဲဒီ ဗန်းမော်ကျောင်းက ရှေးကျောင်းကြီး၊ ဗန်းမော်မင်းသမီးဆောက်လို့ ဗန်းမော်ကျောင်း၊ မြင်းခြံနားလေးမယ် စမ်းကျ ဆရာတော်ဆိုတာ ရှိတယ်။ စမ်းရေလေးတွေ ကျနေတာ၊ အဲဒီနားလေးမယ် တရားအားထုတ်လို့ ဒီဆရာတော်ကြီးက ရဟန္တာဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီ ဆရာတော်ကြီး ယခု မရှိတော့ပါဘူး၊ အင်္ဂလိပ်လက်ထက်တုန်းက ရှိတာ။

အဲဒီ ဆရာတော်ကြီး တပည့်၊ ဘုန်းဘုန်းတို့ ဗန်းမော်တိုက် ကြွလာတယ်၊ တစ်ညတည်းပါရစေတဲ့။ တည်းပါဘုရား။ တစ်ညမကပါဘူး၊ ဆရာတော် အလိုရှိသလောက်

http://www.dhammadpwnload.com



တည်းပါဘုရား၊ တပည့်တော်တို့ ဆွမ်း၊ ဆွမ်းရာတွေလဲ ပေါပါတယ်ဘုရား၊ ဘုန်းဘုန်းက မေးကြည့်တယ် သူ့ကို၊ အရှင်ဘုရား၊ အရှင်ဘုရားတို့ ဆရာတော်ကြီးက ရဟန္တာလို့ ကျော်ကြားတယ်။ တပည့်တော်တို့လဲ ဟုတ်လိမ့်မယ်လို့ ယုံကြည်ပါတယ်ဘုရား။ ဒါပေမယ့် တပည့်တော် သိချင်တာက အရှင်ဘုရားတို့ ဆရာက ဘာတရားတွေ အားထုတ်တာတုန်း၊ ဘယ်လို အားထုတ်တာတုန်း၊ တပည့်တော်တို့ နည်းရအောင် ပြောစမ်းပါ။

တပည့်တော်တို့ဆရာတော်က တစ်ခုထဲ အားထုတ်တာဘုရား၊ ဘယ်လိုတစ်ခုလဲ ဘုရား၊ အရဟံ၊ အရဟံ၊ အရဟံ တစ်ခုထဲဘုရား၊ သမ္မာ သမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော····· တွေ မလုပ်ဘူးဘုရား။ အရဟံ-ပုတီး ၁-လုံးချ၊ အရဟံ-ပုတီး ၁လုံးချ၊ အရဟံ အရဟံ၊ အရဟံ အားအားရှိ အရဟံပဲ စိပ်နေတာပါဘုရား၊ အိပ်လဲ အရဟံ အရဟံ၊ စိပ်ရင်း စိပ်ရင်း အိပ်ပျော်သွားတော့ ရပ်သွားတာပဲ။ နိုးလာပြီဆို အရဟံ အရဟံ ဆက်တာပဲ၊ အချို့ ဒကာ ဒကာမတွေက မယုံဘူးတဲ့၊ ဘုန်းကြီးက ဟန်လုပ်နေတာပါ။ ချောင်းကြည့်ကြတာတဲ့၊ ဘယ်လို ချောင်းချောင်း ဒီတိုင်းပဲ တစ်နေ့လာလဲ အရဟံ၊ အရဟံ၊ အရဟံ။ ဒီလို အရဟံ တစ်လုံးထဲ ပွားများအားထုတ်ရင် တရားထူးရသွားတာ၊ ဒကာ ဒကာမတွေလဲ အရဟံ ရတယ် မဟုတ်လား။

http://www.dhammadpwnload.com



ရပါတယ်ဘုရားတဲ့။ ဒီလဲ ၂၄-ပစ္စည်း၊ ၂၄-ခေါက်၊ ၂၄-နာရီလုံး အားထုတ်မှ မဟုတ်ပါဘူး။ ကိုယ်က ဟေတုပစ္စယော တစ်ခုထဲ အားထုတ်တတ်ရင်လဲ တစ်ခုပဲ အားထုတ်၊ ရတယ်နော်။ ရှင်သီဝလိဆိုတာ ကြားဘူးကြလား၊ ရှင်သီဝလိ ဆိုတာ အမေ့ဗိုက်ထဲ ၇-နှစ်၊ ၇-လ၊ ၇-ရက်ကြာတယ်။ အဲလို ရှိပြီးတော့မှ မွေးတာ၊ မွေးလာလို့ လူးလှိမ့်နေရတာ၊ သူ့အမေ၊ ခုခေတ် ဆိုရင်တော့ ဗိုက်ခွဲမွေးလိုက်မှာပေါ့။ အဲလိုလဲ ဗိုက်ခွဲမွေးတတ်တဲ့သူလဲ မရှိ ထင်ပါတယ်။ လူးလှိမ့်နေတယ်။

သူ့ယောကျ်ားက ဘုရားဆီသွားလျှောက်တယ်၊ တပည့်တော်ဇနီး ဘုရား၊ သုပ္ပဝါသလေး မီးမဖွားနိုင်လို့၊ မေတ္တာလေးပွားပေးပါအုံးဘုရား၊ အေး သုပ္ပဝါသ သမီးလေး ကျန်းမာစေ၊ ချမ်းသာစေ၊ မြတ်စွာဘုရားက အဲလိုလေး ဆိုလိုက်တာနဲ့ ဆိုပြီးတဲ့အချိန် ဟိုက တန်းဖွားတာပဲ၊ ဟာ-ဟန်ကျပြီဟေ့၊ တစ်နန်းတော်လုံး စိတ်ပူနေတာ၊ အေးသွားလို့ သီဝလိ လို့ခေါ်တယ်၊ သီဝ ဆိုတာ အေးတာ၊ လိဆိုတာ ယူတာပေါ့၊ စိတ်အေး ချမ်းအောင် ဖြစ်စေတတ်တဲ့ အတွက် ဒီကလေးကို သီဝလိလို့ မှည့်လိုက်တယ်။

သူ့ယောကျ်ားကလဲ မြတ်စွာဘုရားဆီသွားပြီးတော့ ခလေးလေး မီးဖွားပြီ ဘုရား။ နက်ဖြန် တပည့်တော်တို့ နန်းတော် ဆွမ်းစားကြွပါဘုရား။ သံဃာ ၅၀၀နဲ့ ဆွမ်းစားပင့်၊ နောက်တစ်နေ့ရောက်တော့ မြတ်စွာဘုရားရယ်၊ သံဃာ တော် ၅၀၀ ရယ် ဆွမ်းစားသွား၊ ဆွမ်းစားသွားတော့ သီဝလိလေးက ရှင်သာရိ

http://www.dhammadpwnload.com



ပုတြာနားလာသတဲ့၊ မောင်သီဝလိ မင်းကွာ အမေ့ဗိုက်ထဲနေရတာ မဆင်းရဲဘူးလား၊ ဆင်းရဲတာပေါ့ဘုရား။ ငရဲအိုးထဲနေရသလို တပည့်တော် ပူခြစ်လို့ပါဘုရား၊ မင်း ဒီလို ဒုက္ခရောက်နေရင် ဒို့လိုဘုန်းကြီးဝတ်ပါလား။ ဝတ်ချင်တာပေါ့ဘုရား၊ ဒါပေမယ့် အမေက ပေးမဝတ်ဘူး၊ အဲဒါကို သူ့အမေက ကြားတယ်၊ ကြားတော့ အနားကိုလာပြီး၊ အရှင်သာရိပုတြာဘုရား တပည့်တော်သားလေး စကားပြောသလားဘုရား၊ ပြောတယ်လေ၊ ဘုန်းကြီးတောင်ဝတ်ချင်တယ်တဲ့ဗျာ၊ အမေကခွင့်ပြုရင်၊ ငါ့သားလေး ခွင့်ပြုပါဗျား၊ ခွင်ပြုပါ့ဆိုပြီး သားလေးကို ထမ်းပြီးကျောင်းပို့၊ ရှင်သာရိပုတြာက ခေါင်းရိပ်သတဲ့၊

သီဝလိ မင်းဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေတွေကို မင်းရှုရတယ်ကွ၊ ဒါ ပထဝီဓါတ်တွေ၊ အနိစ္စ ဒုက္ခ အနတ္တ ရှုကွာ၊ ဆရာတော် တပည့်တော် တာဝန်ထားဘုရား၊ ဆရာတော်သာ ခေါင်းပြီးအောင်ရိပ်၊ တပည့်တော် ရှုတတ်တယ်တဲ့၊ ဟုတ်လား။ မောင်သီဝလိက၊ ဟောဒီလို ခေါင်းရိပ်လိုက်တာ ရှေ့လဲပြီးသွားရော သောတာပန်တည်တယ်တဲ့၊ နောက်နောက်စေ့ဘက် ရိပ်လိုက်တာ သကဒါဂါမ်တည်သတဲ့၊ ဒီဘက်ဘေး ရိပ်လိုက်တာ အနာဂါမ်၊ နောက် ဒီဘက် ရိပ်လိုက်တာ ရဟန္တာဖြစ်သတဲ့၊ ခေါင်းရိပ်လဲပြီးရော ရဟန္တာဖြစ်သတဲ့။

သူက မနေ့ကမွေးတယ်၊ ဒီနေ့ ရဟန္တာဖြစ်တယ်၊ ၁-ရက်သား ရဟန္တာဆိုတာ ရှင်သီဝလိကိုပြောတာ၊ ၁-ရက်ထဲ မွေးပြီးတဲ့နောက် ၁-ရက်ပဲ၊ ဒါပေမယ့်လို့ ဗိုက်ထဲနေတာတွေကတော့ ၇-နှစ်၊ ၇-လ၊ ၇-ရက်ပေါ့၊ အေးဒီတော့ ဒုက္ခတွေ၊ ရှင်သီဝလိလေးကျတော့ ၃၂-ကောဋ္ဌာသရှိတဲ့အနက် ဆံပင်၊

http://www.dhammadpwnload.com



အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ ဒီ ၅-ခုထဲပဲ၊ ဒီ ၅-ခုကို၊ ရှုဆင်ခြင်ရင်း ၁-ရက်သားလေး ရဟန္တာဖြစ်တယ်။ အများကြီးလုပ်မှ မဟုတ်ပါဘူး။ ဒီလဲ ၂၄-ပစ္စည်းရှိတော့ ၂၄-ပစ္စည်းလုံး ၂၄-နာရီလုံး မအိပ်မနေ အားထုတ်မှ အဲလို မဟုတ်ပါဘူးနော်။ ကိုယ် တတ်နိုင်သလောက် ၁-ပစ္စည်းဖြစ်ဖြစ် ၂-ပစ္စည်းဖြစ်ဖြစ် အားထုတ်ပါ။ ရပါတယ်။ ဒါပေမယ့်လို့ ပါရမီကတော့ စောင့်ရမယ်ပေါ့။ သူရသလို ရရမယ်ဆိုရင်တော့ မဖြစ်နိုင်ဘူးပေါ့။ နဲနဲပါးပါးတော့ အချိန်စောင့်ရမယ်ပေါ့။ ကဲ ဆိုပါဦး-

မေး ။ ရှိသေလေးစားစွာ ခြေတော်ဦးခိုက် လျှောက်ထားအပ်ပါသည် ဘုရား၊ အောက်ပါအကြောင်းအရာကို ဖြေကြားပေးတော်မူပါဘုရား။

ရုပ်ကွက်ထဲတွင်လည်းကောင်း၊ ဓမ္မာရုံများတွင်လည်းကောင်း၊ ကျောင်းများတွင်လည်းကောင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပွဲများ ရွတ်ဖတ်ကြပါသည် ဘုရား၊ အသံမစဲ ပဋ္ဌာန်းပွဲများ ရွတ်ခြင်း၏ အကျိုးကျေးဇူးကို သိလိုပါသည် ဘုရား။ (ဒကာကြီး ဦးတင်ဝင်း)

ဖြေ ။ အေး ခုနတုန်းက သောတာနုဂတ-အဆင့် ၄-ဆင့်ပေါ့၊ ပထမဆုံး အဆင့်က တရားတော်တွေကို နားနဲ့ထောင်ရမှာ၊ တရားနာလို့ ဆိုလိုတယ်။ ဒုတိယအဆင့်က ကိုယ်ကိုယ်တိုင် ပါးစပ်နဲ့ရွတ်၊ ဝစသာပရိစိတာ၊ နား၊ ပါးစပ်၊ ပြီးတော့မှ တတိယအဆင့်က စိတ်နဲ့ပစ္စည်း ပစ္စယုပ္ပန်၊ ရုပ်တရား နာမ်တရား ဒီလို ဆင်ခြင်ရတာ၊ နောက်ကျမှ ရုပ်တရား နာမ်တရားတွေ ဖြစ်ပြီး ပျက်တယ်၊

http://www.dhammadpwnload.com



အနိစ္စလို့ ရှုတာ၊ ဒါ စတုတ္ထအဆင့်၊ ဒီမယ် ဓမ္မာရုံတွေမှာ ပဋ္ဌာန်း ရွတ်တယ် ဖတ်တယ်ဆိုတာ ပထမအဆင့်ပေါ့၊ ကိုယ်က နားထောင်ရတာကိုး၊ ပထမအဆင့်ရှိပါတယ်။ ဒါပေမယ့် ပထမ အဆင့်ရှိတယ်ဆိုရင်လဲ မနည်းပါဘူးနော်။

ပထမအဆင့်ပြီးရင် ဘာလာမှာတုန်း၊ ကိုယ်ကိုယ်တိုင် ရွတ်ရ မှာနော်၊ အေး ကိုယ်ကိုယ်တိုင် စာအုပ်တွေထားပြီး ရွတ်ပေါ့၊ အကုန်ရွတ်ဖတ်မှ မဟုတ်ပါဘူး၊ ကိုယ်တတ်နိုင်သလောက်၊ အခု ဝေထားတဲ့ စာအုပ်ကလေး ဖြစ်ဖြစ်ပေါ့၊ ရွတ်ဖတ်ပါ၊ အဲဒါ အကျိုးရှိပါတယ်။ အေး၊ အေး ပြီးတော့ကော။

မေး ။ မေးလျှောက်လွှာပါဘုရား၊ ဘုရားတပည့်တော် နားမရှင်း မမှတ်မိ၍ အောက်ပါအချက်များ ရှင်းပြဖြေကြားပေးတော်မူပါရန် ခြေတော် ဦးခိုက် တောင်းပန်လျှောက်ထားရပါသည်ဘုရား-

သဟဇာတ ကြီးလတ်ငယ်တွင် ၁၅-ပစ္စည်း၊ အနန္တရပစ္စည်း ကြီး လတ် ငယ် တွင် ၇-ပစ္စည်း၊ ပေါင်း ၂၂-ပစ္စည်းဟု သိရပါသည်။ ကျန် ၂-ပစ္စည်းအား ရှင်းပေးပါရန် လျှောက်ထားပါသည်ဘုရား။

ဖြေ ။ သူက သဟဇာတမျိုး၊ အမျိုးနဲ့ခေါ်တယ်၊ သဟဇာတတမျိုးက ၁၅-ပစ္စည်း၊ အနန္တရမျိုးက ၇-ပစ္စည်း၊ ပြီးတော့ ဝတ္ထုမျိုးက ၆-ပစ္စည်းလို့ ရှိသေးတာကိုး၊ ပြီးတော့မှ ဝတ္ထာရမ္မဏ က ၆-ပစ္စည်း၊ အဲလို ဝတ္ထာရမ္မဏ အာရုံမျိုးနဲ့ ပေါင်းလိုက်ရင် ဖြစ်က ရောပေါ့၊ အဲလို ပေါင်းလိုက်ရင် တချို့က ထပ်နေလို့ ၂၄-ပစ္စည်း

http://www.dhammadpwnload.com



ကမဘူး ကျော်သွားတယ်၊ ခုန ၂၂-ပစ္စည်းထဲ ဝတ္ထုမျိုး ၆-ပစ္စည်း ထည့်လိုက်ရင် ၂၈-ပစ္စည်း ဖြစ်သွားရော၊ ဝတ္ထာရမ္မဏက ၈-ပစ္စည်း ထည့်လိုက်ရင် ၃၀-ဖြစ်သွားပေါ့၊ အဲလို ပိုသွားတာတွေ ရှိတယ်။ ထပ်တာတွေ နှုတ်လိုက်ရင် ၂၄-ပစ္စည်းပဲ ရှိပါတယ်။

မေး ။ အောက်ပါ ပါဠိစာသားများအား အနက်နှင့် စကားပြေနှင့် ပေးပါရန် ဥပ္ပန္နတ္တိ၊ ကိဋ္ဌိ၊ သြက္ကန္တိက္ခဏော၊ စတ္တာရော ဝတ္တန္တိ၊ ကေသဋ္ဌိ၊ ဣမဿ၊ ကဋ္ဌတ္တာ၊ ကဗဠီကာရော၊

ဖြေ ။ ဥပ္ပန္နတ္တိ၊ ဒီဥစ္စာက တချို့ကတော့ အုတ်ပစ်ဇန်းတိ၊ ဝစ္စပေါက်နဲ့ ဆိုကြတာပေါ့၊ ဝစ္စပေါက်နဲ့ မဆိုရပါဘူး၊ အုတ်ပစ်ဇန်တိလို့ ဆိုရတယ်၊ ဘန္တေဆိုရင်လဲ ဘန်းတေလို့ ဝစ္စပေါက်နဲ့ ဆိုကြတယ်၊ အဲလို မဆိုရဘူး၊ ပါဠိမယ်၊ ဝစ္စပေါက် အသံမရှိဘူး၊ အဲဒါကြောင့် အဟံဘန်တေ၊ အုတ်ပစ်ဇန်တိ၊ ဒီလို ဝစ္စပေါက် အသံမပါအောင် ဖတ်ပေါ့၊ ပြီးတော့ သြက္ကန္တိက္ခဏော၊ ပါဠိမယ် အောက် ဆိုတဲ့ အသံမရှိဘူး၊ အွတ်ကန်တိတ်ခဏော၊ ဧ ဆိုရင် အစ်၊ သြ ဆိုရင် အွတ်၊ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ၊ ဧ၊ သြ၊ အစ်၊ အွတ်၊ အသံ ၁၀-သံပဲ ရှိတယ်။ သရ-က ဆိုကြည့်စမ်းပါ။

(သံပြိုင်) အ အာ (ပ) အွတ်။

အေး ဧ-က နောက်က အဆင့်ပါလာရင် အစ်ဖြစ်သွားတယ်၊ သြ-က နောက်က အဆင့်ပါလာရင် အွတ်ဖြစ်သွားတယ်၊ ဒီမှာလဲ အွတ်ကန်တိက်ခဏေ-နောက်က ကကြီး ၂-လုံးဆင့်တော့

http://www.dhammadpwnload.com



တချို့က ဗမာသံနဲ့ရောင်ပြီး အောက်ကန့်တိတ်ခဏေလို့ ဖတ်ကြတယ်။ အဲလို မဖတ်ရဘူး၊ အွတ်ကန့်တိက်ခဏေလို့ ဖတ်ရပါတယ်။ အဲ ပြီးတော့ကော ဩက္ကန္တိဏော ပဋိသန္ဓေနေသောခဏ၌ အမေ့ဗိုက်ထဲ ပဋိသန္ဓေနေတာ၊ အဲလို ပဋိသန္ဓေနေတဲ့ ခဏ၌၊ ဥပ္ပဇ္ဇန္တိ-က ဖြစ်ကြကုန်၏။

ကိဉ္စိ-အနည်းငယ်၊ ကာလေဆိုတာ အခါ၊ ဥပမာအားဖြင့် ပုရေဇာတပစ္စည်းမယ်၊ ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏ ဓာတုစ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော၊ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ ကိဉ္စိကာလေ။ ရုံခါ၌ အင်္ဂလိပ်လိုဆိုရင် Some Time တစ်ခါတလေ၌၊ တစ်ခါတလေ၌ဆိုရင် ခုလို ပုရေဇာတပစ္စည်းဆိုရင် ပဝတ္တိအခါ ပုရေဇာတပစ္စည်းတပ်တယ်၊ ပဋိသန္ဓေအခါကျ ပုရေဇာတပစ္စည်း မတပ်ဘူး၊ ပဋိသန္ဓေစိတ်နဲ့ ဟဒယဝတ္ထုက ပြိုင်တူဖြစ်တယ်၊ ပြိုင်တူဖြစ်လို့ သဟဇာတပစ္စည်းတပ်တယ်၊ ၂-မျိုးဖြစ်နိုင်လို့ တစ်ခါတလေမယ် ပုရေဇာတပစ္စည်း၊ တစ်ခါတလေမယ် သဟဇာတ ပစ္စည်း၊ ဒီလို ၂-မျိုးဖြစ်တဲ့အခါမျိုး ခေါ်တာ၊ ကိဉ္စိကာလေ-တစ်ခါတလေ၌၊ ရုံခါ၌ ကဲ ဆိုပါဦး၊

စတ္တာရော-ဆိုတာ ၄၊ နာမ်ခန္ဓာ ၄-ခုပေါ့၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ နောက်က အသုံးကြည့်ပြီး ပြောရမှာ၊ စတ္တာ

http://www.dhammadpwnload.com



ရော ချုည်းဆိုရင်တော့ ၄-ပဲ။ စတ္တာရော ခန္ဓာ အရူပိနော'ဆိုရင် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ စတ္တာရော မဟာဘူတာ ဆိုပြီး မဟာဘူတာနဲ့ သွားတွဲရင် ပထဝီ အာပေါ ဝါယော တေဇော မြေ ရေ လေ မီး ဓာတ်ကြီး ၄-ခုပေါ့၊ အဲလို နောက်ပုဒ်ကြည့်ပြောမှဖြစ်တာပေါ့နော်။

ပြီးတော့ကော၊ ဝတ္တန္တိ-ဖြစ်ပေါ်ကြကုန်၏။ ကေသဋ္ဌိ-အခုနတုန်းက ကိဋ္ဌိကာလေနဲ့ ကေသဋ္ဌိ အတူတူပါပဲ။ ကေသဋ္ဌိ-အချို့သောအခါ၌၊ ဥပမာ- ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဋ္ဌိ ဥပနိဿယ ပစ္စယေန ပစ္စယော။ အဲဒီကျတော့ ဥပနိဿယက ၃-မျိုး ရှိတာကိုး။

အနန္တရူပနိဿယ၊ အာရမ္မဏူပနိဿယ၊ ပကတူပနိဿယ၊ အဲလို ၃-မျိုး ရှိပေမယ့် ကုသိုလ်က အကုသိုလ်ကျတော့ ၂-မျိုးပဲ ကျေးဇူးပြုတာ၊ အနန္တရူပနိဿယ မပါဘူး၊ အဲဒါကြောင့် တချို့ပဲ ကျေးဇူးပြုတယ်။ တချို့ ဆိုတာ အနန္တရူပနိဿယကို ပယ်တာ။

ပြီးတော့ကော် ဣမဿ၊ ဣမဿကျတော့လဲ ဣမဿ ကာယဿ- ဤခန္ဓာကိုယ်ကြီးအား၊ ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ၊ နောက်ကဖြစ်တဲ့ စိတ်စေတသိက်တွေက အရင်ဖြစ်တဲ့ ရုပ်လေး ထောက်ပံ့ပေးတယ်။ ထောက်ပို့တပ်၊ ဣမဿ ကာယဿ-ဤ ခန္ဓာကိုယ်ကြီးအား၊ ဒီလို တွဲဖက်လေးနဲ့မှ၊ ဆိုပါဦး။

ကဋတ္တာ-သူကလဲ သူ့အတိုင်းဆိုရင် ပြုအပ်သည်၏ အဖြစ်ကြောင့်၊ ကမ္မဇရုပ်တွေက ဟိုးတုန်းက ကံပြုထားလို့ ပြုအပ်တဲ့အတွက်ကြောင့် ဖြစ်ပေါ်

http://www.dhammadpwnload.com



လာတဲ့ရုပ်ကို ကမ္မဇရုပ်၊ ရုပ်က ၄-မျိုးရှိတာကိုး။ ကံကြောင့်ဖြစ်တဲ့ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့် ဖြစ်တဲ့ရုပ်လို့ ၄-မျိုးရှိတဲ့အနက် ကံကြောင့်ဖြစ်တဲ့ရုပ်ဆိုတာ ကံကို ရှေးတုန်းက ပြုအပ်တဲ့ အတွက်ကြောင့် ဖြစ်ပေါ်တဲ့ ရုပ်ကမ္မဇရုပ် ဟုတ်လား။ ဥပမာအားဖြင့် မျက်လုံးတို့၊ နှာခေါင်းတို့၊ လျှာတို့၊ ကိုယ်တို့၊ အဲဒါတွေက ကံကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ အဲဒါကဋ္ဌတ္တာ၊ ကဲ ဆိုပါဦး။

ကဗဋီကာရော အာဟာရော၊ အာဟာရ-က ဗီတာမင် ဟုတ်ကဲ့လား။ အဲဒီ ဗီတာမင်ဓာတ်လေးက ပါဠိနည်းကျတော့ ကဗဋီကာရော၊ ကဗဋ္ဌဆိုတာ အလုပ်၊ ဤလေးက မပြုအပ်ပေမယ့်လို့ ပြုအပ်သလို၊ ဤရဲ့အဓိပ္ပါယ်က တကယ်ပဲ ဗီတာမင်ဓါတ်လေးကို ဒီလို အလုပ်လုပ်လို့ မရဘူး၊ အလုပ်မပြုအပ်ဘူး၊ မပြုအပ်ပေမယ့် မြေ ရေ လေ မီး ဓါတ်ကြီးတွေနဲ့ တွဲနေလို့ သူ့ကို ပြုအပ်သလို ဖြစ်တယ်။ ဒီ ဗီတာမင် ဘီဝမ်း ဘီတူး ဘီတွဲ သူချည်း ထမင်းလုပ် လုပ်စမ်းပါဆို မရဘူး။ ဘာတွေကသာ ရလဲ၊ ဒီပြင် အဖတ်တွေ၊ မြေ ရေ လေ မီး ဓာတ်ကြီးတွေကသာရတာ၊ ဓါတ်ကြီးတွေနဲ့ တွဲနေလို့ ဗီတာမင်ဓါတ်လေးကလဲ အလုပ်အလွေး ပြုအပ်သကဲ့သို့ ဖြစ်တယ်တဲ့၊ ဒီလို ထမင်းလုပ်လေး မပြုအပ်ပေမယ့် ပြုအပ်သလိုဖြစ်တဲ့ ဗီတာမင်ဓာတ်၊ ပြီးတော့ ကော။

မေး ။ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်အား ပဋ္ဌာန်းတရာတော်နှင့် ကြောင်း ကျိုး ဆက်လို၍ ရှင်းပြပေးတော်မူပါဘုရား။

ဖြေ ။ အဲဒါဆိုရင်တော့ ဆက်တက်မှ ရမှာနော်။ အဲဒါဆိုရင် ပဋ္ဌိစ္စ

http://www.dhammadpwnload.com



သမုပ္ပါဒ်ကို သင်တန်း ၁၀-ရက်လုပ်ကြတာပေါ့နော်။ ဒီလို တစ်ခါထဲ တစ်နာရီထဲနဲ့ မရလောက်ဘူး၊ ဘုန်းဘုန်းကလဲ သူ့ဟာလေးသူ တန်ဘိုးထားတာလို့ မအောက်မေ့ပါနဲ့၊ သူက အချိန်ယူပြီး ပြောရမှာ၊ ပြီးတော့ကော။

မေး ။ လယ်တီဆရာတော်ကြီး၏ သံဝေဂတရား သိမှတ်စရာစာအုပ်၌ ခန္ဓာဟာ ဘယ်အခါမဆဲ ပျက်လျက် အနိစ္စ ဟု ရှုခိုင်းပါသည်။ ၄၂-ဖြာ ခန္ဓာမှာ ချမ်းသာကင်းဝေး ဝဋ်ကြွေးတရားကို ဒုက္ခ ဟု ရှုခိုင်းပါသည်။ ရုပ်နာမ်နှစ်ဖြာ ခန္ဓာကို ရောဂါဘေးဆိုး အစိုးမပိုင် မစားနိုင်လို့ အနတ္တဟု ရှုခိုင်းပါသည်။ ၄၂-ဖြာ ခန္ဓာကို မသိပါ၍ ရှင်းပြပေးတော်မူပါ၊ ၉၆၉-မင်းစေတမန်၊ ဓမ္မအင်အားစု၊ အဖွဲ့သားများ၊

ဖြေ ။ မြေ ရေ လေ မီး ဓာတ်ကြီး ၄-ပါး သိတယ်မဟုတ်လား၊ ၃၂- ကောဋ္ဌာသတော့ ဘုန်းဘုန်းက အကြမ်းဖျင်းရေးပြပါ့မယ်။

ကေသာ လောမာ နခါ ဒန္တာ တစော၊ ဆံပင် အမွေး ခြေသည်း လက်သည်း၊ သွား၊ အရေ၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္စံ၊ ဝက္ကံ၊ ၁၀-ခု၊ ဟဒယံ၊ ယကနံ၊ ပိယကံ၊ ပိလောမကံ၊ ပပ္ဖါသံ။ ၁၅-ခု။ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂ၊ ၂၀။ အဲဒီ ၂၀-က ကိုင်လို့ပြုလို့ရလို့ ပထဝီဓါတ် ၂၀ လို့ ခေါ်တယ်။

ပိတ္တံ၊ သေမှံ၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ ဒါတွေက အရည်တွေမို့ အာပေါဓါတ်၊ အဿု၊ ဝသာ၊ ခေဠော၊ သိဃာ

http://www.dhammadpwnload.com



နိကာ၊ လသိကာ၊ ပေါင်းလိုက်တော့ ၁၂-ခု၊ အာပေါဓါတ်၊ သူက အရည်တွေမို့ အာပေါဓါတ် ၁၂-ခု၊ ပထဝီဓါတ် ၂၀၊ အာပေါဓါတ် ၁၂-ခု၊ ပေါင်းလိုက်တော့ အဲဒါ ၃၂-ကောဋ္ဌာသ လို့ ခေါ်တယ်။

တချို့စိပ်ပုတီးလေးတွေ ၃၂-လုံး စိပ်ပုတီးတွေ၊ အဲဒါ ပထဝီဓါတ် ၂၀၊ အာပေါဓါတ် ၁၂၊ ပြီးတော့မှ တေဇောဓါတ် ဝါယောဓါတ်၊ တေဇောဓါတ် ၄-ပါး၊ ဝါယောဓါတ် ၆-ပါး၊ ၄ နဲ့ ၆-ပေါင်း၊ ၁၀၊ ၃၂-ပါးနဲ့ ၁၀-နဲ့ပေါင်းတော့ ၄၂-ပါး၊ မြေရေလေမီး ဓါတ်ကြီး ၄-ပါးကို နည်းနည်းအကျယ်ချဲ့ဟော တော့ ၄၂-ပါးဖြစ်တယ်တဲ့။ ပြီးတော့ကော။

မေး ॥ လျှောက်ထားအပ်ပါသည် အရှင်ဘုရား။ ပဋ္ဌာန်းကို ဥုံ၊ ခြောင်း ခံ၍ ရွတ်သင့်ပါသလားတဲ့။

ဖြေ ॥ ဘုန်းဘုန်းတို့ သက္ကတ ကျမ်းတွေမှာတော့ အ-ဥ-မ၊ အ ဆိုတာ ၁-ခု၊ ဥ-ဆိုတာ က-၁-ခု၊ မ-ဆိုတာ က-၁-ခု။ အ က သျှိဝဆိုတဲ့နတ်ကြီး၊ သျှိဝ က အ-သရလေး၊ ဥ-က ဗိဿနိုး၊ ဗိဿနု၊ ဗမာတွေကတော့ ဗိဿနိုးလို့ ခေါ်ကြတယ်။ နု-က ဥ-လေး ယူလိုက်တယ်၊ အဆုံး သရလေး ယူလိုက်တယ်၊ သျှိဝ-က အ၊ ဗိဿနု-က ဥ၊ ဗရမာ-ဗြဟ္မာက မ-ယူလိုက် တယ်၊ အ-ဥ-မ၊ အ-က သိဝပုဒ်၊ ဗြဟ္မာကြီးရဲ့ အသရလေး၊ ဥ-က ဗိဿနိုးရဲ့ ဥ သရလေး၊ ဗြဟ္မာ-မ-က ဗြဟ္မာကြီးရဲ့

http://www.dhammadpwnload.com



မ၊ အ-ဉ-မ အ၊ ရေးသချောင်းငင် မသတ်လိုက်စမ်းပါ။ အုမ်၊ အေး၊ အ၊ ဉ၊ မ ကို အုမ်လို့ ဗမာတွေက အမှန်ကတော့ အရေးသချောင်းငင် မ သတ် အုမ်ရမှာပေါ့။ ဒါပေမယ့် ဗမာတွေ ရေးတော့ သေးသေးတင်နဲ့ အုံ နေတာ တကယ်က အုမ်၊ အဲဒီလို အုမ် ဆိုတာ သျှိဝနတ်မင်းကြီး၊ ဗိဿနိုး နတ်မင်းကြီး၊ ဗြဟ္မာ ကြီးတို့ကို ရှိခိုးတဲ့အတွက် ဘုန်းဘုန်းတို့ ဗုဒ္ဓဘာသာတွေ အနေနဲ့ အဲဒါ မလုပ်ရပါဘူး။ ဗုဒ္ဓဘာသာတွေအနေနဲ့ ဘုရားတရားသံဃာ ရတနာသုံးပါးပဲ ရှိခိုးရပါတယ်။ အဲဒါကြောင့် ဉုတွေဘာတွေ ခံနေစရာမလိုပါဘူး။ သဘောပေါက်လောက်ပါတယ်နော်။ အေး ပြီးတော့ရော။

မေး ။ ဌာန်ကရိုဏ်းကျစွာ မရွတ်ဖတ်လျှင်သော်လည်းကောင်း၊ ကျော်၍ ဖတ်လျှင်သော်လည်းကောင်း အကျိုးအာနိသင်ရပါသလား၊ အကျိုးပေးနည်းပါသလား။

ဖြေ ။ ဌာန်ကရိုဏ်းကျအောင်ကတော့ တော်တော်ကို ရွတ်တတ်မယ် မထင်ဘူး။ ဘုန်းကြီးတွေလည်းပဲ ဘုန်းကြီးတိုင်း ရွတ်တတ်မှာ မဟုတ်ဘူး။ အတော်အသင့် ရွတ်တတ်ရင် တောရောပေါ့ဗျာ၊ ဟုတ်လား၊ အတော်အသင့် ရွတ်တတ်ရင် ရပါတယ်နော်။ ပြီးတော့ကော။

မေး ။ ပဋ္ဌာန်းပွဲများကို အပြိုင်ရွတ်ကြရာ၌ အသံချဲ့စက်ကြီးများကို သစ်ပင်ကြီးပေါ်တင်၍ ရွတ်ကြသဖြင့် ဘာသာခြားများ၏

http://www.dhammadpwnload.com



ဖြစ်တင်မှုကို ခံရတတ်ပါသည်။ ညအချိန် အသံလျှော့ရွတ်ပါက ပိုကောင်းမည်ဟု ထင်ပါသည်။

ဖြေ ။ သူကတော့ အသံတွေကျယ်တယ်ပေါ့လေ၊ အသံတွေက သူများ မထိခိုက်အောင် ရွတ်ရင် ပိုကောင်းပါတယ်။ ကိုယ့်ဘာသာဝင် တွေလဲ သဘောကျအောင်၊ ဒီပြင်ဘာသာဝင်တွေလဲ မထိခိုက် အောင် အတော်အသင့်လေး ရွတ်ရင် တော်ပါပြီ။

မေး ။ ပဋ္ဌာန်းပွဲရွတ်လျှင် သံဃာအတွက် သင်္ကန်း ၁-စုံ ရရှိတတ် ပါသည်။ ဝါဆိုကထိန်မရသူများကို ရွတ်ဆိုခိုင်းတတ်ပါသည်။ သင်္ကန်းကို ပြန်ရောင်းလျှင် ဈေးမရ၊ ကျောင်းပြန်များသာ၊ လိုအပ်သည်ကိုသာ လှူရန် တိုက်တွန်းသင့်ပါသည်။

ဖြေ ။ ဘုန်းဘုန်း ယခုသင်္ကန်းတွေကို တော်တော်ရတယ်။ လှူတာတွေ ကို မလှူကြပါနဲ့လို့ပြောရင် သိပ်မကောင်းဘူးလေ။ ဘုန်းဘုန်း အသက် ၈၀-ရှိပြီ။ တော်သလင်းလဆန်း ၁၄-ရက်ဆို ဘုန်းဘုန်း မွေးနေ့။ ဘုန်းဘုန်းမွေးနေ့မှာ သင်္ကန်းတွေ လှူပစ်လိုက်မှာ၊ အဲလို သင်္ကန်းလှူတဲ့ ဒကာ, ဒကာမတွေ အောက်မေ့ကြ၊ ဘုန်းဘုန်းက သင်္ကန်းတွေကို ရောင်းမစားပါဘူး၊ သင်္ကန်းတွေကို မွေးနေ့မှာလှူမှာ၊ လှူတဲ့ပုဂ္ဂိုလ်ကို မလှူနဲ့၊ ကျုပ်မှာရှိနေပြီပြောလို့ ဘယ်ကောင်းမလဲနော်။ သင့်တော်အောင် သုံးရတာပေါ့၊ နောက် တော့ကော။

မေး ။ အဘိဓမ္မာမတတ်လျှင် တရားမဟောနဲ့ ဆိုတာ မှန်ပါသလားတဲ့။

http://www.dhammadpwnload.com



ဖြေ ။ အေး မှန်တာပေါ့၊ အဘိဓမ္မာသိမှ။

မေး ။ သက်တော်ရှည် ပဋ္ဌာန်းဆရာတော်ကြီးအကြောင်း မိန့်ကြားတော်မူပေးပါ။ (ဦးကောဝိဒ-မော်လမြိုင်)

ဖြေ ။ မြတ်စွာဘုရား ပဋ္ဌာန်းဆင်ခြင်တာက ဘုရားဖြစ်ပြီးလို့ စတုတ္ထ သတ္တာဟမှာ။ ပထမ သတ္တာဟက ဗောဓိပင်အောက်မှာ ၇-ရက် ကြာတယ်။ ဒုတိယသတ္တာဟက ဗောဓိပင်ရဲ့ အရှေ့မြောက်ဘက်မှာ ရပ်ပြီးတော့ ၇-ရက်ကြာတယ်၊ တတိယ သတ္တာဟကျတော့ ပလ္လင်နဲ့ရပ်နေတဲ့ကြားမှာ စင်္ကြံလျှောက်တယ်၊ အဲဒီတော့ ၂၁-ရက်ဖြစ်သွားတယ်။ နောက် စတုတ္ထ သတ္တာဟကျတော့ ပဋ္ဌာန်းတရားတော်တွေကို ဆင်ခြင်တယ်။ အဘိဓမ္မာတရားတွေ ဆင်ခြင်တယ်။ အဲသလို ဆင်ခြင်တဲ့အတွက် ရောင်ခြည်တော်တွေ အိမ်လုံးပေါက်၊ တောင်လုံးပေါက်၊ ဒီဓမ္မာရုံကြီးလောက် ရောင်ခြည်တော်တွေ အဲဒီရောင်ခြည်တော်တွေဟာ ယခုထိ စကြဝဠာကြီးထဲ ပြေးသွားနေတုန်း ရှိသေးတယ်နော်။ စကြဝဠာသဘောက ဒီလိုလည်နေတဲ့ သဘောရှိတာကိုး၊ ဒီတော့ ရောင်ခြည်တော်တွေကလဲ လည်ပြီးတော့နေတယ်။ နောက်တော့ စတုတ္ထသတ္တာဟနေရာ ရောက်လာမှာ။ အဲလို ရောက်လာတာကို ရောင်တော်ပြန်တယ်လို့ ခေါ်တယ်။ ရောင်ခြည်တော်တွေ ပြန်ရောက်လာတဲ့ နေရာပေါ့၊ သာသနာ ၅၀၀၀ ရှိတဲ့အခါ၊ အဲသလို ရောင်ခြည်တော်တွေ ပြန်ရောက်လာတဲ့အခါကျတော့

http://www.dhammadpwnload.com



ဒီက ခတ်တော်တွေကလဲ ခေတုပရိနိဗ္ဗာန်စံဘို့ အဲဒီကို ရောက်နေတယ်။ ခတ်တော်တွေဆုံပြီး ဘုရားသဏ္ဌာန်ဖန်ဆင်းပြီး တရားဟော၊ အဲလို တရားဟောတဲ့အခါ နတ်တွေ ဗြဟ္မာတွေ ရုက္ခစိုးနတ်တွေ၊ မဂ်ဖိုလ်နိဗ္ဗာန် အကြီးအကျယ် ရတဲ့ပွဲကြီးဖြစ်လိမ့်မယ်တဲ့၊ အဲဒီပွဲကြီးမှီအောင်ဆိုပြီး တချို့က ကုသိုလ်ကောင်းမှုလုပ်ရင် ဆုတောင်းကြတယ်၊ ရုက္ခစိုးနတ်ကြီး ဖြစ်ပါရစေ၊ တောင်စောင့်နတ်ကြီးဖြစ်ပါရစေ၊ အဲလိုဖြစ်ပြီး ရောင်ခြည်တော်ပြန်ပွဲမှီ၊ မဂ်ဖိုလ်နိဗ္ဗာန်ရပါရစေလို့ ဆုတောင်းကြတယ်ပေါ့နော်။

သက်တော်ရှည် ပဋ္ဌာန်းဆရာတော်ကြီး၊ ဆရာတော်တို့မှီသလောက် မစိုးရိမ်ဆရာတော်ကြီးက ၉၀-ကျော်ပဲ၊ ပျံလွန်တော်မူကာနီးအထိ ပဋ္ဌာန်းပဲချတယ်။ ဒီပြင်စာ မချဘူး။ ပဋ္ဌာန်းချတဲ့ ဆရာတော်တွေ အားလုံးကြည့်၊ အကုန်လုံးကျောင်းကောင်း ကန်ကျောင်းနဲ့နေရတယ်။ ဘုန်းဘုန်းတို့လဲကျောင်းကောင်း၊ ကန်ကောင်းနဲ့နေရပါတယ်။ ကားကောင်းလဲစီးရပါတယ်၊ ဟုတ်ကဲ့လား။ ဘုန်းဘုန်းက တောင်သာသား၊ မြင်းခြံနားက တောင်သာဆိုတာ ကြားဖူးတယ် မဟုတ်လား။ စက်မှုဝန်ကြီးက တောင်သာသား၊ ဦးအောင်သောင်း၊ ဦးအောင်သောင်းက တောင်သာသားတွေကို ကားတစ်စီး ကားတစ်စီး လှူတယ်။

http://www.dhammadpwnload.com



ဘုန်းကြီးတစ်ပါးကပြောတယ်။ ဒကာကြီးဦးအောင်သောင်း၊ ခင်ဗျား တောင်သာသားတွေကို ကားလှူတယ်ပြောတယ်ဗျာ၊ ဗန်းမော်ဆရာတော်ကြီးကော မလှူဘူးလား၊ ဗန်းမော်ဆရာတော်က တောင်သာသားလား၊ ဟုတ်ပ ဟုတ်ပ ဗန်းမော်ဆရာတော်နပဲ-ဆိုတာ ခင်ဗျားတို့ကျောက်ကာနဲ့ နီးပါတယ်ဗျာ။ ရောဝတီမြစ်ကမ်း။ မသိလို့ပါဗျာဆိုပြီး ကားတစ်စီး လာလှူတယ်။ ဆရာတော် ပြောလိုရင်းကတော့ ပဋ္ဌာန်းရွတ်တဲ့ပုဂ္ဂိုလ်တွေ လူပဲဖြစ်ဖြစ် ဘုန်းကြီးပဲဖြစ်ဖြစ် ကျောင်းကောင်း ကန်ကောင်းနဲ့ နေရတယ်။ ကားကောင်းစီးရတယ်၊ ဘုန်းကြီးတယ်၊ ဟုတ်လား၊ ဘုန်းတွေ ကြီးရင် ဘုန်းလျှော့နည်းလဲ ပြောသေးတယ် မဟုတ်လား၊ ဘုန်းလျှော့နည်း ဘုန်းဘုန်းပြောပြီးပြီလား၊ မပြောရသေးဘူး၊ မပြောရသေးရင် ဘုန်းလျှော့နည်းလဲ ပြောရသတဲ့၊ နော်။ ဘုန်းလျှော့နည်း မပြောရင် တချို့ဘုန်းကြီးတွေ မအိပ်ရဘူး၊ ရှေ့ဒကာပြီးရင် နောက် ဒကာ ဒကာမတွေလာ၊ တစ်နေကုန် တစ်နေခန်း စကားပြောနေရတာ၊ အဲဒါကြောင့် ဘုန်းလျှော့တဲ့နည်း သင်ရတယ်။ ဘုန်းလျှော့တဲ့ နည်းကတော့ ပဋ္ဌာန်းလျှော့ရွတ်လိုက်၊ ဟုတ်လား၊ အဲဒါ လွယ်တယ်၊ ဘုန်းလျှော့နည်းက။

မေး ။ ဆေးရုံပေါ်တွင် ပဋ္ဌာန်းရွတ်လို့ ရပါသလား။

ဖြေ ။ ရပါ့ဗျာ၊ ကျုပ်တို့ ပဋ္ဌာန်းရွတ်ခဲ့ပါပြီ။ ဆေးရုံပေါ်မှာ။

http://www.dhammadpwnload.com



မေး ။ နံနက်စောစော ပဋ္ဌာန်းရွတ်လျှင် ကောင်းပါသလား။ ပဋ္ဌာန်းရွတ်လျှင် တစ်နေ့တာ အကောင်းဆုံး အချိန်ကို သိလိုပါသည်။

ဖြေ ။ ပဋ္ဌာန်းရွတ်ဖို့ အကောင်းဆုံးအချိန်ကတော့ ည လူရှင်းတဲ့အချိန်ပါပဲ၊ အဲဒီအချိန်မှ နတ်တွေ ဗြဟ္မာတွေက လာတာ။ အခုလို အချိန်မျိုးဆို သိပ်မလာဘူး၊ ဘုရားလက်ထက်လဲ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ညဉ့်သန်းခေါင်ကျော်မှလာတာ၊ ညသန်းခေါင်နားနီးတဲ့အချိန် နတ်တွေလာတယ်၊ နတ်တွေလာတော့ ကိစ္စပြီးတယ်၊ သူတို့က တန်ခိုးရှိတော့ ကိုယ်လိုချင်တာလေး ပြောလိုက်ရင် ချက်ချင်းရတယ်၊ လူ့လောကလဲ ရှိတယ် မဟုတ်လား၊ VIPတို့ ဘာတို့၊ ဝင်လိုက်၊ ထွက်လိုက်ဆိုရင် ဒီကျောင်း ဘုန်းကြီးပြီ ဟုတ်လား။ နတ်ဗြဟ္မာတွေ ဝင်လိုက်ထွက်လိုက်ဆိုရင် ဘုန်းကြီးပြီ။ အဲဒါကြောင့် ည နည်းနည်းလေး နောက်ကျရွတ်လိုက်ရင် ကောင်းပါတယ်။ အသံထွက်ရွတ်မှ အသံပီပီသသလေး ကျယ်ကျယ်လေး ရွတ်ရတယ်နော်။

မေး ။ ဓမ္မစကြာတရားနဲ့ ပဋ္ဌာန်းတရား၊ ဘာကို အရင်ရွတ်ရမည်ကို သိလိုပါသည်ဘုရား။

ဖြေ ။ အဲဒါကတော့ ခုနပြောသလို ပဋ္ဌာန်းရွတ်တဲ့အခါ မြတ်စွာဘုရားမှာ ရောင်ခြည်တော်တွေ အကြီးအကျယ် ထွက်တယ်၊ နတ်တွေ ဗြဟ္မာတွေက ရတနာဃရဆိုတဲ့အတိုင်း ရတနာ ၁၀-ပါးနဲ့ ပြည့်စုံတဲ့ကျောင်းတော်ကြီး ဆောက်ပြီးတော့ ပူဇော်တယ်၊

http://www.dhammadpwnload.com



အဲဒါကြောင့် ကျောင်းကောင်းကောင်း နေချင်တယ်၊ ကန် ကောင်းကောင်းနေချင်တယ်၊ ကား ကောင်းကောင်း စီးချင်တယ် ဆိုရင်တော့ ပဋ္ဌာန်းရွတ်ပါ။ မြွေစကြာကတော့ မင်္ဂလိုလ်နိဗ္ဗာန်ပဲ ရမယ်။ မဂ်ဖိုလ်နိဗ္ဗာန်တော့ရမယ်။ ဘုန်းတော့ ကြီးမယ် မဟုတ်ဘူး။ နော်။

ဒေါက်တာအေးကျော်…။ ဆရာတော်ဘုရား၊ ကုသိုလ်ကောင်းမှုများကို ရေစက်ချဖို့ ကောင်းမှုရှင်များကို ဖတ်ပြပါမယ် ဘုရား။

တပည့်တော်တို့ တရားပွဲ ၁၀-ညမှာ မ,တည်အလှူရှင်များက မ,တည် ငွေများကို လှူဒါန်းခဲ့ကြပါတယ်ဘုရား။ အဲဒီ လှူဒါန်းခဲ့တာတွေကိုလည်း ဒီကနေ့ည ပေါင်းပြီး ရေစက်ချပေးတော်မူပါဘုရား။ နေ့စဉ်လဲ ဆရာတော် ဘုရားကို ဝိုက်ရိုက်လှူတာတွေလဲ ရှိပါတယ်ဘုရား။ အဲဒါတွေလဲ ပေါင်းပြီး ရေစက်ချပေးတော်မူပါဘုရား။

ဖိတ်စာအလှူရှင်ဖြစ်တဲ့ ကွယ်လွန်သူ သားကြီး ကိုကျော်ကျော်ဦး၊ သားငယ် ကိုအောင်ကျော်ဖေယျတို့အား ရည်စူး၍ ဦးကျော်ဦး၊ ဒေါ်သင်းရီ၊ သားသမီးမြေးတစ်စု “မိဘမေတ္တာဆေးဆိုင်” ကြည့်မြင်တိုင်ညဈေး က ဖိတ်စာလှူပါတယ်ဘုရား။

ယခု မွှောရုံထဲမှာ တပ်ဆင်ထားတဲ့ ရောင်ခြည်တော်မီးစက်ဝိုင်း ၅- ခုရဲ့ အလှူရှင်တွေကတော့ ဦးမျိုးဝင်း၊ ဒေါ်အေးအေးကျော်၊ သမီးလေး မမြသဲခိုင်၊ အမှတ် ၁၆၊ မွေ့ကဝတီလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်း ပါဘုရား။

http://www.dhammadpwnload.com



ဒုတိယအလှူရှင်က ဦးထွန်းကြွယ်ကို ရည်စူး၍ မိခင်ကြီး ဒေါ်စန်းစန်းမြင့် နှင့် သမီးကြီး မအေးအေးမြ၊ သမီးလတ်၊ မသပြေ၊ သမီးငယ် မသရဖီ မိသားစု အမှတ်၊ ၂၇၊ ကျောင်းကုန်းလမ်း၊ စမ်းချောင်းပါ ဘုရား၊

တတိယအလှူရှင်က ဒေါ်စီစီသန်း မိသားစု၊ ၂၇၊ ကျောင်းကုန်းလမ်း၊ စမ်းချောင်းပါ ဘုရား။

စတုတ္ထအလှူရှင်ကတော့ ဒေါ်ခင်သိန်းကို ရည်စူး၍ ဖခင်ကြီး ဦးစိန်သော်နှင့် သားသမီးများကောင်းမှု၊ အမှတ် ၈၆၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်ပါဘုရား၊

ပဥ္စမအလှူရှင်ကတော့ နှစ်ဖက်သောမိဘ ၂-ပါးကို ဦးထိပ်ထား၍ ဦးရွှေတင်၊ ဒေါ်သိင်္ဂါစိုး၊ သား မောင်မြင့်မြတ်၊ မောင်ကောင်းခန့် မိသားစု၊ အမှတ် ၈၆၊ ဦးကြွယ်ဟိုးလမ်းပါ ဘုရား။

ဆရာတော်ဘုရား ပဋ္ဌာန်းတရားပွဲ ၁၀-ညဥ့် အများပေါင်းစု ကောင်းမှု မွေ့ပူဇာတရားပွဲအလှူငွေမှာ စုစုပေါင်း ကျပ် ၅-သိန်း ၆-သောင်း တိတိပါ ဘုရား။ တရားပွဲအလှူရှင်များ၏ မွေ့ပူဇာအလှူငွေများကို ရေစက်ချပေးတော် မူပါရန် ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်…။ ကဲ အဲဒါဆို ကိုယ့်အလှူအပေါ် အာရုံပြုပြီး ရေစက်ချကြ တာပေါ့နော်။ ရေစက်ခွက်ရှိတဲ့သူက ရေစက်ခွက်ကိုင်ပြီး မရှိတဲ့သူက လိုက်ဆို။ ကဲ လိုက်ဆိုကြ။

ဆရာကော် သံဃာတော် အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်တို့သည် ကံကိုလည်းကောင်း၊ ကံ၏ အကျိုးတရားကိုလည်းကောင်း၊ ဤလောကကို

http://www.dhammadpwnload.com



လည်းကောင်း၊ နောင်ဖြစ်ရမည့် တမလွန်လောက၊ နောက်နောက်ဘဝကို လည်းကောင်း၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်တို့ကိုလည်းကောင်း၊ ယုံကြည်ကြပါကုန်၍ သရဏဂုံ သုံးပါးနှင့်တကွ ၅-ပါးသီလကို ရှေးဦးစွာ ဆောက်တည်ကြပါကုန်၏။ သီလဆောက်တည်ပြီးမှ လှူဒါန်းအပ်သော ဒါနသည် များမြတ်သောအကျိုးရှိ၏။ ဤကဲ့သို့ မြတ်စွာဘုရား ယုန်မင်းကြီး၏ ဇာတ်တော်၌ ဟောကြားအပ်သောကြောင့် အလွန်တရာကြုံကြိုက်ခဲ့သော မြတ်စွာဘုရား၏ သာသနာတော်၌ ဗုဒ္ဓဘာသာဝင် သူတော်စင် ဖြစ်ကြကုန်သော ဘုရားတပည့်တော်တို့သည် ၁၀-ညတိုင်တိုင် မြတ်စွာဘုရား၏ အဘိဓမ္မာပိဋကလ ပဋ္ဌာန်းတရားတော်ကို ရိုသေစွာ နာခံမှတ်သား နှလုံးထားပါကုန်၏။ သင်ကြားပါကုန်၏။ ဓမ္မပူဇာအနေအားဖြင့် သင်္ကန်းအစရှိသော အမျိုးမျိုးသော လှူဖွယ်ဝတ္ထုတို့ကိုလည်းကောင်း၊ ဆရာတော်ဘုရား၏ နဝကမ္မအား ၅-သိန်းကျော်သော ဝတ္ထုငွေလှူအသပြာတို့ကိုလည်းကောင်း နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းပါကုန်၏။ ပူဇော်ပါကုန်၏။

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊

တပည့်တော်တို့၏ ဤသို့ ယခု လှူဒါန်းပြုစုရသော ဒါနသီလ ဘာဝနာ ကောင်းမှု အစုစုသည် နိဗ္ဗာန်ကို ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ လျင်လျင် မြန်မြန် ရနိုင်ခြင်း၏ အားကြီးသော ပါရမီကုသိုလ်ဖြစ်ပါစေဘုရား။ ဤကုသိုလ် ကောင်းမှု၏ အဖို့ဘာဂကို မိခင် ဖခင် ကျေးဇူးရှင်တို့အားလည်းကောင်း၊ ဆရာသခင် ကျေးဇူးရှင်တို့အားလည်းကောင်း၊ ရေမြေသနင်း ပြည့်ရှင်မင်း တို့အားလည်းကောင်း၊ ငရဲသနင်း ယမမင်းတို့အားလည်းကောင်း၊ ကိုယ်စောင့်

http://www.dhammadpwnload.com



နတ်၊ အိမ်စောင့်နတ်၊ တိုက်စောင့်နတ်၊ ဓမ္မာရုံစောင့်နတ်၊ မြို့စောင့်နတ်၊ နယ်စောင့်နတ်၊ သာသနာတော်စောင့်နတ် အစရှိသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့အားလည်းကောင်း၊ မိုးနတ်သားများ၊ လေနတ်သားများ အမှူးထားပြီး နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့အားလည်းကောင်း၊ ဘဝသံသရာ ဆွေမျိုးတော်ခဲ့ဖူးသော၊ ယခုအခါ ပြိတ္တာဘုံဘဝ၊ တစ္ဆေသရဲ ဘဝ ကျရောက်နေကြသည့် ဒုက္ခိတသတ္တဝါအပေါင်းတို့အားလည်းကောင်း၊ ၃၁-ဘုံ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့အားလည်းကောင်း၊ အမျှ ပေးဝေပါကုန်၏။ အမျှပေးဝေပါကုန်၏၊ အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

(အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့)

(သာဓု သာဓု သာဓု)

# စာအုပ်အလှူရှင်များ

| အမှတ်စဉ် | အလှူရှင်အမည်နှင့် နေရပ် | | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၁။ | ဝဏ္ဏကျော်ထင် ဦးကျော်ဝင်း + သီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းမောက်လောဝ်ဆိုင် သားသမီးတစ်စု၊ ရွှေသံလွင်ကုမ္ပဏီမိသားစု | .... | ၃၀၀၀၀၀ |
| ၂။ | ဖခင်ကြီး ဦးအေးကြည်အား ရည်စူး၍ ဇနီး ဒေါ်ခင်ကြည်၊ သမီး မကြည်ကြည်လတ်၊ မကြည်ကြည်ဝင်း မိသားစု၊ ၄၁၊ (၁၁) လမ်း၊ လမ်းမတော်မြို့နယ် | .... | ၁၅၀၀၀၀ |
| ၃။ | ကိုအောင်နိုင်ဌေး + မသော်သော်အောင်၊ သား–မောင်ဘုန်းမြတ်ပိုင်၊ သမီး–ယွန်းလဲ့အိမ် မိသားစု၊ အမှတ် (၆၃)၊ ပထမထပ်၊ ရှမ်းလမ်း၊ စမ်းချောင်း | .... | ၁၅၀၀၀၀ |
| ၄။ | ဦးဝင်းဌေး + ဒေါ်စန္ဒာ၊ သား–မောင်မြတ်ဘုန်းခန့် သမီး–မြတ်ကြာဖြူ မိသားစု၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ် | .... | ၁၅၀၀၀၀ |
| ၅။ | သမားတော်ကြီး Dr. ဦးမောင်မောင်ခင် + ဒေါ်ခင်ခင်အုန်း၊ သားသမီးမြေးတစ်စု၊ အမှတ် (၆၁)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ် | .... | ၁၅၀၀၀၀ |
| ၆။ | ဦးချန်စိန် + ဒေါ်ချိန်ကင်း မိသားစု၊ အမှတ်(၄၅)သံလွင်လမ်း | .... | ၁၅၀၀၀၀ |
| ၇။ | ဦးကျော်မြင့် + ဒေါ်ကျော့ခင်၊ သမီး–မသီ၊ အမှတ် (၂၉၆)၊ ပထမထပ်၊ ရွှေဘုံသာလမ်း | .... | ၇၅၀၀၀ |
| ၈။ | ရွှေညဝါဆရာတော် အရှင်ပညာသီဟ၊ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်အကျိုးတော်ဆောင်ချုပ် | .... | ၅၀၀၀၀ |
| ၉။ | ကပ္ပတိန် ဦးမြဟန် + ဒေါ်သီတာစီ မိသားစု | .... | ၅၀၀၀၀ |
| ၁၀။ | ဦးလှမြင့် + (ဒေါ်လှမေ) မိသားစု၊ အမှတ် (၅၅/၅၆)၊ ကွမ်းရွဲလမ်း၊ ကြည့်မြင်တိုင် | .... | ၅၀၀၀၀ |

http://www.dhammadpwnload.com

http://www.dhammadpwnload.com

| အမှတ်စဉ် | အလှူရှင်အမည်နှင့် နေရပ် | | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၁၁။ | ဦးအေးကြည် + ဒေါ်စန်းစန်းညွန့်အုန်း မိသားစု၊ အမှတ် (၆၁)၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင် | .... | ၅၀၀၀၀ |
| ၁၂။ | ကိုဇော် + မဆု မိသားစု၊ ရွှေနှင်းဆီလမ်း၊ မရမ်းကုန်း | .... | ၅၀၀၀၀ |
| ၁၃။ | ဦးညီညီ+ဒေါ်မြင့်မြင့်ခင်မိသားစု၊ အောင်ဇေယျကွန်ပလက်၊ အလုံ | | ၄၅၀၀၀ |
| ၁၄။ | ဒေါက်တာသောင်းဝင်း + ဒေါ်ရီရီမြင့် မိသားစု၊ | .... | ၃၀၀၀၀ |
| ၁၅။ | ဒေါ်ထွေးထွေးနှင့် တူမ မနေခြည်ချစ်စမ်းမောင်၏ မွေးနေ့အလှူ အမှတ် (၃၇)၊ ၁၆၅ လမ်း၊ တာမွေ | .... | ၃၀၀၀၀ |
| ၁၆။ | ဒေါက်တာ အေးကျော် + ဒေါက်တာ ခင်စန်းဝေ မိသားစု၊ အမှတ် (၁၀)၊ သီရိမင်္ဂလာလမ်း၊ စမ်းချောင်း | .... | ၃၀၀၀၀ |
| ၁၇။ | ကိုညွန့်အောင် + မဆွေဆွေဝင်း မိသားစု၊ အမှတ် (၆၈)၊ တန်ဆောင်းကြီးလမ်း၊ ကြည့်မြင်တိုင် | .... | ၃၀၀၀၀ |
| ၁၈။ | ဦးမောင်လွင် + ဒေါ်စန်းစန်းကြူမိသားစု၊ အမှတ်(၆၃)၊ ပြည်လမ်း | | ၃၀၀၀၀ |
| ၁၉။ | ကိုသန့်ဇော် + မအေးအေးကြူ မိသားစု၊ အမှတ် (၂၂)၊ သိမ်ကြီးလမ်း၊ ကြည့်မြင်တိုင် | .... | ၂၀၀၀၀ |
| ၂၀။ | ဦးခင်ဇော် + ဒေါ်တင်တင်နု မိသားစု၊ အမှတ် (၁၄)၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင် | .... | ၂၀၀၀၀ |
| ၂၁။ | ဦးကျော်မြင့် + ဒေါ်မူမူအေး မိသားစု၊ အမှတ် (၆၅)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်း | .... | ၁၆၅၀၀ |
| ၂၂။ | ဦးဇော်ဝင်း + ဒေါ်ခင်မာကြွယ်၊ မောင်နန္ဒရဲရင့်ဝင်း + မအိသီရိဇော်၊ နောင်ဇော်ဝင်း၊ ညီဇော်ဝင်း၊ အမှတ် (၉၄/၄)၊ ကျွန်းရွှေမြိုင်လမ်းသွယ်-၂၊ သုဝဏ္ဏ | .... | ၂၅၀၀၀ |
| ၂၃။ | မောင်နန္ဒရဲရင့်ဝင်း + မအိသီရိဇော် မိသားစု၊ အမှတ် (၉၄/၄)၊ ကျွန်းရွှေမြိုင်လမ်းသွယ်-၂၊ သုဝဏ္ဏ | .... | ၂၅၀၀၀ |
| ၂၄။ | ကိုစိုးလှိုင်မြတ်၊ (၁၄-ဘီ)၊ ခတ္တာလမ်း၊ စမ်းချောင်း | .... | ၁၄၀၀၀ |
| ၂၅။ | ဦးနိုင်ဦး+ဒေါ်သီတာဦးမိသားစု၊ အမှတ်(၉)၊ စန္ဒကူးလမ်း၊ သုဝဏ္ဏ | | ၁၅၀၀၀ |
| ၂၆။ | ကွယ်လွန်သူ ဦးဘဖေ + ဒေါ်သန်းတင်အား ရည်စူး၍ ဒေါက်တာ ရဲသီဟ + ဒေါက်တာ ရီရီမေ | .... | ၁၅၀၀၀ |

http://www.dhammadpwnload.com

| အမှတ်စဉ် | အလှူရှင်အမည်နှင့် နေရပ် | အလှူငွေ (ကျပ်) |
|---|---|---|
| ၂၇။ | ဒေါ်ခင်စောတင့် .... | ၁၅၀၀၀ |
| ၂၈။ | ဒေါက်တာ ဦးထွန်းဦး + ဒေါ်ကြည်ကြည်ညွန့် နယူးယောက်မြို့၊ အမေရိကန် .... | ၁၅၀၀၀ |
| ၂၉။ | ဆရာကျော် + ဒေါ်ယဉ်ယဉ်ကြည် မိသားစု .... | ၁၅၀၀၀ |
| ၃၀။ | ဦးဘိုဘို + ဒေါ်ခင်သန်းနွဲ့၊ သား–မောင်ဇော်ဝေယံဖြိုး အမှတ် (၄၇)၊ ရှင်စောပုလမ်း၊ စမ်းချောင်း .... | ၁၅၀၀၀ |
| ၃၁။ | (ဦးမောင်ကို) + ဒေါ်ခင်ခင်ဝင်း မိသားစု .... | ၁၅၀၀၀ |
| ၃၂။ | ဦးကျော်မောင်+ဒေါ်အေးမြင့်၊ သား–မောင်အောင်ကျော်နိုင်မိသားစု | ၁၅၀၀၀ |
| ၃၃။ | ဒေါက်တာ ဦးသိန်းဌေး + ဒေါ်တင်ကြည် မိသားစု ၁၃ လမ်း၊ ပေါင်းတည်မြို့။ .... | ၁၅၀၀၀ |
| ၃၄။ | ကိုသိန်းဇော် + မခင်မိ၊ သမီး–မအိအိစိုးလေး၊ မသက်နှင်းဝေအောင် မိသားစု၊ အမှတ် (၆၇)၊ ရုံးကြီးလမ်း၊ ကြည့်မြင်တိုင် .... | ၁၅၀၀၀ |
| ၃၅။ | ဦးသောင်းထွန်း + ဒေါ်တင်ရီ၊ ရွှေထီးသက်န်းတိုက်၊ အမှတ် (၄၇)၊ ရှင်စောပုလမ်း၊ စမ်းချောင်း .... | ၁၅၀၀၀ |
| ၃၆။ | ကိုအောင်လွင် + မခင်ခင်ကြီး၊ တက္ကသိုလ်ရိပ်သာလမ်းသစ် .... | ၁၀၀၀၀ |
| ၃၇။ | ဦးအောင်ကြီး + ဒေါ်မြသင်းရီ၊ အမှတ် (၈)၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင် .... | ၁၀၀၀၀ |
| ၃၈။ | ဦးအောင်သင်း + ဒေါ်ညွန့်ရှိန်၊ အမှတ် (၂၂)၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင် .... | ၁၀၀၀၀ |
| ၃၉။ | ဦးစိန်ရွက် + ဒေါ်ခင်စု၊ အမှတ် (၆၈)၊ သိရိမင်္ဂလာလမ်း၊ စမ်းချောင်း | ၇၅၀၀ |
| ၄၀။ | ဦးသူရိန်ညွန့် + ဒေါ်ခင်ခင်သိန်း မိသားစု .... | ၇၅၀၀ |
| ၄၁။ | မဥမ္မာအေး၊ မဥမ္မာဌေး .... | ၇၅၀၀ |
| ၄၂။ | ဒေါ်ရှုဝါမိသားစု၊ ဓ/ ၇၃၄၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်း | ၇၅၀၀ |
| ၄၃။ | ဦးကျော်ကျော် + ဒေါ်မြင့်မြင့်ဝင်း မိသားစု .... | ၇၅၀၀ |
| ၄၄။ | ကိုပြည်သိန်း + မမြင့်မြင့်ဌေးမိသားစု၊ ၁၂၊ သပြေညိုလမ်း၊ စမ်းချောင်း | ၁၀၅၀၀ |
| ၄၅။ | ဦးသန့်လွင် + ဒေါ်သီသီ၊ ၄၅–အေ၊ ဖျာပုံလမ်း၊ စမ်းချောင်း .... | ၅၀၀၀ |

http://www.dhammadpwnload.com

| အမှတ်စဉ် | အလှူရှင်အမည်နှင့် နေရပ် | | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၄၆။ | ဦးခင်ကျော် + ဒေါ်သန်းသန်းမြတ် မိသားစု၊ နေပြည်တော် | .... | ၅၀၀၀ |
| ၄၇။ | ဒေါက်တာတင်ဇော်မောင်၊ ဒေါက်တာခင်သန်းအေးမိသားစု၊ အမှတ် (၃)၊ ခေမာလမ်း၊ စမ်းချောင်း | .... | ၄၅၀၀ |
| ၄၈။ | ဒေါ်ခင်ငြိမ်းဦး | .... | ၄၅၀၀ |
| ၄၉။ | ဒေါက်တာခင်သန်းနွယ်၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်း | .... | ၄၅၀၀ |
| ၅၀။ | ကိုစိုးကြီး၊ အမှတ် (၅၅)၊ ဂန္ဓမာလမ်း၊ စမ်းချောင်း | .... | ၃၀၀၀ |
| ၅၁။ | မခင်မာလာ၊ အမှတ်(၆၅)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်း | .... | ၃၀၀၀ |
| ၅၂။ | မရီရီမြင့် | .... | ၃၀၀၀ |
| ၅၃။ | ဒေါ်ငြိမ်းတင် မိသားစု | .... | ၃၀၀၀ |
| ၅၄။ | ဦးဖိုးစိန် + ဒေါ်ခင်အိုင်၊ သား-မောင်စန်းမောင် | .... | ၅၀၀၀ |
| ၅၅။ | ဒေါ်ရီရီကျော်၊ အမှတ် (၂၀)၊ မဟာမြိုင်လမ်း၊ စမ်းချောင်း | .... | ၄၅၀၀ |
| ၅၆။ | ဒေါ်ခင်စိုးဝင်း၊ အမှတ်(၁၇)၊ ထီးတန်း(၅)လမ်း၊ ကြည့်မြင်တိုင် | .... | ၃၀၀၀ |
| ၅၇။ | ဒေါ်လှလှဌေး၊ အမှတ်(၂၁)၊ အိုးတန်းရပ်၊ ပြည်လမ်း၊ တိုက်ကြီးမြို့ | | ၃၀၀၀ |
| ၅၈။ | ဒေါ်မြမြမိသားစု၊ အမှတ် (၆၃)၊ လက်ဝဲသုန္ဒရလမ်း၊ (၃၂) ရပ်ကွက်၊ မြောက်ဒဂုံ | .... | ၃၀၀၀ |
| ၅၉။ | ဒေါ်ခင်ကြည်မိသားစု၊ ၃၁-စီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ် | .... | ၃၀၀၀ |
| ၆၀။ | ဒေါက်တာ ဝင်းတင် + ဒေါ်မြင့်မြင့်တင် မိသားစု၊ အမှတ် (၄)၊ အောင်သိဒ္ဓိရိပ်သာ၊ မရမ်းကုန်း | .... | ၃၀၀၀ |
| ၆၁။ | ဦးစိုးသိန်း + ဒေါ်ခင်အုန်းရီ မိသားစု၊ အမှတ် (၅၁-ခ)၊ ပြည်တော်အေးရိပ်သာ၊ ရန်ကင်း | .... | ၃၀၀၀ |
| ၆၂။ | ဒေါ်တင်တင်ဝင်း | .... | ၃၀၀၀ |
| ၆၃။ | ဦးလှဝင်း+ဒေါ်တင်မြမိသားစု၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင် | .... | ၃၀၀၀ |
| | ဦးမောင်မောင်နိုင်၊ ဦးဝင်းတင် | .... | ၃၀၀၀ |
| | ဦးစိုးမြင့် + ဒေါ်ပြုံး၊ အမှတ်(၄၈-ဘီ)၊ ဖျာပုံလမ်း၊ စမ်းချောင်း | .... | ၃၀၀၀ |
| ။ | ဦးငွေသိန်း + ဒေါ်ဖွားမေ | .... | ၃၀၀၀ |
| | ဦးမြတ်ဟန် + ဒေါ်ရီ | .... | ၃၀၀၀ |
| | ဦးညီညီ + ဒေါ်မြင့်မြင့်ခင် | .... | ၃၀၀၀ |

http://www.dhammadpwnload.com

| အမှတ်စဉ် | အလှူရှင်အမည်နှင့် နေရပ် | | အလှူငွေ(ကျပ်) |
|---|---|---|---|
| ၆၉။ | ဦးညွန့်လှိုင် + ဒေါ်တင်ရီ၊ ၁၄၅ လမ်း၊ တာမွေ | .... | ၃၀၀၀ |
| ၇၀။ | ဒေါ်ခင်စန်းဝင်း၊ အမှတ်(၂၃)၊ ညောင်တုန်းလမ်း၊ စမ်းချောင်း | .... | ၃၀၀၀ |
| ၇၁။ | ဦးမောင်မောင်လွင် + ဒေါ်ကြည်ကြည်သိန်း | .... | ၁၅၀၀ |
| ၇၂။ | ဒေါ်လှကြည် | .... | ၁၅၀၀ |
| ၇၃။ | ဒေါ်မြမြကြည် | .... | ၁၅၀၀ |
| ၇၄။ | မဖြူရည်မွန် | .... | ၁၅၀၀ |
| ၇၅။ | မတင်ထွေး၊ အမှတ်(၂၄)၊ ညောင်တုန်းလမ်း၊ စမ်းချောင်း | .... | ၁၅၀၀ |
| ၇၆။ | မလုံးလုံးခင် | .... | ၁၅၀၀ |
| ၇၇။ | ဦးစိုးမြင့်မိသားစု၊ ကာယသုခလမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်း | .... | ၁၅၀၀ |
| ၇၈။ | ဦးသော်တာတင့် | .... | ၁၅၀၀ |
| ၇၉။ | ဒေါ်ကြည်ကြည်ခိုင် | .... | ၁၅၀၀ |
| ၈၀။ | မိခင်ကြီး ဒေါ်ခင်သန်းနွဲ့ | .... | ၁၅၀၀ |
| ၈၁။ | မမာလာအေး၊ အမှတ် (၈၁)၊ ၆ လွှာ–အေ၊ မင်္ဂလာလမ်း | .... | ၁၅၀၀ |
| ၈၂။ | ကိုစိုးဦး + မနီနီမြင့်၊ ပန်းတဥ်းတန်းလမ်း၊ ကြည့်မြင်တိုင် | .... | ၁၅၀၀ |
| ၈၃။ | ဒေါ်အေးမြင့်သန်း | .... | ၁၅၀၀ |
| ၈၄။ | ဦးလှမြိုင် + ဒေါ်ခင်မာလာ မိသားစု | .... | ၁၅၀၀ |
| ၈၅။ | ဦးခင်မောင်နိုင် + ဒေါ်သီသီအေး၊ သား–ဇာနည်ရဲနိုင် | .... | ၁၅၀၀ |
| ၈၆။ | ဒေါ်ကျင်လှ | .... | ၁၅၀၀ |
| ၈၇။ | ဒေါ်အေးအေးထွန်း၊ ၄၀လမ်း၊ အလုံ | .... | ၁၅၀၀ |
| ၈၈။ | ဒေါ်ဖြူဖြူသင်း | .... | ၁၅၀၀ |
| ၈၉။ | ဒေါ်ခင်သောင်းကြည် | .... | ၁၅၀၀ |
| ၉၀။ | ဒေါ်ခင်နွယ်ဦး + ဒေါ်သင်းသင်းနွယ် | .... | ၁၅၀၀ |
| ၉၁။ | ဒေါ်အမာတင် | .... | ၁၅၀၀ |
| ၉၂။ | မခိုင်ဆုရည် (၂၁) နှစ်ပြည့် မွေးနေ့ | .... | ၁၅၀၀ |
| ၉၃။ | ဦးယုကြည်အား ရည်စူး၍ ဒေါ်အေးအေးထွန်း မိသားစု၊ ၄၀လမ်း၊ အလုံ | .... | ၁၅၀၀ |

http://www.dhammadpwnload.com